www.burmeseclassic.com

BURMESE CLASSIC .com

# ကလျာ (ဝိဇ္ဇာ-သိပ္ပံ)

# အန္တရယ်အိပ်မသို့

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက် - ၅၀၁၁၄၃၀၉၁၁
မျက်နှာဖုံးခွင့်ပြုချက် - ၅၀၁၂၇၁၁၁၁
မျက်နှာဖုံးပန်းချီ - အုံ့ဘွယ်ဇင်
ထုတ်ဝေခြင်း - ဒီဇင်ဘာလ၊ ၂၀၁၁ခု
အကြိမ် - ဒုတိယအကြိမ်
အုပ်ရေ - ၁၀၀၀ အုပ်
တန်ဖိုး - ၁၅၀ ကျပ်
ထုတ်ဝေသူ - ဒေါ်ခင်မာချို
ပန်းဝေဝေစာပေ
အမှတ် ၃၆၀၊ ဗိုလ်အောင်ကျော်လမ်း
ရန်ကုန်မြို့။
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ဒေါ်ခင်ခင်ဝင်း
ကလျာပုံနှိပ်တိုက်
၁၅၂ ကျွန်းရွှေမြိုင်လမ်း၊ သုဝဏ္ဏ။

၈၉၅. ၈၃
ကလျာ (ဝိဇ္ဇာ/သိပ္ပံ)
အန္တရာယ်အိမ်သို့/ကလျာ (ဝိဇ္ဇာ/သိပ္ပံ)၊ ရန်ကုန်။
ပန်းဝေဝေစာပေ၊ ဒုတိယအကြိမ်၊ ၂၀၁၁ခုနှစ်၊
၃၉၄-စာ၊ ၁၅×၁၈ စင်တီ
(၁)အန္တရာယ်အိမ်သို့။

**ကလျာ** (ဝိဇ္ဇာ–သိပ္ပံ)

၏

# အန္တရာယ်အိမ်...သို့

ပထမအကြိမ် - ၁၉၉၀ ခု၊ ဧပြီလ
ဒုတိယအကြိမ် - ၂၀၁၁ ခု၊ ဒီဇင်ဘာလ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

ဆယ့်တစ်နှစ်တိတိကြာပြီဖြစ်သည့်တိုင်အောင် သည်လမ်းဆည်အကွေ့၊ သည်အတက်တွေက ကျွန်မမျက်စိထဲမှာ စိမ်း၍နေပါ။

တောင်ပေါ်လမ်းတို့မည်သည် ထူးထူးခြားခြား ပြောင်းလဲခြင်း မရှိ၍ပဲလား. . .

ကျွန်မကိုယ်တိုင်ကိုက တစ်ရံမလပ် စိတ်ထဲမှာ တမ်းတပြီး အသည်းစွဲအောင် မှတ်သားထားခဲ့၍ပဲလားဖြင့် မပြောတတ်။

"အန္တရာယ်ကွေ့ တက်တော့မယ်ထင်တယ်"

ခရီးသည် အမျိုးသမီးကြီးက ထိတ်လန့်စွာ သူ့အဖော်ကို မှန်း၍ ပြောလိုက်သည်။

"မကြောက်ပါနဲ့၊ အဆင်းကားတစ်စီး၊ အတက်ကားတစ်စီး နီးစွမ့ှဝ သွားနေကျပဲဟာ"

"ဒါပေမယ့် မရောက်တာကြာတော့ ကြောက်တယ်အေ့"

"ကြောက်မနေနဲ့၊ ကားချောက်ထဲကျလို့ကတော့ အားလုံး အမိုးတခြား အသားတခြားပဲ"

"ဟဲ့. . . ဖွ. . . ဖွ. . . ဒီကောင်မ ပါးစပ်ကသည်း ပြောကောင်း မဆိုကောင်းအေ၊ ညည်းနှယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ အလကားနေရင်း ကြောက်နေရတာလဲလို့"

"တော်အေ၊ ဘေးက ကလေးမလေး အားနာလို့ပါ ဟင်း. . . ငါမပြောလိုက်ချင်ဘူး"

"လောကထိပ်ပန်ဘုရားပွဲ"အမိ ဈေးသွားရောင်းကြမည့် အမျိုးသမီးကြီးနှစ်ဦးကို ကျွန်မ ပြုံးပြလိုက်ရင်း. . .

"ယမုံကို အားမနာပါနဲ့၊ ဒေါ်ဒေါ်တို့ ပြောချင်တာ ပြောကြပါ။

"ပြောစရာကတော့ ရင်နဲ့တစ်လုံးပဲ ကလေးမရေ၊ စီးပွားရေး ကျပ်တည်းလွန်းလို့သာ အသက်ဖက်နဲ့ထုပ်ပြီး ဈေးလာရောင်းရတာ၊ ဒီအန္တရာယ်မြို့ကြီးကို ဘယ်လာချင်ပါ့မလဲ"

"ရှင်. . . အန္တရာယ်မြို့ ဟုတ်လား"

"အဲဒါ လူတွေက ပေးထားတဲ့ နာမည်လေ၊ ဒီမြို့ရောက်ပြီး ဒုက္ခရောက်သွားကြတဲ့လူတွေက ဒုနဲ့ဒေး မဟုတ်လား ဟင်း. . . မြို့အမည်ကတော့ လှပါတော်၊ မိုင်းမွန်းစခန်းသာမြို့တဲ့"

**"မိုင်းမွန်းစခန်းသာမြို့"**

ကျွန်မ ရင်တွင်းမှ ရွတ်ဆိုကြည့်လိုက်မိသည်။

ဤအမည်သည် ကျွန်မ၏ နှလုံးသားကို ထိုးဖောက်ဝင်ရောက်ကာ နာကျင်ပန်းလျလှစေသည့် အမည်သညာပါ။

"မိုင်းမွန်းစခန်းသာမြို့"

ဤမြို့သည် ကျွန်မ၏ ဇာတိမြေ။



ကျွန်မ၏ မိဘဘိုးဘွားများ ခေါင်းချခဲ့ရာ နေရာ။

ကိုးနှစ်လုံးလုံး ကျွန်မနေထိုင်ကြီးပြင်း၊ ကျက်စား၊ ပျော်မွေ့ခဲ့ရာ အပျော်ဆုံးဌာနေ။

"ကလေးမရော ဒီမိုင်းမွန်းကို ရောက်ဖူးလားဟင်"

"ရှင်"

တောင်တက်လမ်းကို လွမ်းဆွတ်ကြေကွဲ နာကြည်းစွာငေးကြည့်နေဆဲ။ အမျိုးသမီးကြီး၏ အမေးကြောင့် ကျွန်မရုတ်တရက် ဘာဖြေရမှန်းမသိအောင် ကြောင်နေမိစဉ် ကျန်တစ်ယောက်က. . .

"နာမည်က ယမုံနော်"

"ရှင်. . . ဟုတ်. . . ဟုတ်ကဲ့"

"ဒီမြို့ကို ရောက်ဖူးလားလို့ မေးနေတာ"

"ဟင်. . . ဟင်. . . အင်း"

"သြော်. . . မရောက်ဖူးဘူးလား"

"ဟုတ်ကဲ့၊ တစ်ခါဆို တစ်ခါမှ မရောက်ဖူးပါဘူးရှင်"

ဤအဖြေသည် လူတွေ့စစ်ဆေးခံခဲ့စဉ်က ကျွန်မ ဖြေခဲ့ဖူးသော အဖြေပါ။

ဤမြို့ဤမြေမှာ ကျွန်မ နေခဲ့ဖူးကြောင်း ဘယ်သူသိ၍မှ မဖြစ်။

ဘယ်သူ့ကိုမှလည်း ပြောမပြခဲ့ဖူးပါ။

ကျွန်မ ကိုးနှစ်ကျော် ဆယ်နှစ်သမီးအရွယ်မှစပြီး ကျွန်မ၏ နှလုံးသည်းပွတ်ထဲမှာ စွဲမြဲခိုင်ကျည်စွာ တည်နေခဲ့သည့် သန္နိဋ္ဌာန်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ မိုင်းမွန်ကို တစ်နေ့ပြန်မယ်"

"ငါ့ဖခင်ဟာ ဘာကြောင့် သေရတယ်"

"ဘယ်သူ့ကြောင့် သေရတယ်"

ဆိုတာကို ငါရှာအောင် စုံစမ်းချင်တယ်။ အဲဒါ သိရပြီးရင် နင်သေရမယ်ဆိုလည်း သေပါ့မယ်။ ဒီကိစ္စ ဒီအဖြစ်ကို သေမလောက် သိချင်နေခဲ့သူမို့ သိခွင့်ရမည်ဆိုလျှင် သေရမှာလည်း မကြောက်တော့ပါ။

ဤမျှ ကြီးမားနက်ရှိုင်းသော ဆန္ဒများ ကျွန်မရင်ထဲ၊ ကျွန်မနှလုံးသားထဲမှာ ကိန်းဝပ်တည်မြဲနေခဲ့သည်မှာပင် ဆယ့်တစ်နှစ်တိတိ ရှိခဲ့ပါပြီ။

ကိုးနှစ်ရွယ်မှ စ၍ မိဘအတု၏ရင်ခွင်များကို ပြောင်းလဲ ခိုဝင်ခဲ့ရသဖြင့် ကြောက်ရွံ့စိုးရိမ် အားငယ်စိတ်များဖြင့်သာ ဖွဲ့စည်းထားခဲ့ရသော ကာလ. . .

မေမေလှနှင့် တွေ့ဆုံရပြီးချိန်မှာ ကျွန်မဘဝလေး တည်ငြိမ်ကာ အိမ်အတည်တကျနှင့် ကျောင်းပြန်နေရသော ဘဝကို မေ့မရနိုင်ပါ။

ထိုအချိန်မှစ၍. . .

မိုင်းမွန်မှာ နေထိုင်စံမြန်းခဲ့ရသော စည်းစိမ်ချမ်းသာ အပေါင်းကို မေ့လျော့ ပျောက်ဆုံးစေကာ. . .

နောက်ထပ် ဘဝသစ်တစ်ခုကို ဖန်ဆင်းယူခဲ့ရသော ကျွန်မ၏အဖြစ်။

နောက်ဆုံး ကျွန်မ၏ "ယမုံ"ဆိုသော အမည်သည်ပင် လျှင် မိဘများ မြတ်နိုးစွာ ပေးခဲ့သော အမည် မဟုတ်ပါချေ။



"ဒေါ်ခမ်းမုံ"ဆိုသော ကျွန်မ၏ ချစ်လှစွာသော မေမေ့ကို စွဲလမ်းတမ်းတရင်းက ယမုံဆိုသော အမည်ကို ကျွန်မဘာသာ ပေးခဲ့ခြင်းဖြစ်ပါသည်။

ကြီးမားကြောက်မက်ဖွယ် ဘဝ၏ အလှည့်အပြောင်းကို ခံခဲ့ရ၍လား မသိ။

ကျွန်မမှာ အရွယ်မရောက်ခင်ကပင် အရွယ်ရောက်နှင့်ပြီးသူတစ်ယောက်လို တွေးခေါ်တတ်၊ စဉ်းစားတတ်၊ အန္တရာယ်အပေါင်းကို ခုခံကာကွယ်တတ်ခဲ့ပါသည်။

ယခုလို အသက်နှစ်ဆယ်အရွယ် မတိုင်ခင်ကပင် ဤမိုင်းမွန်သို့ ပြန်လာရန် ကျွန်မမှာ လူစွမ်းအား၊ စိတ်အင်အား အပြည့် ရှိခဲ့ပြီးပါပြီ။

သို့သော်လည်း အခြေအနေမှာ တစ်နေရာကမှ မပေးခဲ့သဖြင့် ပြန်မလာနိုင်ခဲ့ခြင်းပါ။

"တောင်ပေါ်မြို့မှာ တည်းခိုခန်းနဲ့တွဲပြီး
မီးနီမတ်ကက်ခေါ် စတိုးဆိုင်ကြီးတစ်ခုဖွင့်မယ်၊
အဲဒီမှာ အရောင်းစာရေးမတစ်ယောက်လိုတယ်"

ဆိုသော သတင်းနှင့်အတူ ဆိုင်ဖွင့်မည့်ဒေသသည် မြန်မာပြည်မြောက်ပိုင်းဒေသမှ မိုင်းမွန်စခန်းသာမြို့။

ဆိုသော အကြောင်းကို ကြားရလျှင်ပင် ကျွန်မ ဆောက်တည်ရာမဲ့စွာ စိတ်အားထက်သန်လွန်းလှပါပြီ။

သိပ္ပံဘွဲ့၊ ဝိဇ္ဇာဘွဲ့ရှင်များပင် အလုပ်ရှားပါးနေသော အချိန်မှာ ကျွန်မလို ဆယ်တန်းမအောင်သောသူကို ဘယ်လို

www.burmeseclassic.com

www.burmeseclassic.com



အလုပ်မျိုးမှ ရနိုင်စရာမရှိ။

"အရောင်းစာရေးမ"

ဆိုသော ဈေးသည်အဖြစ်ကိုမူ ဆယ်တန်းမအောင်လည်း ရနိုင်မည်ဆိုသော မျှော်လင့်ချက်ဖြင့် ကျွန်မ လျှောက်လွှာက အစ အကောင်းဆုံး၊ အသေသပ်ဆုံးဖြစ်အောင် ပြင်ဆင်၍ တင်ခဲ့ပါသည်။

သည်အလုပ်အကြောင်း စ၍ ကြားရစဉ်ကပင် အိပ်မပျော်သော ညများက ဆက်ခဲ့၏။

"သူဌေး 'ဒေါ်ထားထားရှိန်'က လူတွေ့စစ်ဆေးမယ်"

ဆိုစကား ကြားရကတည်းက ဒီအဘွားကြီး ဘယ်လို စရိုက်မျိုး ကြိုက်တတ်သလဲဆိုသည်ကို ကျွန်မ အသေးစိတ် လေ့လာခဲ့သည်။

အဲဒီနေ့မှာ ဝတ်မည့် အရောင်အသွေးကအစ ကျွန်မ မအိပ်နိုင် မစားနိုင်အောင် ရွေးချယ်လေ့ကျင့်ထားပါလျက်. . .

အခြေအနေသည် ကျွန်မထင်သလောက် မခက်ခဲပါ. . .

ပြင်ဦးလွင်လို၊ ကန္တာရဝတီလို မြို့များအတွက်သာ သဲမဲ၍ လျှောက်ကြသူများပြီး ဝေးလံလှသော မိုင်းမွန်ကို သွားချင်သူ မရှိ။

ကျွန်မတစ်ယောက်တည်းလျှောက်ပြီးကျွန်မတစ်ယောက်တည်း ရလာခဲ့သော အလုပ်ပါပင်။

နံနက် လက်ဖက်ရည်နှင့်မုန့်၊ ထမင်းနှစ်နပ်ကျွေးပြီး လခ တစ်လ လေးရာ။



တစ်ပြားမှ မရလျှင်လည်း လုပ်မည်။

နေဖို့ အိမ်ခန်းနှင့် ထမင်းနှစ်နပ်စားရလျှင်ပင် ကျွန်မ ကျေနပ်ပါပြီ။

ကျွန်မအသက် ထက်ဝက်လုံး တောင့်တမျှော်မှန်းခဲ့ရသော ဆန္ဒကြီး ပြည့်စုံခဲ့ပြီလေ။

ယမုံမည်သော ကျွန်မသည် တစ်ချိန်က မိုင်းမွန်မြို့၏ မျက်နှာဖုံး အချမ်းသာဆုံးသော **"သူဌေးကြီး ဦးစိုးစံနှင့် ဒေါ်ခမ်းမုံ"**တို့၏ ချစ်လှစွာသော တစ်ဦးတည်းသောသမီးလေး **"နန်းထိုက်စံ"** ဖြစ်ကြောင်း

ကျွန်မကိုယ်တိုင်မှလွဲ၍ ဤတစ်လောကလုံးတွင် သိရှိသူ တစ်ယောက်ဆိုတစ်ယောက်မျှ မရှိနိုင်ပါဟု ကျွန်မ အသေအချာ ယုံကြည်လျက် ဤခရီးကို စတင်ခဲ့ခြင်းဖြစ်ပါ၏။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

မြို့အဝင်ဂိတ်မှာ မှတ်ပုံတင်ပြပြီး အစစ်ဆေးခံတော့လည်း အားလုံး ချောချောမောမောပါပင်။

အမည် ...မယမုံ
အဖအမည် ...ဦးအောင်ကြိုင်
အသက် ... ၂၀ နှစ်
မှတ်ပုံတင်အမှတ်... (×××)
မည်သည့်အတွက်
လာရောက်သည်...မဥ္စူသက တည်းခိုခန်းနှင့်
စတိုးဆိုင်မှာ အလုပ်လုပ်ရန်။
တည်းခိုမည့်လိပ်စာ... အထက်ပါအတိုင်း
နေထိုင်မည့်ရက်...အကန့်အသတ်မရှိ။

အားလုံး ချောမောပြေလည်စွာ ဖြည့်စွက်ရေးမှတ်ပြီးပါပြီ။ ကျွန်မ ကိစ္စပြီးသော်လည်း ခရီးသည် တစ်ဦးချင်း



စစ်မေးဦးမည်။ ပစ္စည်းပစ္စယ၊ အထုပ်အပိုး၊ အိပ်ရာလိပ်၊ သက်ဆွဲအိတ် စသည်တို့ကို ဖွင့်ဖြေပြရပေဦးမည်။

ကျွန်မကို ယုံကြည်ဖွယ်ရာဟု ယူဆနိုင်သော မိန်းကလေးတစ်ယောက်ကိုဖြင့် စေ့စေ့စပ်စပ် မရှာကြ၊ မဖွေကြပါ။

အမျိုးသားငယ် သုံးလေးယောက် အုပ်စုမျိုး၊ မသင်္ကာဖွယ် "ကယ်ရီ"ဟု ယူဆနိုင်သော အမျိုးသမီးပုံစံမျိုးကိုဖြင့် အသေအချာ ရှာဖွေကြပါလိမ့်မည်။ လိုအပ်လျှင် မြို့ဝင်ဂိတ်စခန်းအတွင်းသို့ ခေါ်ယူကာ သက်ဆိုင်ရာ တာဝန်ခံအရာရှိ၏ မေးခွန်းများကို ဖြေကြားရပေမည်။

မိုင်းမွန်က နယ်ခြားဒေသနှင့် နီးကပ်လှသဖြင့် လုံခြုံရေးနှင့် တရားဥပဒေမကင်းသော ပစ္စည်းများဝင်မလာနိုင်ရေးက အရေးကြီးလှသည်လေ။

"ကြာဦးမယ်ထင်တယ်နော်၊ တချို့ခရီးသည်တွေတောင် ထမင်းဆိုင်ထဲ ဝင်သွားကြပြီ"

"အင်း...မပြောတတ်ဘူးရှင့်"

အသက် နှစ်ဆယ့်ငါးနှင့် သုံးဆယ်ကြားအရွယ်ဟု ခန့်မှန်းရသော အမျိုးသားတစ်ဦးက ကျွန်မကို စကားလာပြောသည်။

ခရီးသည်တို့သည် အိတ်ထဲမှ ဂေါ်လီလုံးများ သွန်ချလိုက်သလို ပြန့်ကျဲသွားကြပြီး ဟိုတစ်စု သည်တစ်စု ဖြစ်ကုန်ကြသည်။

လူ အပြည့်အသိပ် တင်လာခဲ့သဖြင့် မွန်းပိတ်ကျပ်တည်းလာသော ခရီးသည်တို့လည်း ယခုမှ အနေချောင်၊ အသက်ရှူ ဝသွားကြသလို ရှိရသည်။

ဘယ်သူနှင့်မှ စကားမပြောချင်ရုံမက ထမင်းလည်း မစားချင်သဖြင့် စစ်ဆေးရေးဂိတ်နှင့် ခပ်လှမ်းလှမ်းမှာရှိသော

www.burmeseclassic.com

www.burmeseclassic.com



စိန်ပန်းပြာကြီး၏ ခြေရင်း သစ်မြစ်ပေါ်မှာ တစ်ယောက်တည်း သွား၍ ထိုင်နေမိသည်။

ဟိုး. . . ဝေးဝေးဆီမှာ "မိုင်းမောအင်း"ကို အပေါ်စီးမှ ပီပြင်စွာ မြင်သာနေ၏။

မိုးတိမ်ပြာ အရိပ်မိုးထား၍ အင်းရေပြင်တစ်ခုလုံး ပြာလွင်နေသည်။

မိုင်းမွန်မြို့၏ အလှအပများစွာထဲမှာ ဤမိုင်းမောအင်း ရေပြင်ကြီးသည်လည်း အဓိကရတစ်ခု ဖြစ်လေသည်။

အင်းရေပြင်ပေါ်မှာ ကျွန်ဆင် စက်သစ်တပ်ထားသော ပုံချိတ်အနီရောင်လေးကို စီးနင်းရင်း ရေတွေ ဖြာထွက်နေသည့် ရှုခင်းကို ကျွန်မ ကောင်းစွာ ပြန်လည်မှတ်မိနေဆဲပါ။

ဖေဖေပိုင် အပျော်စီးစက်လှေများ အင်းစပ်မှ ထင်းရှူးနှင့် ယူကလစ်ပင်များ ဝိုင်းရံနေသော နေရာမှ ဖေဖေ၏ အပန်းဖြေ ရိပ်သာ လှလှလေး။

စသည်များကို မနေ့ကအထိ ရှိနေဆဲလို ကျွန်မစိတ်ထဲမှာ စွဲမြဲစွာ အသေအချာ မှတ်မိနေပါ၏။

"ဒီမှာ ညီမ၊ အဲဒီအိတ်ကလေး ခဏကြည့်ထားပေးနော်၊ တို့ တောင်ခြေ ခဏလေး ဆင်းကြည့်ချင်လို့ သိလား"

မအူမလည်ချာတိတ်မလေး အထင်နှင့် သားရေအိတ် အပြား အနက်ကို ကျွန်မဘေးမှာ ချပြီး တောင်ခြေသို့ လျှောဆင်း သွားကြသည်။

"ကိုတိုး ဖြစ်ပါ့မလား"

"လာစမ်းပါ၊ ဒီချာတိတ်က တစ်ပွေတည်းလာတာ၊ ဘာ အဖော်မှ မပါဘူး"



ကိုတိုးဆိုသူက သူ့လူလက်ကိုဆွဲပြီး ဆင်းသွားနေစဉ်မှာ ခင် ကျွန်မက. . .

"ဒီအိတ်အတွက် စိတ်ချသွားကြနော်၊ ကျွန်မ မခိုးဘူး သိလား"

"ယုံလို့ ထားခဲ့တာပေါ့ကွ"

"ဒီထက် ပိုယုံရအောင် ဟိုစခန်းမှာ သွားအပ်ထားလိုက် မယ်နော"

"ဟိတ်. . . ဟိတ်"

အိတ်ကို ကိုင်ပြီး ကျွန်မ မတ်တတ် ဆတ်ခနဲရပ်ရင်း ပြော လိုက်သဖြင့် အမျိုးသားနှစ်ယောက် အူယားဖားယား ပြန်ပြေး ဘက်လာကြပြီး အိတ်ကို ပြန်ယူ၍ ရင်ခွင်မှာပိုက်ရင်း ကျွန်မကို ဒေါသမျက်နှာနှင့် ကြည့်ကြသည်။

ကျွန်မကတော့ အေးအေးဆေးဆေးပါပဲ။

"ကိုယ့်လမ်း ကိုယ်သွား၊ ကိုယ့်ကိစ္စ ကိုယ်ရှင်းကြပါ၊ ကျွန်မ ကို ဆွဲမထည့်ကြနဲ့လေ ဦးလေးတို့ရဲ့"

"ဒီထဲမှာ ဘာမှမပါဘူး၊ တို့ကို ချောက်မချနဲ့နော်"

"ဟာ. . . မချပါဘူး၊ မဟုတ်တာ၊ ကျွန်မလက်ထဲ ဘာမှ ရောက်မလာလို့ကတော့ ဘာမှဝင်မရှုပ်ဘူး၊ စိတ်ချ၊ အဲ. . . ခုလို လာလုပ်လို့ကတော့. . ."

"တော်. . . မင်းပါးစပ် ပိတ်ထားနော်"

"ပိတ်စေချင်ရင် ဒီနားက မြန်မြန်သွားကြလေ"

"ဘယ်လိုဟာလေးပါလိမ့်"ဆိုသော မကျေလည်သည့် အကြည့်ဖြင့် ကြည့်ပြီး တောင်အောက်သို့ မဆင်းဘဲ လမ်းဆိုင်

www.burmeseclassic.com

www.burmeseclassic.com



နိုရာဘက်သို့ ထွက်သွားကြသည်။

သူတို့ အိတ်တွင်းမှာ ဥပဒေမကင်းသော တစ်စုံတစ်ရာ ရှိလေမလားဟု တွေးနေစရာပင် မလိုတော့အောင် သေချာလှပါ၏။

သည်လမ်း သည်စခန်းမှာ အကြိုတွေ အဖန်တွေကလည်း အများသားလေ။

"ကိုယ့်အလုပ် ကိုယ်လုပ်၊ ကိုယ့်လမ်း ကိုယ်သွားကြ ယမုံနဲ့ မပတ်သက်လို့ကတော့ အနေသာကြီး"

"ယမုံ ဘယ်သူ့ကိုမှ စိတ်မဝင်စားနိုင်၊ ဘယ်သူ့ကိစ္စမှ မကူညီနိုင်"

ကိုယ်ပိုင်ကိစ္စတွေ၊ ကိုယ်ပိုင်လုပ်စရာတွေ၊ ကိုယ်တိုင်ရင်ဆိုင်စရာတွေ အနန္တနှင့် မိုင်းမွန်သို့ ပြန်လည်ရောက်ရှိလာလေသော ယမုံဆိုသည့် နန်းထိုက်စံပါ။

"ထမင်းမစားတော့ဘူးလား"

ပထမဆုံး လာစကားပြောသည့် အသားညိုညို၊ အရပ်ရှည်ရှည်နှင့် လွယ်အိတ်တစ်လုံး လွယ်ထားသည့်သူ။

"မစားတော့ဘူး"

"ဟုတ်တယ်၊ ကျွန်တော်လည်း မစားချင်တော့တာနဲ့ ဒီဘက် ထွက်လာခဲ့တာ၊ စားမယ့်လူတွေ စာရင်းကောက်ပြီးမှ အရွယ်တော်ကြက်ကို ရွေးသတ်ပြီး ချက်မှာတဲ့ဗျာ၊ စိတ်ပျက်စရာ ကြာဦးမယ်ထင်ပါရဲ့"

"ဒီလမ်းမှာတော့ ဒီလိုပဲလေ"

"ညီမက သွားနေကျလားဟင်"



"သူများပြောသံ ကြားဖူးတာ၊ တစ်ခါမှ မရောက်ဖူးဘူး"

"အပြောကို ပိုပြီး ဆင်ခြင်မှ"ဆိုသော အသိဝင်လာခဲ့၏။

"ကျွန်တော်လည်း တစ်ခါမှ မရောက်ဖူးလို့ လာပြီး …လာတာ၊ ညီမကရော အလည်လာတာလားဟင်"

"ဟာ. . . မိန်းကလေးတစ်ယောက်တည်း ဘယ်လို လုပ်ပြီး လာလည်လို့ဖြစ်မှာလဲ၊ အလုပ်လာလုပ်တာ"

"အလုပ်လာလုပ်တာ၊ ဟုတ်လား"

"အင်း"

"ဘာအလုပ်လဲ၊ အဲဒီဘက်မှာ သတ္တုတွင်းတွေ၊ ကျောက်မိုင်းတွေပဲ ရှိတာဆို"

"ကျွန်မ ဗလနဲ့ ကျောက်တူးနိုင်ပါ့မလားရှင့်"

ပိန်သွယ်သေးကျစ်သော ပုံစံကိုကြည့်ပြီး သူက ရယ်မောလျက်. . .

"ဒါဖြင့် ဘာလာလုပ်တာလဲဟင်"

"မြို့အဝင်မှာ စစ်ဆေးရေးဂိတ်နှစ်ခု ရှိတယ်လို့ မကြားမိခဲ့ပါဘူး"

"ဟာ. . . ဖြုတ်တတ်သားပဲ၊ စစ်ဆေးတာ မဟုတ်ပါဘူး၊ မိတ်ဆွေဖြစ်ဖို့ မေးမြန်းတာပါ"

"ဒါဖြင့် ဘာမှမမေးနဲ့တော့"

"ဟင်"

"ကျွန်မ ဘယ်သူနဲ့မှ မိတ်ဆွေမဖြစ်ချင်ဘူး"

"ကျုပ်ကလည်း မာနကြီးတတ်တဲ့ မိန်းမလှလေးတွေကို မိတ်ဆွေမဖြစ်ချင်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဘာလို့ လာစကားပြောနေလဲ"

"မာနကြီးမယ် မထင်လို့"

"မာနဆိုတာ ဘာကိုပြောတာလဲ"

"အခုလို ရန်ထောင်တတ်တာကိုပြောတာ"

"ကိုယ့်ဟာကိုယ်နေတာ ရှင်က ယောက်ျားတန်မဲ့ အရှက်မရှိ ရန်လာစတာလေ"

"ဟာ. . . ပြဿနာပဲ၊ တော်ပြီဗျာ"

"တော်ရုံနဲ့မပြီးဘူး ဒီအနားကပါကြွမှ ကိစ္စပြတ်မှာ"

"ဒီမြေကြီးကို ခင်ဗျားဝယ်ထားတာ ကြာပြီလား"

"ရှင် တော်တော်လျှာရှည်တဲ့လူပါလား"

"ဪ. . . ခင်ဗျားရဲ့ မြေပိုင်မို့ ကျွန်တော့်ကို နှင်ထုတ်နေသလားလို့ပါ"

"ကျွန်မတော့ မပိုင်ဘူး၊ ရှင်အပိုင်လိုချင်ရင်တော့ ရှင့်အရိုးဆွေးတဲ့အထိ နေလို့ရတယ်၊ ကြိုက်တဲ့နေရာ ပြောခဲ့၊ မြေမြှုပ်သင်္ဂြိုဟ်ပေးမယ်"

"သေရင်တော့ တစ်ယောက်တည်း မသေပါရစေနဲ့၊ အဖော်လေးနဲ့မှ သေချင်တယ်ဗျာ"

"အဖော်နဲ့သေချင်ရင် ရှင့်မိန်းမခေါ်ခဲ့ပါလား"

"မိန်းမ မရှိသေးဘူးဗျ"

"ဒါဖြင့် ရှင့်အမေခေါ်ခဲ့"

"ဟာ. . . ရိုင်းလှချည်လား"

"တောက်. . . ရှင်နော်"



ကျွန်မရင်ထဲမှာ ဒေါသအလိပ်လိုက် ထွက်လာသည်။ သူ့ကို ပါးရိုက်၊ နားရင်းတီးပစ်ချင်သည့်စိတ်ဖြင့် သူ့ကို ကြည့်လိုက်တော့ သူက အပိုးမကျိုးသော ပုံစံနှင့် တစ်စွန်းတစ်စ ပြုံးရင်း စိုက်ကြည့်နေသဖြင့် ကျွန်မ ချာခနဲနေအောင် လှည့်ထွက်လာခဲ့မိတော့သည်။

"အရေးထဲ ဘယ်လိုလူမျိုးတွေနဲ့ လာတွေ့နေပါလိမ့်"

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

စခန်းရှေ့မှ စိန်ပန်းပြာပင်က ပို၍ပင် ကြီးသေးသည်။

ပင်ခြေ တစ်ဝန်းတစ်ဝိုင်းလုံးမှာ ခရမ်းပြာရောင်ပွင့်ကြွေများက မြေပြင် မမြင်သာအောင် ပြန့်ခင်းနေလေသည်။

လူသူနှင့် ဝေးလံသော နေရာကို ကျွန်မ မရွေးတော့ပါ။

စခန်းရှေ့တည့်တည့်မှာ ထိုင်နေခြင်းအားဖြင့် ကျွန်မကို ဘယ်သူမှ လာ၍ မရောကြ၊ မပြောကြတော့ပါ။

ဤဝန်းကျင်တစ်ဝိုက်မှာ ရှုချင်စဖွယ်နေရာချည်းသာ။

ယခု ကျွန်မတို့ ရောက်ရှိနေရာ နေရာသည် တောင်ထွတ်ပိုင်း။

အောက်ခြေမြင်ကွင်းတစ်ခုလုံးမှာ လှေကားထစ်စနစ်အရ သီးနှံစိုက်ခင်းများဖြင့် သေသပ်လှပစွာ အဆင့်ဆင့် အထပ်ထပ်ကလေး ဖြစ်နေသည်။

စောစောက ကျွန်မထိုင်နေရာမှာလောက် မိုင်းမောအင်းကို ပီပြင်စွာ မတွေ့နိုင်ပါ။ တောင်ပေါ်လမ်းသည် ကွေ့ဝိုက်စွာ ဖောက်လုပ်ထားပေသည်။



မိုင်းမွန်၏ အရိပ်အငွေ့ အထိအတွေ့များ ပိုမိုပီပြင်လာလေ ကျွန်မရင်ထဲမှ လှုပ်ရှားမှုများက ပို၍ ပြင်းထန်လာရလေပါ။

"တကယ်ကို တခြားဘာကုန်မှ မတင်ခဲ့ဘူးလား"

"မပါပါဘူးဆို၊ ဆရာကြီးမှာတဲ့ ဆေးဖက်ဝင် ပစ္စည်းပဲပါတယ်"

ကျွန်မ ထိုင်နေရာ၏ ရှေ့ရှိ ကားကြီး၏ဘေးမှ ကုန်သည် အမျိုးသမီးနှစ်ယောက်၏ စကားသံများ။

"ဆေးဖက်ဝင်သာဆိုတယ် ပဒိုင်းသီးတွေ ပါတယ်မဟုတ်လား၊ ပဒိုင်းသီးဆိုတာက ဆုပ်ရင်စူး၊ စားရင်ရှူးတဲ့ အသီးလေ"

"ခုဟာက အခြောက်တွေပါ၊ အစိမ်းစားရင်သာ ခဏရူးသလို ကြောင်သလို ဖြစ်သွားတာ၊ ခုလို အခြောက်ကို ဆေးဖော်ရင် ဆေးစွမ်းကောင်းရတယ်တဲ့"

"သြော်"

"ပြီးတော့ ဧကရာဇ်မြစ်ရယ်၊ ဘုမ္မရာဇာမြစ်ရယ်၊ နံ့သာနီရယ် လည်းပါတယ်၊ မိုင်းမောမှာလည်း သူ့ဆေးပင် စိုက်ခင်းတွေ အများကြီးပဲ"

"အင်းလေ အံ့ရော၊ ဗိန္ဒောဆရာကြီး ကျနေတာ၊ အဲဒီဒေါက်တာဖေသိန်းမောင်ဆိုတဲ့ ဆရာဝန်ကြီးဟာ. . .

ကျွန်မ၏ အာရုံကြောများကို ဆွဲကိုင်လှုပ်ခါခြင်း ခံလိုက်ရသလို ကျွန်မတစ်ကိုယ်လုံး ဆတ်ခနဲ တုန်သွားသည်။

"ဆရာကြီး"

"ဆရာကြီး"

www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာဖေသိန်းမောင်"

ကျွန်မတို့ မိသားစုဝင်တစ်ယောက်လို အလွန်ရင်းနှီး ကျွမ်းဝင်ခဲ့သော အမည်။

ကျွန်မငယ်စဉ်က ဖမ်းချုပ် ဆေးထိုးခဲ့သဖြင့် ကန်ကြောက် အော်ဆဲခဲ့ဖူးသည့်အတွက် ချောကလက်တစ်ဘူးပေးကာ. . .

"ကလေး ကျွန်တော့်ကို မုန်းသွားပုံမယ်ဗျာ၊ နောက်တစ်ခါ ဖျားရင် တခြားဆရာဝန်ဆီမှာပဲ ဆေးသွားထိုးပါ"

ဒေါက်တာဖေသိန်းမောင်က ချောကလက်ဘူးလေး ပေးရင်း ပွဲ့ချီကာ ပြောခဲ့သောစကားများက နှလုံးအိမ်ထဲတွင် စွဲမြဲစွာ ယခုအချိန်အထိ ပကတိအတိုင်း တည်နေဆဲ။

"ဘဘဆရာဝန်ကြီးဦးဖေသိန်းမောင် မိုင်းမွန်မှာ ရှိနေ တုန်း ပါလား"

"ဖေဖေ သိပ်အားထားတဲ့ ဆရာဝန်ကြီးလေ"

"ဖေဖေ ဦးစိုးစံ၏ နောက်ဆုံးကာလအချိန်က ကျွန်မ ကိုယ်တိုင် ဘဘဆရာဝန်ကြီးနှင့်အတူ ပြေးလာခဲ့ရသည့်အဖြစ် များ. . .

"အို"

အသက်ကိုးနှစ်အရွယ်မှာပင် ဖခင်၏ အဖြစ်ဆိုးကို မျက်ဝါးထင်ထင် မြင်လိုက်ရသော နေ့တစ်နေ့။

ထိုနေ့သည် ကျွန်မဘဝကို တစ်စချင်း စတင် ဖွဲ့ ခြေ ဖျက်ဆီး ခံရသော နေ့ပါပင်။

ဘာပဲဖြစ်ဖြစ် ယခုအချိန်မှာပင် ကျွန်မတို့မိသားစု အားကိုးယုံကြည်ခဲ့ရသော ဘဘဆရာဝန်ကြီး (ငယ်စဉ်တ



ကျွန်မခေါ်ခဲ့သော အမည်) ဒေါက်တာဖေသိန်းမောင် ဤ မိုင်းမွန်မြေမှာ ရှိနေသေးသည် ဆိုခြင်းကပင်လျှင် ကျွန်မအတွက် အားတက်စရာတစ်ခုပါပင်။

ဒါပေမယ့် ယခုလောလောဆယ်မှာ ကျွန်မသည် သူဌေး ကြီး ဦးစိုးစံ၏ သမီးနန်းထိုက်စံပါဟု ပြောပြ၍ မဖြစ်သေးပါ။

ဒေါက်တာဖေသိန်းမောင် ကိုယ်တိုင်ကိုက လက်ခံချင်မှ လက်ခံနိုင်မည်လေ။

ကျွန်မအနေနှင့်လည်း ဘယ်သူ့ကိုမှ အသိပေး၍ မဖြစ် သေးဘူး မဟုတ်ပါလား။

သည်ခရီးအစမှာ ဆုံးဖြတ်ထားခဲ့သည့်အတိုင်း ကျွန်မ သည် "မယမုံ"ဆိုသော မိန်းကလေးတစ်ယောက်အဖြစ်နှင့်ပင် မိုင်းမွန်မြေမှာ ရက်လများစွာကို လွန်မြောက်စေရပါမည်။

"အင်း. . . ဒေါက်တာဖေသိန်းမောင်တောင် အသက် ထင်ရှားရှိပြီး ဆေးနည်းတွေ ဖော်စပ် သုတေသနပြုနိုင်သေး ရင်. . .

"ဘဘဦးကောင်းစံလည်း အသက်ထင်ရှား ရှိချင် ရှိနေဦး မှာပဲ"

သူတို့တွေထက် ပိုပြီး ကျန်းမာသန်စွမ်း ဖျတ်လတ်တဲ့ ကြီးကြီးဒေါ်တသက်စံ ဆိုရင် သေဆုံးနိုင်မှာ မဟုတ်သေးဘူး"

မိုင်းမွန်မြေမှ. . .

ကျွန်မ၏အဘိုး ဘုရားဒါယကာ ကျောင်းဒါယကာနှင့် စက်ပိုင်ရှင်သူဌေးကြီး "ဦးမြတ်စံ"။

သူ၏ သားသမီးများ ဖြစ်ကြသော. . .

www.burmeseclassic.com

www.burmeseclassic.com



"ဘဘ ဦးကောင်းစံ"

"ကြီးကြီး ဒေါ်တသက်စံ"နှင့်. . .

ဖေဖေ "ဦးစိုးစံ"တို့၏ ရုပ်သွင်များ. . .

မေမေ ဒေါ်ခမ်းမုံ၏ အဖြစ်ဆိုး၊ ကြမ္မာဆိုးများ. . .

"မိုင်းမွန်ချိုင့်ဝှမ်း"တွင်းမှ ခမ်းနားလှသော နှစ်ဆောင်ပြိုင် အိမ်ကြီးနှင့် ကျယ်ဝန်းလှသော ခြံကြီး။

စသည်တို့ကို ကျွန်မ မျက်စိရှေ့မှာ ယခုမြင်နေရသည့်သို့ပင် သက်ဝင်လှုပ်ရှားနေကြသည်။

သူတို့ဘက်ကမူ. . .

ကျွန်မသည် နန်းထိုက်စံဖြစ်ကြောင်း ဘယ်နည်းနှင့်မှ အလွယ်တကူ သိနိုင်ကြမည်မဟုတ်ပါ။

အရွယ်ရောက်ပြီးသော အသက်နှစ်ဆယ်မှစ၍ သုံးဆယ်၊ လေးဆယ်၊ ငါးဆယ်ရွယ် ဖြစ်ပါစေ၊ အိုမင်း ကျဆင်းသွားခြင်းမှလွဲ၍ မမှတ်မိနိုင်စရာ မရှိ။

ကျွန်မလို ကိုးနှစ်အရွယ်မှ အသက်နှစ်ဆယ်အရွယ်သည် ဘဝနှစ်ခု၏ ကူးပြောင်းချိန်ကာလ ဖြစ်ပေသည်။

စကပ်ကလေးဝတ်ရသော ကစားရွယ် ကလေးငယ်မှသည် လူ့ဘဝ၏ အရွယ်ရောက်ချိန်သို့ ပြောင်းလဲရသော ကာလဖြစ်ပေသည်။

ကလေးတစ်ယောက်နှင့် အပျိုတစ်ယောက်၏ မျက်နှာနှစ်ခုကို တစ်ယောက်တည်းပါဟု အလွယ်တကူ သတ်မှတ်ဖို့ ခက်ခဲပါလိမ့်မည်။

ကျွန်မအတွက် တစ်ခုကံကောင်းသည်က. . .



ကျွန်မ၏ မျက်နှာမှာ စံပယ်တင်မှဲ့လို၊ ပါးချိုင့်လို၊ အမာရွတ် လို ထင်ရှားသော အမှတ်အသားများ မပါရှိခြင်းက ကျွန်မအတွက် ကံကောင်းနေခြင်းဖြစ်ပါသည်။

ကျင်လည်ခဲ့ရာ ဘဝအတွင်းမှ အတင်းတော်ခဲ့ရသော အဖေအမည်က "ဦးအောင်ကြိုင်"၊ ကျွန်မအမည်က မယမုံမို့ ကျွန်မကို ဘယ်သူကမှ ဘယ်လိုနည်းနှင့်မှ သိနိုင်မည်မဟုတ်ပါချေ။

"ရှူ"

"ရှူ"

ကားနောက်လိုက်က ဝီဆယ်လ်မှုတ်၍ အချက်ပေးလိုက်သဖြင့် ပြန့်ကျဲပျံ့ရှိနေကြသော သူများအားလုံး လှုပ်လှုပ်ရွရွ တက်တက်ကြွကြွဖြစ်ကာ ကားဆီသို့ စုရုံးရောက်ရှိလာကြလေပြီ။

ဤစခန်းသည် နောက်ဆုံးစခန်း။

နောက်ထပ် ရပ်နားစရာ မလိုတော့ပါ။

ခရီးသည် အားလုံးတို့၏ ခရီးဆုံးဖြစ်သော မိုင်းမွန်စခန်းသာမြို့သို့ ရောက်ပါတော့မည်။

ကားစထွက်ပြီ. . .

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

အချိန်နှင့်အမျှ ထာဝရ တမ်းတနေခဲ့၍ပင် ထင်သည်၊ မိုင်းမွန်စခန်းသာမြို့သည် ကျွန်မနှင့် စိမ်း၍မနေပါ။

ယာခင်းများဆီမှ တိုက်ခတ်လာသော မြောက်ပြန်လေနှင့်အတူ မြေသင်းရနံ့ပါသော လေစိမ့်အေးလေးသည်ပင်လျှင် ဟိုယခင်ကအတိုင်းဟု ကျွန်မထင်သည်။

ဆယ့်တစ်နှစ်တာ ကွဲကွာနေရာမှ ပထမဆုံး ပြန်လည်ထိတွေ့ခွင့်ရသော မိုင်းမွန်မြို့၏ ညဉ့်ဦးယံ။

ကျွန်မနေရသော အဆောင်လေးနှင့်တွဲလျက် လေသာဆောင် ပါသည်။

ပါသမျှပစ္စည်းများ နေသားတကျထားပြီး ကျွန်မ လေသာဆောင်သို့ ထွက်လာခဲ့ခြင်းဖြစ်သည်။

ကျွန်မရရှိသော အခန်းက ခုတင်တစ်လုံးနှင့် စားပွဲတစ်ခု ချသာရုံ ကျဉ်းကျဉ်းလေး။

သို့သော်လည်း. . .

ကိုယ်ပိုင် သော့ခတ်၍ရသော သီးသန့်အခန်းကျဉ်းလေးမို့ ကျွန်မ နှစ်သက်လှပါသည်။



အားလုံး ခြောက်ခန်းဖြစ်သော်လည်း သုံးခန်းမှာ လူမရှိသေး၊ ဘယ်သူ့ကိုမှ မနှုတ်ဆက်ချင်သေး၍ တစ်ညနေလုံး ရှောင်ပြီး ယခု ညဘက်မှ ကျွန်မတစ်ယောက်တည်း ထွက်ရပ်နေခြင်းဖြစ်သည်။

သဘာဝအနေအထားများ ပြောင်းလဲခြင်း မရှိသော်လည်း လူနေအိမ်ခြေများ ပိုမိုများပြားလာခြင်း၊ ကိုယ်ပိုင်ကားစင်းရေ တိုးလာခြင်းနှင့် တစ်မြို့လုံး မီးရောင်များ ထိန်ထိန်လင်းလာခြင်းများဖြင့် မိုးမွန်သည် တိုးတက်ပြောင်းလဲနေချေပြီ။

“အိမ်”

ကျွန်မတို့မိသားစု၏ မိုင်းမွန်ချိုင့်ဝှမ်းအတွင်းမှ ကျယ်ပြန့်ကြီးမား ခမ်းနားလှသော အိမ်ကြီးရှိရာဘက်သို့ မှန်းမျှော်လှမ်းကြည့်ရင်း ရင်ထဲမှာ လှိုက်ခုန်လာပြန်သည်။

ထိုအိမ်ကြီး၏ တစ်ဦးတည်းသော အမွေဆက်ခံရမည့် သူဌေးသမီးဘဝမှသည် ဆယ်ပေပတ်လည်မျှလောက်သာ ကျယ်ဝန်းသော အခန်းလေးအတွင်းမှာ. . .

“အရောင်းစာရေးမ”

ဆိုသော ဂုဏ်ဒြပ်မမြင့်မားလှသည့် အလုပ်ဖြင့် လုပ်ကိုင်နေထိုင်ရန် ရောက်နေရသော ကျွန်မ။

ယခု ကျွန်မရောက်ရှိနေရာ နမ့်ထုန်ရပ်ကွက်သည် ကုန်းမြင့်လေးပေါ်မှာ ရှိသဖြင့် မိုင်းမွန်ချိုင့်ဝှမ်းကို အပေါ်စီးမှ လှမ်း၍မြင်သာနေ၏။

လပြည့်ခါနီးရက်မို့ လင်းဖြာစွာ သာနေသော လရောင်အောက်တွင် ကျွန်မတို့၏ စံအိမ်ကြီးကို မှိုင်းမှိုင်းညို့ညို့ ထီးထီး

www.burmeseclassic.com

www.burmeseclassic.com



မားမား လှမ်း၍ မြင်နေရသည်။

အဆောင်အခန်းများကိုမူ မကွဲပြား။

ရောက်သည့် ညနေမှာပင် သွားကြည့်ချင်လှသော်လည်း အခွင့်မသာခဲ့။ နောက်ရက်မှာ အလုပ်ဝင်ရသည်မို့ သွားခွင့်သာဦးမည် မဟုတ်သေးပေ။

"မီးလည်း မထွန်းပါလား"

မှိုင်းညို့ မည်းမှောင်စွာ ပုံ့ပုံ့ကြီး တည်နေပုံကိုက ပို၍ လွမ်းမောချောက်ချားဖွယ် ဖြစ်နေသည်။

"အခု ဒီအိမ်ကြီးမှာ လူမနေဘူးလား"

"ပိုင်ရှင်ဘယ်သူလဲ"

"တို့မိသားစုပိုင် အိမ်ကြီးကို ဘယ်သူကများ ပိုင်သွားပြီလဲကွယ်"

"အခု ဘယ်သူတွေ နေကြသလဲ"

"ညကြီးမှာ မီးတွေမှိတ်ထားတော့ ဘယ်သူမှ မနေကြဘူး ထင်ပါရဲ့"

ကျွန်မသည် အလှမ်းဝေးကွာခြင်း မရှိပါဘဲလျက် သွားခွင့်မရနိုင်သော ဘဝခြားနေသူတစ်ယောက် ဖြစ်နေရပါပြီ။

အိမ်ကြီး၏ဘေးမှ ကျယ်ဝန်းလှသော ခြံကြီး။

ထိုခြံကြီးအတွင်းမှ ပန်းပင်၊ ပန်းချုံ ပန်းနွယ်များ။

ကျွန်မကစားရန် မြက်ခင်းပြင်ကျယ်ကြီးနှင့် ဒန်းများ၊ လျှော၊ စီးဆော့၊ ရဟတ်နှင့် ဘောလုံး၊ ဘက်တမင်တံ၊ ရေကူးကန်ငယ် စသော အဆောင်အယောင် အပြည့်အစုံနှင့်. . .

တခမ်းတနား နေခဲ့ရသော ကျွန်မ။



ကျွန်မမျက်စိရှေ့မှာ အမှောင်သည် ပို၍ သိပ်သည်းလာ၏။

လရောင်သည် အမှောင်ထုကို ကောင်းစွာ ဖြိုခွင်းနိုင်ခြင်း မရှိ။

အရာခပ်သိမ်းသည် ဝိုးဝိုးဝါးဝါး မှုန်မှုန်ရီရီနှင့် ဘာမျှ မပီပြင်။

သို့ပါသော်လည်း. . .

ကျွန်မ၏ ကြည့်ကွင်းမှာ ဖြည်းဖြည်းချင်း ကြည်လင်ကာ ရုပ်လုံးပေါ်လာသည်။

အမှောင်ထုထည်သည် ပြေးလွင့်ပြီ။

မိုင်းမွန်ချိုင့်ဝှမ်း တစ်ခွင်လုံး အလင်းရောင်အောက်မှာ ပျက်ပျက်ထင်ထင် မြင်သာလာ၏။

စံအိမ်ကြီးတစ်ခုလုံး ဆူဆူညံညံ ရယ်သံမောသံတို့ သောသောညံလျက်. . .

စားကြ သောက်ကြ၊ စ,ကြ နောက်ကြ။

ခေါင်းပေါင်းစတလူလူနှင့် ရပ်ရွာလူကြီးများ။

စိန်နားကပ်တဝင်းဝင်းနှင့် သူဌေးကတော်၊ မင်းကတော်များ။

တောက်ပြောင်လှပ ဆန်းသစ်သော အဝတ်အစားများနှင့် ဧည့်သည်တော်များ။

အိမ့်ရှင်သူဌေးကြီး ဦးစိုးစံနှင့်. . .

သူဌေးကတော် ဒေါ်ခမ်းမုံတို့၏ အပြုံးများ။

www.burmeseclassic.com

www.burmeseclassic.com



ရောင်စုံ၊ ရုပ်ပုံ စက္ကူလှလှလေးများနှင့် ထုပ်ပိုးယူဆောင်လာကြသော မွေးနေ့လက်ဆောင်များ။

ညွှေ့ပရိသတ်တို့၏ အလယ်၊ ကစားစရာစုံ မွေးနေ့လက်ဆောင်များကြားမှ ဖွေးဆွတ်နေသော ဂါဝန်ရှည်ကြီးကို ဝတ်လျက် ပြုံးနေ ပျော်နေသော. . .

သူဌေးသမီးလေး နန်းထိုက်စံဆိုသည့် ကျွန်မ၏ ငါးနှစ်မြောက်မွေးနေ့ မြင်ကွင်းမှစ၍. . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . . . . .

◆ ◆ ◆

မှတ်တမ်းတင်ထားသော ဓာတ်ပုံပေါင်း တစ်ရာကျော်ကိုသာ ပြန်လည်၍ မတွေ့ရှိရလျှင် ထိုနေ့က အကြောင်းအရာများကို နန်းထိုက်စံ ပြန်လည်၍ မှတ်မိချင်မှ မှတ်မိပါလိမ့်မည်။

ယခုတော့ နန်းထိုက်စံ၏ ချစ်လှစွာသော မေမေ ဒေါ်ခမ်းမုံက. . .

"သမီးလေး ဒီမှာကြည့်စမ်း၊ ကြီးကြီးဒေါ်တာသက်စံနဲ့ တွဲရိုက်ထားတာ မျက်နှာကြီးကို စူပုပ်လို့"

"ဟောဒါက သမီးရဲ့ မူကြိုဆရာမ"

"ဒါက ဘဘဆရာဝန်ကြီးက သမီးကို နမ်းနေတဲ့ပုံ"

"ဒါ သမီးနဲ့ ရွယ်တူသူငယ်ချင်းလေးတွေ၊ ကြည့်စမ်း၊ ဘစ်ယောက်က ငိုလို့"

မေမေက ရယ်မောပြုံးရွှင်စွာ အယ်လ်ဘမ်(မ)ကို လှန်၍ သက်ညှိုးနှင့်ထောက်ကာ ထောက်ကာ ရှင်းပြသည်။

"ဒါက ဘယ်သူလဲ"

"ဒါ ဘာလုပ်နေကြတာလဲဟင်"

www.burmeseclassic.com

www.burmeseclassic.com



စသော မသိသူများကို မေးခြင်း၊ မွေးနေ့ ကိတ်မုန့်ကြီး လှီးသူကလှီး၊ လက်ခုပ်တီးသူကတီးပြီး ရယ်နေကြသည့်ပုံများကို မေမေက အသေးစိတ် ရှင်းပြနေသည်။

မေမေသည် နန်းထိုက်စံအား အချိန်နှင့်အမျှ ပွေ့ပိုက်ပြုစုကာ အဖော်မွန်ကောင်းကြီးပမာ အခုလို ပြောပြနေတတ်သဖြင့် ပြီးခဲ့သော အကြောင်းကိစ္စများအားလုံးကိုပါ နန်းထိုက်စံ သိနေခဲ့ခြင်း မှတ်မိနေခဲ့ခြင်းဖြစ်သည်။

"မေမေရေ၊ ဘဘဆရာဝန်ကြီးလာတယ်"

"ရော့ဗျာ. . . သမီးလေးဖို့"

A-B-C-D တို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက် အရုပ်ရောင်စုံများ ပါရှိသော စာအုပ်ကလေး။

"သိပ်လှတာပဲ ဘဘဆရာဝန်ကြီးရာ"

"လှရုံနဲ့ မပြီးဘူး၊ စာလည်း ကျက်ရမယ်နော် သမီးလေး"

နန်းထိုက်စံက ခေါင်းညိတ်ပြရုံသာပြုပြီး ဆိုဖာဆက်တီဘေး ကြမ်းပြင်မှာ ခြေလေးဆင်းပြီး ပေါင်ပေါ်မှာ စာအုပ်တင်ကာ စိတ်ဝင်စားလှစွာ တစ်ရွက်ချင်း လှန်ကြည့်နေ၏။

ဒေါက်တာဦးဖေသိန်းမောင်သည် မေမေနှင့် အေးဆေးစွာ စကားပြောနေရာမှ လေးနက်သော စကားတစ်ခု ပြောလာသည်ကို နန်းထိုက်စံ မှတ်မိနေသေးသည်။

"ဦးစိုးစံကိုလည်း သတိပေးဦး မခမ်းမုံ၊ ဒီလောက်တောင် ချမ်းသာနေမှပဲ လောဘတကြီးနဲ့ ငွေမရှာပါနဲ့တော့"

"ပြောတာပဲ ဆရာရယ်"

"လောဘနောက်မှာ အန္တရာယ်လိုက်တတ်တယ်"



"ကျွန်မက ဒီကျောက်ခိုးတူးရတဲ့လုပ်ငန်းကို ရပ်ပါတော့လို့ဆိုရင် ငါ့အန္တရာယ် ငါသိပါတယ်တဲ့၊ သမီးလေး အမွေပေးဖို့ပါတဲ့"

"နန်းထိုက်စံ တစ်သက်လုံး ဘာမှမလုပ်ဘဲ ထိုင်စားနေရင်တောင် ဒီစည်းစိမ်ဥစ္စာတွေက မကုန်ပါဘူးဗျာ"

"ပြောတာပဲ၊ ဆရာလည်း ဝိုင်းပြောပေးပါဦးရှင်"

"စီးပွားမရှာဖို့တော့ ပြောလို့မဖြစ်ဘူးလေ၊ သတိပေးရုံလောက်ပဲ"

"ဟုတ်ကဲ့၊ ကောင်းသလို ပြောပေးပါရှင်"

"သူတို့ ညီအစ်ကိုချင်းကလည်း တည့်တာမဟုတ်ဘူး၊ ဦးကောင်းစံ ရန်ကလည်း တစ်မျိုး"

"ပြောရင်လည်း ခဲအိုမို့ ပြောတယ်ဖြစ်မယ်၊ တအားလောဘကြီးတဲ့ ဦးကောင်းစံ"

"ဦးကောင်းစံရဲ့ ရန်ထက်ကို သူနဲ့ စီးပွားပြိုင်ဖက် ဦးဒီဆလည်း သိပ်ယုတ်မာတာ မခမ်းမုံ"

"ရှင်"

"သူ့ငွေရဖို့၊ အသာစီးရဖို့ဆိုရင် လူသတ်ပြီး ယူရဲတဲ့လူပါ။ ဘော်ရုံတန်ရုံ သူနဲ့ ဈေးပြိုင်ပေးဝယ်ရမယ့် ရတနာတွေဆိုလည်း ကိုယ်ကပဲ လျှော့တန် လျှော့ပေးလိုက်သင့်တယ်"

"ဟုတ်ကဲ့၊ ပြောပေးပါဦးဆရာရယ်"

ဒေါ်ခမ်းမုံသည် အလွန့်အလွန် ရိုးသားလွန်းသော မိန်းမသားတစ်ယောက်ဖြစ်၍ ကိုယ့်ခင်ပွန်းကို ပြောသင့်သည့် စကားကိုပင် အငှားနှင့် ပြောခိုင်းနေလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ သူ့ရဲ့မန်နေဂျာ ကိုမောင်မောင်ညွန့် ကို
လည်း ကျွန်တော်တော့ သိပ်ပြီး အကဲမရလှဘူး"

"ဘာလဲဟင်. . . အကဲမရလှဘူး"

"ဪ. . . သိပ်မယုံချင်ဘူးလို့ ပြောတာပါ။ ဒီမှာ မခမ်းမုံ
ဒါက ကျွန်တော့်ရဲ့ သံသယပဲ ရှိသေးတာနော်၊ ဟုတ်ချင်မှလည်း
ဟုတ်မှာပါ။ ကျွန်တော်က ဦးစိုးစံအတွက် စိတ်ပူလို့ ဆန္ဒစောပြီ
မောင်မောင်ညွန့်အပေါ် သံသယဖြစ်တာမျိုးလည်း ဖြစ်ချင်ဖြစ်မှာ
ပါ"

"သူကတော့ သူ့မောင်မောင်ညွန့်ကို သိပ်ယုံတာဆရာရဲ့"

"ဟုတ်တယ်၊ ယုံပြီး လုပ်ငန်းအလုံးစုံကို မပုံလိုက်ဖို့ အရေး
ကြီးတယ်၊ ဒီလူက တော်တော်လည်ပုံရတယ်"

"အင်း. . . အစ်ကိုကြီးကြောင့်လည်း ခက်ပါတယ်"

"ဦးစိုးစံအတွက် သတိထားစရာကတော့ အဲဒီလူ
သုံးယောက်ပါပဲ၊ ကျန်တဲ့ အလုပ်သမားတွေကတော့ သူ့ပေါ်
ကောင်းကြပါတယ်၊ သူကလည်း အပေးအကမ်း ရက်ရော
တယ်လေ"

"အဲဒီ သုံးယောက်ဆိုတာ သူ့အစ်ကိုအရင်း ဦးကောင်း
ရယ်၊ ဟန်ဆောင်ပေါင်းနေတဲ့ သူ့ရဲ့ စီးပွားရေးပြိုင်ဖက် ဦး
ရယ်၊ သူ့မန်နေဂျာ မောင်မောင်ညွန့်ရယ်ပေါ့နော်"

"မခမ်းမုံ"

"ဆရာ"

"ဒီလူတွေဟာ လူဆိုးတွေလို့ တရားသေ မှတ်မထားနဲ့ဦး
လေဗျာ၊ ကိုယ့်ယောက်ျားကိုပဲ ကိုယ်က အလုပ်လျှော့လုပ်
သတိပေးပါ"



"ကျွန်မကတော့ ရိုးရိုးနဲ့ တဲ့တိုးပဲ ဆရာရေ၊ ကိုယ့်
ယောက်ျားကိုတောင် သွယ်ဝိုက်ပြီး မပြောတတ်ပါဘူး"

"လူဆိုတာ ရိုးသားပြီး လောဘနည်းရင် စိတ်အချမ်းသာ
ဆုံးပေါ့ မခမ်းမုံရယ်"

"ကျေးဇူးတင်ပါတယ်ဆရာ"

"ကျေးဇူးတင်ရမှာက ကျွန်တော်ပါ၊ ဦးစိုးစံရဲ့ ကျေးဇူး
ကြောင့် ဒီခြံထဲမှာ နေခွင့်ရပြီး ကျွန်တော့်ရဲ့ ဆေးဝါးဗေဒ
သုတေသနလုပ်ငန်းတွေ လုပ်ခွင့်ရလို့ ဦးစိုးစံရဲ့ ကျေးဇူးက
ကြီးလှပါတယ်"

ဒေါက်တာ ဦးဖေသိန်းမောင်အတွက် မိုင်းမွန်ချိုင့်ဝှမ်း
အစပ်မှ ဆင်ခြေလျှောမြေနေရာမှာ တစ်ထပ်တိုက်ကလေး
ဆောက်ပြီး နေစေသည်။

"ငါ့အဖေ ဦးမြတ်စံရဲ့အသက်ကို နှစ်ကြိမ်တောင် ကယ်ခဲ့
ဖူးတဲ့ ငါ့ရဲ့ကျေးဇူးရှင်"

ဟူသော အသိစိတ်ဖြင့် ဒေါက်တာဦးဖေသိန်းမောင်ကို
လခ တစ်ပြားမှ မယူဘဲ အလကားနေစေခဲ့သည်။

ဒေါက်တာဦးဖေသိန်းမောင်မှာ ဇနီးဆုံးသွား၍ မုဆိုးဖို
ဘဝဖြင့် မိုင်းမွန်မြို့သို့ တာဝန်ဖြင့် ပြောင်းလာခဲ့သူဖြစ်သည်။

အကုအသ အလွန်တော်သည်ဟု နာမည်ကြီး၏။

သူ၏ ပြင်ပဆေးခန်းမှာလည်း ပွဲတော်တမျှ လူတွေ
အုံတ်ကြိတ်တိုးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံမှ အတွင်းလူနာများကိုလည်း သူဂရုစိုက်သဖြင့် မိုင်းမွန်စခန်းသာ တစ်မြို့လုံးက ယုံကြည်အားကိုးသော ဆရာဝန်ကြီးတစ်ယောက်အဖြစ် အစဉ်တစိုက် နေထိုင်လာခဲ့ပေသည်။

သူသည် သားသမီးမရှိသော မုဆိုးဖို လူလွတ်လည်းဖြစ်ပြီး ပြင်ပဆေးခန်းမှလည်း သောက်သောက်လဲ ဝင်ငွေရနေသဖြင့် မိုင်းမွန်မှ မခွာချင်။

"ဒေါက်တာဖေသိန်းမောင် ချင်းပြည်နယ်သို့ ပြောင်းရမည်တဲ့"

ဆိုသော သတင်းတစ်ရပ်သည် သူ့လူနာအပေါင်းကို အားငယ်ဝမ်းနည်းစေသည်။

နောက်ဆုံးမှာ ဒေါက်တာဦးဖေသိန်းမောင်ကိုယ်တိုင် ရဲဝံ့စွာ ဆုံးဖြတ်လိုက်သည်။

"အလုပ်ထွက်မည်"

"မိုင်းမွန်မှာ အခြေချ နေထိုင်မည်"

ထိုအချိန်မှာ သူ အသက်နှစ်ကြိမ် ကယ်ခဲ့ဖူးသော ဘုရားဒါယကာ၊ ကျောင်းဒါယကာ စက်ပိုင်ရှင် သူဌေးကြီးဦးမြတ်စံသည် သားဖြစ်သူ ဦးစိုးစံအိမ်၌ ရောဂါသည်းနေချိန်ဖြစ်၏။

ဆေးရုံဝင်းထဲက ပြောင်းရတော့မည့် ဆရာ့အတွက် စံအိမ်ကြီးနောက်ဘက်မှာ ဆောက်ထားသော တစ်ထပ်တိုက်ကလေးမှာ နေပါဟု ဦးစိုးစံ တောင်းပန်ချက်အရ။

ခေတ္တပြောင်းရွှေ့ နေထိုင်ပြီး ဦးမြတ်စံအား အချိန်မလပ် ပြုစု ကုသပေးရှားသည်။



နောက်ဆုံးတွင် လူကြီးရောဂါဖြင့် ငြိမ်းချမ်းသက်သာစွာ သေဆုံးခဲ့ရသည်မှာလည်း ဒေါက်တာ ဦးဖေသိန်းမောင်ကြောင့်ဟု ဦးစိုးစံ ခံယူ၏၊ ဖွင့်ပြော၏။

"သမီးလေးကလည်း ချူချာတယ်၊ ဆရာဝန်တစ်ယောက် အနားမှာ ရှိစေချင်တယ်၊ မပြောင်းပါနဲ့တော့ ဆရာရယ် ဒီမှာပဲ နေပါ"

ဟူသော ဦးစိုးစံ၏ တောင်းပန်ချက်အရ နေဖြစ်သွားခဲ့သည်မှာပဲ ငါးနှစ်နီးပါး ရှိခဲ့ပြီ။

သူသည် ဆေးဝါးဗေဒပညာရပ်ကို ဝါသနာပါ၍ ကျွမ်းကျင်၏။

မြန်မာဆေးမြစ် ဆေးပင်များ၏ အာနိသင် အစွမ်းကို သိပ္ပံနည်းကျ စမ်းသပ်ဖော်ထုတ်နိုင်ရန် အားထုတ်ကြိုးပမ်းနေသူဖြစ်သည်။

ပြင်ပဆေးခန်းကို ညနေတစ်ချိန်နှင့် နံနက်တစ်ချိန်ပါ ထိုင်၍ ဝင်ငွေလည်း အဆမတန်။

နေ့လယ်ပိုင်းနှင့် တစ်ခါတစ်ရံ ညဉ့်နက်သန်းခေါင်အထိ သူ၏ သုတေသနလုပ်ငန်းကို ဆောင်ရွက်နေတတ်သည်။

ဦးစိုးစံ မိသားစုအတွက်မူ ဆွေရင်းမျိုးရင်းထက် အားကိုးပြီး နန်းထိုက်စံကိုလည်း အလွန်အမင်း ချစ်မြတ်နိုးရှာသူပါ။

ဆရာဝန်တစ်ယောက်အနားမှာ ရှိနေသည့်အတွက် သမီးလေး၏ ကျန်းမာရေးသာမက နှလုံးရောဂါရှိစ ဦးစိုးစံအတွက်ပေါ အားထားရသည်ဟု ခံယူကာ ဦးစိုးစံကလည်း ကျေးဇူးတင်. . .

သူ့အရိပ်မှာ အလကားနေခွင့်ရသည်ဟု ဒေါက်တာ

www.burmeseclassic.com

www.burmeseclassic.com



ဦးဖေသိန်းမောင်ကလည်း ကျေးဇူးတင်ကာ စေတနာများ ကူးဆက်နေကြ၏။

ထို့ကြောင့်သာ စီးပွားရေးကို သဲကြီးမဲကြီး ရှာနေသော ဦးစိုးစံအတွက် အန္တရယ်ရှိနိုင်ကြောင်း လာရောက်သတိပေးခြင်း ဖြစ်လေသည်။

ဦးစိုးစံနှင့် ဒေါ်ခမ်းမုံတို့က ဦးဖေသိန်းမောင်ကို အားကိုး ကြသလို နန်းထိုက်စံကလည်း ဘဘဆရာဝန်ကြီးကို အလွန် ချစ်ရှာသည်။

"မခမ်းမုံ၊ ကျွန်တော် ကလေးကို ခဏခေါ်သွားမယ်၊ နော်"

"ဘယ်လဲဆရာ"

"အင်းဘက် လမ်းလျှောက်ရင်း ဦးစိုး[redacted]လည်း ရောက် မယ် စိတ်ချပါ"

"စိတ်ချပါတယ်၊ ဆရာနဲ့ဆိုရင်၊ ဒါပေမယ့် ဆယ့်တစ်နာရီ ကျရင် သမီးလေး ထမင်းကျွေးချိန်ပါ"

"အဲဒီလောက်တောင် မနေပါဘူး၊ လာ. . . သမီး"

"ဟေး. . . မေမေ တာ့တာ"

ဘဘဆရာဝန်ကြီးက ကောက်ချီလိုက်သဖြင့် နန်းထိုက်စံ ပျော်သွားသည်။

ဒေါ်ခမ်းမုံ သိပ်မထည့်ချင်၊ ဘဘဆရာဝန်ကြီးက ခေါ် ချင်သည်။

နန်းထိုက်စံက အင်မတန်လိုက်ချင်သဖြင့် ခုလို မကြာ ခဏ လိုက်ခွင့်ရနေခြင်းဖြစ်၏။



"ဘဘ၊ သမီးလှေစီးချင်တယ်"

"စက်လှေမရှိဘူး သမီးရဲ့၊ ဒီလှေက အန္တရာယ်များတယ်၊ ...က်လှေရမှ လျှောက်စီးကြမယ်နော်"

"ဟုတ်ကဲ့ ဘဘဆရာဝန်ကြီး"

ထိုစဉ်ကတည်းက အန္တရာယ်ဆိုသော စကားလုံးမှာ ...ကြောက်စရာကောင်းသည်ဟု နန်းထိုက်စံ သိခဲ့ နားလည် ...ခဲ့ရပါပြီ။

မိုင်းမောအင်းတစ်လျှောက်သည် အလွန်သာယာလှ ...၏။ အင်းပတ်လမ်းတစ်ခုလုံးကို ဦးစိုးစံက ခင်းပေးခဲ့သည်။ ...ငွေသိန်းချီ၍ အကုန်ခံကာ လမ်းခင်း ဒါနပြုခဲ့သည်ဟု ဆို၏။

ဦးစိုးစံ၏ အပန်းဖြေရိပ်သာလေးကို အင်းရေပြင်နှင့် ...အင်းဝန်းကျင်မှ ဘယ်နေရာကကြည့်ကြည့် လှပချစ်စရာကောင်း ...စွာ မြင်နေရပေသည်။

ခေါင်မိုးနီနီအောက်မှ အပြာ-အဖြူနှင့် အမည်းရောင် ...များကို လှပစွာ သုတ်ခြယ်ထားသဖြင့် ထင်ရှားစွာ မြင်သာ ...သည့် ခြေတံရှည် အိမ်မြင့်လေး။

အင်းဘေးမှ ထင်းရှူးတောထဲမှာ တစ်ခါတစ်ရံ လူပြတ် ...င် ဘဘဆရာဝန်ကြီးနှင့် နန်းထိုက်စံတို့ စိမ်ပြေနပြေ တူတူ ...ဘမ်း ကစားကြသည်။ နန်းထိုက်စံ အတိုင်းမသိ ပျော်ရွှင်၏။

လူတွေ သူတွေရှေ့မှာဆို လက်တွဲပြီး လျှောက်ကြရသည်။

"ဟော. . . ဒီသားအဖ ဘယ်သွားကြမလို့တုန်း"

"ဟော. . . ဦးဒီ"

www.burmeseclassic.com

www.burmeseclassic.com



ထင်းရှူးတောဖြတ်လမ်းမှ ဘွားခနဲပေါ်လာသော ဦးဒီက လှမ်းနှုတ်ဆက်ရင်း. . .

"မထူးပါဘူး ဒေါက်တာရာ၊ နန်းထိုက်စံလေးကို မွေးသာ မွေးစားလိုက်ပါတော့"

"ဦးဒီနှယ်ဗျာ"

ဒေါက်တာဖေသိန်းမောင်က မျက်နှာတည်တည်ဖြင့်. . .

"မွေးစားချင်းမွေးစားရင် ဦးစိုးစံက ကျွန်တော့်ကို မွေးစား မှ ဖြစ်မှာ၊ ဘယ့်နှယ် တစ်ဦးတည်းသမီးလေးကို သူတို့က ကျွန်တော့် ပေးနိုင်ပါ့မလားဗျ၊ စဉ်းစားကြည့်ပါဦး၊ ပြီးတော့ နန်းထိုက်စံက အမွေအများကြီးရမယ့်ကလေး"

"အဟဲ. . . ကျွန်တော်က အလကား နောက်တာပါဗျာ ကဲ. . . သွားမယ်"

"ခင်ဗျား ဘယ်လဲ ဦးဒီ"

"ဒီဘက်နားပဲ"

ဦးဒီ ထွက်သွားပြီးနောက်တွင် ဒေါက်တာဖေသိန်းမောင် က ခြေရှေ့လှမ်းခြင်းမရှိဘဲ ခပ်တွေတွေ ရပ်နေပြီးမှ. . .

"လာ. . . သမီး၊ ဟိုဘက်သွားရအောင်"

"ဟင့်အင်း၊ ဘဘအိမ်ကို သွားကြမယ်လေ၊ သမီး သို လေးတွေကို ကြည့်ချင်လို့"

ဘဘဆရာဝန်ကြီးက သူ၏ ဆေးဖော်စပ် သုတေသ ပြုလုပ်ရန်အတွက် သိုးများ၊ မျောက်များ၊ ကြွက်ဖြူလေးမျာ မွေးထားသည်ကို ကျွန်မ အလွန်သဘောကျသည်။



"ဆရာ့ပညာနဲ့ ဆရာ့ရဲ့ တီထွင်စမ်းသပ်မှု အောင်မြင်ပြီး ဒီဝိရိယမျိုးနဲ့ နိုင်ငံခြားမှာဆိုရင် ဆေးပညာဆိုင်ရာ နိုဘယ်လ် ဆုတောင် ရနိုင်မှာ"

ဟူသော မှတ်ချက်စကားကို ဦးစိုးစံက မကြာခဏ ပြောလေ့ ဆိုလေ့ ရှိပေသည်။

"ဘဘဆရာဝန်ကြီးအိမ်ကို သွားမယ်လေ"

"ခဏလေး သမီးရယ်၊ ဒီလူကို မသက်လို့ လိုက်ကြည့်ရ အောင်နော်"

နန်းထိုက်စံ သိပ်တော့ မလိုက်ချင်၊ ဒါပေမယ့် ဘဘ ဆရာဝန်ကြီးနှင့်ဆိုလျှင် ဘယ်ပဲ သွားရသွားရ ပျော်တတ်သည် မို့ လက်ကလေးဆွဲခေါ် ရာနောက်သို့ လိုက်ဖြစ်ခဲ့ရသည်။

ဦးစိုးစံ၏ အပန်းဖြေ အိမ်လေးဘေးဘက်မှ ပတ်ကြည့် လိုက်တော့ အထဲမှာ. . .

"ဦးဒီနှင့် ကိုမောင်မောင်ညွန့်"

သူတို့တို့ သဲကွဲစွာ မြင်နေရသော်လည်း စကားသံများကို ပီသစွာ မကြားသာနိုင်။

"တွေ့လားသမီး၊ မောင်မောင်ညွန့်ဆိုတဲ့ကောင်က ဦးဒီနဲ့ ဘာမှ ပေါင်းစရာမလိုဘူး"

ရိပ်သာစောင့် **ဦးဘအို** ကို လက်ပြပြီး နောက်ဖေးဘက် မှ တက်ခဲ့ကြသည်။

ဦးဘအိုက အသံမထွက်ဝံ့သော်လည်း မျက်လုံးဝိုင်း နေ၏။

"စိတ်ချပါဦးလေး၊ ကျွန်တော် အားလုံး တာဝန်ယူပါ တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဦးဒီ အိမ်ပေါ်မှ ဆင်းသွားချိန်မှာ ဒေါက်တာ ဖေသိန်းမောင်က နောက်ဘက်ခန်းမှ ထွက်လျက် ဧည့်ခန်းသို့ ဝင်ရောက်လာချိန်နှင့် တည့်တည့်။

ဦးဒီ အိမ်ပေါ်မှ ဆင်းသွားသည်ကို ခပ်တွေတွေ ငေးကြည့်ပြီးမှ ဖြည်းဖြည်းချင်း အိမ်ထဲဘက်သို့ လှည့်အကြည့်တွင်။

"ဟင်. . . ဒေါက်တာ"

ကိုမောင်မောင်ညွန့် မျက်နှာတစ်ပြင်လုံး နီမြန်း၍ အံ့သြကြောက်ရွံ့ဟန်ဖြင့် ကြောင်စီစီ ကြည့်နေ၍. . .

"ငါ သူ့ရဲမဟုတ်ပါဘူး မောင်မောင်ညွန့်ရ၊ ဘာလို့ လန့်သွားရတာလဲ"

"မ. . . မဟုတ်ပါဘူး၊ ဒေါက်တာ. . . ဒေါက်တာ့ကို ရုတ်တရက်ကြီး တွေ့လိုက်ရလို့ပါ၊ ဘယ်တုန်းက ရောက်နေတာလဲ"

"ခုပဲ"

"အသံမပေး ဘာမပေးနဲ့"

"ဒီမှာ အိမ်ပိုင်ရှင် ပါတယ်လေကွာ၊ ဘယ်သူ့အသံပေးနေရဦးမှာလဲ"

နန်းထိုက်စံ၏ ခေါင်းလေးကို ပွတ်ရင်း ပြောလိုက်၍ မောင်မောင်ညွန့်က ရင်ထဲက မကြည်သောစိတ်ဖြင့် သွားဖြဲပြသလို ပြုံးလိုက်ပြီး. . .

"ဟုတ်သားပဲ၊ ဒါလည်း နန်းထိုက်စံနာမည်နဲ့ ထားတဲ့မြေပဲ၊ အိမ်ပဲလေ"



ကိုမောင်မောင်ညွန့် ဆိုသူမှာ အသက်သုံးဆယ်ခန့် အသားဖြူဖြူ ပိန်ပိန်ပါးပါး စူးရှထက်မြက်သော မျက်ဝန်းနှင့် ချက်လတ်တက်ကြွ၍ ရည်မှန်းချက်ကြီးပုံရသော လူငယ်တစ်ဦး ဖြစ်နိုင်ကြောင်း ဘဘဆရာဝန်ကြီးက နန်းထိုက်စံကို ပြောပြဖူးသည်။

"ဦးဒီ ဘာလာလုပ်တာလဲ"

"ကျွန်တော့်ဆီ လာတာပါ"

"မင်းဆီလာတာတော့ သိတာပေါ့ကွ၊ ဘာကိစ္စလဲလို့ မေးတာ"

"ဟာ. . . ဒေါက်တာက ရင့်လှချည့်လားဗျ၊ ကျွန်တော့်ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စကို မေးခွင့်မရှိပါဘူး"

"အေး၊ မင်းကိစ္စ မင်းလုပ်လို့ကတော့ မင်း လူပဲသတ်သတ် ငါနဲ့မဆိုင်ဘူး"

"ဒါဖြင့် ဘာလို့ မေးနေသလဲ"

"အခုဟာက ဦးစိုးစံရဲ့အိမ်၊ ပြီးတော့. . . ဦးဒီကဦးစိုးစံနဲ့ ပြိုင်ဖက် စီးပွားရေးသမားမို့ လိုအပ်လို့မေးရတာပါ"

"လိုအပ်တာက ကျွန်တော့်ဆရာပဲ ဖြစ်လိမ့်မယ်၊ ဒေါက်တာနဲ့ မဆိုင်ပါဘူး"

"ဒါဖြင့် ကောင်းပြီ၊ ငါမေးလို့ မရရင် ဦးစိုးစံကို မေးခိုင်းရုံပဲ၊ သော. . . သမီး"

နန်းထိုက်စံတို့ ပြန်မလှည့်မီ ကိုမောင်မောင်ညွန့်က လက်သီးနှစ်ဘက် ကျစ်နေအောင် ဆုပ်လိုက်ပြီး အံကြိတ်လိုက်သည်ကို ဒေါက်တာဖေသိန်းမောင်လည်း အသိပါ၊ အမြင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ကျော်ခိုင်းပြီး နောက်ဖေးရေစင်ရှိရာသို့ ထွက်ခဲ့ကြသည်။

အပန်းဖြေရိပ်သာ၏ အပြင်ဘက်တွင် ပေ ၃၀ တိတိရှည်အောင် ထုတ်ထားသော ရေစင်မှာ အင်းရေပြင်ပေါ်မှာ တည်ဆောက်ဖြန့်ခင်းထားပါ၏။

အမိုးမရှိ၊ အကာမပါ။

မိုးကုပ်စက်ဝိုင်းများထိအောင် မြင်ကွင်းက တပြင်တပြန့်ကြီး ကျယ်ဝန်းလှသည်။

အင်းရေပြင်နောက်မှာ "လှိုင်မွန်တောင်တန်း"ညို့ညို့ကြီးက ခံ့ထည်ငြိမ်သက်စွာ လဲလျောင်းနေ၏။ ထိုလှိုင်မွန်တောင်ကြီးကို ကျော်သွားလျှင် မြေပြန့်တောကြီးရှိ၏။

ထိုတောကြီးနှင့် တောင်ကြားမှာ သတ္တုများ၊ ရတနာများ ခိုးတူးနေကြသူများရှိသည်။

သတ္တုတွင်း၊ ရတနာတွင်း၊ ကျောက်စိမ်းတွင်း စသော မြန်မာတိုင်းရင်းသားများပိုင် ရတနာများကို မသမာနည်းဖြင့် ခိုးယူတူးဖော်နေကြခြင်းဖြစ်သည်။

သွားလာရန် ခက်ခဲလှသော ဒေသလည်းဖြစ်ပြီး ဥပဒေကလည်း ထိုစဉ်က မတင်းကျပ်လှသေး။ ယခုလို မဟုတ်သေးပေ။

တာဝန်ရှိသူများ ရောက်လာလျှင်လည်း ငွေပေးလာဘ်ထိုးခြင်းများဖြင့် အားလုံး ပြီးပြေ ပျောက်ဆုံးသွားစေခဲ့သော နယ်မြေ။

မြန်မာ့ရတနာများကို နိုင်ငံရပ်ခြားသို့ တရားမဝင်နည်းဖြင့် ခိုးထုတ်နေကြသဖြင့် ရသင့်သော ဒေါ်လာငွေ မရရှိဘဲ



မှောင်ခိုငွေမည်းများနှင့် ပြီးခဲ့ရသည်မှာ မြန်မာနိုင်ငံအဖို့ နစ်နာလှချေသည်။

"ဘဘ၊ ဘာသံလဲဟင်"

"သေနတ်သံပဲသမီး၊ လှိုင်မွန်တောင်ဘက်က ကြားရတာ"

"ဘယ်သူ့ကို ပစ်တာလဲဟင်"

"လောဘသားချင်း ဖြစ်မှာပေါ့"

"လောဘသားဆိုတာ ဘဘတောပစ်ထွက်တဲ့ ဆတ်သားလို စားလို့ရလားဟင်"

"ဟား. . . ဟား. . . လောဘသားဆိုတာ လူလူချင်းကိုပြောတာ သမီးလေးရဲ့"

ဒေါက်တာဖေသိန်းမောင်က နန်းထိုက်စံကို ချွေခန်နေအောင် ပွေ့ချီပြီး နှစ်သက်မြတ်နိုးစွာ တစ်ချက် နမ်းရှုပ်လိုက်လေသည်။

"အင်း. . . မခမ်းမုံကလည်း ရိုး၊ ဒီရိပ်သာစောင့် ဦးဘအိုကလည်း အ၊ မောင်မောင်ညွန့်ကလည်း လည်လွန်းတယ်"

"ဖေဖေကရောဟင်. . . ဘဘ"

"ဦးစိုးစံကတော့ နောက်ပိုင်းမှာ ဘာဖြစ်နေကြလဲလို့ သည့်ကြည့်ဖို့ထက် ရှေ့ပိုင်းမှာ စီးပွားကျိုးရှာဖို့ကိုပဲ အားသန်နေလွန်းတယ်"

"အင်း. . . ရင်လေးပါသေးတယ် သမီးရယ်"

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

ဘဘဦးကောင်းစံသည် ဘိုးဘိုးဦးမြတ်စံနှင့် တူသည်ဟု ပြောကြသည်။ ဘိုးဘိုးဦးမြတ်စံကို နန်းထိုက်စံ ကောင်းကောင်း မမှတ်မိ၊ နန်းထိုက်စံ လေးနှစ်သမီးအရွယ်က သေဆုံးသည်ဟု သိရ၏။

ဘိုးဘိုးဦးမြတ်စံနှင့် ဘွားဘွားဒေါ်ငြိမ်းမယ်တို့၏ ခေါင်းပေါင်းနှင့်၊ ဘီးဆံထုံးနှင့်၊ ဓာတ်ပုံကြီးနှစ်ပုံကို ဧည့်ခန်းထိပ်မှာ တခမ်းတနား ချိတ်ဆွဲထားသည်။

ထိုပုံများကို လက်ညှိုးညွှန်လျက် ဦးကောင်းစံက ဦးစိုးစံသို့. . .

"မင်းက ဘုရားဒါယကာသားဆိုပြီး အပြိုင်အဆိုင် လှူနေတာလား"

"အစ်ကိုကောင်းစကားက ဘာအဓိပ္ပာယ်မှန်းကို မသိဘူး"

"မင်းက ဒီမြို့မှာ ရှိသမျှလှူလို့ရတာ အကုန်လျှောက်လှူနေတာကို ပြောတာကွ"

"လှူတာ စေတနာပဲ၊ ကျွန်တော်က ဘယ်သူ့ပြိုင်ရမှာလဲ"

"မောင်ဒီတို့က ကျောင်းဆောက်တာနဲ့ မင်းက လမ်းခင်းတာကို ပြောတာ"



"ဘာဆိုင်လဲ အစ်ကိုကောင်းရာ၊ ကျွန်တော့်ပိုက်ဆံနဲ့ ကျွန်တော်လှူတာပဲ"

"အေး. . . မင်းပိုက်ဆံနဲ့လှူရင် ငါဘာမှလာပြီး ပြောနေစရာ မလိုဘူး၊ မင်းနဲ့ငါနဲ့ အမွေမခွဲရသေးတဲ့ စက်ကြီးရှိသေးဘယ်"

"ဟာ. . . ဒါဘာဆိုင်လဲ"

"ဘာ. . . ငါနဲ့မဆိုင်ဘူး၊ ဟုတ်လား"

"ဒီလိုပြောတာ မဟုတ်ပါဘူး၊ အစ်ကိုကောင်းနဲ့ သဘောတူပဲ ဒီစက်ကို ငွေအန်း. . ."

"မင်း အပြေအန်းနိုင်သေးလို့လား"

ဒေါသတကြီးနှင့် အော်ငေါက်လိုက်သော ဦးကောင်းစံကို ကြည့်ပြီး စိတ်ပျက်စွာဖြင့်. . .

"ဒီစက်ကို ကျွန်တော်ယူမယ်၊ ငွေနှစ်သိန်း အန်းပါ့မယ်လို့ ရှေ့နေနဲ့ စာချုပ်ထားကြတာပါ၊ တစ်သိန်း အန်းပြီးပြီလေ၊ ကျန်တစ်သိန်းအန်းဖို့က စာချုပ်ထဲမှာပါတဲ့ရက်မှ မစေ့သေးတာ"

"ဒါကြောင့် လာပြောတာပေါ့ကွ၊ မင်း လှူချင်တိုင်းလှူပြီး အချိန်တန်တော့ ငါ့ငွေမအန်းနိုင်ဘူးဆိုရင် ဘယ့်နှယ်လုပ်မလဲ"

ဦးစိုးစံက စိတ်ပျက်လက်ပျက် ကြည့်လိုက်ပြီး. . .

"ကျွန်တော် အခု တစ်ခါတည်းပေးဆိုရင် ပေးလိုက်နိုင်ပါတယ်၊ ဒါပေမယ့် အစ်ကိုကောင်းကလည်း တစ်ခါတည်း သုံးပစ်လိုက်မှာ စိုးလို့ပါ"

"ငါကအကြီး၊ မင်းကအငယ်၊ ငါ့ကို ဘာမှ ဆရာလုပ်မနေရာမလိုဘူး စိုးစံ၊ ပေးလေ ခုရှိရင် တစ်ခါတည်းပေး"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ညနေလာခဲ့ပါမယ် အစ်ကိုကောင်း"

"ဟိုရွှေနေဆိုတဲ့ကောင်ရော ပါလာဦးမှာလား"

"ဟုတ်ကဲ့၊ ရွှေနေ ဦးထွန်းလင်းရယ်၊ အသိသက်သေအဖြစ် ကျွန်တော့်မန်နေဂျာ မောင်မောင်ညွန့်ရယ်၊ ဒါပဲ လာကြမှာပါ"

"အဲဒီနှစ်ကောင်လုံး ငါကြည့်လို့ မရဘူး"

"သူတို့နဲ့ တရားဝင်လုပ်ထားလို့ သူတို့တော့ ပါရမှာပါ၊ အစ်ကိုကောင်းကသာ. . ."

"ဘာဖြစ်လဲ ငါက. . ."

"အစ်ကိုကောင်းသာ ဒီငွေတွေကို တစ်ခါတည်း ကစားမပစ်လိုက်ပါနဲ့"

"တော်စမ်း၊ မင်းက ငါ့အဖေမဟုတ်ဘူး"

"အဖေမရှိလို့ ပြောရတာပါ၊ အဖေ ပင်ပင်ပန်းပန်း ကြိုးကြိုးစားစား ရှာခဲ့လို့ အခုလို ကျွန်တော်တို့. . ."

"တော်. . . ဟေ့ကောင်၊ မင်းက အငယ်ပါ၊ ငါ့ကို ဆရာလာမလုပ်နဲ့"

ဦးစိုးစံ စိတ်ပင်ပန်းစွာ သက်ပြင်းချပြီး ချစ်သမီးလေး နန်းထိုက်စံကို ပွေ့ယူ၍ ရင်ခွင်ထဲမှာ ဖက်ထားလိုက်သည်။

"အေး. . . ငါကလည်း မင်းကို သတိပေးရဦးမယ်၊ ကြည့်လည်းလှူ၊ မွဲအောင် တေအောင်တော့ မလှူနဲ့ပေါ့ကွာ"

"လူ့လောကမှာ သူများကို ပေးကမ်းစွန့်ကြလို့၊ လှူဒါန်းလို့ မွဲသွားတဲ့ လူရယ်လို့ မရှိသေးပါဘူး အစ်ကိုကောင်း၊ ဖြုန်းလို့ သုံးလို့၊ သောက်လို့၊ စားလို့ မွဲသွားကြတာပဲရှိပါတယ်"



"ဖြန်း" ခနဲ မြည်အောင် လက်ဝါးဖြင့် စားပွဲခုံကို တအားရိုက်ချ၍ "ဝုန်း"ဆို ထိုင်ရာမှ ထ,လျက်. . .

"ခမ်းမံ့၊ နှင့်ယောက်ျား ငါ့စော်ကားနေတာ တွေ့လား၊ တစ်နေ့ ငါ့အကြောင်း သိစေရမယ်"

ဤသို့ ဦးကောင်းစံ ကြိမ်းမောင်းသွားကြောင်း နောင်သောအခါ သက်သေအဖြစ်နှင့် တင်ပြနိုင်စရာ လူသုံးဦး ရှိလာသည်။

တစ်ယောက်က မေမေ ကိုယ်တိုင်၊

နောက်တစ်ယောက်က နန်းထိုက်စံ၏ ဆရာမ "နော်တယ်လာဒွေး"

ပြီးတော့ အလုပ်ခန်းတွင်းမှ စာရင်းရေးနေသော ဦးစိုးစံ၏ မန်နေဂျာ ကိုမောင်မောင်ညွန့်တို့ ဖြစ်ကြသည်။

◆ ◆ ◆

"သမီးလေး၊ ကြီးကြီးခေါ်နေတာ သွားလိုက်လေ"

နန်းထိုက်စံက မသွားချင်၍ ပေကပ်နေသည်။

ဒေါ်တသက်စံက ညိုးနွမ်းသော မျက်နှာဖြင့်. . .

"လာပါ၊ ကြီးကြီးက သမီးကို ပေးစရာရှိလို့ပါ သမီးရယ်"

ဒေါ်တသက်စံသည် သူ့ဘော်လီအိတ်တွင်းမှ ဘူးလေးဘူးကိုထုတ်ပြီး ပတ်ထားသော ကတ္တီပါစကို ဖြေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရော့. . . တူမလေးအတွက် စိန်လည်တုန်"

"အို. . . မဟုတ်တာ၊ မမတသက်စံကလည်း မပေးပါ
သမီးမှာ ရှိပါတယ်"

"သူ့မှာရှိတာက စိန်ဘယက်လေ၊ ဒါက စိန်လည်တု
ခေါ်တယ်၊ ဘီးဆံထုံးနဲ့ဆိုရင် သိပ်ကျက်သရေရှိတာ"

"နေပါစေ၊ ယူရင် အစ်ကိုကြီးက ဆူလိမ့်မယ်"

"မမပေးသွားတယ်သာပြောလိုက်ပါ ခမ်းမုံရယ်၊ မ
ပါဘူး၊ မမဆီမှာထားတဲ့ အစ်ကိုကောင်း ဖဲပေါင်ရိုက်လို့ ကုန်
ပဲ"

ခုနစ်နှစ် သမီးအရွယ်မို့ လှတာ ဆန်းတာလေးများ
နန်းထိုက်စံ ကြိုက်တတ်နေပြီ။

လည်တုန်တစ်သွယ်မှာ စိန်ခပ်ရွယ်ရွယ် သုံးလုံး
အသွယ်ပေါင်း နှစ်ဆယ်ကျော်၊ စိန်ရတီပေါင်း ဆယ်ရတီ
ရှိသည်ဟု ဒေါ်တသက်စံက ပြောပြဖူးသည်။ ထိုစဉ်က ဈေး
ပင် ငါးသောင်းဝန်းကျင်တန်မည့်ပစ္စည်းကို ရက်ရောစွာ ပေး
လျက် ဒေါ်တသက်စံ ပြန်သွားခဲ့သည်။

ဒေါ်တသက်စံသည် ချောမွေ့လှပသော်လည်း
မကောင်းရှာ။

ငယ်စဉ်က သူချစ်သူနောက်သို့ လိုက်ပြေးဖူးသ
သူဌေးသမီးနှင့် အလုပ်သမားမို့ သဘောမတူနိုင်ဟုဆို
မိခင် ဒေါ်ငြိမ်းမယ်က အတင်းခွဲခဲ့သည်။

နောက် အသက်သုံးဆယ်ကျော်အရွယ်တွင် ဝန်ထော
တစ်ယောက်နှင့် ပေးစားသည် အိမ်ထောင်မမြဲခဲ့။



နှစ်ခုလပ်ဘဝဖြင့် အစ်ကိုဖြစ်သူနှင့်အတူ နေထိုင်
လေသည်။

ဦးမြတ်စံ ဆုံးပြီး အမွေခွဲကြချိန်မှာ ဒေါ်တသက်စံကို
ကျန်ရှိသမျှ အတွင်းပစ္စည်း စိန်ရွှေရတနာအားလုံး ပေးလိုက်
ကြသည်။

ဦးစိုးစံက မိုင်းမွန်ချိုင့်ဝှမ်းမှ အိမ်ကြီးကိုရပြီး ဦးကောင်းစံ
က ဘုရားလမ်းမှ သုံးထပ်တိုက်ကြီး ယူသည်။

တခြားမြေများက အညီအမျှခွဲကြသည်။ ဆန်စက်ကြီးကို
လေးသိန်းနှင့် အဖိုးသင့်ပြီး ဦးစိုးစံက နှစ်သိန်းအန်းရမည်။
ဒါသည် ဦးကောင်းစံ အတွက် နောက်ဆုံးရရှိမည့် မိဘ၏ အမွေ
ဖြစ်ပါလေသည်။

အမှန်တော့ ဒေါ်တသက်စံသည် ဦးစိုးစံတို့ မိသားစုနှင့်
သာ အတူနေလိုရှာပါသည်။

ယောက်မဖြစ်သူ မခမ်းမုံကလည်း အေး ငြိမ်း ရိုးသား
သဘောကောင်း၏။ တူမလေး နန်းထိုက်စံကိုလည်း သူ ချစ်ပါ
သည်။

သို့သော်လည်း ဦးကောင်းစံအနေနှင့် သူမရှိ၍မဖြစ်။

ဦးကောင်းစံက မုဆိုးဖိုကြီး။

အမြွှာသားနှစ်ယောက်ရှိသည်။ အရွယ်မရောက်ကြသေး။

ဤအမြွှာနှစ်ယောက်ကို မွေးဖွားပြီးချိန်မှာ ဦးကောင်းစံ၏
ဇနီး "ဒေါ်မိမိ" သေဆုံးသွားခဲ့သဖြင့် ဆယ့်ငါးနှစ်လုံးလုံး ဤ
ကလေးနှစ်ယောက်၏တာဝန်ကို ယူခဲ့ရရှာသော ဒေါ်တသက်စံ။

စံမျိုးဆက် အမည်ကြီးကို မနှစ်မြို့တော့ပါဟု ဆိုကာ
သူ့သား အမြွှာညီအစ်ကိုနှစ်ယောက်ကို. . .

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းမြတ်သူ"

"ကောင်းမြင့်သူ"

ဟူသော အမည်ကို မှည့်ထားပါသော်လည်း ဦးကောင်းစံ
နှင့် ဒေါ်တာသက်စံတို့ ခေါ်သလိုပင် အရပ်ကပါ. .

"သားကြီး"

"သားလေး"

ဟူသော အမည်များ ခေါ်တွင်ခဲ့ပါသတည်း။

ဒေါ်တာသက်စံသည် တူနှစ်ယောက်ကို ချစ်သလို တူ
လေး နန်းထိုက်စံကိုလည်း ချစ်ရှာပါသည်။

သူ့ဘဝက ချစ်ကံဆိုးလှသဖြင့် သူ့ချစ်သူကိုယ်စား တူ
တူမလေးများအပေါ်၌သာ ပုံ၍ ချစ်ပါတော့မည်ဟု ရင်းနှီး
များအား ဒေါ်တာသက်စံက ပြောပြလေ့ရှိသည်။

သားကြီး၊ သားလေးတို့ မွေးဖွားပြီး ရှစ်နှစ်ကြာမှ နန်းထို
စံကို မွေးဖွားလာခဲ့ခြင်းဖြစ်သည်။

အတူနေခွင့်မရသော်လည်း တူမလေး နန်းထိုက်စံ
ဒေါ်တာသက်စံ အထူးပင် ချစ်မြတ်နိုးရှာပါသည်။

သို့အတွက်သာ. . .

သူ၏ "အိုစာမင်းစာ"ဆသော ခံယူချက်မျိုးပင် မထ
ရှာပါ။ အဖိုးတန် စိန်လည်တုန်ကို ရက်ရောစွာ လာရော
ပေးအပ်သွားခြင်း ဖြစ်လေသည်။

ရွှေထုထည်ကလည်း မနည်း။ ခဲသားရောင် စိန်များ
လည်း ပြိုးပြိုးပြက်ပြက် ဖျိုးဖျိုးဖျပ်ဖျပ်ရောင်စဉ်များ ထွက်
သော ထိုစိန်လည်တုန်ကြီးကို. . .



နန်းထိုက်စံ တစ်ခါမှ မဆွဲလိုက်ရပါ။

နောက်ထပ်လည်း တစ်ခါမှ မြင်ခွင့်မရတော့ပါဘဲ
နှင့်. . .

နန်းထိုက်စံ ကိုယ်တိုင်ပင် ဤမိုင်းမွန်မြေမှ လွင့်သွားခဲ့ရ
သည့် အဖြစ်ပါလေ။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

မိသားစုသုံးယောက် နံနက်ဦး ကော်ဖီသောက်နေကြ
သည်။

နိုင်ငံခြားဖြစ် ဘီစကစ်ဘူး၊ တိုစတာနှင့် ကင်ထားသော ပေါင်မုန့်နှင့် ထောပတ်များချထားသော်လည်း သားအမိ သုံးယောက်လုံး မစားဖြစ်ကြ။

မောင်မောင်ညွန့်ဖခင် ဆုံးသည့်နှစ်လည်နေ့အတွက် မောင်မောင်ညွန့်မိခင် ချက်၍ ပို့သော မုန့်ဟင်းခါးကိုသာ စားကြ
သည်။

ဘုန်းကြီးကျောင်းပို့ပြီး ဆရာ့အိမ်နှင့် အိမ်နီးချင်း သုံးလေး အိမ်သာ ပို့ပါသည်ဟု ပြော၍ မနက်စောစော မောင်မောင်ညွန့် လာပို့ပြီး ပြန်သွားသည်။

ချိုင့်ပင် လှယ်မပေးလိုက်ရ၊ မီးဖိုခန်းသို့လည်း သူမဝင်

ဒေါ်ခမ်းမုံနှင့် နန်းထိုက်စံတို့က မိန်းမပီပီ မုန့်ဟင်းခါး ကြိုက်ကြသည်။ မုန့်ဟင်းခါးစားပြီးမှ ကော်ဖီသောက်ကြမည်

ဦးစိုးစံက မုန့်ဟင်းခါးမကြိုက်၊ အစပ်လည်း မစားနိုင် သဖြင့် ကော်ဖီကို အလျှင်မော့သောက်လိုက်သည်။



ပြီးမှ ပေါင်မုန့်တစ်ချပ်ကိုယူ၍ ကိုယ်တိုင် ထောပတ် ပါးပါးသုတ်နေဆဲ လက်များ ဆတ်ဆတ်တုန်လာသည်။

"ရင်ထဲက ကတုန်ကယင်နဲ့ ဘာဖြစ်ပါလိမ့်"

"ဟင်. . . ဘာဖြစ်လို့လဲ အစ်ကိုကြီး"

"ဘာမှမဖြစ်ပါဘူး၊ အစာမရှိဘဲ ကော်ဖီသောက်လိုက် လို့ အစာနဲ့လေနဲ့ တွေ့တာ ထင်ပါရဲ့"

ဦးစိုးစံ ထ,သွားချိန်မှာ ဒေါ်ခမ်းမုံက နန်းထိုက်စံအတွက် မုန့်ဟင်းခါးထပ်၍ ထည့်ပေးနေဆဲ၊ ခဏလေးအတွင်းမှာ. . .

"ဝုန်း"

"အား"

ဆိုသော လဲကျသံနှင့် အော်သံကြီး ကြားလိုက်ရသဖြင့် ပြေးထွက်ကြည့်ကြချိန်မှာ ဦးစိုးစံ ကြမ်းပြင်ပေါ်မှာ တုံးလုံးကြီး လဲကျနေပြီ။

"အမယ်လေး၊ အစ်ကိုကြီး. . . အစ်ကိုကြီး"

"ဟာ. . . ဖေဖေ"

"လာကြပါဦး၊ ဆရာ့ကို ပြေးခေါ်ကြပါ"

ဒေါ်ခမ်းမုံ အသံကုန်အော်၍ အိမ်စေများ ပြေးလာပြီး ဝိုင်းကြောင်၍ ကြည့်နေခိုက်မှာပင် နန်းထိုက်စံက လေလို မြန်သော ခြေလျင်နှုန်းဖြင့် တအားစွတ်ပြေးရင်း. . .

"ဘဘဆရာဝန်ကြီး လာပါ. . . လာပါ"

"ဘာလဲသမီး၊ ဘာလဲဟင်"

"ဖေဖေလဲလို့၊ လိမ့်ကျလို့"

"ဟေ"

www.burmeseclassic.com

www.burmeseclassic.com



စားပွဲပေါ်မှ အသင့်ရှိနေသော ဆေးအိတ်ကို တစ်ဖက်က ဆွဲ၊ နန်းထိုက်စံ၏ လက်ကို တစ်ဖက်ကဆွဲပြီး အိမ်ကြီးဆီသို့ ပြန်ပြေးလာခဲ့ကြသည်။

"ကယ်ပါဦး ဆရာရဲ့"

ဒေါ်ခမ်းမုံက အော်ငိုသည်။

ဦးစိုးစံမှာ ခေါင်းရိုက်ခွဲထားသော ငါးတစ်ကောင်လို တစ်ကိုယ်လုံး ဖျတ်ဖျတ်ခါအောင် ဆတ်ဆတ်တုန်နေသည်။

ဒေါက်တာ ဦးဖေသိန်းမောင်သည် နားကျပ်နှင့် အမြ နားထောင်ပြီး ကြမ်းပြင်ပေါ်မှာပင် ပက်လက်အိပ်စေပြီး...

"လက်ကို ကိုင်ထား၊ ဖိထား မခမ်းမုံ၊ အကြော... အကြောဆေး"

စကားဆုံးအောင် မပြောနိုင်၊ အလွန်အရေးကြီးလှ သော အမူအရာဖြင့် အမြန်ဆုံး ဆေးစုပ်၍ လက်ခုံမှ အကြော တစ်ချက်တည်းရှာပြီး ဆေးများ သွင်းလိုက်သည်။

ဆက်တိုက်ပင် နောက်ဆေးတစ်လုံး စုပ်ယူကာ ဦးစိုး ပေါ်မှ ခွကျော်လျက် တခြားလက်တစ်ဘက်ကို အကြောဆေ သွင်းပြန်သည်။

"အိပ်ရာပေါ် ပွေ့တင်ကြရအောင်"

"နေစမ်း မခမ်းမုံ၊ သိပ်အရေးကြီးတယ်၊ လုံးဝ မလှုပ်နဲ့

ဒေါက်တာဦးဖေသိန်းမောင်သည် နားကျပ်နှင့် နှလုံး ခုန်သံ နားထောင်၊ သွေးစမ်း၊ မျက်လုံးကို ဖွင့်ကြည့်ပြီး မျက်နှာ မကောင်း။

တစ်ချက် စဉ်းစားပြီးနောက် ဆေးတစ်လုံး စုပ် ပြန်သည်။



ကိုယ်ကို တစောင်းမလှည့်စေဘဲ သူက ခပ်စောင်းစောင်း လှည့်လျက် တင်ပါးကို ဆေးတစ်လုံးထိုးပြန်သည်။

"ဖယ်ကြစမ်း၊ ဝိုင်းအုံမနေနဲ့"

"ဩော်... သန်းမောင်၊ ကားနဲ့ပဲသွား၊ ငါ့အိမ်မှာ အောက်စီဂျင် စလင်ဒါရှိတယ်၊ အမြန်ယူလာခဲ့စမ်း"

ဒေါ်ခမ်းမုံ ငိုလေပြီ...

ဦးမြတ်စံတုန်းကလည်း ယခုလို အောက်စီဂျင်ပေးပြီး သည်နှင့် အသက်ဆုံးသွားခဲ့ဖူးသည်လေ။

ဆယ်မိနစ်အတွင်းမှာ ဦးစိုးစံကို ခုတင်ပေါ် ပွေ့တင်၊ အောက်စီဂျင်ပေး၊ ဆေးသုံးလုံးတိုက်။

နားကျပ်ကို နားမှ လွှတ်သည်ပင် မရှိ၊ ဦးစိုးစံ၏ ရင်အုံကို ထောက်ထားပြီး အသေအချာ ဂရုတစိုက် နားထောင်နေလေသော ဒေါက်တာဦးဖေသိန်းမောင်၏ ထူးခြားလှသော မျက်နှာကိုသာ နန်းထိုက်စံ ငေးကြည့်နေမိသည်။

ဒေါ်ခမ်းမုံနှင့်အတူ လိုက်ငိုရမှန်းလည်း နားမလည်သေး။ မပူပန်တတ်သေးချေ။

ဦးစိုးစံ၏ ဆတ်ဆတ်ခုန်နေသော ကိုယ်ခန္ဓာမှာ တဖြည်းဖြည်းချင်း ငြိမ်သက်လာ၏။

ထို့နောက် ဆယ်မိနစ်ခန့် ကြာချိန်မှာ နားမှ နားကျပ်ကို ဖြုတ်လျက် သက်ပြင်းမောကြီးကိုချရင်း...

"ဟာ... သိပ်ကံကောင်းတယ်၊ ခုမှပဲ ဖြေးချနိုင်တော့တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"နှလုံးခုန်တာ တစ်မိနစ်မှာ အချက်ပေါင်း သုံးရာလောက်ရှိတယ်၊ နှလုံးကွဲသွားပြီလားတောင် ထင်ရတယ်၊ ကံကောင်းလို့ အချိန်မီလို့ဗျာ"

ဒေါက်တာ ဖေသိန်းမောင်၏ နဖူးပြင်မှာ ချွေးများ သီးနေ၏။

"အခု. . . အခုရော"

"စိတ်ချရပါပြီ၊ အိပ်ပျော်နေတာ၊ နှလုံးလည်း ခုန်တာပုံမှန်လောက်နီးနီးပါပဲ"

စိတ်ချရပြီဆိုကာမှ ဒေါ်ခမ်းမုံက လန့်ဖျပ်စွာ ပြန်၍ ငိုနေပြီး. . .

"ဘယ်လိုဖြစ်သွားတာလဲ ဆရာရယ်"

"အဲဒါ ကျွန်တော်က မေးရမှာ၊ ဦးစိုးစံ ဘယ်လိုဖြစ်သွားရတာလဲ"

ကော်ဖီဝိုင်းမှ အဖြစ်အပျက်ကို အသေးစိတ် ပြန်ပြောပြလိုက်သည်။

ဦးဖေသိန်းမောင်က နှိုင်းနှိုင်းချိန်ချိန် စဉ်းစားဟန်ဖြင့်. . .

"ဒါ. . . ဟတ်(တ်)အတက်(က်)ဆိုတာမျိုးလည်း မဟုတ်ဘူး၊ နှလုံးခုန် ရုတ်တရက်ကြီး ဒီလောက် မြန်လာတာ စဉ်းစားလို့မရနိုင်အောင်ပဲ၊ သူသောက်တဲ့ ကော်ဖီခွက် ဆေးပြီးပြီလား"

"ဟင့်အင်း. . . အားလုံး ဒီအတိုင်းပဲ"



ဒေါက်တာဖေသိန်းမောင်က ဦးစိုးစံဘေးမှ ထွက်ခွာ၍ ထမင်းစား စားပွဲပေါ်မှ ကော်ဖီပန်းကန်ကို အသေအချာ ကြည့်ပြီး. . .

"ဒီတစ်ခွက်တည်း ဖျော်တာလား"

"ဟုတ်ပါတယ်၊ ဒီမနက် ကျွန်မတို့က ကော်ဖီမသောက်ချင်ကြလို့. . ."

ဒေါက်တာဖေသိန်းမောင်က လက်ကျန်ကော်ဖီလေးနည်းနည်းကို မှော့သောက်လိုက်ပြီး. . .

"ကော်ဖီထဲမှာ ဆေးတစ်ခုခု ခတ်ထားပါလား မခမ်းမုံ"

"အို. . . ဘုရား. . . ဘုရား"

"သူက ပြုံးဝါး ကော်ဖီသောက်တာ မဟုတ်လား"

"ဟုတ်ပါတယ်၊ ကျွန်မတို့က ခါးခါးမကြိုက်လို့ ပြင်သစ်ကော်ဖီမှုန့်ထုပ် ဝယ်သောက်ပါတယ်"

"ဦးစိုးစံကရော"

"သူက ကော်ဖီစေ့ကို အိမ်မှာလှော်ပြီး ကြိတ်သောက်ပါတယ်"

"အဲဒီ ကော်ဖီမှုန့်ပုလင်း ယူပြစမ်းပါ"

အိမ်ဖော်တစ်ယောက်က သွားယူလာပြသည်။ ပုလင်း၏ လေးပုံတစ်ပုံလောက်သာ လက်ကျန်ရှိ၏။

"ခက်တာက ဒီမှာ ဓာတ်ခွဲခန်းတွေဘာတွေ မရှိဘူး၊ ဒီကော်ဖီထဲမှာ အင်မတန်ပြင်းတဲ့ နှလုံးခုန်နှုန်းကို မြန်လွန်းစေတဲ့ ဆေးတစ်မျိုး ရောကြိတ်ထားသလားတောင် ထင်မိတယ်"

"မနေ့ကလည်း သောက်တာပါပဲဆရာ"

www.burmeseclassic.com

www.burmeseclassic.com



"အို. . . ဒါဖြင့် ဒီနေ့မနက်မှ ကော်ဖီပန်းကန်ထဲကို ထည့်သွားတာလား"

"မသိတော့ပါဘူး ဆရာရယ်"

"အိမ်ကို ဘယ်သူလာသေးလဲ"

"မောင်မောင်ညွန့် မနက်က မုန့်ဟင်းခါး လာပို့တယ်"

"ဟင်"

"မနေ့ကလည်း ကြီးကြီးတသက်စံ လာသေးတယ်လေ မေမေ"

ဒေါက်တာဖေသိန်းမောင်က တစ်နေရာတည်းသို့ တွေဝေစွာ ငေးကြည့်ရင်းက. . .

"ကျွန်တော့်စိတ်ထင် ပြောတာပါလေ၊ ဟုတ်ချင်မှလည်း ဟုတ်မှာပါ။ နှလုံးရောဂါ အလျင်က မရှိပေမယ့် အခုမှ စဖြစ်တာလည်း ဖြစ်ချင်ဖြစ်နေမှာပါ။ လူစိမ်းလည်း မရှိဘဲနဲ့ မဟုတ်တဲ့ လူတွေ လျှောက်ထင်ရင် အလကား ငရဲကြီးနေပါဦးမယ်၊ လာ. . . ဦးစိုးစံနားပဲ ပြန်နေကြရအောင်"

"ဘာပဲဖြစ်ဖြစ် ဆရာကယ်လို့ပါ ဆရာရယ်"

"သွက်ပါ မခမ်းမုံ"

"မဟုတ်ပါဘူး၊ ဆရာကြီးပေးတဲ့အသက်ပဲ ရှိပါတော့တယ်"

"အင်း. . . နှလုံးဆိုတာ တအားခုန်ပြီးရင် ရုတ်တရက် ရပ်သွားတတ်တယ်၊ အချိန်မီ ဆရာဝန်နဲ့ တွေ့မယ်၊ ဆေးရုံရောက်မယ်ဆိုရင်တော့ အသက်ကယ်နိုင်တာပေါ့လေ"



ဦးစိုးစံသည် စောစောဆီက ဘာမှမဖြစ်ခဲ့သလို အသက်မှန်မှန်ရှူရင်း ငြိမ်သက်အေးချမ်းစွာ အိပ်မောကျနေရှာသည်။

အမြော်အမြင်ကြီးမားလှသော ဦးစိုးစံသည် ဒေါက်တာဖေသိန်းမောင်ကို သူပိုင်ခြံအနီးမှာ မေတ္တာဖြင့် ခေါ်ထားမိခဲ့သည့် အကျိုးမှာ ထိထိမိမိ သက်ရောက်ခဲ့ပါချေပြီ။

"ဩော်. . . နန်းထိုက်စံတို့ မိသားစုရဲ့ ကျေးဇူးရှင် ဘဘဆရာဝန်ကြီးရယ်. . ."

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

နောက်နှစ်ပတ်ခန့်အကြာ ဦးစိုးစံအတွက် အလွန်အံ့ဩ
ထိတ်လန့် နာကြည်း ခံပြင်းစရာ သတင်းဆိုးတစ်ခုကို ကြားသိ
လိုက်ရသည်။

ဦးစိုးစံ၏ စက်များ၊ မြေများ၊ ရတနာရောင်းဝယ်ရေး ဆိုင်ရာ
ကိစ္စများနှင့် ကိုယ်ရေးကိုယ်တာအထိ အစအဆုံး သိလေသော
ဦးစိုးစံ၏ အထွေထွေမန်နေဂျာ. . .

"ကိုမောင်မောင်ညွန့် နုတ်ထွက်လွှာ တင်သည်"

ပြီးတော့. . .

"စီးပွားပြိုင်ဖက် ဦးဒီ၏ သမီးနှင့် ခမ်းနားစွာ လက်ထပ်
မည်"

"တောက်. . . ဒါ. . . သက်သက်. . . ကိုဒီ အကြံ
ပက်စက်တာ"

"သမီးတစ်ယောက်လုံး ထိုးအပ်ပြီးများ ငါ့ကို တိုက်ခိုက်
သတဲ့လားကွာ"

"ခွေးကောင် မောင်မောင်ညွန့်၊ ငါ့အကြောင်း သိစေ
ရမယ်"



ဦးစိုးစံ၏ရုံးခန်းမှာ စားပွဲကို လက်သီးနှင့်ထုပြီး ဦးစိုးစံ ပြောကြားခဲ့သော စကားများကို ဝန်ထမ်းအားလုံး ကြားသည်။

ရုတ်တရက်ကြီး နုတ်ထွက်လွှာ တင်လိုက်သည့်ကိစ္စကို ဦးစိုးစံအနေနှင့် စာချုပ်အရ ဘာမှ မတတ်နိုင်ပါ။

> "ဦးစိုးစံ မကြိုက်သည့်အချိန်မှာ လစာ သုံးလခ အပိုပေးပြီး ချက်ချင်း အလုပ်မှ ထုတ်ပစ်နိုင်သည်။
>
> ကိုမောင်မောင်ညွန့်ဘက်မှ ရုတ်တရက် ထွက်လိုလျှင်လည်း ထိုတစ်လခနှင့် ခံစားခွင့် ဘောနပ်(စ်)ဆုများ အဆုံးရှုံးခံပြီး ချက်ချင်း နုတ်ထွက်လွှာတင်ခွင့်ရှိသည်။

ကိုမောင်မောင်ညွန့် နုတ်ထွက်လွှာ တင်ရက်မှာ ၁၅ ရက်နေ့ဖြစ်သဖြင့် လဝက်စာနှင့် ဘောနပ်(စ်)အချိုးကျ ခံစားခွင့် အားလုံးပေါင်း ပေါင်းမှ ငွေတစ်ထောင်ကျော်။

ဦးစိုးစံ၏ ထက်ဝက်လောက် ချမ်းသာနေပြီဖြစ်သော စီးပွားပြိုင်ဘက် ဦးဒီ၏သမက် ဖြစ်ရတော့မည့်အတွက် ဒီငွေလေးမှာ မက်လောက်စရာမရှိ။

"ဦးစိုးစံရေ. . . မောင်မောင်ညွန့် ထွက်တာက အရေးမကြီးဘူး၊ ကျုပ်တို့ရဲ့ လျှို့ဝှက်ဆေးနည်းတွေ သူသိသွားပြီ"

"ဟာ. . . သေရော"

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ညက မိသားစုရှေ့မှာပင် ဦးစိုးစံသည် သူ့နဖူး သူရိုက်ကာ အကြီးအကျယ် ချောက်ချားသွားပုံကို နန်းထိုက်စံပင် မှတ်မိနေသည်။

"အေးဗျာ၊ ဆရာမနည်း သုတေသနပြုထားရတဲ့ ဆေးနည်းတော့ သွားပါပြီ"

"ကျွန်တော့်နည်းအတိုင်း ဖော်စပ်ထုတ်လုပ်ရင် ကျေးဇူးတောင် တင်ဦးမှာပါ။ ရှားပါးဆေးမြစ်တွေ မထည့်ဘဲ ဖြစ်သလို ဖော်စပ်လိုက်ရင် သောက်သုံးသူတွေအတွက် နစ်နာလှတယ်"

"အန္တရာယ်ရှိနိုင်လား"

"ဘာဆေးပဲဖြစ်ဖြစ် အန္တရာယ်အကင်းဆုံးဖြစ်အောင် ကျွန်တော် စမ်းသပ်ပြီးမှ ပုံစံထုတ်တာပါ။ တကယ်လို့ ဒီဆေးနည်းကို သူတို့ ဖြစ်သလိုလုပ်ခဲ့ရင်တောင် အာနိသင် လျော့ရုံပါပဲ၊ အန္တရာယ်မရှိနိုင်ပါဘူး"

ဒေါက်တာ ဖေသိန်းမောင်သည် သာမန် အမ်ဘီဘီအက်စ် ဆရာဝန်တစ်ယောက်ဖြစ်သော်လည်း ဆေးဝါးဗေဒပညာကို အထူးကျွမ်းကျင်သည်။ ဝါသနာပါ၍ လေ့လာလိုက်စားသည်။

အမြဲစိမ်းလန်းသော သစ်တောများအတွင်း၌ ရှားပါးဆေးပင်များရှိသည်။ ထိုဆေးပင်ဆေးမြစ် အပွင့်အရွက်အသီးမျိုးစုံတို့ကို တရံမလပ် စမ်းသပ် သုတေသန ပြုလုပ်၍ သိပ္ပံနည်းကျ မြန်မာဆေးစွမ်းကောင်းများ ဖော်စပ်မည်ဟူသော ရည်ရွယ်ချက်ဖြင့် ဤမိုင်းမွန်စခန်းသာမြို့မှာ သူအခြေချ၍ နေထိုင်ခြင်းဖြစ်ပါ၏။



"ကျွန်တော့်ဆေးနည်းကို မနှမြောပါဘူး၊ ဦးဒီဆိုတဲ့ ဘာဘာသားလက်ထဲ ရောက်သွားတာကိုပဲ စိတ်ပျက်တာပါ"

"ဟုတ်ပါ့ဗျာ"

"ကျွန်တော် မသေခင် မြန်မာ့ဆေးစွမ်းကောင်း သုံးလေးလောက် ထုတ်လုပ်ခဲ့ချင်တယ်"

"ဖြစ်မှာပါ"

"ကျွန်တော် သေသွားရင်တောင် ဒီဆေးတွေ မတိမ်ကောကမ္ဘာအနှံ့ ဖြန့်နိုင်တဲ့အထိ ဖြစ်ချင်တယ်ဗျ၊ အဲဒါ ကျွန်တော့်ရဲ့ ဆုံးစွန်သော ဆန္ဒပါပဲ"

"အင်း. . . လောလောဆယ်ကို တစ်ခု ဆုံးရှုံးသွားပြီ"

"ကျွန်တော် တတ်ထားတဲ့ အတတ်ပညာနဲ့ လူသားတွေ ကောင်းကျိုး တစ်ခုခု ပြုနိုင်ပြီးမှ သေချင်တယ်"

"ဒါကြောင့် ကျွန်တော်ပြောခဲ့တာပေါ့၊ ဆရာသာ နိုင်ငံခြားမှာဆိုရင် ဆေးပညာဆိုင်ရာ နိုဘယ်လ်ဆု ရနိုင်လောက်တယ်လို့"

"အဝေးကြီးပါဗျာ"

"အို. . . နိုဘယ်တွေဘာတွေ ကျွန်မ နားမလည်ပါဘူး၊ ဒီနေ့က ဆရာသာမကယ်ရင် အစ်ကိုကြီးအဖြစ်ကို မတွေးရဲတော့ပါဘူး"

"ဟုတ်တယ်၊ ဘဘဆရာဝန်ကြီးသာ မလာရင် ဖေဖေသေသွားမှာနော် မမေ"

"ဒါပေါ့ သမီးလေးရယ်၊ ဟောဒီ ဘဘဆရာဝန်ကြီးဟာ မမေတို့ မိသားစုရဲ့ အသက်သခင်ကျေးဇူးရှင် သိလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့မေမေ"

"တော်ကြပါတော့ဗျာ၊ ဆရာဝန်ဆိုတာ ကိုယ့်ရှေ့ရော
လာတဲ့ လူတိုင်းကို ကယ်တင်ရမှာပဲ၊ အဲဒီကိစ္စကို ကျွန်
တွေးမရတာ ဒီနေ့ထိပဲ"

"ကျွန်တော့်ကို အဆိပ်ခတ်တယ် ထင်လို့လားဆရာ

"ထင်ဖို့ရာ ခပ်ခက်ခက်ပဲ၊ ဒီမှာက ဓာတ်ခွဲခန်းလ
မရှိဘူးလေ၊ အဆိပ်ဆိုတာက အစာအိမ်မှာ ဒုက္ခပေး
အခုဟာက နှလုံးမှာ လာဒုက္ခပေးနေတာ၊ အခုအချိ
စမ်းကြည့်တော့လည်း နှလုံးရောဂါလက္ခဏာ မတွေ့ရပြ
ဒီတော့ ကျွန်တော် အကြံတစ်ခုပေးမယ်"

"ပြောပါဆရာ"

"ရန်ကုန်ဆင်းဗျာ၊ နှလုံးရောဂါ ပါရဂူနဲ့ ပြကြ
ကျွန်တော် စာရေးပေးလိုက်မယ်"

"ဟာ. . . ဆရာပဲ ကုပါ"

"ကျွန်တော်က ရိုးရိုးဆရာဝန်ပဲ၊ စပါယ်ရှယ်လစ်စ်လေ
တော့ ဘယ်တတ်မလဲဗျာ"

"အင်းလေ၊ ဒါဆိုလည်း ရှေ့လကုန်လောက်
သွားနိုင်ကောင်းပါရဲ့"

"ရောဂါဆိုတာ သိပ်တော့ အချိန်မဆွဲသင့်ဘူး ဦး

"စီးပွားရေးကလည်း အရေးကြီးသေးတယ် ဆရာ

"ဒီလောက် ချမ်းသာနေပြီပဲဗျာ၊ ကိုယ့်အသက်
ဘာက ပိုအရေးကြီးမှာလဲ"



"ကျွန်တော့်အသက်ထက် ကျွန်တော့်ဘဝထက် ပိုပြီး အရေးကြီးတာ ရှိတယ်လေဆရာ"

"ဟင်. . . ဘာလဲ"

"ဟောဒီသမီးလေး နန်းထိုက်စံပေါ့"

"ဦးစိုးစံရယ်"

"ကျွန်တော်တို့ လင်မယားနှစ်ယောက်တည်းအတွက် ဆိုရင် ဘာမှတောင်လုပ်ဖို့ မလိုတော့ပါဘူး၊ တစ်သက်လုံး ထိုင်စားလို့ ရပါတယ်၊ သမီးလေးအတွက်ပါ၊ ကျွန်တော်ရှာဖွေနေတာတွေဟာ သမီးလေး ကြီးလာရင် ကမ္ဘာကျော်မဟုတ်တောင်၊ မြန်မာပြည်မှာ အချမ်းသာဆုံးစာရင်းဝင် သူဌေးမကြီး တစ်ယောက် ဖြစ်ရအောင်လို့ ဖြစ်စေချင်လွန်းလို့ပါ ဆရာရေ"

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

တမင်အရွဲ့တိုက်ပြီး လုပ်နေကြသလား ထင်ရသည်။

ဦးဒီ၏သမီး 'ခင်နှင်းဖြူဖြူ'နှင့် မောင်မောင်ညွှန့်တို့

လက်ထပ်မင်္ဂလာပွဲက ခြိမ့်ခြိမ့်သဲအောင် ကျင်းပနေချေပြီ။

ဖိတ်စာခံ့ခံ့ကြီး ပို့လိုက်သော်လည်း ဦးစိုးစံမသွား။

မကောင်းတတ်၍ဆိုကာ ဒေါက်တာဖေသိန်းမောင်ဖေ... ခဏသွားပြီး ပြန်လာသည်။

"ဘယ့်လောက်များ မခံချင်စရာကောင်းလိုက်သ... အဖြစ်ပါလဲ"

ဦးကောင်းစံ ကံကောင်းနေသေးသည်။ တစ်ချက်... နောက်ဆုံးရရှိသွားသော ငွေတစ်သိန်းကို ကျောက်စိမ်းဝယ်လို... ရာ အောင်သွားသဖြင့် ဆယ်သိန်းလောက် ရသွားသည်... သတင်းကြားရသည်။

ဦးကောင်းစံ ဆက်လက် မိုက်မဲရန် အသက်ဆက်... သွားပြီပေါ့လေ။

ဦးဒီသည် တစ်ချိန်က ဦးစိုးစံထုတ်လုပ်သော "မိုင်း... လက်ဖက်ခြောက်နှင့် အချိုခြောက်"လုပ်ငန်းကို. . .



မိုင်းမွန်လက်ဖက်ခြောက်နှင့် အချိုခြောက်ဟူ၍ စာလုံး ...ိုင်းကအစ ဆင်တူရိုးမှား လိုက်တု၍ လုပ်ခဲ့ဖူးသူ။

ကျောက်စိမ်းဖြစ်ဖြစ်၊ နီလာဖြစ်ဖြစ် ဦးစိုးစံ ဝယ်မည်ဟု ...သတင်းရလျှင် ရှုံးချင်ရှုံးသွားပါစေ၊ အမြတ်ပိုပေး၍ ဝယ်ပြီး ...ပွားရေးကို နည်းအမျိုးမျိုးနှင့် သတ်နေခဲ့သောသူ။

သို့ပါသော်လည်း. . .

စိတ်ထားကောင်းသော၊ အလှူအတန်း ရက်ရောသော ...ိုးစံမှာ လျော့ပါးသည်မရှိ။ ဘာလုပ်ငန်းပဲလုပ်လုပ် အောင်မြင် ... ဝင်ငွေအထူးကောင်းနေချိန်ဖြစ်လေသည်။

ညီနှင့် မကြည်သော ဦးကောင်းစံက ဦးဒီနှင့်သွား၍ ...ပါင်းနေလေပြီ။

ဦးစိုးစံ အားကိုးခဲ့သော ကိုမောင်မောင်ညွှန့်ကလည်း ...ဒီ၏ သမက်ဖြစ်သွားခဲ့ပြီ။

သို့သော်လည်း ဦးစိုးစံ စိတ်ဓာတ်မကျပါ။ ဆေးပညာသာ ...တာ လူမှုရေး၊ စီးပွားရေးပါ တိုင်ပင်ဖော် တိုင်ပင်ဖက် ဒေါက်တာ ...ဖေသိန်းမောင်တစ်ယောက်လုံး အနားမှာ ရှိနေသေးတာပဲလေ။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

ဦးစိုးစံသည် မိုးမွန်ချိုင့်ဝှမ်းအတွင်းမှ "နှစ်ဆောင်ပြိုင်
အိမ်ကြီး"ကို အလွန်ခမ်းနားလှပစေရန် ပြင်ဆင်နေသည်။

ရှေးအင်္ဂလိပ်ခေတ်က သစ်တောမင်းကြီးလာသည့်အခါ
နားရန်၊ သစ်တောအရေးပိုင်နေရန် စသည့် ရည်ရွယ်ချက်ဖြင့်
ခိုင်ခံ့ကျနစွာ ဆောက်ထားသော နှစ်ဆောင်ပြိုင်တိုက်ခံအိမ်ကြီး

မိုးယိုသော အုတ်ကြွပ်မိုးများ ဖယ်၍ အသစ်များနှင့်
လဲလှယ်ပြီး ဆေးရောင်များ စနစ်တကျသုတ်သည်။ အားလုံး
ပလတ်စတစ်ပိန့် ဆေးများသုတ်သဖြင့် တောက်ပသစ်လွင်
နေ၏။

ခြံတွင်းမှ မြက်ခင်းကိုလည်း နိုင်ငံခြားမှ မြက်ဝယ်
မွေးပြီး မြက်ရိတ်စက်နှင့် စနစ်တကျ ရိတ်ဖြတ်ထားသဖြင့် မွေး
ကော်ဇောစိမ်းကြီး ဖြန့်ခင်းထားသလို ဖြစ်နေသည်။ ခြံဝင်
တစ်ခုလုံးမှာ သစ်ခွရောင်စုံအိုးများ သွယ်နေရာနှင့်သူ ထား
သစ်ခွအိုး နေမပူစေရန် ထီးသဖွယ် ရောင်စုံမိုးလေးများက ပို
ထူးဆန်းလှပနေပေသည်။

ခြံထောင့်တွေမှာဖြင့် စက္ကူပန်းချုံ ရောင်စုံများ။



ထင်ရှူးပင်ပုနှင့် ပင်လယ် ကဗွီးပင်များမှာ ရောင်စုံမီးသီး
င့်လေးများ တပ်ဆင်ရန် ပြင်ဆင်ထားသည်။

"တစ်ဦးတည်းသော ချစ်သမီးလေး နန်းထိုက်စံ၏ ကိုးနှစ်
ောက် မွေးနေ့ပွဲ"

အတွက် ထူးထူးခြားခြား တခမ်းတနား ကျင်းပရန်
ခမ်းနားနား ပြင်ဆင်ထားပြီးပါပြီ. . .

နန်းထိုက်စံသည် ကိုးနှစ်ပြည့်တော့မည်မို့ အစစအရာရာ
ားလည်ရုံမက ဖြစ်ပျက်သမျှများကိုလည်း အသေးစိတ်
တိမိနေသော အရွယ်သို့ ရောက်လာခဲ့ပါပြီ။

ကိုမောင်မောင်ညွန့် ဦးဒီ၏သမီး ခင်နှင်းဖြူဖြူကို
က်ထပ်လိုက်သည့်အတွက် တစ်မြို့လုံးက ယင်းအကြောင်း
ရာကို စိတ်ဝင်စားနေကြချိန်။

ဦးကောင်းစံလည်း ကျောက်စိမ်းအောင်သဖြင့် ငွေ
ယ်သိန်းခန့်ဖြင့် ညီဖြစ်သူ ဦးစိုးစံကို စီးပွားရေးအရ ထိုးနှက်
ည်ဟု ပေါ်ပေါ်ထင်ထင် ပွင့်ပွင့်လင်းလင်း ကြေညာနေချိန်။

ဒေါ်တသက်စံလည်း ဘာဖြစ်သွားမှန်းမသိ။ မောင်ဖြစ်သူ
ိုးစံထံသို့ လုံးဝမလာဘဲ အဆက်ဖြတ်ထားချိန်။

ဤအချိန်. . .

ဤအချိန်မှာပင် နန်းထိုက်စံတို့ မိသားစုသုံးဦးအတွက်
ဝ မမျှော်လင့်၊ မထင်မှတ်အပ်သော ကံကြမ္မာဆိုးကြီးသည်။
က်စက်ကြမ်းတမ်းစွာ ဝင်ရောက်လာခဲ့ပါသတည်း။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

"ဘဘ၊ မြင်းစီးရအောင်"

"သမီးဖေဖေက စိတ်မချဘူး၊ မြင်းတော့ မစီးပါနဲ့တဲ့"

မြင်းစီးဝါသနာပါသော ဒေါက်တာဖေသိန်းမောင် ရင်ခွင်ကြားမှာထိုင်လျက် မြင်းစီးဘောင်းဘီလေးနှင့် မြင်းကို ရသော အသည်းတလှပ်လှပ် အရသာကို နှန်းထိုက်စံ အလွ ကြိုက်နှစ်သက်ပါသည်။

မြင်းကလည်း ဘဘမွေးထား၍ ယဉ်နေပြီ၊ ရပ်ဆို မြန်ဆိုမြန်၊ နှေးဆိုနှေး။ ဘဘ၏ မြင်းစီးဖိနပ်နှင့် ဇက်ကြိုးအ အကုန်နာခံပါလျက် ဖေဖေတို့က ဘဘကြောင့်များ စိတ်မ ပါလိမ့်။

"ဒါဖြင့် လှေသွားစီးရအောင်"

"ဘဘ လှေလှော်မကျွမ်းဘူး သမီးရဲ့"

"သိတယ်နော်၊ သမီးကို လိုက်မပို့ချင်လို့ ညာနေတ ငယ်ငယ်က ခေါ်သလို ခေါ်ပစ်လိုက်မယ်၊ ဘဘချာဝင်ကြီး

ဒေါက်တာဖေသိန်းမောင်က နှစ်ခြိုက်စွာ အော် ရယ်လိုက်သည်။



နှန်းထိုက်စံ ငယ်ငယ်က မပီ၍ အမြဲပင်. . .

"ဘဘချာဝင်ကြီး"

ဟု ခေါ်သည်ကို စကားပီလာသည်နှင့် ဒီလိုတော့ မခေါ်ပါနဲ့ သမီးရယ်ဟု ပီအောင် ပြင်ပေးခဲ့သည်။

"ဘဘ"

"ဟေ"

"လှေစီးမယ်ဆို"

"ဘဘ လှေကောင်းကောင်း မလှော်တတ်ဘူးလေ"

"အလကား၊ တတ်တယ်၊ ပြီးတော့ ဘဘပြောထားတာလေ၊ မေ့သွားပြီလား"

"ဘာများလဲ သမီးရဲ့"

"စက်တပ်ထားတဲ့ ဟိုပွဲချိတ်နီနီလှလှလေးနဲ့ သွားကြမယ်ဆိုတာလေ"

"လူလည်မလေး။ ကဲ. . . ဒီက ခဏစောင့်၊ ဘဘအိမ်ထဲမှာ ရိပ်သာသော့ သွားယူဦးမယ်"

ပွဲချိတ်စက်လှေက ရိပ်သာလှေဆိပ်မှာသာရှိ၏။ နှန်းထိုက်စံ တို့၏ ခြံကြီးရှေ့မှာ ဝမ်းပြား လက်လှော်လှေများသာ ရှိလေသည်။

ဘဘ သော့ယူ၍ ပြန်ထွက်လာချိန်မှာမေမေပါ ထွက်လာပြီး မှာကြားနေသည်။ ထိုအချိန်က အိမ်မှာ ဖေဖေမရှိသေး။

နှန်းထိုက်စံတို့ ရိပ်သာကို ရောက်လာချိန်မှာ. . .

"ဟင်. . . ရိပ်သာတံခါးက ပွင့်နေတာပဲ၊ ဦးဘအို ဒီရိပ်သာမှာ မစောင့်တော့ဘူးဆို"

www.burmeseclassic.com

www.burmeseclassic.com



"သမီးမသိဘူး ဘဘ"

ဦးဘအိုက ဒေါက်တာဖေသိန်းမောင်ကို မလိုလား မနှစ်ခြိုက်ဟန်ဖြင့် ခပ်စိမ်းစိမ်းကြီး ကြည့်နေသည်။

"ခင်ဗျားအလုပ် ခင်ဗျားလုပ်လေ ဦးဘအို၊ ကျုပ်နဲ့ ကလေးကို ဘာလို့ လိုက်ကြည့်နေတာလဲ"

"ဆရာ. . . ဆရာက. . ."

ဦးဘအို ဘာပြောလိုက်သည်ကို ထိုအချိန်က နန်းထိုက်စံ မကြားလိုက်။ သတိလည်း မထားမိခဲ့။ ကလေးနှင့်လည်းမဆိုင်။ လှေစီးရမည်ဆိုသည့်အတွက် ပျော်နေခြင်းသာဖြစ်သည်။

နန်းထိုက်စံ လှေဆိပ်၌ ရပ်နေချိန်မှာ ဒေါက်တာဖေသိန်းမောင်က ဦးဘအိုကို တစ်စုံတစ်ရာအတွက် ကြိမ်းမောင်းနေပုံရသည်။

ဦးဘအိုမှာ အရုပ်ဆိုးသလောက် စိတ်ပုပ်သူကြီးအဖြစ် နန်းထိုက်စံ မှတ်ယူထားသည်။ ဖေဖေ့အပေါ် သစ္စာမရှိသူအဖြစ် ဘဘဆရာဝန်ကြီးက ဆူပူနေသလားဟု နောက်မှ တွေးကြည့်မိ၏။

ထိုနေ့က ဦးဘအို၏ မျက်နှာထားဆိုးဆိုးကြီးနှင့် အကြည့်စိမ်းစိမ်းကြီးကို နန်းထိုက်စံ ယနေ့အထိ မှတ်မိနေဆဲ ရှိပါ၏။

အကယ်၍သာ. . .

ထိုနေ့က နန်းထိုက်စံ လှေစီးဖို့ မပူဆာခဲ့လျှင် ဤအဖြစ်ဆိုး ကြုံရမှာမဟုတ်ပါဟူ၍ အသက်နှင့်အမျှ နောင်တရနေဆဲပါ။



ထိုနောင်တသည် နန်းထိုက်စံ၏ နှလုံးသားမှာ ကြာလေခိုင်မာစွာ အမြစ်တွယ်လေ။

ထိုနောင်တမြစ်သည် နှလုံးသားထဲသို့ တိုးဝင် ထိုးဖောက်စိတ်ဖြာကာ စွဲမြဲစွာ တွယ်ကပ်တည်ရှိနေခဲ့သည်မှာ ယနေ့ထက်တိုင်အောင်ပါ။

◆ ◆ ◆

အင်း၏ သည်ဘက်အစပ်မှာ မစီးဖြစ်၊ လှိုင်မွန်တောင်ခြေတစ်ဝိုက်ထိအောင်သွား၍ စီးနေကြသဖြင့် အင်းတစ်ပြင်လုံးစာ ဝေးကွာနေသောအချိန်။

အင်းနှင့် ထိစပ်နေသော တောင်ခြေမှာ ဆင်ကြီးနှင့်ကောင် ရေသောက်လိုက်၊ ရေတွေ မှုတ်ထုတ်လိုက် လုပ်နေသည်ကို နန်းထိုက်စံ သဘောကျ၍မဆုံး။

ထိုဆင်များမှာ သစ်တောဌာနအတွက် ဖြစ်သော်လည်း သစ်ခိုးသမားများနှင့် ကျောက်စိမ်းသယ်မည့်သူများက နည်းအမျိုးမျိုးနှင့် ယူ၍ သုံးနေကြသည်။ ဆင်ဦးစီးများကလည်း ငွေပိုရသော ပုဂ္ဂလိက ကိစ္စများကို ပို၍ လုပ်ချင်ကြသည်ဟု ဘဘက ပြောပြ၏။

"ဘဘ. . . ဟိုးမှာ ကြည့်လိုက်စမ်း"

"ဘာကို ပြတာလဲ သမီးရဲ့"

"ဟိုးက လှေနှစ်စင်းလာနေတာကို ပြောတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟိုက်. . . ဒါအိမ်က လေ့တွေပဲ"

အရေးတကြီး လှော်ခတ်လာနေသည်ကို ကြည့်ပြီး ဘဘ စက်ရှိန်တိုးမြှင့်၍ သူတို့ဆီသို့ မောင်းသွား၏။

"ဆရာ. . . ဆရာကြီး"

"ဟေ. . . ဘာလဲ၊ ဘာဖြစ်လို့လဲ"

"ဆရာ. . . ဆရာဦးစိုးစံ"

"ခေါ်ခိုင်းလို့လား"

"မဟုတ်ဘူး၊ မြန်မြန်လာပါ၊ အရင်. . . အရင်လို ဖြစ်လို့ဗျ"

"ဟာ"

ဒေါက်တာဖေသိန်းမောင် မပြောနှင့် နန်းထိုက်စံပင် သဘောပေါက်သည်။ ဖေဖေဦးစိုးစံ အလျှင်လို တစ်ကိုယ်လုံး ဆတ်ဆတ်တုန်ပြီး လဲကျသွားပြီ ဟူ၍။

◆ ◆ ◆

"အမယ်လေး ဆရာရဲ့ ကယ်ပါဦး၊ ကြည့်ပါဦး။ ခေါ်လို့လည်း မရတော့ဘူး"

ဒေါ်ခမ်းမုံ အော်ငို၍ ကြိုသဖြင့် ဒေါက်တာ ဦးဖေသိန်းမောင် တအားပြေးပြီး ထမင်းစားခန်းဝမှာ လဲနေသော ဦးစိုးစံဘေးမှာ ထိုင်ချလိုက်ပြီး ရင်ဘတ်ကို နားဖြင့်ကပ်၍ နားထောင်သည်။

ပြန်မတ်ပြီးသည်နှင့်. . .

"သန်းငွေ၊ အိမ်က ငါ့ဆေးအိတ် ပြေးယူစမ်း"

ဒေါက်တာဦးဖေသိန်းမောင်သည် တယ်လီဖုန်းရှိရာသို့ ပြေးသွားပြီး ဆေးရုံဆရာဝန်ကြီးထံသို့ ဖုန်းဆက်၍ အကျိုးအကြောင်း အတိုချုံးပြောပြီး. . .

"ကျေးဇူးပြုပြီး အမြန်ဆုံး လာကြည့်ပေးပါဆရာ၊ ဆေးရုံပေါ်မှာ ကယ်လို့ ရလိုရငြားပါ"

ဒေါက်တာ ဖေသိန်းမောင်၏ ဆေးအိတ်ရောက်လာပြီး ဆေးအုပ်နှင့် စမ်းသည်။

အလျှင်လို ဆေးထိုးခြင်းမရှိ၊ ပျာပျာသလဲ ဆောင်ရွက်ခြင်း မရှိပါ။

www.burmeseclassic.com

www.burmeseclassic.com



ခဏအတွင်းမှာပင် ဆရာဝန်ကြီး၏ ဂျစ်ကားဆို
ရောက်လာပြီး အရေးတကြီး စမ်းသပ်ပြန်သည်။

"ဆောရီးပဲ ကိုဖေသိန်းမောင်"

"ကျွန်တော် စမ်းကတည်းက နှလုံးရပ်နေပါပြီ ဆရာရ
ဒါပေမယ့် သိပ်နှမြောစရာကောင်းတဲ့လူမို့ ဆရာများ ကယ်နိုင်
ကယ်နိုင်ငြား. . ."

"နှလုံးခုန် ရပ်သွားပြီလေ၊ ကျွန်တော်တို့ ဘာမှ မတ
နိုင်ကြတော့ပါဘူး"

အသက် သုံးဆယ့်ခုနစ်နှစ်အရွယ်၊ အလွန်တက်
ထက်မြက်သော၊ အလွန်ချမ်းသာကြွယ်ဝသော သမီးဖေ
နန်းထိုက်စံနှင့် ဇနီးသည်အား အလွန်တရာ ချစ်မြတ်နိုးရှာ
သော. . .

သူဌေးဦးစိုးစံသည် အရွယ်မတိုင်မီမှာပင် ချစ်သူများ
စည်းစိမ်ဥစ္စာအပေါင်းကို စွန့်ခွာ၍ ဤလောကကြီးမှ ထွက်
သွားရရှာလေပြီ။

◆ ◆ ◆



"ဖေဖေ သေပြီ"

"ဖေဖေနှင့်အတူ မနေရတော့ပါ"

"ဖေဖေ ဘယ်သောအခါမှ ပြန်မလာနိုင်"

ဟူသော အဓိပ္ပာယ်များကို သိရှိစွာဖြင့် နန်းထိုက်စံ၏ အရည်တည်စ နှလုံးသားနုလေး နာကျင်ပန်းလျ လောက်အောင် ရှိုက်ကြီးတငင် ငိုခဲ့မိသည်။

သို့ပါသော်လည်း. . .

မေမေ့လို ရှေ့ဆက်ရမည့် ခရီးအတွက်လည်းကောင်း. .

သူမ ဘာမှ နားလည်အောင် ကြိုးစားမထားမိသော ဖေဖေ၏ စီးပွားရေးလုပ်ငန်းကြီးအတွက် လည်းကောင်း. . .

ကြောက်ရွံ့ချောက်ချားလွန်းစွာ ငိုရှိုက်ရန်ဖြင့် နားမလည် ခဲ့သေးပါ။

အသုဘနေ့က ဝက်ဝက်ကွဲအောင် စည်ကားနေသော လူအုပ်ထဲမှ မေမေ ဒေါ်ခမ်းမုံ မေ့လဲကျသွားသည်။

နန်းထိုက်စံမှာ ကြောင်စီစီဖြစ်နေပြီး ထိုနေ့က ငိုရန်ပင် မေ့လျော့နေခဲ့သည်။

မေမေ ဒေါ်ခမ်းမုံကို ပွေ့ကြ၊ ချီကြ၊ နှိုးကြ၊ ဘဘဆရာဝန်ကြီးက ဆေးကုရနှင့် ဖေဖေ့၏ ရုပ်ခန္ဓာကို နောက်ဆုံး ဂူသွင်းခါနီးကာလက ရှုပ်ယှက်ခတ်နေပေသည်။

မေမေ့၏ ဆန္ဒအရ. . .

မိုင်းမွန် မြို့သူမြို့သားတို့၏ နောက်ဆုံး လဲလျောင်းရာ 'သစ်ရာကုန်း သုသာန်'မှာ ဂူမသွင်းဘဲ. . .

www.burmeseclassic.com

www.burmeseclassic.com



မိုင်းမောအင်းအဆုံး ဤခြံကြီးနှင့် မဝေးလှသော မြေစွယ်တစ်နေရာတွင် ဘိုးဘိုးလက်ထက်က ဝယ်ထားခဲ့သော ကိုယ်ပိုင်မြေကွက်မှာပင် ဂူသွင်းသင်္ဂြိုဟ်ခဲ့လေသည်။

ဦးမြတ်စံ
အသက် ၆၄ နှစ်

ဆိုသော ဘိုးဘိုးအုတ်ဂူနှင့် ယှဉ်လျက်မှာ. . .

ဒေါ်ငြိမ်းမယ်
အသက် ၅၉ နှစ်

ဆိုသော ဘွားဘွား၏ဂူ၊ ဘိုးဘိုးနှင့် ပုံစံတူက ယှဉ်လျက်

နောက်ထပ် သီးခြား ခုံထည်ကြီးမား လှပစွာ တည်ဆောက်ထားစေခဲ့သော ဂူသစ်ကလေးတစ်လုံးမှာဖြင့်. . .

ဦးစိုးစံ
အသက် ၃၇ နှစ်
၇ ရက်၊ ၃ လ၊ ၁၉၇၉ ခုနှစ်တွင်
ကွယ်လွန်သည်။

◆

"သမီးလေးရယ်၊ မေမေသေရင်လည်း သမီးဖေဖေရဲ့ ဂူဘေးမှာ ခုလို ယှဉ်ပြီး မြှုပ်ပေးပါနော်"



"သမီးလေးသာမရှိရင် မေမေလေ တစ်ခါတည်း လိုက်သေပါတယ် သမီးရယ်"

"အစ်ကိုကြီးရေ"

"ကျေးဇူးရှင် အစ်ကိုကြီးရဲ့၊ ခမ်းမုံနဲ့ သမီးကို ဘယ်လိုသုပ်များ စိတ်ချထားခဲ့တာလဲရှင်"

"ဘယ်လိုတရားနဲ့မှ ခမ်းမုံမဖြေနိုင်ပါဘူး"

"အစ်ကိုကြီး မသေသင့်သေးပါဘူး၊ အစ်ကိုကြီး ဘယ်နည်းနဲ့မှ မသေသင့်သေးပါဘူး"

"ဟုတ်တယ် မသေသင့်သေးဘူး"

နောက်ဘက်ဆီမှ တင်းမာခက်ထန်သော အသံကြောင့်သားအမိနှစ်ယောက် နောက်လှည့်ကြည့်လိုက်ကြချိန်မှာ အလွန်ထူးခြားသော မျက်နှာကြီးနှင့်. . .

"ဦးကောင်းစံ"

ဦးစိုးစံ၏ အလောင်းဘေးမှာ ဒေါ်တသက်စံ လာရောက်အော်ဟစ်ငိုယိုသည်ကိုသာ နန်းထိုက်စံ မြင်ခဲ့သည်။

ဦးကောင်းစံ ရောက်လာခြင်းမရှိ။

"ဟုတ်တယ်၊ ငါ့ညီဟာ မသေသင့်ဘဲ သေရတာ"

"လာပြန်ပြီတစ်ယောက်"

နန်းထိုက်စံ၏ လက်ကို တင်းတင်းဆုပ်ပြီး မြေပြင်မှ ဒေါ်ခမ်းမုံ ထရပ်သည်။

ခပ်ဝေးဝေးမှာ အဖော်လိုက်လာကြသော အိမ်မှအစေအပါး သုံးယောက်က ရပ်လျက်။

www.burmeseclassic.com

www.burmeseclassic.com



"လာပြန်ပြီတစ်ယောက်ဆိုတော့ ငါ့အလျင်က ဘယ်သ
က ပြောသေးလို့လဲ ခမ်းမုံ"

"ဆရာဝန်ကြီး ဦးဖေသိန်းမောင်ပေါ့"

"ဟင်. . . သူက ဘာပြောလို့လဲ"

"သူကလည်း ရိုးရိုးသေတာ မဟုတ်ဘူး၊ တစ်ယော
ယောက်က လုပ်ကြံတာတဲ့"

"ဒါနဲ့ မိုင်းမွန်ဆေးရုံအုပ်ကြီးက ပြောတော့ နှလုံးရော
ကြောင့် နှလုံး ရုတ်တရက်ရပ်ပြီး သေတာဆို"

"ဆေးပညာကတော့ ဒီလိုပြောမှာပဲတဲ့၊ ဒါပေမ
တစ်ယောက်ယောက်သတ်လို့ သေတာတဲ့၊ အတွင်းလူပဲ ဖြစ်
မယ်တဲ့"

"ဟင်း. . . ဒီဆရာဝန်ကလည်း ခမ်းမုံကို ဖားချင်တာ
ငါတို့ကိုများ စွပ်စွဲချင်သလားမှ မသိတာ"

ထိုစဉ်က ဦးကောင်းစံ၏ စကားအဓိပ္ပာယ်ကို နန်းထိုက်
နားမလည်ခဲ့ပါ။

ဒေါ်ခမ်းမုံသည် ဦးကောင်းစံကို နာနာကြည်းကြည်း
မျက်စောင်းထိုးကြည့်ပြီး လှည့်ထွက်ခဲ့သည်။

နွတ်က ဘာစကားနှင့်မှ မတုံ့ပြန်ခဲ့ပါ။

"ငါခရီးလွန်နေလို့ ကြားကြားချင်း ပြန်လာခဲ့တာ
ရက်လည်ပြီးမှပဲ ရောက်တော့တယ်"

"ဘာပဲဖြစ်ဖြစ်လေ၊ ဆရာကတော့ ကော်ဖီသောက်
ဖြစ်တာချည်းပဲမို့ မသင်္ကာလို့ ရှိသမျှ ကော်ဖီမှုန့်



အကုန်ယူပြီး မိုင်းမွန်ဆေးရုံက တစ်ဆင့် ရန်ကုန်ကို ပို့ထားပြီး
ဓာတ်ခွဲကြည့် ပေးဖို့တဲ့"

"ဓာတ်ခွဲလို့ အဆိပ်တွေ့တယ်ပဲထား၊ ဘယ်သူသတ်သလဲ
ဆို ရှာရဦးမှာ"

"တရားကို နတ်စောင့်မှာပါ၊ ပြီးတော့ ခမ်းမုံယောကျ်ားက
သူတော်ကောင်းပါရှင်"

ဘဘဦးကောင်းစံ ဘာမှပြန်မပြောသော်လည်း သူ့ထံမှ
အရက်နံ့များ ရနေသည်။

"အစ်ကိုကြီးကို ဘယ်သူသတ်သလဲ၊ ဘယ်သူ ယုတ်မာ
စော်ကားတာလဲဆိုတာ တစ်နေ့တော့ ပေါ်လာမှာပဲ"

သားအမိနှစ်ယောက် လက်တွဲပြီး ခပ်ဆတ်ဆတ်
လျှောက်လာကြသည်။

အတော်ဝေးဝေးရောက်သည်အထိ ဂူသုံးလုံးရှေ့မှာ
မျက်နှာထားတင်းတင်းနှင့် ဦးကောင်းစံ တစ်ယောက်တည်း
ခပ်လျက် ကျန်ရစ်ခဲ့လေသည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

ကိုမောင်မောင်ညွန့် ပြန်လည်ရောက်ရှိလာသည်။

"ဟိုရက်တွေတုန်းကတော့ ခြေ့သည်ကလည်း သိပ်မျ

မမခမ်းလည်း စိတ်ပင်ပန်းနေလို့ ကျွန်တော် မလာတာပါ"

"စိတ်ကတော့ ငါမသေမချင်း ပင်ပန်းနေမှာပဲ မော

မောင်ညွန့်၊ အခု ဘာကိစ္စနဲ့လာလဲ"

"မမခမ်းကို ကူညီဖို့ပါ"

"အေးလေ၊ လိုတော့ ပြောမယ်၊ အခုတော့ ဘာမှမ

ပါဘူး"

ဒေါ်ခမ်းမုံသည် ရိုးသားလွန်းသဖြင့် အားနာတတ်သ

ဤလောကမှာ သူ စိတ်အဆိုးဆုံးက သူ့ခဲအို ဦးကောင်းစံကိုသ

စီးပွားပြိုင်ဘက် ဦးဒီကိုလည်း မနာလို မဖြစ်မိ။

ကိုမောင်မောင်ညွန့်အပေါ်မှာလည်း ဦးစိုးစံတို့

အာယာတ ကြီးမားခြင်း မရှိခဲ့။

"ကျွန်တော် ပြောချင်တာက မမခမ်း မသိသေ

အလုပ်ကိစ္စတွေ အများကြီးရှိပါတယ်၊ အဲဒီအကျိုးအမြတ်

မဆုံးရှုံးသွားဖို့အတွက်. . ."



"တော်ပါတော့ မောင်မောင်ညွန့်ရယ်၊ ဘာမှလည်း မလုပ်ချင်ဘူး၊ ဘာမှလည်း မလိုချင်တော့ပါဘူး"

"မလုပ်ချင်ရင်လည်းနေပါ၊ မလိုချင်လည်း မယူပါနဲ့၊ ဒါပေမယ့် သိသင့်တာတွေတော့ သိထားမှ ဖြစ်မယ်ထင်ပါတယ်"

"ဘာတွေများ မို့လို့လဲကွယ်"

"ဆရာဟာ ဘုရားဒါယကာ ကျောင်းဒါယကာ အမည်ခံထားပြီး သူတော်ကောင်းလုပ်နေလို့ လူသိမခံဝံ့ဘဲ လုပ်ထားတဲ့အလုပ်ရှိပါတယ်"

"ဟင်. . . ဘာလဲ၊ ဘာလဲဟင်"

"မိုင်းမော အင်းငါးဖမ်းလုပ်ငန်းထဲမှာ ငွေတွေအများကြီး ထည် ထည့်ဝင်ထားတာ ရှိပါတယ်"

"အို"

"အဲဒီစာချုပ်တွေ ဘယ်သူ့ဆီမှာထားတယ်ဆိုတာ ကျွန်တော် သိပါတယ်၊ ငွေက သိပ်များပါတယ်"

"ဒါ. . . ဒါဟာ တံငါအလုပ်ပဲပေါ့နော်"

"ဟုတ်ကဲ့၊ အကုသိုလ်အလုပ်မို့ လူသိမခံချင်တဲ့သဘောပါ"

"ဖြစ်မှဖြစ်ရလေကွယ်"

"အဲဒီထည့်ဝင်ငွေတွေရဲ့ ထက်ဝက်ရပိုင်ခွင့် မမခမ်းမှာရှိပါတယ်၊ ပြန်ရအောင် ကျွန်တော် ဆောင်ရွက်ပေးနိုင်ပါတယ်"

"ဘယ်လောက်များလို့လဲ"

"သုံးသိန်းကျော်ပါတယ်"

"အို. . . အများကြီးပါလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ တစ်ဝက်ဆိုရင်ပဲ တစ်သိန်းခွဲကျော်ပါတယ်"

"တစ်ဝက်ပဲ ထုတ်ခွင့်ရမယ်ပေါ့နော်"

"မဟုတ်ဘူး၊ အားလုံး အစုရှယ်ယာ ပြန်ထုတ်လို့ ရပါ တယ်၊ အင်းက သိပ်မြတ်တော့ အစုဝင်ချင်တဲ့လူတွေ၊ လေလံ ဆွဲချင်တဲ့လူတွေ အများကြီးပါ"

"ဩော်"

"ငွေအပြည့် ပြန်ထုတ်လို့ရပေမယ့် မမခမ်းက ထက်ဝက် ပဲ ဆိုင်ပါလိမ့်မယ်"

"အင်. . . ကျန်တဲ့ တစ်ဝက်ကရော"

"အဲဒီကိစ္စပြောဖို့အတွက် ကျွန်တော် အင်မတန် ဝန်လေး နေပါတယ် မမခမ်း"

"ဟင်. . . ဘာဖြစ်လို့လဲ"

ကိုမောင်မောင်ညွန့်သည် ကိုယ်ကို ရှေ့သို့ ကိုင်းညွတ်၍ ထိုင်ရင်း လက်ဝါးနှစ်ဘက်ကို ယှက်ပွတ်၍ အရေးတကြီး စဉ်းစားနေပုံဖြင့် ငြိမ်သက်နေ၍. . .

"ပြောလေ. . . ဘာဖြစ်လို့လဲ"

"ဦးစိုးစံမှာ ဒုတိယဇနီးရှိပါတယ်၊ အဲဒီအမျိုးသမီး ဆီမှာ. . ."

"အို. . . ဘာပြောတယ်၊ ဘာပြောတယ် မောင်မောင် ညွန့်"

"ဟုတ်ကဲ့၊ ဦးစိုးစံ တရားဝင်လက်ထပ်ယူထားတာ ကြာပါ ပြီ မမခမ်း"

"အို. . . မဟုတ်ဘူး. . . မဟုတ်ဘူး၊ မဖြစ်နိုင်ဘူး၊ မင်း ဘာတွေ လာပြောနေတာလဲဟင်"



"အင်းရှယ်ယာထက် အမွေတစ်ဝက် ဘာညာ လာပြော ရစိုးလို့ မမခမ်း သိထားသင့်တယ်ထင်ပြီး လာပြောတာပါ"

ဒေါ်ခမ်းမုံသည် ပထမ ကြားစက ကြောင်စီစီနှင့် တအံ့ တသြ ဖြစ်နေပြီးမှ နီမြန်းသော မျက်နှာနှင့် ဆတ်ဆတ်တုန်နေ သော နှုတ်ခမ်းများဖြင့်. . .

"မကြားချင်ဘူး၊ မကြားချင်ဘူး၊ မယုံဘူး၊ မဟုတ်နိုင်ဘူး"

"မယုံရင် စုံစမ်းကြည့်ပါ၊ 'အင်းမရှာသူ'ပါ"

"မောင်မောင်ညွန့်"

စကားကျယ်ကျယ်ပင် မပြောဖူးပါလျက် ဒေါ်ခမ်းမုံ ဒုံးအော်လိုက်ပြီး. . .

"မင်း. . . မင်းဟာ အစ်ကိုကြီးဆီကလည်း သစ္စာ ဖောက်ပြီး ပြိုင်ဘက်ကို ယောက္ခမ သွားတော်တယ်"

"ဒါက. . ."

"ဟင်. . . ခုလည်း သေပြီးတဲ့ ငါ့ယောက်ျားကို တံခါ ကြီးစားကြီး လုပ်စားတယ်လို့ ပြောလိုပြော၊ မယားငယ် ယူတယ်လို့ စွပ်စွဲလိုစွပ်စွဲနဲ့ဟင်၊ သွား. . . သွား. . . မင်းပြန်သွား တော့ မောင်မောင်ညွန့်ရယ်"

ဒေါ်ခမ်းမုံ ရှိုက်ကြီးတငင် ငိုပြီး ပြောချိန်မှာ နန်းထိုက်စံ သည် မောင်မောင်ညွန့်ကို ပြေးရိုက်ချင်စိတ် ပေါ်ပေါက်လာ သည်။

ကိုမောင်မောင်ညွန့်ကို အထက်စီးက ဖိသတ်နိုင်နင်းနိုင် သော အင်အားများ၊ တန်ခိုးများ ရရှိချင်သည်။ ကိုမောင်မောင် ညွန့်ကို မုန်းလိုက်တာမှ ရင်ထဲ အသည်းထဲက ဆတ်ဆတ်တုန် အောင်ပါပင်။

www.burmeseclassic.com

www.burmeseclassic.com



"ပြန်ဆို ပြန်ပါ့မယ် မမခမ်း၊ ကျွန်တော့်စကားတွေ
လက်မခံရင်လည်း နေပေ့ါ၊ နောက်ကျတော့မှသာ နောင်တမ
ပါနဲ့လေ"

ကိုမောင်မောင်ညွန့် အိမ်ပေါ်က ဆင်းသွားပြီး ခြံ
ရောက်မှ ဒေါ်ခမ်းမုံက ပြေးဆင်းလိုက်သွားပြီး. . .

"နေပါဦး မောင်မောင်ညွန့်၊ နေပါဦး"

အလွန်မောဟိုက် ပန်းလျစွာ လျှောက်သွားပြီး. . .

"ခုန. . . ခုနပြောတဲ့ အင်းမရှာသူနဲ့ဆိုတာ တကယ်
လားဟင်"

တမလွန်သို့ ရောက်ရှိလေပြီးသော ချစ်သူ ခင်ပွန်းသည်
အတွက် ဝန်တိုစိတ်သည် ကြီးမားနေဆဲပါလား။

"တကယ်ပါပဲ၊ အသေးစိတ် သိချင် ကြားချင်တယ်ဆို
တော့ ကျွန်တော့်ကို ထပ်ပြီး ဆက်သွယ်ပါလေ၊ ဒါပါပဲ၊ ကျွ
တော် ပြန်လိုက်ပါဦးမယ် မမခမ်း"

ကိုမောင်မောင်ညွန့် ခြံထဲမှထွက်ပြီး ထင်းရှူးတောလ
အတိုင်း တက်ရောက်၍ ကွယ်ပျောက်သွားပြီးသည့်တိုင်အော
ဒေါ်ခမ်းမုံ ငေးမျှော်ကြည့်ရင်း ကျန်နေရစ်ခဲ့သည်။

ထိုအချိန်က. . .

ခြံလုပ်သားများ၊ အိမ်အစေအပါးများအားလုံးက သ
ထား၍ မသိမသာ စောင့်ကြည့် အကဲခတ်နေကြသည့် အဖြစ်
သောကအပူသည် ဒေါ်ခမ်းမုံ လုံးဝမသိလိုက်ရှာပါချေ။

◆ ◆ ◆

အရေးထဲမှာ ဘဘဆရာဝန်ကြီးက သူ့အိမ်မှာ မရှိ။

မေမေ တစ်ချိန်လုံး ငိုနေသည်ကို နန်းထိုက်စံ ဘာလုပ်ရ
မှန်း မသိ။

ဘယ်တုန်းအခါကမှ တစ်ယောက်တည်း နန်းထိုက်စံကို
ထားခဲ့ဖူးပါလျက် ယခုအချိန်ကျကာမှ မေမေတစ်ယောက်
တည်း အပြင်သို့ နှစ်ခါတိတိ ထွက်သွားခဲ့သည်ကို နန်းထိုက်စံ
ဝမ်းနည်းစွာ ကျန်ရစ်ခဲ့ရသည်။

တစ်နေ့။

ထိုတစ်နေ့သည် နန်းထိုက်စံအတွက် တစ်သက်မမေ့နိုင်
ရော နေ့ပါ။

အိမ်တွင် ထမင်းချက်၊ သန့်ရှင်းရေး၊ ဒရိုင်ဘာ၊ နန်းထိုက်စံ
အတွက် အထိန်းနှင့် စာသင်မည့် ဆရာမ စသည့် အစေအပါး
အားလုံး ကိုးယောက်တိတိ ရှိပါ၏။

ထိုနေ့က ကိုသောင်းလွင်ဆိုသော ဥယျာဉ်မှူး ပန်းစိုက်
သမားက အူလျားဖားလျား ပြေးလာပြီး. . .

"အေးမာတို့ ဒေါ်ဒေါင်းစိန်တို့ လာကြပါ၊ မြန်မြန်လာကြ
ပါ၊ ရိပ်သာထဲမှာ မမခမ်း မေ့နေလို့"

www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် အမျိုးသမီးများကိုမှ ရွေး၍ ခေါ်သွားမှန်း နန်းထိုက်စံ နားမလည်။

ဘယ်သူကမှလည်း နန်းထိုက်စံကို ဂရုစိုက်၍ ကြည့်မနေအားကြပါ။

စိတ်ပူ၍ ပြေးသူရော၊ စပ်စုပြီး ကြည့်ချင်၍ ပြေးကြသူများ နောက်က နန်းထိုက်စံပါ ပြေးလိုက်လာခဲ့သည်ကို ဘယ်သူမှ မသိ၊ ဘယ်သူမှ လှည့်မကြည့်ကြ။

ရိပ်သာထဲမှ အပန်းဖြေ အိမ်ခန်းထဲတွင် မေမေ့ဘေး၌ ကျွတ်နေသော အင်္ကျီလုံချည်များကို ပြန်ဝတ်ပေးနေကြသည်။ မေမေ့ကိုယ်မှာ ဘာကြောင့် အဝတ်များ မရှိသည်ဆိုသော ကိစ္စ၏ နက်ရှိုင်းမှုကို နန်းထိုက်စံ နားမလည်သေး။

ကောင်းစွာ သတိလည်ခြင်း မရှိသေးဘဲ မျက်စိမှိတ်ပြီး ညည်းညူနေသော မေမေ၏ ကိုယ်ခန္ဓာ ပျော့ပျော့ခွေခွေကို အားလုံး ပွေ့ယူ ထမ်းပိုးလာခဲ့ကြရသည်။

"ဟဲ့. . . ကြည့်စမ်း၊ ဒီကောင်မလေးက ဘာလို့ လိုက်လာရတာလဲ"

အပြုံးမပါဘဲ စကားပြောလေ့မရှိသော နန်းထိုက်စံ၏ ဆရာမက မျက်နှာထား တင်းတင်းနှင့် ဟောက်လိုက်သဖြင့် နန်းထိုက်စံ မျက်ရည်ဝိုင်းတက်လာခဲ့ရသည်။

စည်းစိမ်ဥစ္စာနှင့် ချမ်းသာ ကြွယ်ဝမှုများမှ မယိုယွင်း မလျော့နည်းသေးပါဘဲနှင့် ဖခင်ကြီး၏ အရိပ်ကွယ်သွားသည်နှင့် နန်းထိုက်စံ၏ အရှိန်အဝါများ ပျောက်ဆုံးလေပြီလား။



နန်းထိုက်စံအပေါ် မေတ္တာလျော့သွားကြပြီလား၊ သည်းသည်းလှုပ်မျှ ဖေးမ အရေးယူနေကြသော သူတို့၏ မျက်နှာမှာ တင်းမာနေကြပြီး အကြည့်များ၊ မျက်ဝန်းများသည်လည်း ရက်စက်ခက်ထန်နေကြသည်ဟု နန်းထိုက်စံ တွေးတတ်ခဲ့ပါပြီ။

"ဟင်. . . ဘာဖြစ်တာလဲ၊ ခမ်းမုံ ဘာဖြစ်လို့လဲ"

နှစ်ဆောင်ပြိုင် အိမ်ကြီး၏ အိပ်ခန်းကျယ်ကြီးမှ အိပ်ရာပေါ် အရောက်တွင် ဒေါ်ခမ်းမုံ ပြန်လည် သတိရလာကာ မေးနေသော်လည်း ဘယ်သူကမှ ဘာမှမဖြေကြ။

"ရိပ်သာအရောက်မှာ ခမ်းမုံ မူးသွားတယ်၊ ဟုတ်တယ်၊ အနံ့စူးစူးကြီးရပြီး မူးသွားတာ၊ အဲ. . . အဲဒီနောက် ဘာဖြစ်သွားလဲဟင်"

"ဒီကို ဘယ်လိုရောက်လာတာလဲ"

ဒေါ်ခမ်းမုံက ရီဝေ မူးနောက်နေဆဲ ဝေဒနာများကြားမှ အားတင်း၍ မေးသော်လည်း ဘယ်သူကမှ မဖြေကြ။

စက်ဆုပ်ရွံရှာသော မျက်နှာများဖြင့်သာ ဒေါ်ခမ်းမုံကို ငေးကြည့်ပြီး မျက်လွှာချထားလိုက်ကြသည်။

"ကျုပ်ကို တစ်နေရာခိုင်းပြီး သူတို့လာကြတာပဲ၊ ကျုပ်ပြန်လာတော့ ဒီပုံစံနဲ့တွေ့လို့ မထိရဲမကိုင်ရဲလို့ ပြေးလာခေါ်တာ"

"ဆရာဆုံးတာမှ တစ်လကျော်လေး ရှိသေးတယ်"

"အင်း. . . ပြောမပြောချင်ပါဘူး၊ မခမ်းမုံ သစ္စာမဲ့လိုက်သွားတာ အရှက်နည်းလိုက်တာ"

ရိပ်သာစောင့်ကြီး ဦးဘအိုက ပြန်ခါနီးမှာ အိမ်ဖော်များကို ပြောကြားသွားသော စကား။

www.burmeseclassic.com

www.burmeseclassic.com



အိပ်ခန်းထဲမှ မေမေ၏ သည်းအူလှိုက်မျှ ငိုသံကို ကြားရ၍ နန်းထိုက်စံ ပြေးဝင်လာခဲ့ချိန်မှာ ဒေါ်ခမ်းမုံသည်. . .

သမီးလေးကို ဖက်လျက် ဆတ်ဆတ်တုန်မျှ ကြောက်ရွံ့လှုပ်ရှားစွာဖြင့် အားပါးတရ ငိုချလိုက်ပါတော့သည်။

◆ ◆ ◆

"တကယ်တော့ ခုလို ဖောက်ပြန်မယ့်အတူတူ ဒေါက်တာဖေသိန်းမောင်ကို ဘာပြင်းစရာရှိလဲ"

ဘဘကြီး ဦးကောင်းစံက လက်နောက်ပစ်ရင်း လမ်းလျှောက်လျက် ခပ်တိုးတိုး ပြောနေသည်။

ကြီးကြီးဒေါ်တသက်စံက နန်းထိုက်စံကို ပေါင်ပေါ်တင်ထားရင်း သက်ပြင်းတွေသာ အခါခါချနေ၏။ ဘာမှ ဝင်မပြော။

"မထင်ဘူး၊ ခမ်းမုံဟာ အင်မတန်ရိုးသားတယ်လို့ ထင်ခဲ့တာ၊ ဒီအတိုင်းဆိုရင် စိုးစံရှိကတည်းကများ ဖောက်ပြန်နေသလားမှ မသိတာ"

ဘဘဦးကောင်းစံ၏ စကားများကို နန်းထိုက်စံ ဝိုးတဝါး ငေးလည်ရုံသာ ရှိ၏။ ဘာမှ ရေရေရာရာ မသိခဲ့ပါ။

"အင်းလေ၊ ဘာပဲဖြစ်ဖြစ် ကလေးပဲ သနားပါတယ်"

"ဒေါက်တာဖေသိန်းမောင်နဲ့ဆိုရင် ကလေးအတွက်ပါ အစစအရာရာ ပြေလည်တာပေါ့၊ ဟိုက နန်းထိုက်စံလေးကို သိပ်ချစ်တာ"

"ဒေါက်တာဖေသိန်းမောင်ကလည်း ခမ်းမုံကို အပူတောင်းတာ စောလွန်းပါတယ် အစ်ကိုကောင်းရယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟ. . . နောက်တောင် ကျသေးတယ်လေ၊ အ
အဖြစ်ပဲ ကြည့်ပါလား၊ ဘယ့်လောက်များ ရှက်စရာကောင်းလို
သလဲ"

"ဒေါက်တာဖေသိန်းမောင်က တစ်နေ့ ခမ်းမုံအိမ်ထော
ပြုမယ်ဆိုရင် ကလေးကို ငှဲ့ပါ၊ ပထွေးဆိုတာ မလွယ်ဘူ
ဒါကြောင့် ငွေမက်တယ်လို့ မထင်ရင် ခမ်းမုံကို သူလက်ထ
ပါရစေလို့ ပြောနေတာကို အိမ်ဖော်မ ဒေါင်းစိန်က ချောင်
နားထောင်ပြီး အစ်ကိုကောင်းကို လာပြောတယ်ဆိုတာရော
တကယ်လား အစ်ကိုကောင်းရယ်"

"ဟ. . . မဒေါင်းစိန်မှ မသေသေးတာ ခေါ်မေးပါလာ
ငါက ဘာလို့ အပိုပြောရမှာလဲ"

"အင်းပါ၊ ဟုတ်မှာပါ"

"အမယ်လေး. . . ဒီတုန်းက ခမ်းမုံက ငြင်းလိုက်တာ
ခါးခါးသီးတဲ့ဗျ၊ အော်သေး၊ ငေါက်သေးသတဲ့၊ ဒါကြော
ဒေါက်တာဖေသိန်းမောင်လည်း ရှက်သွားဟန်တူပါတယ်"

ဦးကောင်းစံကသာ စကားတွေ ပြောနေသည်
ဒေါ်တသက်စံက ဘာမှဝင်မပြောရှာ။ မိုးလင်းကတည်းက
မှူးနေသော အစ်ကိုဖြစ်သူကိုသာ မျက်ရည်ဝိုင်းသော မျက်ဝ
များနှင့် ကြည့်နေရှာသည်။

ဒေါ်တသက်စံအနေနှင့် ယခုအဖြစ်အပျက်အားလုံးက
လက်ခံရန် ခက်ခဲနေဟန်ရှိသည်။

"သမီးလေး၊ ကြီးကြီးတို့နဲ့ လာနေမလား"

"ဟင့်အင်း. . . မေမေနဲ့ပဲ နေမယ်"



"ဒီမှာ ကိုကိုကောင်းမြတ်သူနဲ့ ကောင်းမြင့်သူတို့လည်း ရှိတယ်လေ၊ ကစားရအောင်"

"ဟင့်အင်း. . . မနေချင်ဘူး၊ သမီးပြန်ချင်ပြီ ကြီးကြီး တသက်စံ၊ မေမေ့ဆီကိုပဲ ပြန်ပို့ပါ၊ ခုပဲ ပြန်ပို့ပေးပါ"

ဒေါ်တသက်စံ ချော့သော်လည်း နန်းထိုက်စံ ငိုသဖြင့် ဘဘကြီး ဦးကောင်းစံကိုယ်တိုင် သူပိုင်ဂျစ်ကားကို မောင်းပြီး လိုက်ပို့သည်။

အိမ်ရှေ့ရောက်သော်လည်း ကားပေါ်ကမဆင်းဘဲ ဝူးခနဲ မြည်အောင် ကားလီဗာကို တအားနင်း၍ ပြန်မောင်းထွက်သွား တော့သည်။

ကားသံကြား၍ မေမေက ပြေးထွက်လာပြီး နန်းထိုက်စံ ကို တအားဖက်ထားရှာသည်။

"သမီး. . . သမီးလေးရယ်၊ နောက်ကို မေမေ့ပစ်ပြီး သွားပါနဲ့နော်၊ မေမေ အားငယ်လွန်းလို့ပါ သမီးရယ်"

"ကြီးကြီးတသက်စံ လာခေါ်လို့ လိုက်သွားရတာလေ မေမေ"

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ် သမီးရယ်၊ ဒါပေမယ့် မေမေတစ်ယောက်တည်း မနေရဲဘူး သမီးရဲ့"

"သမီးလေးကို ခုလို ဖက်ထားရတာ တအားရှိလွန်းလို့ ပါကွယ်"

"မေမေ့မှာ ရန်သူတွေ ဝိုင်းနေပြီသမီး"

"နည်းမျိုးစုံနဲ့ မေမေ့ကို ဒုက္ခပေးနေကြတယ် ပက်စက် ယုတ်မာတဲ့နည်းတွေနဲ့ မေမေ့ကို ကြံစည်နေကြတယ် သမီးရဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဒါ. . . ဒါကြောင့် ဒီမှာ မနေချင်ဘူး၊ နေလို့ မဖြစ်တော့ဘူး၊ ခဏလေးဖြစ်ဖြစ် ဒီအိမ်က ထွက်ပြေးပါရစေ၊ ဒီပတ်ဝန်းကျင်က ရှောင်နေပါရစေ"

"ဖြစ်လာဦးမယ့် ပြဿနာတွေကို မေမေကြောက်လွန်းလို့ တို့သားအမိနှစ်ယောက် ဒီအိမ်ကြီးကနေ ခဏလေး ထွက်ပြေကြရအောင်နော်. . . နော်. . . မေမေ့သမီးလေးရယ်"

◆ ◆ ◆

ဒေါ်ခမ်းမုံဟု သူဌေးကတော်မှီသာ ခေါ်နေကြသော်ည်း အသက်က သုံးဆယ်ပင် မပြည့်သေး။

မိုင်းမွန်းစခန်းသာမြို့ ဇာတိသူလည်း မဟုတ်။

တောင်ပေါ်ရွာလေးတစ်ရွာမှ လှလွန်းသဖြင့် သူဌေးသားငြိမ်းစံက ခေါ်ယူကာ တရားဝင် ပေါင်းသင်း၍ မြတ်နိုးစွာခဲ့သော ဇနီး။

မိဘမဲ့၊ ဆွေမျိုးရင်းခြာမရှိ။ ပညာလည်း မတတ်ရှာ။

ခင်ပွန်းသည်က ဘာမဆို ရှေ့ဆောင်နေခဲ့သဖြင့် ဒေါ်ခမ်းဘာတစ်ခုမှ မဖန်တီး မစီစဉ်တတ်။

ဘာကိုမှ ဆောင်ရွက်စရာလည်းမလို၊ ဦးစိုးစံ ယခုလိုယ်မတိုင်ခင် ကွယ်လွန်လိမ့်မည်ဟုလည်း ဘယ်တုန်းအခါမှ မထင်မိခဲ့ပေ။

ဒေါ်ခမ်းမုံ၏ ရိုးသား နုံအခြင်းသည် သူမဘဝအတွက်နစ်နာ၊ မဖြေရှင်းနိုင်စရာများကို ဖြစ်ထွန်းစေခဲ့လေပြီ။

ဤရိုးသား နုံအခြင်းကို အခွင့်ကောင်းကြီးတစ်ရပ်အဖြစ်ချလျက် ယုတ်မာသော တစ်ဖက်အုပ်စုမှ အကြံကြီးကြံကြ။

www.burmeseclassic.com

www.burmeseclassic.com



တယ်လီဖုန်းမြည်လာပြန်ပြီ. . .

ယခုတလော တစ်နေ့ သုံးလေးကြိမ်မျှ တယ်လီဖုန်း လာတတ်သည်။ တယ်လီဖုန်းပြောပြီးတိုင်းလည်း မေမေ ငို

ယခုလည်း လာပြန်ပြီ. . .

"ဟုတ်ကဲ့ ပြောပါ"

". . . . . ."

"ရှင်"

". . . . . ."

"အိမ်ရှေ့ စာပုံးထဲမှာ စာအိတ်၊ ဟုတ်လား"

". . . . . ."

"ဘာစာများလဲရှင်"

". . . . . ."

"ရှင်. . . ဟုတ်ကဲ့၊ ဟုတ်ကဲ့ သွားယူပါ့မယ်"

တယ်လီဖုန်းချလိုက်၍. . .

"စာပုံးထဲမှာ စာလာတယ်၊ ဟုတ်လား မေမေ"

"စာထည့်ထားတယ်၊ သွားယူတဲ့၊ ဘာစာများပါလ စာတိုက်က လာတာလည်း မဟုတ်ဘူး"

"သမီးသွားယူပေးမယ် မေမေ"

နန်းထိုက်စံ ခြံတွင်းမှ မြက်ခင်းပေါ် ဖြတ်ပြေး၍ ခြံ ဂိတ်တံခါးကြီးဆီသို့ လာခဲ့သည်။

မေမေ စိတ်မချမ်းသာလွန်းလို့ဟုဆိုကာ အိမ်၏ အ အပါးအားလုံးကို နောက်ဘက်အဆောင်မှာ နေစေသည်။ ခေါ်သည်။ ဆောင်ကူးတံခါးကိုပါ သော့ခတ်ပိတ်ထား၏။



သည်ဘက်အဆောင်ကြီးတစ်ခုလုံးမှာ နန်းထိုက်စံတို့ သားအမိ နှစ်ယောက်တည်း။

ခုံခုံထည်ထည်ကြီးနှင့် လှပလှသော ကနုတ်ပန်းများနှင့် တံ၀ သံတံခါးကြီးမှ ချိတ်ထားသော စာတိုက်သေတ္တာနီလေး မှာ စာအိတ်ရှည်တစ်ခု အစွန်းထွက်နေသည်။

နန်းထိုက်စံ ဆွဲယူပြီး ပြန်ပြေးလာခဲ့သည်။

တစ်စုံတစ်ယောက်က စောင့်ကြည့်နေပေလိမ့်မည်ဟု စဉ်က မစဉ်းစားတတ်ခဲ့သေး။

"အထဲမှာ မာမာတောင့်တောင့်နဲ့ ပို့စ်ကတ်ထင်တယ် မေ၊ သမီးဖွင့်လိုက်မယ်နော်"

"အေး. . . အေး. . . ဖွင့်လိုက်သမီး"

တကယ်ဆို ခုလို ရှုပ်ထွေးနေချိန်မျိုးမှာ ကိုးနှစ်ရွယ် လေးတစ်ယောက်အား ဘာစာမှန်းမသိဘဲနှင့် ဖွင့်မခိုင်းစေ င့်၊ ပြီးတော့ နန်းထိုက်စံက စာလည်း ကောင်းကောင်းတတ် သော သုံးတန်းကျောင်းသူတစ်ယောက်လေ။

"ဟာ. . . ဓာတ်ပုံတွေ မေမေ"

အိတ်ထဲမှ လျှောကျလာသော ဓာတ်ပုံများကို နန်းထိုက် ကောက်ယူ၍ အသေအချာကြည့်ပြီးသည်နှင့်. . .

"ဟာ. . . အို"

ကိုးနှစ်အရွယ်မှာ ဘာမှနားမလည်သော်လည်း သ ပေးသော အသိအရ ညစ်ညမ်းဓာတ်ပုံမှန်း နန်းထိုက်စံ လည်ပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခမ်းမုံ၏ အဝတ်မဲ့ အပေါ်ပိုင်းမျက်နှာက အထ
အရှား၊ အမျိုးသားက မှုန်ဝါးဝါး ဘယ်သူမှန်းမသိသ
ကျောခိုင်းအနေအထား။

နန်းထိုက်စံ ဆောင့်၍ လွှင့်ပစ်လိုက်ပြီး အိမ်ရှေ့ပြန်ထွ
လာချိန်မှာ တယ်လီဖုန်း မြည်လာပြန်သည်။

နန်းထိုက်စံ မကိုင်တော့ဘဲ အိမ်ဝ လှေကားထစ်မှာ ခြေ
ထိုင်နေလိုက်သည်။

လှမ်း၍ မြင်နေရသော မိုင်းမောအင်းစပ်နှင့် လှိုင်
တောင်ခြေဘက်ကို ငေးကြည့်နေမိသည်။ ရင်တွေ ထိတ်ထိ
ခုန်နေသော်လည်း ဘာခံစားမှုမှန်း နန်းထိုက်စံ သရုပ်
တတ်ပါ။

"မဟုတ်ဘူး၊ မဟုတ်ဘူး၊ ကျွန်မ ဘာမှမသိပါဘူးရှင်

အသံကျယ်လောင်စွာဖြင့် ဒေါ်ခမ်းမုံ အော်ငိုလေပြီ

ဘယ်သူဆက်တဲ့ တယ်လီဖုန်းမှန်း နန်းထိုက်စံ မ
သိလည်း မသိချင်ပါ။

"ကျွန်မကို ဘာကြောင့် ဒီလောက်ဒုက္ခ ပေးနေရတာ
ရှင်"

"ကျွန်မ မဟုတ်ဘူး၊ ကျွန်မ မသိပါဘူးရှင်၊ ကျွန်မသ
လေး၊ ကျွန်မ သမီးလေးပါ အရှက်ကွဲရမယ် ဟုတ်လား"

"အမယ်လေး"

"လုပ်ပါ့မယ်ရှင်၊ လက်မှတ်ထိုးပါ့မယ်၊ နောက်ထပ် ဘာ
ဒုက္ခမပေးတော့ဘူးဆိုတာ တကယ်လားရှင်"

"ကောင်းပါပြီ၊ လုပ်ပါ့မယ်၊ ထိုးပါ့မယ်"



ထိုနေ့မှာပင် စာတိုက်သေတ္တာလေးတွင်းမှ စာချုပ်
စောင်ကို ဒေါ်ခမ်းမုံကိုယ်တိုင် သွားယူလာသည်။

စာချုပ်မှာ ဘာမှရေးမထားပါ။

ထိုစာချုပ်အောက်ဆုံးနားက 'ခမ်းမုံ'ဟူ၍ လက်မှတ်
ဘာ မှတ်ပုံတင်နံပါတ်ပါ ဖြည့်ပြီး ထိုနေရာမှာပင် ပြန်၍
ားလိုက်သည်။

မေမေ ဘာတွေဖြစ်၍ ဘာတွေ လိုက်လျောလုပ်ဆောင်
းလိုက်ရမှန်း နန်းထိုက်စံ နားမလည်ပါ။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

ဘာပဲဖြစ်ဖြစ် ခရီးထွက်ရမည်ဆိုတော့လည်း ဝမ်းနည် စိတ်ထဲမှာ အပျော်စိတ်ကလေးက အတင်းတိုးဝင်လာသည်

ဘယ်ကလေးမဆို လမ်းထွက်ရ၊ ခရီးသွားရလျှ ပျော်တတ်ကြသည်ပဲလေ။

"မေမေ၊ ဘဘဆရာဝန်ကြီးဆီ လိုက်သွားရအောင် ရန်ကုန်သွားတာဆို"

"မသွားချင်ပါဘူး သမီးရယ်"

"ဘာဖြစ်လို့လဲ"

"သူလည်း မကောင်းဘူး"

"ကောင်းပါတယ်၊ သမီးက ဘဘဆရာဝန်ကြီး ချစ်တယ်၊ ဘဘကြီး ဦးကောင်းစံကို မုန်းတယ်"

"ဘယ်သူမှ မေမေတို့ သားအမိအပေါ်မှာ အညှာကြ

ဒေါ်ခမ်းမုံ၏ မျက်နှာတွင် ဘယ်သူက ဘာပဲလုပ် နာကြည်းခံပြင်းသော မျက်နှာမျိုး မမြင်ရ။

အားငယ် ရွံ့ကြောက်သော မျက်နှာနှင့် အံ့သြတုန်လှု သော မျက်ဝန်းလေးများကိုသာ အစဉ်မြင်နေရတတ်သည်



တယ်လီဖုန်းမြည်ပြန်သည်။

နောက်ထပ် တယ်လီဖုန်းများကိုဖြင့် ဒေါ်ခမ်းမုံ အသံ ယ်ကျယ်မပြောပါ၊ နန်းထိုက်စံ မကြားသာအောင်သာ အုပ်အုပ် ပြောလေသည်။

တစ်စုံတစ်ယောက်က ဒေါ်ခမ်းမုံကို ခြိမ်းခြောက်ပြီး ညွှန်ကြားသမျှကို နာခံနေရပုံမျိုး ဖြစ်လေသည်။

"ဒီအိတ်က စိန်ရွှေ ရတနာတွေနော်၊ မေမေက ခုတလော မေ့လျော့လျော့ ဖြစ်နေတာ၊ သမီးလေးကပါ သတိထားနော်"

"ဟုတ်ကဲ့ မေမေ၊ သမီးတို့သွားမှာက မန္တလေးနော်"

"ဟုတ်တယ်"

"ဘယ်လောက်ကြာမှာလဲဟင်"

"ဟိုမှာပဲ တစ်ခုခုစီစဉ်ပြီး နေရမယ် ထင်ပါရဲ့"

"ဟင်. . . ဒီအိမ်ကြီးကရော"

"မေမေ မပိုင်ဘူးတဲ့၊ မေမေမပိုင်ဘူးတဲ့ သမီးရဲ့"

"မေမေ မပိုင်ရင် ဘယ်သူပိုင်မှာလဲဟင်"

"သမီးရဲ့ဖေဖေကို မေမေက သူတော်ကောင်းကြီး င်ခဲ့တာ၊ အခုတော့ မယားငယ် ပေါ်လိုပေါ်၊ အို. . . တော်ပါ ရယ်၊ အတွင်းပစ္စည်းတွေသာယူပြီး တို့သားအမိ တစ်နယ် ကြေးမှာ သွားနေကြမယ်"

"ဒီမြို့၊ ဒီမြေ၊ ဒီအိမ်ကြီးမှာလည်း မေမေ မနေချင် ဘူး"

"ဒီမြို့သူမြို့သားတွေကိုလည်း မေမေ ရင်မဆိုင်ချင် ဘူး၊ ဘယ်သူနဲ့မှလည်း မဆုံချင်တော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် မန္တလေးက ကားတစ်စီး လာကြိုလိမ့်မယ် အဲဒီဂျစ်ကားနဲ့ မေမေတို့ သွားကြမယ်"

"ဒီမိုင်းမွန်မြို့ကို စိတ်နာနာနဲ့ အပြီးနှုတ်ဆက်ခဲ့ရမှာ သမီးရေ"

"အပြီး မနှုတ်ဆက်လို့လည်း မဖြစ်ဘူး၊ ပြန်စရာအိမ် မ တော့ဘူးလေ"

မိခင်ကြီး၏ စိတ်စဉ်နေခြင်းများကို ဘာမှ မဝေဖန်တ ဘဲနှင့် နန်းထိုက်စံ အလုံးစုံကို နာခံရလေမည်သာ။

မေမေ့ကို ခုလိုခြိမ်းခြောက်၍ ဒီအိမ်ကြီးကို စွန့်ခွာခို ပြီး ကားတစ်စီးနှင့် လာကြိုမည်ဆိုသည့် အစီအစဉ်များကို မေမေ ဆောင်ရွက်တတ်မည်မဟုတ်။

ဘယ်သူကများ စီစဉ်ညွှန်ကြားနေပါလိမ့်။

နန်းထိုက်စံ အဲဒီထက်လွန်၍ မစဉ်းစားတတ်တော့ ချေ။

ဦးဒီဆိုသော အသားမည်းမည်းနှင့် ရက်စက်တတ်မည့် လူကြီး။

ဦးကောင်းစံကလည်း ကောင်းစေချင်မည့် စေတနာမရှိ

ကိုမောင်မောင်ညွှန့်ဆိုသော သူနှင့် ရေပေါ်မှ ရိပ်သာ အိမ်လှလှလေးမှာ မေမေနှင့် ချိန်းတွေ့ကြသည်ဟု ဆိုသည်

ကိုမောင်မောင်ညွှန့်က ကောက်ကျစ်စဉ်းလဲသူဟု ဖေဖေ ပြောဖူးသည်။

ဘဘဆရာဝန်ကြီးကလည်း ရှေ့ကရပ်ပေးဖို့ ကောင်း



က် ဒီကိစ္စများမှာ မပါဝင်ဘဲ သက်သက်ရှောင်နေခြင်း ဖြစ် ကြောင်း နန်းထိုက်စံ တွေးတတ်ပါ၏။

ရိပ်သာစောင့် ဦးဘအိုဆိုသည့် အရုပ်ဆိုးဆိုးနှင့် လူကြီး ကိုလည်း နန်းထိုက်စံ ကြောက်လှပါသည်။

ဤလူများနှင့် ဝေးရာသို့ ထွက်ပြေးလျှင် မေမေ စိတ်ချမ်းသာမည် ထင်ပါသည်။ နန်းထိုက်စံလည်း ဖေဖေမရှိသော ဘဘဆရာဝန်ကြီး မရှိသော ဤနှစ်ဆောင်ပြိုင် အိမ်ကြီးမှာ မနေလိုတော့ပါ။

တစ်ခါမှ မရောက်ဖူးသေးသော မန္တလေးမြို့ကို ကားနှင့် သွားရမည် ဆိုသည့်အတွက် စိတ်ထဲမှာ ပျော်သလိုလို။

သူငယ်ချင်း အေးအေးဝင်းနှင့် နန်းခင်ဖုန်းတို့ကို နှုတ်ဆက်ချင်လှပါသော်လည်း. . .

"ဘယ်သူမှ မသိစေနဲ့"

"ဘယ်သူ့မှ မပြောနဲ့နော် သမီး"

"ဘယ်သူမှ မသိအောင် တို့သားအမိနှစ်ယောက်တည်း တိတ်တိတ်ကလေး ဒီမြို့က ထွက်ပြေးကြမှာ၊ မနက်လေးနာရီမှာ ကားရောက်လာလိမ့်မယ်"

"လာ. . . ဒီညနေ ကတည်းက သမီးဖေဖေရဲ့ အုတ်ဂူကို သွားကန်တော့ထားကြရအောင်"

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

မိုင်းမွန်စခန်းသာမြို့မှ နန်းထိုက်စံတို့ စီးလာသည့် ဂျစ်ကား မြို့ပြင်ရောက်လာသည့်တိုင်အောင် ပိန်းပိတ်အောင် မှောင်နေဆဲပါ။

"ဘယ် ကားလဲ၊ ကားမောင်းသူက ဘယ်သူလဲ တို့ကို ကောင်းကောင်းမွန်မွန် လာခေါ်တာမှ ဟုတ်ရဲ့လား"

ဟူသော သံသယစိတ်နှင့်ပင် လုံးဝစူးစမ်းမှု မပြုခဲ့သော ဒေါ်ခမ်းမုံ။

တစ်ခါတစ်ရံ လူ့လောက၌ ရိုးသားခြင်းနှင့် ယုံကြည်လွယ် တတ်ခြင်းသည် အန္တရာယ်အိမ်ကို တည်ဆောက်နေခြင်းနှင့် တူ၏။

အလွန်အမင်း ကြောက်ရွံ့တတ်ခြင်းသည်လည်း ကိုယ့် ဘဝကို အန္တရာယ်အိမ်တွင်းမှာ ပိတ်လှောင်ထားခြင်းမျိုး ဖြစ်တတ်လေသည်။

ဤသုံးသပ်ချက်များကိုလည်း ဒေါ်ခမ်းမုံ မတွေးတတ်ရှာ

မြင့်မားရှည်လျားလှသော လွိုင်မွန်တောင်တန်းကြီး၏ နောက်ကျောဘက်ဆီမှ ပုစွန်ဆီရောင်ဟု ခေါ်သော အဝါနှင့်



အနီရောစပ်သည့် နီးဝွေးဝွေး ရောင်စဉ်တန်းများ တစ်စတစ်စ မြင့်တက် ပြန့်ကျယ်လာပြီ။

အပြာရင့်ရောင် ကောင်းကင်ပြင်တွင်းသို့ အဝါ အနီ သီမှော်ရောင်များ ရောယှက်ထားသော နေမင်း၏ အလင်းတန်း သည် အလျင်နှုန်းမြန်စွာ ကောင်းကင်တစ်ခွင်လုံးကို ထိုးဖောက် နေရာယူနေ၏။

ဂျစ်ကားနောက်ခန်းမှာ သေတ္တာနှစ်လုံးနှင့် ဆွဲခြင်းတစ်ခု သာ ပါသည်။ နန်းထိုက်စံ အလွန်ကြိုက်သော အရုပ်များကို ယူခဲ့ရ၊ တခမ်းတနား ကျင်းပမည့် မွေးနေ့ပွဲ မလုပ်ဖြစ်၍ အဖိုးတန် အရုပ်များလည်း ထပ်၍ရမည်မဟုတ်တော့ပါ။ ဒရိုင်ဘာဘေးမှာ နန်းထိုက်စံက သိုးမွေးဝတ်စုံများနှင့် ဒေါ်ခမ်းမုံ က တဘက်ခြုံပြီး ရင်ခွင်မှာ ရတနာအိတ်ကို ပိုက်ထားသည်။ ထိုစဉ် ကားသည် ရုတ်တရက် ကွေ့လိုက်၍. . .

"ကတ္တရာလမ်းဘေးကို ဘာလို့ ဆင်းတာလဲ"

ဒေါ်ခမ်းမုံက အလန့်တကြား မေးလိုက်သည်။

ကားမောင်းသမားကြီးက ဘာမှမဖြေ။ မတ်စောက်သော ဆင်ခြေလျှောအတိုင်း ကားကိုထိန်း၍ ဆင်းနေသည်။

ဤကွေ့ ဤနေရာသည် အလွန်အန္တရာယ်ကြီးမားပြီး ကားများ မကြာခဏ ချောက်ထဲကျတတ်သော 'အန္တရာယ် ကွေ့'။

ဒေါ်ခမ်းမုံသည် နန်းထိုက်စံကို မ,ချီပြီး ပေါင်ပေါ်တင်၍ ထားလိုက်သည်။

ဒရိုင်ဘာနှင့် ဒေါ်ခမ်းမုံ၏ ကြားမှာ ကွက်လပ်ဖြစ်သွား သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ ဆင်းတာလဲ၊ ရပ် . . . ရပ် . . . ရပ်ပေးပါ"

တဘက်ကြီးကို မျက်နှာတစ်ဝက်ပါ လုံအောင်ပေါင်းထားသော ကားမောင်းသမားက ဆက်၍ ဆင်းရင်း ဂီယာကို ထိုးလိုက်သည်။

သူ့လက်မှာ ဆေးမင်ကြောင် ထိုးထားသော နဂါးရုပ်ကြီးကို မြင်လိုက်ပြီးသည်နှင့် ကားတံ့ခနဲ ရပ်သွားသည်။

နန်းထိုက်စံက ဒေါ်ခမ်းမုံ၏ လည်ပင်းကို သိုင်းဖက်ပြီး နားနားကပ်လျက်။

"ဦးဘအိုကြီးကို သမီးကြောက်တယ် မေမေ"

နန်းထိုက်စံ၏ စကားကြောင့် ဒေါ်ခမ်းမုံကိုယ်မှာ ဆတ်ခနဲ တုန်ခါသွားပြီး . . .

"ဟင် . . . ရှင် . . . ရှင် . . . ဦးဘအို"

"ဟုတ်ပ"

"ဒါ . . . ဒါနဲ့ မန္တလေးကလာမှာဆို၊ ရှင် . . . ရှင်က . . ."

"သိပ်ကြောက် မနေပါနဲ့၊ ဟိုမှာ လာပါပြီ"

ဘောင်းဘီညိုနှင့် သားရေဂျာကင်နက်နှင့် ခေါင်းစွပ်ကြီးစွပ်ထားသော လူတစ်ယောက်။

မျက်လုံးနှစ်လုံးနေရာမှာ အပေါက်ဖောက်ရုံကလွဲ၍ သူ၏ အသားကိုတောင် မမြင်သာနိုင်။

လက်အိတ်မည်းကြီး စွပ်ထားသော သူ့လက်ထဲမှာ ပြောင်လက်နေသော ပစ္စတိုတစ်လက်။

"အမယ်လေး"



ဒေါ်ခမ်းမုံက ကြောက်လန့်လွန်းစွာ ကွဲအက်နေသော အသံဖြင့် အော်လိုက်သော်လည်း အသံက မကျယ်။

ကျယ်သည့်တိုင်အောင်လည်း ဘယ်သူမှ မကြားသာနိုင်။

ဒေါ်ခမ်းမုံ သမီးလေးကို ပို၍ တင်းကျပ်စွာ ပိုက်ထားပြီး ကားပေါ်မှ ဆင်းလိုက်သည်။

ဦးဘအိုက . . .

"တာဝန်ကျေပါပြီနော်၊ ပြောထားတဲ့အတိုင်း ဝေစု ငွေတစ်သိန်းသာ . . ."

ပြုံးရယ်၍ပြောရင်း သူက ကားပေါ်မှ ဆင်း၏။

"ရမယ်လေ၊ ဒီမှာ . . . ရော့"

"ဖောက်"

ဆိုသော အသံလုံးလုံးအုပ်အုပ်ကြီးက တစ်ခုခုကို အင်အားကြီးစွာ ခွဲထွက်လာသလို ကြားလိုက်ရပြီး ချိန်မှာ . . .

"အင့်"

ဆိုသော ရင်ခေါင်းသံကြီးတစ်ချက် ထွက်လာပြီး ဦးဘအို၏ ခေါင်းတစ်ခုလုံး ပွင့်ထွက်ကာ သွေးများ ကြောက်ခမန်းလိလိ ဖြာ၍ ပန်းထွက်လာပြီး နောက်မှာ . . .

ဝုန်းခနဲ မြေပေါ်သို့ မှောက်လျက်ကြီးလဲပြီး ဦးဘအို အသက်ထွက်သွားလေပြီ။

နန်းထိုက်စံကို ပိုက်ထားသော ဒေါ်ခမ်းမုံ၏ လက်များ ဖြည်းဖြည်းချင်း လျော့လျော့သွားကာ လုံးဝပြေလွတ်သွားပြီး နောက် ဒေါ်ခမ်းမုံမှာ တအိအိ မြေပြင်ပေါ် လဲကျပြီး သတိမေ့မြောသွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သေနတ်ကိုင်လူဆိုးကြီးက အနီးသို့ လျှောက်လာသည် ဒေါ်ခမ်းမုံ၏ ရင်ခွင်ထဲမှ ရတနာအိတ်ကိုယူသည်။

နန်းထိုက်စံမှာ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်ပြီး မငိုမဲ မပြောရဲဘဲ လူသတ်သမားကြီးကို ကြည့်နေဆဲမှာ. . .

"အား"

နန်းထိုက်စံကို ချိုင်းနှစ်ဖက်က မယူပြီး ကားပေါ်တ လိုက်သည်။

ပြီးတော့ ဒေါ်ခမ်းမုံကို ပွေ့ယူပြီးကာ နန်းထိုက်စံ ဘေးမှာချလိုက်သည်။

ဒေါ်ခမ်းမုံ၏ ကိုယ်ခန္ဓာမှာ ခွေခေါက်ပျော့အိစွာ သ မေ့နေဆဲ. . .

နန်းထိုက်စံမှာ အရုပ်တစ်ခုလို မလှုပ်မယှက် ထိုင်နေ မျက်လုံးလေးသာ ရွှေ့ပြီး လူသတ်သမားကို လိုက်ကြည့်နေသည်

"ဦးနှောက်ထဲမှာ ဘာမှမရှိ၊ ဘာလုပ်ရမှန်းမသိ၊ လှုပ် မလှုပ်ရဲ၊ အသက်မှ ရှူမိရဲ့လားမသိ။

နှလုံးသားနုနုလေးက ပေါက်ကွဲမတတ် ဆတ်ဆတ်ခုန် ပြီး မျက်ရည်များ ကျလာသည်။

"ဓာတ်ဆီနံ့ပဲ"

ကားနောက်မှာ တွယ်ချိလာသော ဓာတ်ဆီပုံးထဲ ဓာတ်ဆီများ ကားကို လောင်းပက်လိုက်သည်။ ပြီးတော့ ရှေ့ဘက် ပြန်လာပြီး ကားဂီယာဖြုတ်ကာ သူတစ်ယောက်တည် ကားကို တွန်းသည်။

"အင်း"



ဓာတ်ဆီငွေ့ ဓာတ်ဆီနံ့ကြောင့် ဒေါ်ခမ်းမုံ ညည်းညူ လူးလွန့်လာဆဲမှာ. . .

ကားသည် ရွေ့နှုန်းမြန်လာသည်။ တောင်ဆင်းမို့ အရှိန် နှင့် လိမ့်နေ၏။

ထိုအန္တရာယ်ကွေ့ထိပ်မှ ဟိုးအောက်ခြေအထိ ပေပေါင်း သုံးထောင်ကျော်ခန့် နက်စောက်ကြောင်း နန်းခမ်းမုံကို ဖေဖေ ပြောပြခဲ့ဖူးသည်။

ထိုစဉ် လူသတ်သမားက မီးခြစ်ကို ခြစ်ပြီး ကားထဲ ထည့်ကာ ကားကို တောင်စောင်းထိပ်မှ အရှိန်နှင့် ရက်စက် န်းစွာ တွန်းချလိုက်ပါပြီ။

"အမယ်လေး"

"သမီး. . . သမီး. . . သမီးလေး"

"အား"

ကားသည် ဒရိုင်ဘာဘက်သို့ တအား စောင်းသွားသဖြင့် နန်းထိုက်စံ လိမ့်ကျကျန်ရစ်သည်။

တစ်ကိုယ်လုံး ကိုင်ရိုက်ချလိုက်သလို ပြင်းပြစွာ နာကျင် ပြီးနောက်မှာ သစ်မြစ်တစ်ခုကြား၌ တစ်ကိုယ်လုံးညပ်၍ တစ် ကျန်ရစ်သည်။ ဆက်၍ လိမ့်ဆင်းမသွားတော့ပါ။

မီးဟုန်းဟုန်းတောက်နေသော ဂျစ်ကားကြီးနှင့်အတူ မေမေသည် နက်လှစွာသော ချောက်အတွင်းသို့ လိမ့်ဆင်း ပါသွားရှာလေပြီ။

လူသတ်သမားက ပေါက်တူးနှင့် မြေကြီးကို စတင် တူးနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဦးဘအို၏ အလောင်းကြီးကို မြှုပ်နှံရန် ဖြစ်မည်။

နန်းထိုက်စံကို သူမမြင်။

ကားကျသွားသည်ကို သူမြင်လိုက်ရသဖြင့် စိတ်ချသွားဟန် ရှိလေသည်။

နန်းထိုက်စံ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေသည်။ ကြောက်လွန်း၍ အသက်ထွက်သွားတော့မည် ထင်၏။

အော်၍ ငိုလိုက်ချင်သော်လည်း အသံထွက်မည်စိုး၍ ပါးစပ်ပိတ်ထားရပါ၏။

ကျသွားသော ကားကိုလည်းကောင်း၊ မီးတောက်တို့ကိုလည်းကောင်း. . .

ချစ်မေမေ ဒေါ်ခမ်းမုံ၏ ကံကြမ္မာကိုလည်းကောင်း နန်းထိုက်စံ ဘာမှ မသိနိုင်၊ မမြင်နိုင်တော့ပါချေ။

စူးရှသော ကားမီးလောင်သည့် ညှော်နံ့ကဖြင့် ချောက်ထဲမှသည် တောင်ထွတ်သို့တိုင်အောင် ဆိုးရွားစွာ ပျံ့တက်လာပေသည်။

အတော်ကြီးကြာမှ မော်တော်ဆိုင်ကယ်စက်နှိုးသံ ကြားရသည်။

နန်းထိုက်စံ အသာလေး ခေါင်းထောင်ကြည့်လိုက်တော့ လူသတ်သမားက ကတ္တရာလမ်းပေါ် ရောက်နေပြီ။

သူ ခေါင်းစွပ်ကြီးကို ချွတ်ချလိုက်သည်။

သို့သော်လည်း နောက်ခိုင်းအနေအထားဖြစ်၍ ဘယ်သူ့မှန်း သိခွင့်မရလိုက်။



မော်တော်ဆိုင်ကယ်သည်လည်း လျှင်မြန်လွန်းစွာ မိုင်းမွန်ဘက်သို့ ပြန်လည်မောင်းနှင်သွားလေတော့သည်။

နန်းထိုက်စံမှာ ရှိုက်၍ရှိုက်၍ငိုရင်း ကားလမ်းပေါ်တက်ကာ ကားလမ်းနံဘေးမှာ ခေတ္တရပ်စောင့်နေစဉ်. . .

ခရီးသည်တင်ကားတစ်စီး ထိုးရပ်လာပြီး. . .

"ဟဲ့. . . ကလေး၊ ဒဏ်ရာတွေနဲ့ပါလား၊ ဘယ်သွားမလို့လဲ တစ်ယောက်တည်းလား"

နန်းထိုက်စံ ဘာမှမဖြေနိုင်၊ ရှိုက်ငိုနေ၍. . .

"မိုင်းမွန်ကို သွားမှာလား"

နန်းထိုက်စံ ခေါင်းသွက်သွက်ခါပြီး မိုင်းမွန်နှင့် ဆန့်ကျင်ဘက် အရပ်သို့ လက်ညှိုးထိုးပြလိုက်သည်။

မိုင်းမွန်သို့ နန်းထိုက်စံ ဘယ်သောအခါမှ မပြန်ရဲပါ။

ကားပေါ်မှ ကြင်နာပုံရသော မိန်းမဝဝကြီးတစ်ယောက် ဆင်းလာပြီး နန်းထိုက်စံကို လက်ဆွဲ၍ မေးသည်။ အားလုံးကလည်း ဝိုင်း၍ မေးကြသည်။

ထိုကားသည် မိုင်းမွန်မှလာသော ကားမဟုတ်၍ နန်းထိုက်စံကို သိသူ မပါရှိ။

အမေးအားလုံးကို နန်းထိုက်စံ ဘာမှ မဖြေနိုင်။ လည်ချောင်းဝကို ကြမ်းတမ်းသောလက်နှင့် ဆုပ်ညှစ်ထားသလို တင်းကျပ်ထစ်အနေသည်။

ဘာမှ မပြောရဲ။ ဒီစကားသံမှ ထွက်ပေါ်မလာ။

မိုင်းမွန်သို့ ပြန်လမ်းမဟုတ်သော ဆန့်ကျင်ရာ ခရီးရှည်ဘက်သို့သာ လက်ညှိုးထိုးပြနေ၍. . .

www.burmeseclassic.com

www.burmeseclassic.com



"ခေါ်ချင်တဲ့လူ ခေါ်ခဲ့ကြဗျာ၊ ဒီနေရာမှာ ကားအကြာ
ရပ်လို့ မကောင်းဘူး"

နန်းထိုက်စံ၏ အေးစက်နေသော လက်ကလေး
ဆွဲထားသော မိန်းမဝဝကြီးက ကရုဏာမျက်ဝန်းများ
ငုံ့ကြည့်ရင်း. . .

"ကလေးက ချစ်စရာလေး၊ သူ့မှာ မိဘမရှိရင် ငါမွေး
မယ်၊ ငါ့မှာ သားသမီးမရှိဘူး"

လက်ဆွဲ၍ ကားပေါ် ခေါ်တင်ရင်း ပြော၏။ ကား
ရောက်တော့ သူ့ပေါင်ပေါ် ဆွဲတင်လိုက်သည်။

နန်းထိုက်စံ ရင်ခွင်သစ်တစ်ခုမှာ နွမ်းလျစွာ မှီ
လိုက်သည်။

ထိုရင်ခွင်ပိုင်ရှင် ဒေါ်တင်လှဆိုသော မေမေလှသ
တောင်ပေါ်မြို့သူမဟုတ်။

အောက်ပြည်အောက်ရွာမှ ဈေးသည်တစ်ဦးဖြစ်
ကုန်လာရောင်းရာမှ ရှုံး၍ ပြန်လာခဲ့ရသူဖြစ်သည်။

ယခု ထိုဒေါ်တင်လှနှင့်အတူ မြန်မာပြည် တောင်
ဒေသသို့ နန်းထိုက်စံ လိုက်ပါရမည်။

ထိုအချိန်မှစ၍. . .

နန်းထိုက်စံ၏ ဒုတိယဘဝကို 'ယမုံ'မည်သော နာ
သစ် တစ်ခုဖြင့် စတင်ခဲ့ရခြင်းဖြစ်ပါတော့သည်။

◆ ◆ ◆

ဆိုင်ဖွင့်ပွဲနေ့မှာပင် သူ့ကို စတင်မြင်တွေ့ရခြင်းဖြစ်သည်။

ဆိုင်ဖွင့်သည့်နေ့၌ နံနက် ၈ နာရီမှ ည ၈ နာရီအတွင်း
သတ်မှတ်ထားသော ဈေး Fixed Price ဆိုသည့် စာတမ်း
အောက်မှ ဈေးနှုန်းထက် ၁၀ ရာခိုင်နှုန်း လျှော့၍ ရောင်းသည်။

ဥပမာ K100 ဟု စာကပ်ထားသော ရုပ်အင်္ကျီတစ်ထည်
90 ကျပ်နှင့် ရောင်းပေးသည်။ နက်ဖြန်လာဝယ်လျှင်
သတ်မှတ်နှုန်းအတိုင်း 100 ကျပ်။

"**မဇ္ဈိမသတ**"ဆိုသော စတိုးဆိုင်ကလည်း ခံ့ညား၊ အပြင်
ဆင်ကလည်း နာမည်ကြီး ဒီဇိုင်းပညာရှင်ကိုယ်တိုင် လာ
ရောက် ညွှန်ကြားစီစဉ်ပေးသဖြင့် တစ်ဆိုင်လုံး လှပဆန်းသစ်
ငေးမောစရာချည်း ဖြစ်နေတော့သည်။

"ကျေးဇူးတင်ပါတယ်ရှင်၊ အားပေးတာ သုံးကြိမ်ရှိပြီနော်"
ကျွန်မက အရောင်းဈေးသည်ပီသစွာ ပြုံး၍ ခေါင်းလေး
ပြောမိသည်ကို သူက ပြန်ပြုံးမပြဘဲ ပန်းနုရောင်မျက်နှာ
. . .

"ငွေအစိတ် သက်သာတယ်ဆိုပြီး ခဏခဏ လာဝယ်လို့
ဆင်မှာပဲနော်"

www.burmeseclassic.com

www.burmeseclassic.com



နှစ်ရာငါးဆယ်တန် အကျႌသုံးထည်ကို သုံးကြိမ်သုံး လာဝယ်မိ၍ သူ ရှက်နေဟန်ရှိ၏။

"အို. . . ဒီလို မထင်ပါဘူးရှင်"

"ဒီက မထင်ဘူးဆိုပေမယ့် ကျွန်တော်က ရှက်တယ် ကျွန်တော်ဝတ်ဖို့လည်း မဟုတ်ရပါဘူး၊ အလုပ်ရှင်က ခိုင်း လာဝယ်ရတာပါ"

"ဘယ်သူ့အတွက်ပဲ ဝယ်ဝယ် ယမုံ ကောင်တာက ရော ရတယ်ဆိုရင် ယမုံလည်း အလုပ်ရှင်ဆီမှာ မျက်နှာရမှာပါ ဒါကြောင့် ကျေးဇူးတင်တယ်လို့ ပြောမိတာပါ"

သူ့မျက်နှာပြင်မှ အရှက်ပြေအပြုံးက တော ကြည်လင်လာပေသည်။

"ကျွန်တော့်နာမည် '**စောနောင်**'ပါ၊ နန်းထိုက်စံခြံ နေပါတယ်၊ သွားမယ်နော်"

"ရှင်. . . ဟုတ်. . . ဟုတ်ကဲ့"

ကိုစောနောင်ဆိုသော သူကို နောက်ထပ် စကားပြော မရတော့ပါ။ ဝယ်သူသစ်များ ပြခိုင်းသော ပစ္စည်းကို လ နေခိုက် သူထွက်သွားခဲ့လေပြီ။

"နန်းထိုက်စံခြံတဲ့"

"နာမည်တူများလား"

"ဒါမှမဟုတ် ငါ့နာမည်နဲ့ ဖေဖေပိုင်ခဲ့တဲ့ ခြံတစ်ခြံ လား"

ဒီထက်ပို၍ မတွေးအားတော့ပါ။

ဝယ်သူသာမက မဝယ်ဘဲနှင့် လာရောက်ကြည့်ရှုသူ ကြိတ်ကြိတ်တိုးနေကြပြီး ကျွန်မ ကောင်တာမှ တီရှပ်



ရင်းရှပ်၊ ဂျင်း၊ ဂျက်ကက်၊ စတုန်းဝပ်ရှ် ဂျင်းဘောင်းဘီနှင့် တ်မျိုးစုံတို့ကို ကြည့်ကြ၊ မေးကြ ဝယ်ကြနှင့် ကျွန်မ လုံးဝ အားရတော့ပါ။

အမျိုးသားအသုံးအဆောင်ပစ္စည်းများကို ဆိုင်ပိုင်ရှင်က ကျွန်မအား တမင်ရောင်းစေခဲ့သည်။

အရောင်းစာရေးမ လေးယောက်ထဲတွင် အသက်အငယ် က ကျွန်မ။

ကမ္ဘောဇသွေးပါသော မေမေ ဒေါ်ခမ်းမုံ၏ အသား အရေနှင့် အလှတို့အပြင် ဖေဖေ၏ စူးရှသော မျက်ဝန်း၊ လွင်သော နှာတံနှင့် ထင်းရှင်းနေအောင် နက်မှောင်ထူထဲ သော မျက်ခုံးများကြောင့် အလှက ပေါ်လွင်နေပါလိမ့်မည်။

အမျိုးသားအသုံးအဆောင်များကို အမျိုးသမီးချောချော များအား ရောင်းခိုင်းသော ဆိုင်ရှင်၏ စီးပွားရေးမျက်စိ က ချီးမွမ်းစရာပါ။

ပြီးတော့ ကျွန်မကိုယ်တိုင်ကလည်း ရောင်စုံလက်သည်း ဆေး၊ မိတ်ကပ်၊ နှုတ်ခမ်းနီ၊ နားဆွဲမျိုးစုံ လာဝယ်ကြမည့် ကလျ မိန်းကလေးများနှင့် မဆက်ဆံချင်။ သူတို့ထံမှ ကျွန်မအတွက် အထောက်အကူရနိုင်စရာမရှိ။

အမျိုးသားများ၏ အဝတ်အစားကို ရောင်းရခြင်းအားဖြင့် ကျွန်မ၏ စုံစမ်းမှုမှာ အထောက်အကူရနိုင်ပါမည်။

ယခု ပထမနေ့မှာပင် ကိုစောနောင်ဆိုသူ၏ ခင်မင်လို သော အပြုံးကို လက်ခံရရှိလိုက်ပါပြီ။

နန်းထိုက်စံခြံမှာ နေသည်ဆိုကတည်းက ကျွန်မအတွက် ဝင်စားမှုဖြစ်စရာ ကောင်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုစောနောင်နှင့် ထပ်မံဆုံစည်းခွင့်ရချင်သည်။

သူ့ကို ကျွန်မ မိတ်ဆွေဖွဲ့မည်။

ဤမိုင်းမွန်မှာ ကျွန်မ၏ စုံစမ်းထောက်လှမ်းရေးနယ်ေ ကို ကွက်လပ်မကျန်စေရအောင် အကွက်စေ့ ထောင့်စေ့ အော ကျွန်မ ဆောင်ရွက်ရပါတော့သည်။

◆ ◆ ◆

"ဒေါ်တသက်စံ ရှိတယ်"

"ဦးကောင်းစံကတော့ စိတ်နောက်နေတယ်လေ"

"အို. . ."

ကျွန်မတို့၏ မဇ္ဈိမသကာစတိုးဆိုင်ကြီးတွင် လောကထိပ်ပန် ရားကြီးရပ်ကွက်မှ "ခင်ပပ"ဆိုသော စာရေးမတစ်ယောက် ်မှ ကြားရသော သတင်းစကားဖြစ်ပါ၏။

သူတို့သည် ကျွန်မငယ်စဉ်ကပင် ဘုရားကြီးလမ်းတွင် ကျယ်ကြီးနှင့် သုံးထပ်တိုက်ကြီးနှင့် နေကြသည်။

ဘုရားကြီးရပ်ကွက်နှင့် ဘုရားကြီးလမ်းသည် မိုင်းမွန်မြို့ ယ်မှာ တည်ရှိပြီး ဖေဖေဦးစိုးစံ၏ခြံက မြို့ပြင်ချိုင့်ဝှမ်းထဲမှာ ှိသည်။

"ဘုရားကြီးလမ်းမှာ သုံးထပ်တိုက် အကြီးကြီး တွေ့ခဲ့ ယ် တိုက်ကြီးက အိုနေပြီ၊ ဆေးလည်း မသုတ်ကြဘူး၊ အဲဒီမှာ ယ်သူနေတာလဲဟင်"

ဟူ၍ ဘာမှမသိသေးသည့် ပုံစံနှင့် မေးသည်ကို ခင်ပပက ကြည်စွာ ဖြေကြားရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



"သူတို့မှာ သားသမီးတွေ မရှိကြဘူးလား"

"ဒေါ်တသက်စံက ယောက်ျားမရှိဘူးလေ"

"ဪ. . ."

"ဦးကောင်းစံကရော မိန်းမရှိလားဟင်"

"ရှိတာပေါ့။ အဲဒီမိန်းမကြောင့် ဒုက္ခရောက်ပြီး အဘိုးကြ
ရူးတာ"

"ဟင်. . . ဘာကြောင့်လဲကွယ်"

"ဪ. . . မိန်းမက သူဌေးဆိုပြီး အဘိုးကြီးကို ယူတ
သုံးဖြုန်းဖဲရိုက်ပစ်တာ၊ အဘိုးကြီးကလည်း ထင်သလောက်မ
ခင်မူယာကလည်း သိပ်ဟော့တ်တာ"

"ခင်မူယာဆိုတာက"

"အဘိုးကြီးရဲ့ နောက်ဇနီးလေ"

"နောက်တစ်ဦးဆိုတော့ ပထမဇနီးကရော"

"ဆုံးတာ ကြာပါပြီ"

ကျွန်မ မိုင်းမွန်မြေကို စွန့်ခွာသွားခဲ့ရပြီးနောက်မှ ဖြစ်ပျ
ကြသော ဇာတ်လမ်းများ။

ဒါထက် ကျွန်မပို၍ မမေးချင်တော့ပါ။ အထူးသဖြ
"**စံမျိုးဆက်များ**"အကြောင်းကို ကျွန်မနှုတ်က စောင့်ဆည
လေ အကျိုးရှိလေ ဖြစ်ပါမည်။

ယခုလို အကြောင်းတိုက်ဆိုင်အောင် အကွက်ထွင်
တစ်ခွန်းစ နှစ်ခွန်းစ ပြောရုံ၊ မေးရုံလောက်က ကိစ္စမရှိ။

ဝယ်သူများလည်း ရောက်လာ. . .



ဆိုင်ပိုင်ရှင် "ဒေါ်ထားထားရှိန်" ကိုယ်တိုင်လည်း
ောင်တာမှာထိုင်နေ၍ ကျွန်မတို့ ဆက်ပြီး မပြောရဲကြတော့ဘဲ
ေကားစ ဖြတ်လိုက်ကြရပါ၏။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

"လောကထိပ်ပန် ဘုရားပွဲညာ"

အမှန်တော့ ကျွန်မ ဘယ်သူ့ကိုမှ အဖော်မခေါ်ချင်။

အားလုံးသော ဌာနများ၊ အဆောက်အအုံများ၊ လမ်းများကို ကျွန်မ သိပြီးသား၊ ကျွမ်းပြီးသား။

အချို့နေရာများ၌ တိုက်သစ်များ၊ အိမ်သစ်များ၊ ပြောင်းလဲတည်ဆောက်ထားပြီး လမ်းများ၊ ခြံများ ရှင်းသန့်နေသည်ကလွဲပြီး အားလုံး ယခင်အတိုင်းပါပင်။

ကျွန်မငယ်ငယ်က မြင်တွေ့သိရှိထားသည်ထက် ပိုပြီး ထူးထူးခြားခြား ပြောင်းလဲခြင်း မရှိသော ဘုရားကြီးရပ်ကွက် မိုင်းမွန်ချိုင့်ဝှမ်းကြီးကို ဖေဖေငွေအန်း၍ မယူမီကာလက ကျွန်မတို့မိသားစု ဘုရားကြီးလမ်းမှာ နေခဲ့ကြဖူးသည်ကိုပင် ကျွန်မ မမေ့သေး။

"မြေပြန့်က လာတဲ့ ယမ့်အတွက်တော့ အားလုံး အဆန်းချည်း ဖြစ်နေမှာပဲနော်"

"ဟင်"

အဖော်ပါလာသော ဆိုင်မှ အရောင်းစာရေးမ မမကေသီကို အံ့ဩသလို ကြည့်မိပြီးမှ. . .



"အင်း. . . ဟုတ်တယ် မမကေသီ၊ တစ်ခါမှ မရောက်ဖူးသေးတဲ့ ယမ့်အတွက်တော့ အားလုံး အမြင်ဆန်းနေပါတယ်"

"မနှစ်က ဒီထက်စည်တယ်"

"ဟုတ်လား"

"စတိတ်ရှိုးပါတယ်လေ၊ မေဆွိတို့ ကော်နီတို့ပါ ပါတယ် သိလား"

"ဟုတ်ကဲ့"

"ဇာတ်ကလည်း ရွှေညီအစ်ကိုတွေ၊ အရပ်ထဲက တီးဝိုင်းနဲ့ အရပ်သူ ကျောင်းသူလေးတွေကလည်း လမ်းထိပ်တိုင်းမှာ ကကြ ဆိုကြနဲ့"

"ဟုတ်ကဲ့၊ မိုင်းမွန်မှာ ဒီဘုရားကြီးပွဲက အစည်ကားဆုံး ပေါ့နော်"

မမကေသီက ကျွန်မသိပြီးသား မိုင်းမွန်အကြောင်းများကို အခမ်းတနား ရှင်းပြနေ၏။ ကျွန်မကလည်း စိတ်ဝင်စားဟန် အံ့ဩဟန်များဖြင့်. . .

'အင်း'၊ 'သြော်'၊ 'ဟုတ်လား' စသည့် စကားများဖြင့် အလိုက်သင့် ဖြေကြားရင်း ဘုရားကုန်းတော်ပေါ်သို့ တက်ခဲ့ပါ၏။

ဘုရားဒါယကာကြီး ဦးမြတ်စံနှင့် ဇနီး
ဒေါ်ငြိမ်းမယ် သားသမီးတစ်စုကောင်းမှု။

ဆိုသော မှန်စီရွှေချ တန်ဆောင်းကြီးကို ကြည့်ပြီး တုံ့ခနဲ ရပ်သွားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြေကွဲမှု မျက်နှာကိုပင် ထိန်းသိမ်းဖို့ မေ့လျော့သွားခဲ့သော်လည်း မမကေသီက ရိပ်မိပုံမရ။

တန်ဆောင်း၏ အတွင်းမှာ မန္တလေးမှ မှာယူပူဇော်ခဲ့သော ကျောက်ဆင်းတု ဘုရားအကြီးကြီးတစ်ဆူက မှန်စီရွှေ ပလ္လင်ပေါ်မှာ မီးရောင်စုံများနှင့် သပ္ပာယ်လှပါပေသည်။

ထိုဆင်းတုတော်၏ အောက်ခြေပလ္လင်ပေါ်မှာ လှ ခံ့ညားစွာ ရေးထိုးထားသော စာတမ်းက...

**"သီရိမင်္ဂလာ ဆန်စက်ပိုင်ရှင်ဦးစိုးစံ၊**
**ဒေါ်ခမ်းမုံနှင့် သမီးလေးနန်းထိုက်စံ တို့**
**မိသားစု ပူဇော်လှူဒါန်းသည်။**

ရင်ထဲမှာ နင့်ခနဲ ဖြစ်သွားကာ မျက်ရည်က ဆည်၍မရ

"ဟင်...ယမုံ ဘာဖြစ်လို့လဲ"

"မျက်စိထဲ ဘာဝင်သွားမှန်း မသိဘူး မမကေသီ"

လက်ကိုင်ပဝါဖြင့် မျက်လုံးအိမ်ကို ပိတ်ပြီး ငုံ၍ ဖြေလိုက် ရသည်။

"ငါ ငိုလို့ မဖြစ်ဘူး"

"ငါ ကြွေနွေပျက်လို့ မဖြစ်ဘူး"

"ငါ့မိဘများရဲ့ အဖြစ်ဆိုးကို ဖော်ထုတ်နိုင်ဖို့နဲ့ ကလဲ့စား ချေဖို့ ရောက်လာတဲ့ ငါပဲလေ"

"ပျော့ညံ့လို့ မဖြစ်ဘူး"

"တင်း...တင်း...စိတ်ကိုတင်း"



မျက်နှာမော့လိုက်တော့ ကြေကွဲရိပ်များ ပျယ်လွင့်သွားလောက်ပြီ။

မျက်ရည်ကြောင့် နီမြန်းနေမည်ဖြစ်သော မျက်ဝန်းကိုလည်း ညမီးရောင်များအောက်မှာ မမကေသီ မြင်သာနိုင်မည် မထင်။

"ဒီတန်ဆောင်းကြီးက သိပ်ပြီး ခံ့ညားခမ်းနားတာပဲနော်၊ ယမုံ အဲဒါ ဒီမြို့မှာ အချမ်းသာဆုံးဖြစ်တဲ့ သူဌေးကြီး ဦးမြတ်စံ ဆိုတာက တည်ဆောက်လှူဒါန်းခဲ့တာ"

"ဩော်"

မမကေသီသည် ဤတန်ဆောင်းအကြောင်း၊ ကျောင်းအကြောင်း၊ ဘုရားအကြောင်း စသည်များကို ရှင်းပြနေသည်။ သူသည် အလွန်စကားများပြီး အရာရာ၌ သူသိ၊ သူတတ် လုပ်တတ်သော်လည်း သူတစ်ပါးကို ကူညီချင်စိတ်အပြည့် ရှိသူ တစ်ယောက် ဖြစ်လေသည်။

"ဟော... ယမုံရေ၊ တန်ဆောင်းရှေ့က မီးရောင် အောက်မှာ ကင်မရာလွယ်ပြီး ရပ်နေတဲ့လူဟာ မမကေသီတို့ရဲ့ ရွာသကမှာ လာတည်းနေတဲ့သူပေါ့"

မီးရောင်အောက်မှာ မျက်နှာကိုမြင်လိုက်သဖြင့် စိတ်ထဲ ဒိတ်သွားမိသည်။

"တစ်နေရာရာမှာ မြင်ဖူးခဲ့သော မျက်နှာ"

"ကိစ္စမရှိပါဘူးလေ၊ ငါရဲ့ ကိုယ်ပိုင်ဘဝ ပျောက်ဆုံးနေတာလည်း ဆယ်နှစ်ကျော်ခဲ့ပြီပဲ၊ အသိဖြစ်ခဲ့ရင်လည်း ယမုံ အဖြစ်နဲ့ သိတဲ့သူပဲ ဖြစ်မှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မစိတ်ကို ဖြေသိမ့်နေဆဲ။

"ဟော. . . ဒေါ်လေးတို့အုပ်စုမြင်မှ သတိရတယ်၊ ကြည့်စမ်း၊ အရုဏ်ဆွမ်းအတွက် မမကေသီကို အချိုပွဲ ဝယ်ပေးဖို့ တာဝန်ပေးထားတာပဲ၊ ခဏသွားလိုက်ဦးမယ်နော် ယမုံ"

"သွားပါ၊ ယမုံ ဒီကပဲ ထိုင်စောင့်နေမယ်"

"ဆရာမြတ်နိုးမြေနဲ့ စကားပြောနေမလား၊ မိတ်ဆက်ပေးခဲ့မယ်လေ"

"ဘာလဲ မြတ်နိုးမြေ ဆိုတာ"

"ဟိုမှာ ရပ်နေတဲ့လူလေ"

"အို. . . ဘာနာမည်ကြီးလဲ"

"ကလောင်နာမည်ပါ၊ သူက စာရေးဆရာ၊ မဉ္ဇူသကမှာ တစ်လလောက် ဘွတ်ကင်လုပ်ထားတာ၊ ဒီ့ထက်ကြာရင်လည်း ကြာမှာတဲ့၊ သူ့ကို တအားကြိုက်ကြတာ"

"ရှင်"

"အဟဲ. . . သူ့ဝတ္ထုကို ပြောတာပါ၊ သူ့ဝတ္ထုတစ်ခု ထွက်ရင် အငှားဆိုင်မှာ တန်းစီစောင့်ရတာ ယမုံရဲ့"

"ကလောင်နာမည်က မြတ်နိုးမြေပေါ့ ဟုတ်လား"

"ဟုတ်တယ်လေ၊ နာမည်ကြီးပဲဟာ၊ ဘက်စဲလားတဲ့"

"ယမုံတော့ တစ်ခါမှတောင် မကြားဖူးသေးဘူး"

"ယမုံကတော့ ရော့(လျော့)သေးတာပဲ၊ ကဲ. . . သွားလိုက်ဦးမယ်နော်"

အရေးတကြီး သွားမယ့်သူက မြတ်နိုးမြေဆိုသော သူနှင့် ခပ်ကြာကြာရပ်၍ စကားပြောနေလိုက်သေးသည်။ ပြီး၍ တန်ဆောင်းတွင်းသို့ လူက လက်ညှိုးညွှန်ပြပြီး ထွက်သွားတော့သည်။ မြတ်နိုးမြေကလည်း မမကေသီ ထွက်သွားသည်နှင့် တန်ဆောင်းပေါ်သို့ တက်လာနေပါပြီ။



ကျွန်မက သူ့ကို တစ်ချက်မှ မကြည့်ဘဲ ဖေဖေနဲ့မေမေတို့ လှူခဲ့သော တင်ပျဉ်ခွေ ကျောက်ဆင်းတု ကိုယ်တော်မြတ်ကို ရှိခိုးလျက် မျက်စိစုံမှိတ်ကာ. . .

"တပည့်တော်မ ဖခင်ကြီး၏ အသက်သေအောင် မိခင်ကြီး၏ ဘဝပျက် အသက်ဆုံးအောင် ရက်စက်စွာ ဆောင်ရွက်ခဲ့ကြသော လူယုတ်မာတစ်ယောက်၊ သို့မဟုတ် လူယုတ်မာတစ်စုရဲ့ အဖြစ်မှန်ကို ဖော်ထုတ်နိုင်တဲ့ သမီးကောင်းတစ်ယောက် ဖြစ်ရပါလို၏ ဘုရား"

မျက်စိစုံမှိတ်ထားသည့်ကြားက အုလာသော မျက်ရည်စိုစို့တို့ကို လက်ကိုင်ပဝါဖြင့် တို့သုတ်ပြီး မျက်စိဖွင့်လိုက်ချိန်မှာ. . .

"အို"

"အနီးကပ် ထိုင်ကြည့်နေသော စောစောကလူ။

"သြော်. . . ရှင်ကိုး"

"မှတ်မိသွားပြီပဲ၊ ကျွန်တော်တို့ ရန်မဖြစ်ကြကြေးဗျာ"

ကိုယ့်ခံစားချက်နဲ့ကိုယ်မို့ သူ့ကို ခပ်စိမ်းစိမ်းသာ ကြည့်နေမိသည်။

'မြတ်နိုးမြေ' ဆိုသောသူမှာ ကျွန်မနှင့် ကားတစ်စီးတည်းစီး၍ မိုင်းမွန်သို့ တစ်နေ့တည်း ရောက်လာခဲ့ကြသူ

www.burmeseclassic.com

www.burmeseclassic.com



မြို့အဝင် စစ်ဆေးရေးဂိတ် အနီးရှိ စိန်ပန်းပြာပင်ေ ခြေရင်း သစ်မြစ်ပေါ်မှာ ကျွန်မ ထိုင်နေစဉ်က စကားများ ဖူးသောသူ။

"ကျွန်တော် စာရေးဖို့ ဒီမြို့ကိုလာပြီး လေ့လာတာ ဆိုတာတော့ မကေသီ ပြောပြီးရောပေ့ါနော်"

ကျွန်မ ဘာမှလည်း မဖြေမိ၊ သူ့ကိုဖြင့် ပြန်ကြည့်နေမိ

"ကျွန်တော့်ဝတ္ထုတွေ ဘယ်နှပုဒ် ဖတ်ဖူးလဲဟင်"

"ရှင့်ကလောင်နာမည်တောင် မကြားဖူးဘူး"

"ဟောဗျာ"

"ရှင် ဘယ်လောက်ပဲ နာမည်ကြီးကြီး ကျွန်မမှ မသိတ

"စာဖတ်ဝါသနာ မပါဘူးလားဟင်"

"မပါဘူး"

"အို. . .'

"စာဖတ်ဖို့ အချိန်လည်း မရှိဘူး၊ စာအုပ်ငှားခလည် မတတ်နိုင်ဘူးလေ"

"အေးဗျာ၊ ဘာပဲဖြစ်ဖြစ် ဟိုနေ့က မပြေလည်ခဲ့ကြ တွေအတွက် ကျွန်တော် တောင်းပန်ပါတယ်"

"ရပါတယ်"

"ဒီမြို့မှာ ခင်ဗျားလည်း ဧည့်သည်၊ ကျွန်တော်လည ဧည့်သည်။ ကျွန်တော်တို့ချင်း မိတ်ဆွေဖြစ်ပြီး အကူညီလို. . .

"အို. . . ကျွန်မ ဘာအကူအညီမှ မလိုဘူး၊ ကျွန်မအ ကလည်း ဘယ်သူမှ ကူညီစရာမလိုပါဘူး"

သူ့စကားမဆုံးမီ ကျွန်မ ဖြတ်၍ ပြောပစ်လိုက်သည်



"သိပါတယ်၊ ကျွန်တော် မယမုံကို မြင်နေပါတယ်၊ ခုလို တွေ့ခံရမှာစိုးလို့ လာမနှုတ်ဆက်ရဲတာပါ"

"ရှင်က ကျွန်မကို မီနီမတ်ကက်ဆိုတဲ့ဆိုင်က အရောင်း ရေးမလို့ မထင်ဘဲ ငါးစိမ်းသည်မလို့များ ထင်နေလို့လား၊ ်ပြီရှင်၊ ကျွန်မ ရန်လည်းမတွေ့ချင်ဘူး၊ ဘာစကားမှလည်း ပြာချင်တော့ဘူး"

ဘိုးဘွားမိဘများ လှူဒါန်းခဲ့သော နေရာမှာ တစ်ယောက် ည်း အေးဆေးစွာ ထိုင်နေချင်ခဲ့ကာမှ လာနှောင့်ယှက် ်သူ. . .

သူ့ကို ကျိန်ဆဲချင်မတတ် စိတ်ဆိုးသွားပြီး အင်္ဂါထောင့်မှ မိညောင်ပင်ကြီးရှိရာသို့ ကျွန်မတစ်ယောက်တည်း ထွက် ခဲ့မိပါတော့သည်။

ဘုရားရင်ပြင်ပေါ်မှာ အလှူခံဌာနမှ နှိုးဆော်သံ၊ မဏ္ဍပ် မှ သီချင်းဖွင့်သံ စသော အသံချဲ့စက်သံများနှင့် ဆူညံနေ သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

ဘုရားကုန်းတော်ပေါ်မှ မြင်နေရသော မိုင်းမွန်မြို့ မာကြူရီမီးများဖြင့် ထိန်လင်းဖြိုးဖွေးနေပေသည်။

ကျွန်မငယ်စဉ်က လမ်းဓာတ်တိုင်များမှာ မီး နီကြန်ကြန်များဖြင့် အားလုံး မှုန်မှုန်မွှားမွှား ဖြစ်နေ မြင်ကွင်းကို မမေ့သေး။

မိုင်းမွန်သည် ပို၍ စည်ကားနေ၏။

သတ္တုတွင်း၊ ကျောက်စိမ်းတွင်းများကို တရားမ နည်းများဖြင့် ခိုးတူးပြီး ဥပဒေမဲ့စွာ ရောင်းဝယ်ဖောက် နေကြသဖြင့် သိန်းပေါင်းများစွာ ချမ်းသာနေကြသူများကြေ မြို့သည် ပို၍ စည်ကားနေလေသလားပင်။

ရောင်းဝယ်ဖောက်ကားခြင်းနှင့် စီးပွားရေး ဈေးကွက် လည်း ကျယ်ပြန့်နေလေပြီ။

"ဒီလို တစ်ယောက်တည်း ရပ်နေမယ့်အစား မမကေ ကို မစောင့်ဘဲ ငါဟာငါ လျှောက်ကြည့်ဦးမှပဲ"

"ငါ့ကိုလည်း နန်းထိုက်စံအဖြစ်နဲ့ ဘယ်သူမှ မသ ဘဲလေ"



မဥ္စူသက စတိုးဆိုင်ကြီးမှ အရောင်းစာရေးမလေး င်ယောက်ကို ဘယ်သူကမှလည်း တလေးတစားရှိမည် ဘ်၊ အရေးထားမည့်သူလည်း ရှိမည်မထင်။

ရင်ပြင်ကို တစ်ပတ်ပတ်ပြီး ကြည့်ချိန်မှာ ဘုရားလူကြီး ဖွဲ့ထဲ၌. . .

ဘဘကြီး ဦးဘိုးထိန်ကိုလည်းကောင်း၊

ဦးလေးကြွယ်ကိုလည်းကောင်း မြင်တွေ့လိုက်ရသည်။

ဦးလေးကြွယ်က ရုပ်မကျသော်လည်း ဘဘကြီး ဦးဘိုး န်က ကျွန်မမှတ်မိသော ကာလနှင့်ဆိုလျှင် များစွာ အိုမင်း ချေပြီ။

"ခေါက်မုန့်ကြွပ်ကြွပ်ကလေးနော်"

"ဝယ်သွားကြပါဦး"

မုန့်ပြင်ပေါ်မှာ ထန်းလျက်ရည်ဆမ်း၍ ပဲလွန်းပြုတ်နှင့် န်းသီးများဖြူး၍ အော်နေရှာသော ကြီးတော် မအုန်းစိန်။

"သြော်. . . အချိန်တွေသာ ဆယ့်တစ်နှစ် ကုန်သွား ည်၊ ကြီးတော်ကတော့ ဒီဘုရားကြီးလမ်းမှာ ခေါက်မုန့် င်းရရှာတုန်းပါလား"

မမေ့ဆီမှာ ထဘီတောင်း အင်္ကျီတောင်းပြီး လိုအပ်သမျှ င်ကိုင်ပေးလေ့ရှိသော ကြီးတော် မအုန်းစိန်။

အရိုးပေါ် အရေတင်ရုံလောက်နီးနီး ပိန်ချုံးကာ ညိုညစ် သော အသားအရေများက ရှုံ့တွနေပေသည်။

နာမည်၊ နေရပ်၊ အကြောင်းအရာတို့ကို အသေးစိတ် တ်မိပါသော်လည်း ကျွန်မမှတ်မိသော မျက်နှာ ဆယ်ဦး

www.burmeseclassic.com

www.burmeseclassic.com



ဝန်းကျင်လောက်ကို ဤလောကထိပ်ပန် ဘုရားပွဲ ပရဝုဏ်
အတွင်းမှာ မြင်တွေ့လိုက်ရပေသည်။

လမ်းမကြီးအတိုင်း ဘုရားကြီးကို ကျောခိုင်းလျှ[ောက်]
လူကြားထဲ တိုးလျှောက်လာခဲ့သည်။

"လှလိုက်တာကွာ"

"ကိုက်တောင်စားချင်တယ်"

ဆိုသော ကျွန်မနှင့်ရွယ်တူ လူငယ်တချို့၏ စကားမျ...
ကြောင့် မျက်နှာတင်းသထက် တင်းထားလိုက်ရသည်။

လမ်းဆုံအရောက်မှာ လက်ယာဘက်သို့ ချိုးချလိုက်သ[ည်]
ပွဲခင်းလမ်းမလောက် လူသူမစည်ကား။

ဤလမ်းပေါ်မှာ ဘိုးဘိုးဦးမြတ်စံလက်ထက်က တ...
ဆောက်ခဲ့သော သုံးထပ်တိုက်ကြီး ရှိလေသည်။

ယခု ဘဘဦးကောင်းစံနှင့် ဒေါ်တာသက်စံတို့ နေထ...
သိရသော တိုက်ကြီးကို ကျွန်မသွားရောက် ကြည့်ရှုလိုပါသည်။

ရောက်ကတည်းက နေ့ခင်းဘက် ထွက်ခွင့်မရခဲ့သေး...

ယခုလို ညဘက်မှာ မီးရောင်ကြောင့် အိမ်ထဲကို ရှ...
မြင်သာနိုင်ပါသည်။

ညဘက်မှာ လမ်းပေါ်မှ ရပ်လျက် အိမ်ထဲကို ကြည့်လျှ...
မြင်သာနိုင်သည်။ အိမ်ထဲမှ အလင်းရောင်ကြောင့် ခပ်မှေ...
မှောင်လမ်းပေါ်ကို မမြင်သာနိုင်။

ဘုရားကြီး လမ်းသွယ်ထဲမှ တခြားသော တိုက်များ...
အတွင်းပိုင်းကို မြင်သာနိုင်ပါသော်လည်း. . .

"မင်္ဂလာစံအိမ်"ဟု တစ်ချိန်က တခမ်းတနား အမ...
ပေးထားခဲ့သော သုံးထပ်တိုက်ကြီးမှာမူ. . .



"အို. . . အောက်ထပ်မှာ နှစ်ဆယ့်ငါးတိုင် အားလောက်
...ရှိမယ့် မီးလုံးနီကြန်ကြန်လေး ထွန်းလို့ပါလား"

လူသူအရိပ်အယောင်လည်း မမြင်ရ။

သော့ခလောက်ကြီးလည်း ခတ်လို့။

လမ်းအလယ်မှာ မေ့လျော့စွာ ရပ်ရင်း ကြည့်နေမိသည်။
...အလယ်ထပ်မှာ မီးချောင်းထွန်းထားသော်လည်း မှန်တံခါး
...အားလုံး ပိတ်ထားပြီး လူသူအရိပ်အယောင်ကို လုံးဝမမြင်ရပါ။

အပေါ်ဆုံးထပ်မှာ ပကတိ ပိန်းပိတ်အောင် မှောင်နေ
...သည်။

ဟိုတစ်ချိန်က တစ်မြို့လုံးတွင် တစ်လုံးတည်းသာ ရှိသော
...သုံးထပ်တိုက်ကြီးပေါ်တွင် ကျွန်မကို မွေးဖွားခဲ့လေသည်။

မိမိကို မွေးဖွားသန့်စင်ခဲ့ရာနေရာ၊ မိမိ၏ အဘိုးဆောက်ခဲ့
...သည့်တိုက်။

မိမိ၏ ဘဘကြီးနှင့် ကြီးကြီးအရင်းတို့ လက်ရှိနေထိုင်ရာ
...ဖြစ်ပါလျက်. . .

ဝင်ခွင့်မရှိသော ကျွန်မ၏အဖြစ်. . .'

ရင်၌ လှိုက်ဆို့လာသည်။

ဝမ်းနည်းအားငယ်စိတ်ကလည်း အတိုင်းမသိ ဖြစ်ထွန်း
...ပါ၏။

"တစ်ယောက်တည်းလား"

"ဘယ်သူ့ကို စောင့်နေတာလဲ"

စက်ဘီးစီးသွားသူ နှစ်ယောက်က အော်၍ မေးသွားကြ
...သည့်တိုင် ကျောက်ဆစ်ရုပ်တုတစ်ခုလို ကျွန်မ ရပ်နေမြဲ။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားကြီးရပ်ကွက်ထဲမှာ ဖြစ်သော်လည်း သီးခြား ခြံဝ နှင့် တိုက်ကြီးရှေ့မှာ လူသူတို့ ရှုပ်ထွေးမနေပါ။ ဖြတ်လမ်း သွားကြသော လူငယ်တချို့သာ ကျွန်မရှေ့မှာ ကျဲပါးစွာ သွားနေကြသည်။

အိပ်မက်လေးထဲ. . . လာမှာလားကွယ်. . .
လာနိုင်ပါတယ်. . . ပြန်လည်ထွက်မသွားနဲ့. . .
ဒီရင်မှာအမြဲတမ်း နေပါတော့ကွယ်. . . ဒီရင်ဟာ
မင်းအတွက်. . . အလုံခြုံဆုံးပဲ. . . ဒီရင်ဟာ
မင်းအတွက်. . . အလုံခြုံဆုံးပဲ. . . ဒီရင်ဟာ
မင်းအတွက်. . . အလုံခြုံဆုံးပဲ. . .

ကျွန်မနားတစ်ဝိုက်မှာ ရွှေ့ရုံလေးလျှောက်ပြီး တ ထပ်ကျော့ဆိုနေကြသည်။ ခံစားမှုပြည့်ဝစွာ သီဆိုခဲ့သော ထူးအိမ်သင်၏ သာယာဆွတ်ပျံ့ခြင်းများဖြင့် သီးခြား ဖြစ်အောင် အသံကြောင်နှင့် အော်ဟစ်နေကြသော လူ တစ်စု။

ကျွန်မ ဆက်ရပ်နေလို့မဖြစ်တော့ပါ။

ဒီရင်ခွင်ဟာမင်းအတွက် အလုံခြုံဆုံးပဲ ဆိုနေကြသ ကျွန်မဘဝက မလုံခြုံသည့်လမ်းပေါ်မှ မိန်းကလေးဟု အဓိပ္ပာယ်သင့်နေလေပြီလား။

ချောက်ချားဖွယ် အတွေးကြောင့် သူတို့နှင့် ဆန့်ကျင် အရပ်သို့ ကျောခိုင်းလျက် ခြေလှမ်းသွက်သွက်နှင့် ထွက် မိသည်။



"တစ်ယောက်တည်းလား"

"လိုက်ပို့မယ်လေ"

အနီးကပ်အသံများ ကြားနေရသည်အထိ ကျွန်မ လှည့် ကြည့်ဖြစ်သေး။

"ဘယ်ရင်ခွင်ကို သွားမှာလဲ"

"ဟေး. . . ဒီမှာ"

ဒေါသဖြင့် ကျွန်မ ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။

သူတို့အဖွဲ့က ငါးယောက်။

ကျွန်မ မကြောက်ပါ။ လူနေရပ်ကွက်တွင်းမှ ဘုရားပွဲညမို့ န်မအော်ဟစ်အကူအညီတောင်းနိုင်သည်။

"တို့ကို ဘယ်လိုအစားမှတ်လို့ လိုက်နှောင့်ယှက်နေ လဲ"

ကျွန်မ၏ တင်းမာပြတ်သားလွန်းသော လေသံကြောင့် တို့ စက္ကန့်ပိုင်းမျှ ရပ်တန့်သွားကြပြီးမှ ဆရာကြီးလုပ်ချင်သူ ယောက်က. . .

"အစ်ကိုတို့က စိုးရိမ်လို့ လိုက်ပို့မလို့ပါကွယ်"

"မလိုပါဘူး"

"အန္တရာယ်ရှိတယ်လေ၊ ညီမလေးက သိပ်လှတယ်"

"ရှေ့ကို ဘယ်ကောင်မှ မတိုးနဲ့"

"ဟ. . . တယ်ပြတ်သားနေပါလား"

"ဘယ်သူ့မှ မကြောက်လို့ တစ်ယောက်တည်း လျှောက် တာ၊ နားလည်လား၊ သွားကြ. . . သွားကြ"

ဒေါသနှင့် ကြောက်ကန်ကန်နေသော ကျွန်မ သံက း ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့. . . ဟော့. . . ငါ့ညီတို့၊ ဒီလိုမနှောင့်ယှက်ကြ
လေ"

တစ်ယောက်သောသူက ပြေးလာရင်း ပြောလိုက်၍. . .

"ဒါ ရုပ်ရှင်ရိုက်နေတာ မဟုတ်ဘူးဗျ၊ မင်းသားဝင်မလု
ချင်နဲ့၊ ရုပ်ရှင်ထဲမှာသာ ငါးယောက်တစ်ယောက်ဆိုလည်
မင်းသားနိုင်တာ၊ ဒီမှာဆို ခင်ဗျားကြီးပဲ မှောက်သွားမှာ"

"အစ်ကိုကလည်း ဒီလိုနည်းနဲ့ ဖြေရှင်းချင်တာ မဟု
ပါဘူး ငါ့ညီတို့ရာ"

"ဘယ်လိုလဲ၊ ကျုပ်တို့ကို မောင်းထုတ်ပြီး ခင်ဗျားကြီး
ကောင်မလေးကို ပင့်သွားမလို့လား"

သူတို့၏ အခြေအတင်စကားများကြောင့် ကျွန်မပ
ကြောင်အမ်းအမ်းနှင့် ဘာလုပ်ရမှန်းမသိအောင် ဖြစ်နေ
ဂစ်တာကိုင်ထားသောတစ်ယောက်က အရေးတကြီး ရှေ့
တိုးထွက်လာပြီး. . .

"ဟာ. . . အစ်ကို၊ အစ်ကိုက မဥ္ဇူသကမှာ လာတည်
နေတဲ့. . ."

"အဲ. . . အဲ. . . ဟုတ်ပါတယ်ညီလေးရာ"

"ဟေ့ကောင်တွေ၊ ဒါ ဆရာမြတ်နိုးမြေကွ"

"ဟာ. . . ဆွေးပြီးဗျာ၊ ဆောရီးအစ်ကိုရာ"

"ဒါလည်း မဥ္ဇူသကက ဝန်ထမ်းမိန်းကလေးပါကွ
မနှောင့်ယှက်ကြပါနဲ့နော်"

သူတို့အားလုံး ံအားနာတောင်းပန်သော အကြည့်များဖြ
ကြည့်လျက် ထွက်ခွာသွားကြလေပြီ။



"ကဲ. . ."

"ဘာ ကဲလဲ"

"ဟောဗျာ၊ ကဲ. . . ဘာလုပ်ချင်သလဲ၊ ဘာကူညီရမလဲ
မေးမလို့ပါ"

"ဘာမှ ကူညီစရာမလိုပါဘူး"

"တစ်ယောက်တည်း ဘယ်သွားမလို့လဲ"

"ကျွန်မအကြောင်းနဲ့ ကျွန်မပါရှင်"

"ဘာအကြောင်းပဲဖြစ်ဖြစ် တစ်ယောက်တည်းတော့
န်ပါနဲ့ကွယ်၊ ဟိုလမ်းထိပ်ကစောင့်နေပါ၊ ကျွန်တော် မကေသီ
သွားရှာပေးမယ်လေ"

"နေပါစေ၊ သူ့မှာလည်း ဆွမ်းချက်အဖွဲ့ရဲ့ တာဝန်တွေ
နေတယ်"

"ဒါဖြင့် မယမုံ ဘာလုပ်မှာလဲ"

"ပြန်မယ်"

"တစ်ယောက်တည်း"

"ဟုတ်တယ်"

"မသင့်ပါဘူးကွယ်၊ စောစောက ကောင်လေးတွေက
ကားကြလို့သာ၊ ပွဲခင်းထဲမှာ အရက်မူးနေတဲ့ လူငယ်တွေ
ည်း အများကြီး၊ တစ်ယောက်တည်းတော့ မပြန်ပါနဲ့"

"ရှင်ကရော ပွဲကြည့်မလို့လား"

"မကြည့်ပါဘူး၊ ခဏလာတာပါ"

"ကဲ. . . ဒါဖြင့် မဥ္ဇူသကကို အတူတူပြန်ကြမယ်"

ကျွန်မ၏ ပြတ်သားလွန်းသော ဆုံးဖြတ်ချက်ကြောင့် သူ
တွဲတညြဖြစ်သွားပြီးမှ နှစ်ခြိုက်လိုက်လျောစွာ ပြုံးလျက်. . .

www.burmeseclassic.com

www.burmeseclassic.com



"ပြန်မယ်ဆိုပြီး ဘယ်သွားမှာလဲ"

အနောက်ဘက်သို့ ခြေစလှမ်းနေသော ကျွန်မကို သူက အံ့ဩသလိုပြောနေ၍. . .

"လာပါ၊ အဲဒီလမ်းကနေပြီး နောင်ခမ်းသာရပ်ကို ဖြတ်ပြန်ရင် မဥ္ဇူသကာက အနီးလေး"

"မယမုံတောင် ဒီမြို့ကလမ်းတွေ အတော်သိနေပြီပဲ"

သူ့စကား ကြားရမှ ကျွန်မ၏ လွှတ်လွှတ်သွားသော စကားစများအတွက် နောင်တရမိသည်။

သူ့မှာဖြင့် ဘာသံသယမှ ရှိပုံမရပါ။

"မကေသီများ လိုက်ရှာနေမလား မသိဘူး"

"နေပါစေ၊ သူက ပထမကိစ္စထက် နောက်ထပ်ကိစ္စ အမြဲ ပိုအရေးကြီးတဲ့သူပဲ၊ သူ ယမုံ့ကို မေ့သွားလောက်ပါပြီ"

ကျွန်မထင်သလို သူမထင်။

အတူလာကြသော မိန်းကလေးနှစ်ယောက်အနက် တစ်ယောက် ကျန်ရစ်ခဲ့သည့်အတွက် သူ ပေါ့ဆစွာ တွေးနိုင် မရ။

တပေါင်းလဆန်း ဆယ့်လေးရက်ည၏ လရောင်သည် ဖွေးဆွတ်စွာ အေးမြနေ၏။

လရောင်၏ အထိအတွေ့သည် လူသားတို့၏ ခံစားမှု ပိုမိုနက်ရှိုင်းစေနိုင်သည်။

ကျွန်မစကားမပြောသဖြင့် သူ ဘာမှမပြောဘဲ ဘေးတို ခပ်ခွာခွာမှ ကျွန်မခြေလှမ်းနှင့် ကိုက်ညီအောင် လျှောက်လှမ်း ရင်း သူလိုက်ပါလာသည်။



ကျွန်မမှာ သောကက ရင်နှင့်တစ်လုံးမို့ ကိုယ့်အကြောင်း မဆိုင်သော ကိစ္စ၊ ကိုယ့်အဖြစ်နှင့် မပတ်သက်သော သူများ ကျွန်မအလိုလိုနေရင်း ရန်လိုနေမိခြင်းသာ ဖြစ်တော့သည်။

တကယ်တော့. . .

လသာညမှာ မိန်းကလေးတစ်ယောက်တည်း ပွဲဈေးက လာသည်ဆိုသော အဖြစ်မှာ ဘယ်အမျိုးသားကမှ အထင် စရာမရှိ။

ယခု သူသည် ကျွန်မ ခေါ်ဆောင်ရာလမ်းအတိုင်း ည်ကြည်ကန္ဒြေရှိစွာ ဘာစကားမှမပြောဘဲ လိုက်ပါလာ သည်။

ဘယ်စာအုပ်မှ ဟုတ်တိပတ်တိ မဖတ်ဖူးခဲ့၍ ဘယ် ရေးဆရာကိုမှ ကျွန်မ အထင်မကြီးခဲ့။

ယခု သူ့ကိုဖြင့်. . .

အထင်ကြီးသည့်အဆင့်ထိ မရောက်နိုင်သေးသည့်တိုင် အောင် ကျေးဇူးတင်စိတ်၊ လေးစားစိတ်တို့ ဖြစ်ထွန်းရပါပြီ. . .။

ဤလသာည၏ လမ်းပေါ်မှ မိနစ်များစွာအတွင်းမှာ သည် ကျွန်မဘဝ၏ စည်းရိုးတစ်ခု ဖြစ်ခဲ့ပါပြီ။

"မဥ္ဇူသကမှာ ကြာဦးမှာဆို"

ကျွန်မ သူ့ကို စကားပြောသင့်ပါပြီ။ ခရီးဖော်အဖြစ် သိအမှတ်ပြုရပါတော့မည်။

"မကေသီပြောတာ မဟုတ်လား"

"ဟုတ်တယ်"

"ဘွတ်ကင်တစ်လ ယူထားပါတယ်၊ ဒီနယ်မြေကိုလေ့လာ ရေးမှာဆိုတော့ တစ်လနဲ့မပြီးရင် ဆက်နေဦးမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



အိမ်ခြေများနှင့် ဝေးလာသဖြင့် နွေညသည်ပင် ပူလောင်ခြင်း ကင်းနေ၏။ တပေါင်းလေသည် ဆောင်းလေထက် ပို၍ ညင်သာစွာ မြရုံလေး အေး၏။

"အခန်းခက သိပ်ဈေးကြီးတာ၊ ပိုက်ဆံတွေ အများကြီး ကုန်မှာပဲနော်"

"အဲ. . . တစ်ခါတလေလည်း ကိုယ့်ပရိသတ်အတွက် ပြန်ပြီး ပေးဆပ်ရတာပေါ့ခင်ဗျာ"

သူပြောသော အဓိပ္ပာယ်ကို ကျွန်မ သိပ်နားမလည်ပါ။ သူ ငွေကုန်ခံ၍ လာလေ့လာပြီး ဖတ်လို့ကောင်းအောင် ရေးတာဟု သာမန်အားဖြင့် သဘောပေါက်မိသည်။

တစ်လမ်းလုံး လူရှင်းနေသည်။ ဘုရားပွဲခင်းမှ အငြိမ့် စတေ့(ချ်)ရှိုးနှင့် အရပ်ပြဇာတ်များအားလုံး တီးမှုတ်သီဆို ကပြနေကြလောက်ပါပြီ။ ဇာတ်သဘင်များ ကန့်လန့်ကာမဖွင့် သေးသော်လည်း ကြည့်မည့်သူများ ရုံပြည့်နေလောက်ပြီ။

သည့်အတွက် ပွဲခင်း၏ ပြင်ပတွင် လူသူရှင်းနေခြင်း ဖြစ်သည်။

လမင်း၏ အလင်းရောင်သည် လွှမ်းဆွတ်ကြေကွဲဖွယ် အပေါင်းကို သယ်ဆောင်၍ ကျွန်မ၏ရင်တွင်းသို့ ထိုးခွဲဝင် ရောက်ရှိလာပေသည်ဟု ခံစားမိ၏။

"လမင်းကြီးက ကျွန်တော်တို့ ခြေလှမ်းနဲ့အပြိုင် အပေါ်က က လိုက်လာနေသလိုပဲနော် မယမုံ"

"အင်း"



လသာညများတွင် လမင်းကြီးနှင့် အပြေးပြိုင်ခဲ့ဖူးသော ငယ်ဘဝကို ပြန်လည်အမှတ်ရလာလေ နာကျင်သောရင်က ပို၍ ခံစားလာရလေ. . .

"တောင်ပေါ်မြို့ရဲ့ လပြည့်ညက တကယ် ကြည်နူးစရာ ကောင်းတာပဲနော်"

"ပျော်နေတဲ့သူတွေအတွက်တော့ ဟုတ်မှာပေါ့လေ"

"မယမုံရော မပျော်ဘူးလားဟင်"

"ပျော်ရွှင်ခြင်းဆိုတာ ကျွန်မဘဝမှာ ပျောက်ဆုံးနေတာ ကြာခဲ့ပါပြီ ကိုမြတ်နိုးမြေ"

"ဘာဖြစ်လို့များလဲဗျာ"

"ဒီထက်ပိုပြီး ဘာမှ မပြောပါရစေနဲ့၊ ကျွန်မအကြောင်း တွေလည်း မသိချင်ပါနဲ့လေ"

"သိချင်တာတော့ အမှန်ပဲ၊ ဒါပေမယ့် မမေးတော့ပါဘူး မယမုံ"

ကျွန်မရှေ့တည့်တည့်ကို ကြည့်ရင်း ခေါင်းညိတ်ပြမိသည်။ သူ မြင်သလား မမြင်သလားဖြင့် မသိ. . .

ခေတ္တ စကားစပြတ်သွားပြီးမှ. . .

"ဪ. . . ပြောရဦးမယ်၊ ကျွန်တော့်ကို ကလောင် နာမည် မခေါ်ပါနဲ့တော့နော်၊ မိတ်ဆွေတစ်ဦးအဖြစ်နဲ့ သတ်မှတ်ပြီး ကျွန်တော့်နာမည်ကိုပဲ ခေါ်ပါ မယမုံ"

"နာမည်က ဘာတဲ့လဲ"

"မပြောခင် မယမုံကို "မ"ဖြုတ်ပြီး ခေါ်ရမလား၊ ရင်းနှီးတဲ့ မောင်နှမမျိုးဖြစ်အောင်ပါ။ ရိုင်းတယ်လို့ မထင်ပါနဲ့နော်"

www.burmeseclassic.com

www.burmeseclassic.com



"ရတယ် ကြိုက်သလိုခေါ်"

"တခြားတော့ မခေါ်ပါရစေနဲ့၊ 'ယမုံ'ဆိုတာလေးတော့ ခွင့်ပြုပါ"

"ဒီလောက် ပြောနေရမယ့်လူချင်းတွေမှ မဟုတ်တာ"

"အဟား... ဟား၊ တကယ်ပြတ်သားတယ်ဗျာ၊ ယမုံ့မှာ အတိတ်ဆိုးတစ်ခုခု ပူးကပ်မနေဘူးဆိုရင် ယမုံဟာ အင်မတန် ခင်မင်စရာကောင်းတဲ့၊ သိပ်ပြီး ပွင့်လင်းရိုးသားတဲ့ မိတ်ဆွေတစ်ယောက် ဖြစ်လာမှာပါ"

"တွေ့စက ကျွန်မပြောဖူးတယ်နော်၊ ဘယ်သူနဲ့မှ မိတ်ဆွေမဖြစ်ချင်ဘူးလို့"

"မှတ်မိပါရဲ့ဗျာ၊ ခုတော့ မိတ်ဆွေဖြစ်ပါရစေတော့ ယမုံရယ်၊ ဪ... ကျွန်တော့်နာမည်ရင်းလည်း မှတ်ထားဦးနော်၊ မြတ်စိုးစံ... တဲ့"

"ဘာ... ဘာ"

"မြတ်စိုးစံ"

ကျွန်မ၏ခြေလှမ်းများ ရုတ်တရက် ရပ်တန့်ပြီး သူ့ကို အလန့်တကြား ကြည့်မိသည်။

ဘိုးဘိုးဦးမြတ်စံ၊ ဖေဖေ ဦးစိုးစံတို့၏ နာမည်နှင့် လူ...

"ရှင်... ရှင်ဟာ"

"အို... ယမုံ... ယမုံ... ဘာဖြစ်သွားတာလဲဗျာ"

"ရှင်ဟာ ကျွန်မကို ခြေရာခံနေတဲ့လူ မဟုတ်လားဟင်"

"ဟောဗျာ"

"ရှင်ဟာ ဒီ မိုင်းမွန်သားပဲ မဟုတ်လား"



"အို... ယမုံ ဘာတွေပြောနေတာလဲ"

"ဒီမှာ"

"ဟင်"

"ရှင်ဟာ ဘယ်သူပဲဖြစ်ဖြစ် ဘယ်မျိုးရိုးက ဆင်းသက်လာတဲ့ သွေးပဲဖြစ်ဖြစ် ကျွန်မ မကြောက်ဘူး၊ သိလား... သိလား"

"အို"

"ရှင်သတ္တိရှိရင် ကျွန်မကိုသတ်လိုက်၊ ဘယ်သူ့မှ မကြောက်လို့ မိုင်းမွန်ကို တစ်ယောက်တည်းပြန်လာတာ သိလား"

"ယမုံ... ယမုံ... ဘာတွေပြောနေတာလဲ၊ ဘာဖြစ်သွားတာလဲဗျာ၊ ယမုံ့ဇာတ်လမ်းမှာ ကျွန်တော်ပါတယ် ထင်နေသလားဟင်"

ကျွန်မသူ့ကို နာနာကြည်းကြည်း စူးစူးရဲရဲကြီး စိုက်ကြည့်လိုက်မိသည်။

"မြတ်စိုးစံ"

ဆိုသော အမည်တုနှင့် ကျွန်မဘဝကို ခြိမ်းခြောက်အောင့်ယက် ဖျက်ဆီးတော့မည့်သူကို ကြည့်ရင်း ကျွန်မ ကြက်သီးများ ဖြန်းခနဲ ထလာသည်။ နှလုံးသားသည် အတိုင်းမသိအောင် လှုပ်ရှားယိမ်းထိုးလာ၏။

ကျွန်မ ချာခနဲလှည့်ပြီး ခပ်သွက်သွက် လျှောက်နေဆဲ သူ့အသံကြားရ၍ အမြန်လျှောက်နေရာမှ သူနှင့်ဝေးရာသို့ ကျွန်မ တအားထွက်ပြေးနေခိုက်မှာ...

"ယမုံ... ယမုံ"

www.burmeseclassic.com

www.burmeseclassic.com



"နေဦးလေ"

"ယမုံ. . . ဘာလို့ ပြေးတာလဲ"

"နေဦး. . . ယမုံ"

"ယမုံ. . . ယမုံ. . . ယမုံ"

နောက်ဘက်ဆီမှ သူ့အသံသည်လည်း တဖြည်းဖြည်း ဝေး၍ ဝေး၍ တိုးတိတ်ကျန်ရစ်ပါတော့သည်။

◆ ◆ ◆

နောက်တစ်နေ့မှာ မမကေသီက ကျွန်မကို စကား ပြောရုံမက တစ်ဆိုင်လုံးမှ ဝန်ထမ်းအားလုံးကို မဲ့ကာရွဲ့ကာနှင့် တင်းချပါလေတော့သည်။

"မရောက်ဖူးဘူးဆိုလို့ ငါ့မှာ တခမ်းတနား လိုက်ပြလိုက် ...တာ၊ ဟင်း. . . ကောင်မက ဟိုစာရေးဆရာနဲ့လည်း တွေ့ရော ...ိက်ခနဲ ပါသွားရော၊ ငါ့မှာ ရှာလိုက်ရတာ မျက်လုံးကို ပြူးလို့ ...တို့နှစ်ယောက် ညက မဥ္ဈူသကမှ ပြန်အိပ်ကြရဲ့လား မသိဘူး"

အရောင်းစာရေးမချင်း သာမန်အတင်းစကား မဟုတ် ...ာ့နိုင်။ မိမိဘဝကို ချခင်းပြီး သိက္ခာချလိုက်သော သတင်း ...ား ဖြစ်နေပြီ။

မမကေသီနှင့် ရန်ဖြစ်ထားသော စာရေးမလေး ...သန်းမေ်က မြိန်ရည်ယှက်ရည် ပြန်ပြောပြစဉ်က ရင်မှာ ...တ်ဆတ်ခုန်အောင် ဒေါပွမိသည်။ မမကေသီထံ သွား၍ ...နားရိုက် ဖက်သတ်ချင်သည်အထိ ဒေါသတွေတအား ...ည်နေမိ၏။

www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်ဘူး. . . မဖြစ်သေးပါဘူးလေ"

"ငါ့မှာ ဒီထက်အရေးကြီးတဲ့ လုပ်စရာတွေ အများ ရှိသေးတယ်"

"ပေးဆပ်ရင်းနှီးပြီးမှ ဖော်ထုတ်ရမယ့်ကိစ္စတွေ ကျန်သေးတယ်"

"မမကေသီနဲ့ သွားရန်ဖြစ်လို့ ငါ့ကို အလုပ်ထုတ်လို အခက်"

"ကိုယ့်ဘဝ ကိုယ့်အပြစ်ကို သိနားလည်စွာဖြင့် ကျွန် မခံချင်စိတ်၊ ဒေါသစိတ်များကို မျိုသိပ်ရင်း အသိညာဏ် ချေဖျက်စေရပါ၏။

ရှင်းရှင်းပြောရပါလျှင် သိက္ခာကြီးတစ်ခွဲသားလော ကျွန်မနဲ့အတူ ရှိနေမှ သိက္ခာကျမည်စိုးရသည်။

ပင်ကိုက သိက္ခာပါမလာသူအတွက် သိက္ခာကျမှာ စရာလည်းမလို။

တစ်ခုပဲရှိသည်။ ကျွန်မကိုယ်တိုင်က ဘဝမပျက်အေ ကိုယ်ကိုယ်တိုင် ထိန်းသိမ်းစောင့်ရှောက်ဖို့ပဲ ရှိပါလေသည်

ကျွန်မအံဆောင်ပြန်ရောက်ချိန်မှာ ကိုးနာရီနှင့် မိနစ်။ သူနှင့် လမ်းခွဲချိန်က ရှစ်နာရီ မိနစ်နှစ်ဆယ်ခန့်။ ကျွ တံခါးဖွင့်ပေးသော အဆောင်မှူးနှင့် ကျွန်မ၏ ဟိုဘက် ဟို့ကြက်ခွေရှာသူ 'နန်းမြစိန်'တို့ သက်သေရှိနေပါသည်။

ဒါပေမယ့် ကျွန်မ ဘာကိုမှ ရှင်းပြမနေတော့ပါ။ ကေသီက ကျွန်မကို စကားမပြောသဖြင့် ကျွန်မလည်း မပြေ နေလိုက်ရုံသာ။



"တီရှပ်လိုချင်လို့တဲ့ဗျာ"

"ဟာ. . . ကိုစောနောင်"

ဆယ်နှစ်လောက် ကွဲကွာနေသော သူငယ်ချင်းတစ် ောက်နှင့် ပြန်လည်တွေ့ဆုံလိုက်ရသလို ကျွန်မအပြုံးက ည်လက်တောက်ပစွာ အားရပါးရပြုံး၍ နှုတ်ဆက်လိုက် ည်။

"ကျွန်တော့်ကို မယမုံ မှတ်မိသားပဲ"

ဆိုင်ဖွင့်ပွဲနေ့က ယမုံဟု တင်စားပြောမိခဲ့သော ကျွန်မ၏ ည်ကို သူလည်း သိမှတ်ထားနေဆဲပါပဲလား။

"နန်းထိုက်စံခြံမှာနေသည်"ဆိုသော သူ့ကို ကျွန်မ တ်မိဘဲ နေပါ့မလားဟု ပြောပစ်ချင်လိုက်တာ။

"ကြည့်လေ. . . ဘယ်အစားထဲက ယူမလဲ"

"အိုက်လို့တဲ့ဗျာ၊ တီရှပ်နှစ်ထည်လောက် ဝယ်ပေးပါလို့ ာလို့"

"ပူဆာတယ်ဆိုတော့ လူငယ်လားဟင်"

"ဟုတ်ကဲ့၊ ကျွန်တော့်အလုပ်ရှင်ရဲ့ သားလေးပါ"

ကျွန်မ ကောင်တာမှာ ဝယ်သူရှင်းနေသဖြင့် ကျွန်မက ိုက်တလှဲ့ပြုံးရင်း အထည်များစုံအောင်ပြသည်။ ရင်ဘတ် မှ ဒီဇိုင်းမျိုးစုံကို ဖြန့်၍ဖြန့်၍ ပြရင်း. . .

"ဝယ်သွားပြီး မကြိုက်ဘူးဆိုရင်လေ တခြားစက္ကူအိတ်နဲ့ ာလေး ပြန်ယူလာခဲ့နော်၊ ယမုံလဲပေးမယ် သိလား၊ ဆိုင်ရှင် မသိစေနဲ့ပေါ့ရှင်၊ ကျွန်မကို အဆူခံထိမှာ"

www.burmeseclassic.com

www.burmeseclassic.com



“မလုပ်ပါနဲ့၊ တစ်ခါတည်း ဝယ်သွားပါ့မယ်၊ တော်ကြ
ကျွန်တော့်ကြောင့် ယမုံ အဆူခံထိနေရပါဦးမယ်ဗျာ”

သုန်သုန်မှုန်မှုန်နှင့် ခပ်တင်းတင်းနေတတ်ပြီး အမြဲ
ရန်လိုနေတတ်သော ယခင်က ကျွန်မ၏ မျက်နှာထားမျိုး မဟု
တော့ဘဲ. . .

အလွန်မျက်နှာချို အပြောချိုသော ဈေးသည်မ
အဖြစ် အသွင်ပြောင်းထားရလေပြီ။

“ဒါနဲ့ ကိုစောနောင်နေတာ ဘာခြံ”

“နန်းထိုက်စံခြံပါ”

“အဝေးကြီးလားဟင်”

“မဝေးလှပါဘူး၊ မိုင်းမွန်ချိုင့်ဝှမ်းအလွန်မှာပါ”

“မိုင်းမွန်ချိုင့်ဝှမ်း”

“ဟုတ်တယ်. . . ယမုံ၊ မိုင်းမွန်ချိုင့်ဝှမ်းဆိုတာ
သာယာတယ်၊ ပြီးတော့ အလွန်ကြေကွဲဖွယ်ကောင်
ဇာတ်လမ်းတစ်ပုဒ်လည်း ရှိခဲ့ဖူးတယ်”

“အို. . . ဟုတ်လား”

ဟန်ဆောင်နိုင်ခြင်းကင်းစွာ နှလုံးသားသည် ဆော
တည်ရာမရနိုင်လောက်အောင် လှုပ်ရှားခဲ့ရပါပြီ။

“ဘာ. . . ဘာဇာတ်လမ်းလဲဟင်”

“ပြောရရင်တော့ အရှည်ကြီးပဲ ယမုံ၊ ခုတော့ ယမုံ
ကျွန်တော့်ကို အချိန်ပေးနိုင်မှာ မဟုတ်သေးဘူး”

“ဒါဖြင့် ကိုစောနောင် လာလည်ပါဦးလားရှင်”

“ယမုံ ဘယ်အချိန်အားလဲ”



“ဆိုင်က ညရှစ်နာရီထိ ဖွင့်ပေမယ့် ယမုံတို့ ဂျူတီက
နေ၊ငါးနာရီဆို ပြီးပါပြီ၊ မဉ္ဇူသကရဲ့ နောက်ဘက်က အလုပ်
သမားတန်းလျားမှာ နေပါတယ်၊ သီးသန့်အမျိုးသမီးဆောင်
ပါတယ်၊ အဲဒီကို ကိုစောနောင် လာလည်ပါလားဟင်”

“လာခဲ့မယ် ယမုံ”

“လာခဲ့နော် ကိုစောနောင်”

“စနေ တနင်္ဂနွေရော”

“စနေ နေ့ဝက်၊ တနင်္ဂနွေ အားပါတယ်”

“ကျွန်တော်လည်း အဆင်ပြေတဲ့အချိန် လာခဲ့ပါ့မယ်”

“ဟုတ်ကဲ့၊ ဆက်ဆက်လာခဲ့ပါနော်၊ ယမုံ မျှော်နေမယ်
နော်၊ ကဲ. . . ကြိုက်တဲ့အထည်လည်း ရွေးဦးလေ၊
ကောင်း. . . ဟင်း. . . ဟဲ”

ရင်ထဲက ကြေကွဲနေပါလျက် ရယ်သံထွက်အောင်
ဟန်လုပ်ပြီး သွားဖြီးပြနေရသည့် အဖြစ်က ဘယ်လောက်များ
ရင်နာစရာ ကောင်းလိုက်ပါသလဲလေ။

တစ်ရာ့နှစ်ဆယ်တန် အင်္ကျီနှစ်ထည်ဝယ်၍ ငွေရှင်းပြီး
ထွက်သွားခါနီးမှာ. . .

“ကိုစောနောင် ယမုံ့ဆီကို ဆက်ဆက်လာလည်ပါနော်”

ကျွန်မအသံကို ခပ်တိုးတိုး ခပ်အုပ်အုပ်ကလေး ပြော
ပါသော်လည်း ကိုစောနောင်က အသံကျယ်လောင်စွာ
. . .

“စိတ်ချ၊ လာခဲ့မယ်၊ သွားပြီးနော် ယမုံ”

www.burmeseclassic.com

www.burmeseclassic.com



ကိုစောနောင် ဆိုင်ပြင်သို့ မရောက်ခင်မှာပင်. . .

"ပစ္စည်းရောင်းတဲ့ဆိုင်ပါနော်၊ လူရောင်းတဲ့ဆိုင် အထင်ခံနေရပါဦးမယ်"

မကေသီ၏ ရင့်သီးရိုင်းစိုင်းလှသော စကားကြောင့် ပ က ခံစားမှုရင်မှာ ဒေါသကြောင့် သိမ့်သိမ့်ခါသွားခဲ့ရပါပြီ။

ပြန့်ကျဲနေသော အဝတ်များကို မှန်ရှိုးကေ့စ်ထဲ ပြန်သ ပြီး ကျွန်မ ခပ်တည်တည်ပင် မကေသီရှေ့မှ ဖြတ်လျက် ပိုင်ရှင် ဒေါ်ထားထားရှိန်ရှိရာသို့ သွားပြီး. . .

"မမထား၊ ယမုံက ဆိုင်မှာ အများကြီးလာဝယ်တတ် ဖောက်သည်ကို အဆင်ပြေအောင် ဖိတ်ခေါ်တာပါ၊ မမကေသီပြောတာ မမထား ကြားလိုက်ပါသလား"

"အေး- သဲ့သဲ့တော့ ကြားလိုက်မိတယ်၊ ပြန်ပြောပြ ယမုံ"

"ပစ္စည်းရောင်းတဲ့ဆိုင်ပါနော်၊ လူရောင်းတဲ့ဆိုင်လို့ အထ ခံနေရပါဦးမယ်တဲ့ မမထားရယ်၊ ယမုံလေ. . ."

ကျွန်မ စကားမဆက်နိုင်ဘဲ မျက်ရည်များ ပေါက်ပေ ကျလာတော့သည်။

"မငိုနဲ့ ယမုံ၊ လာ. . . မမထားရဲ့ရုံးခန်းကို လိုက်ခဲ့"

ဒေါ်ထားထားရှိန်က ရှေ့က ဦးဆောင်သွားရင်း. . .

"ကေသီ ခဏလာဦး"

ဒေါ်ထားထားရှိန်၏ ရုံးခန်းမှာ မကေသီနှင့်ပါ ဆုံရမ မျက်ရည်မကျမိအောင် ကျွန်မ တမင် တင်းထားလိုက်သ

"ကေသီ"



"ရှင်. . . မမ"

"မင်းက အသက်လည်းကြီးတယ်၊ မြို့ခံလည်းဖြစ်တယ်၊ မုံဟာ ငယ်သည်၊ ပြီးတော့ လုပ်ဖော်ကိုင်ဖက် ဖြစ်နေပြီ၊ င်းက ညှာရမှာ၊ မင်းဆက်ဆံရေးက ရိုင်းလှချည်လားဟင် သီ"

"မမထား သူ့အကြောင်းမသိလို့ ပြောတာပါ၊ သူက ယောက်ျားတိုင်းကို မျက်နှာချိုသွေးပြီး. . ."

"တော်စမ်း"

ဒေါ်ထားထားရှိန်က ဒေါသနှင့် လှမ်းအော်လိုက်ပြီး. . .

"နေ့လယ်ထမင်းစားချိန်ကျရင် ကေသီ့ကို ခေါ်သတိပေး ဖို့လုပ်တုန်း အခုတစ်ခါ ထပ်ဖြစ်ပြန်ပြီ၊ မင်းပြောတာတွေက င်းတရားလွန်တယ် ကေသီ"

ကေသီ ငြိမ်နေသော်လည်း မျက်နှာက တင်းမာနီမြန်း နေသည်။

"ဒါ မမထားရဲ့ ဖက်(စ်) အဲန် လပ်(စ်) ဝါနင်ပဲ၊ နောက် ခါ ယမုံကိုဖြစ်ဖြစ်၊ ကိုယ့်ဝန်ထမ်းချင်းကိုဖြစ်ဖြစ် ခုလို င်းစိုင်းရင့်သီးတဲ့ စကားမျိုးပြောရင် အလုပ်က ထွက်ရမယ် လည်လား ကေသီ"

"မမထားက ယမုံ့ရုပ်ကလေး သနားရုပ်ပေါက်ကြောင့် သူ့ဘက် လိုက်နေတာပါ၊ ညကလည်း. . ."

"ဟုတ်တယ်၊ ညကကိစ္စကြောင့် ကေသီ့ကို ခုလို နောက် သတိပေးခြင်း ပေးလိုက်တာ"

"ရှင်"

www.burmeseclassic.com

www.burmeseclassic.com



"ညကကိစ္စ မမအားလုံး သိပြီးပြီ၊ ယမုံ မောကြီးပန်းကြ
ပြေးလာတဲ့အချိန်လည်း သိတယ်၊ ဒါကို မင်း မနက်
ဘယ်လောက် သွားပုပ်လေလွင့် ပြောနေတယ်ဆိုတာလည်
ကြားတာပဲ"

"မမထားပဲ စဉ်းစားကြည့်ပါဦး၊ သွားတုန်းက ကေသီ
ပြန်တော့ ဟိုစာရေးဆရာနဲ့"

"ဟုတ်တယ်"

ဒေါ်ထားထားရှိန်က ဆုံလည်ကုလားထိုင်မှာ ခြေချိ
ထိုင်ပြီး. . .

"အဲဒီစာရေးဆရာဟာ ဘယ်သူမှတ်လို့လဲဟင်၊ မင်းစွပ်
သလို ဟိုက အောက်တန်းမကျဘူး ကေသီရဲ့"

ကျွန်မရော ကေသီပါ ငြိမ်၍ ဒေါ်ထားထားရှိန်
ကြည့်နေမိကြသည်။

"မြတ်စိုးစံဟာ မမခင်ပွန်းရဲ့ ဆရာရဲ့သား"

"သူငယ်ငယ်က နိုင်ငံခြားမှာ ကြီးခဲ့တာ၊ ပညာသင်ခဲ့တာ
သူ့အဖေက အငြိမ်းစားသံအမတ်ကြီး၊ သူက ဆရာဝန်ဘွဲ့ရ
နှစ်နှစ်ပဲ ရှိသေးတယ်"

"ဟင်. . . ဒါနဲ့ စာရေးဆရာဆို"

"ဒီနေ့ခေတ်မှာ ဆရာဝန်တော်တော်များများ စာ
ဆရာဖြစ်နေကြတာ ကေသီ မသိဘူးလား"

"ဩော်. . . သူက ဆရာဝန်"

"ဟုတ်တယ်၊ နေတာ ရန်ကုန်မြို့က တက္ကသိုလ်ရိပ်သာ
လမ်းမှာ၊ ခြံကြီးမှ အကျယ်ကြီး၊ နှစ်တိုက်ရှိတာ၊ တစ်တိုက်



အရာရှိ ငှားထားတယ်၊ ချမ်းသာလိုက်တာ ကျိကျိတက်၊
လူက မင်းစွပ်စွဲသလို နေပဲ့မလား"

"ကျွန်မ မှားပါတယ် မမထား"

"အေး. . . အမှားကိုသိရင် ပြင်၊ ထပ်ကျူးလွန်ရင်
လုပ်က ထွက်ရမယ်၊ ကြားလား ကေသီ"

"နောက် မပြောတော့ပါဘူး မမ"

"ကောင်းပြီ၊ သွားတော့"

ကျွန်မရော ကေသီပါ လှည့်ထွက်ကြချိန်မှာ. . .

"ယမုံ ခဏနေခဲ့ဦး"

ဒေါ်ထားထားရှိန်၏ရှေ့မှာ ကျွန်မ ရိုကျိုးစွာ ရပ်နေ
သည်။

"ဒေါက်တာမြတ်စိုးစံက မမထားကို ဒီမနက်ပဲ လာပြော
တယ်၊ ညကကိစ္စအတွက် ယမုံ့ကို ရှင်းပြပေးပါလို့ တောင်းပန်
ပါတဲ့"

"အို. . . သူ့ကိုကြောက်ပြီး ယမုံက ထွက်ပြေးလာတာပါ၊
က တောင်းပန်ရမှာပါ မမထားရယ်"

ဒေါ်ထားထားရှိန်က ဒေါက်တာမြတ်စိုးစံတို့၏ ပြည့်စုံ
ယ်ဝခြင်းများကို အမွှမ်းတင်၍မဆုံး၊ သူ့စကားအပြတ်မှာ
မက ကြားဖြတ်၍. . .

"ဒါနဲ့ အဲဒီ ဒေါက်တာမြတ်စိုးစံဆိုတာ ဒီမိုင်းမွန်မြို့သား
ဟင်"

"ကြုံကြီးစည်ရာ၊ ဒါ ပထမဆုံးအခေါက် ရောက်ဖူးတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟို. . . ဟိုလေ လောကထိပ်ပန်ဘုရားကြီးမှာ လှူထား တဲ့ ဦးမြတ်စံတို့၊ ဦးစိုးစံတို့၊ ဦးကောင်းစံတို့ ဆိုတာတွေ ပတ်သက်သလားလို့ပါ"

"ယမုံ ဒီမြို့က သူဌေးတွေကို ဘယ်လိုလုပ်သိလဲ"

"မနေ့က ဘုရားပွဲသွားရင်း ဖတ်လာတာပါ"

"ဦးကောင်းစံက တစ်ခါမှ မလှူဖူးပါဘူး၊ သူ့နာမည် မြတ်စိုးစံဆိုပေမယ့် အဲဒီအုပ်စုနဲ့ ဘယ်လိုမှ မပတ်သက်ဘူး ယ သူ ဒီမြို့ကိုလည်း မမထားတို့ရှိလို့ လိုက်လာပြီး စာရေးတာ ဒီအလျင်က တစ်ခါမှ မရောက်ကဖူးဘူး"

"သြော်. . ."

"သူက ယမုံ့ကို တွေ့ချင်လို့၊ တောင်းပန်ချင်လို့တဲ့"

"မတောင်းပန်ပါစေနဲ့၊ ရပါတယ်"

"တကယ်လို့ တွေ့ပြီး စကားပြောရင် ကောင်းကော မွန်မွန် ဆက်ဆံလိုက်ပါနော် ယမုံ"

"ဟုတ်ကဲ့ မမထား"

ဒေါ်ထားထားရှိန်က ဟန်ပါပါဖြင့် ခေါင်းကိုငဲ့၍ ညိတ် သည်။

"ညက ယမုံ ပြေးလာမိတဲ့အတွက်လည်း ယမုံ တောင်းပန်ပါတယ်လို့ ပြောပေးပါနော် မမထား"

"သူနဲ့တွေ့မှပဲ ကိုယ်တိုင် တောင်းပန်လိုက်လေ. . . နေ ကဲ. . . ယမုံလည်း သွားနိုင်ပြီ"

"တို့မိသားစုနဲ့ နာမည်တူနေတာပါ"

"မိုင်းမွန်နဲ့ ဘယ်လိမ မပတ်သက်ခဲ့ဖူးသလဲ"



"သူက ဆရာဝန်"

"ပြီးတော့ စာရေးဆရာ"

"သြော်. . . စာရေးဆရာ မြတ်နိုးမြေဆိုတဲ့ ဒေါက်တာ မြတ်စိုးစံ ဆိုသူရယ်. . ."

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

"မိုင်းမောအင်း"သည် မြို့၏ အနောက်ဘက်မှာရှိပြီး "မိုင်းမွန်ချိုင့်ဝှမ်း"သည် မြို့၏ အနောက်မြောက်ဘက်တွင် ရှိသည်။

အင်းနှင့် ချိုင့်ဝှမ်းကို သီးသန့်ပတ်၍ သွားနိုင်သော မြေနီလမ်းရှိ၏။ မိုင်းမွန်မြို့တွင်းမှ ဖြတ်၍ သွားစရာမလို။

ကျွန်မအတွက် နေစရာပေးထားသော မဥ္ဇူသ တည်းခိုရိပ်သာနှင့် စတိုးဆိုင်ကြီးသည် မိုင်းမောအင်းဘက်နှ နီးသည်။

မြို့ထဲမှမဖြတ်ဘဲ အင်းဘေးမှ ပတ်၍ ဖောက်ထားသော ကျောက်လမ်းအတိုင်း ကျွန်မတစ်ယောက်တည်း လျှောက် လာခဲ့ပါ၏။

မိုးမွန်ရောက်သည်မှာ လေးရက်ရှိပြီ။ ယနေ့ ပထမဆုံး လမ်းထွက်ရသောနေ့ဖြစ်၏။

ဗုဒ္ဓဟူးနေ့ ညနေရောက်ပြီး နောက်တစ်နေ့ ဗေဒင်ကိ ခန်းအရ ကြာသပတေးနေ့မှာ ဆိုင်ဖွင့်သည်။ သောကြာ စနေမှာ စဖွင့်သည့်နေ့ကလောက် လူမစည်ကားတော့ပ တစ်ဆယ်ရာခိုင်နှုန်း မလျော့တော့၍လည်း ဖြစ်လိမ့်မည်။



ဆိုင်ဖွင့်ချိန်က နံနက် ၈ နာရီမှ ည ၆ နာရီအထိဖြစ်သည်။ နေ့လယ် ထမင်းစားချိန် တစ်နာရီသာ လူစားခဏထားပေး သဖြင့် ကျွန်မ ဘယ်မှမထွက်သာ။ ညပိုင်းမှာ မိုင်းမောအင်း ဘက်သို့ လာလို့မဖြစ်ပါ။

ယနေ့ တနင်္ဂနွေမှာဖြင့် တစ်နေကုန် အားလပ်ပါ၍ နောက်စောစောကစ၍ ကျွန်မ ထွက်လာခဲ့သည်။

အင်းရေပြင်ဆုံးသည်နှင့် လမ်းက ဆင်ခြေလျှောဖြစ်သွား သည်။

ထင်းရှူးပင်များအောက်ခြေတွင် ထင်းရှူးရွက်ကြွေတို့က အညိုရောင် အထပ်ထပ်ဖြစ်နေသည်။ ထင်းရှူးပင်စည်များ ပေါက်ခိုင်ကြီးထွားလာသည်မှလွဲ၍ ဤမြေ၊ ဤလမ်း၊ ဤ ဘောတန်း တို့သည် ယခင်အတိုင်းပင်။

ဆယ့်တစ်နှစ်ဆိုသော ကြားကာလသည် ကြားခံကာလ အဖြစ် မထင်မှတ်နိုင်တော့ဘဲ တစ်ဆက်တည်း တစ်ပြိုင်တည်း ပြီ ကျွန်မ၏ အသိဉာဏ်မှာ အရာခပ်သိမ်းသည် ရင်းနှီးပြီးသား ဖြစ်နေ၏။

"ဘယ်သွားမှာလဲ၊ ရှေ့မှာ ဖြတ်လမ်းမရှိဘူး"

အောင်မြင်ခံ့ညားသော အသံသြသြကြီးကို အနီးကပ် ကြားလိုက်ရသဖြင့် ကျွန်မ ချာခနဲ လှည့်ကြည့်လိုက်ပြီး လန့် ဖျာက်မှာ ထင်းရှူးပင်စည်နောက်ကို ကွယ်ပုန်းလိုက်မိသည်။

မြင်းညိုကြီးစီးထားသော လူတစ်ယောက်က တောင်ကုန်း ယ်ထိပ်မှာ ရပ်နေ၏။ သူ မြင်းပေါ်က မဆင်းဘဲ...

"မိန်းကလေး တစ်ယောက်တည်းလား"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ အသံပင်မထွက်နိုင်။ ခေါင်းညိတ်ပြလိုက်မိသည်
"ဘယ်ကလာတာလဲ၊ ပြီးတော့ ဘယ်ကိုသွားမလို့လဲ"
"ရှင်၊ ဒီ. . . ဒီဘက်က လာတာပါ။ ဟို. . .ဟို
သွားမလို့"

ကျွန်မ၏ လက်ညှိုးနှစ်ချောင်းလုံးကို တောင်တစ်ဖ
မြောက်တစ်ဖက် ထိုးရင်း ဖြေကြားလိုက်သဖြင့်. . .

"အဟား. . . ဟား၊ မကြောက်ပါနဲ့ကွ၊ မင်း ဘယ်အ
သူလဲ"

"ညည့်သည်ပါ"

"ဘယ်မှာတည်းလဲ"

"မဇ္ဈူသက"

"ဪ. . . နောက်ဖွင့်တဲ့ ဟိုတယ်ကြီးမှာပဲ၊ ဟန်းနီးမွ
ထွက်လာတာလား"

"ဟင့်အင်း"

"ဘယ်သူနဲ့ လာတည်းတာလဲ"

"တည်းတာမဟုတ်ဘူး၊ နေတာ"

"ဘယ်လို"

"မဇ္ဈူသက အရောင်းဆိုင်က စာရေးမပါ။ ဒီမြို့ကို ရော
လာတာ လေးရက်ပဲ ရှိပါသေးတယ်"

သူက ကုန်းထိပ်မှာလည်းဖြစ်၊ မြင်းပေါ်ကလည်းဖြစ်
ကျွန်မရပ်နေသော နေရာနှင့် အလှမ်းဝေးကွာလှသည်။

နေရောင်ကို ကျောခိုင်းထားပြီး ဦးထုပ်ညို ဝိုင်းဝိုင်း
လည်း ဆောင်းထားသဖြင့် သူ့မျက်နှာကို ကောင်းစွာ မမြင်
နိုင်ပါ။



"အဲဒီဘက်ကို ဘာသွားလုပ်မလို့လဲ"

"မရောက်ဖူးလို့ လျှောက်ကြည့်တာပါ"

"ဒါဆိုရင် အဲဒီ မြေနီလမ်းဆုံးတာနဲ့ လှည့်ပြန်တော့နော်"

"ရှင့်"

"သံဆူးကြိုးခတ်ထားတဲ့ ခြံဝင်းထဲတော့ တံခါးဖွင့်ထား
ည်း ဝင်မကြည့်နဲ့နော် မိန်းကလေး"

"ရှင်. . . ဘာဖြစ်လို့လဲ၊ ဘာရှိလို့လဲဟင်"

"ဘာမှမရှိလို့"

"ရှင်. . ."

"သိပ်ကြီးတဲ့ နှစ်ဆောင်ပြိုင်အိမ်ကြီးကလွဲလို့ ဘာမှ
ဘူး၊ ဘယ်သူမှမရှိဘူး"

"ဪ. . ."

"တစ်ခုပဲရှိတယ်၊ အန္တရာယ်"

"ရှင်. . ."

"အန္တရာယ်ရှိလို့ သတိပေးတာ၊ အထဲကိုဝင်ဖို့ မကြိုးစားနဲ့
 မိန်းကလေး၊ ကြားလား"

မြင်းညိုရှင်သည် မြင်းကို သူ့ဖိနပ်ဖြင့် ရိုက်တို့လိုက်ပြီး
ာက်ကိုဆွဲကာ ထင်းရှူးတောထဲသို့ ဝင်ရောက်သွားရာမှ
အတွင်းမှာပင် ကျွန်မ၏မျက်စိအောက်မှ ပျောက်ကွယ်သွား
သည်။

"ဘယ်သူပါလိမ့်"

ထင်းရှူးပင်စည်ကို အားကိုးရာလို ကွယ်ကာ ရာမှ
ာမရွေ့ဘဲ တွေးနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂျာကင်အမည်၊ သားရေဘောင်းဘီ၊ သားရေရော
မြင်းစီးဖိနပ်နှင့် မြင်းညိုကြီးပေါ်မှ လူတစ်ယောက်။

သူ၏ အောင်မြင်ခဲ့ညားသော အသံလှိုင်းများသ
လူငယ်တစ်ယောက်၏အသံ ဟုတ်နိုင်ပါ့မလား။

လူငယ်မဟုတ်ဘဲနှင့်လည်း ဤမျှ ဖျတ်လတ်သွက်လ
စွာ ဒေါင်ကောင်းလှသော မြင်းကြီးကို စီးသွားနိုင်မည်မထ

ဤသို့ အသံစည်စည်ဩဩနှင့် ပိုင်ပိုင်နိုင်နိုင် ပြောတ
သော အသံမျိုးကို ကြားဖူးခဲ့သလိုလို. . .

"အို. . . ဘာပဲဖြစ်ဖြစ် ဒီလူဟာ မိုင်းမွန်သားတစ်ယေ
ပဲပေါ့၊ သူ ဘယ်သူလဲဆိုတာက အရေးမကြီးပါဘူး၊ သူမသွာ
ဆိုတဲ့ အိမ်ကြီးဆီကို ငါ ရောက်အောင်သွားဖို့က အဓိကဓ

ကျွန်မ ထင်းရှူးရိပ်မှ ထွက်လိုက်သည်။

ဆင်ခြေလျှောလမ်းကို ခပ်သွက်သွက်ကလေး ပြေ
လိုက်ပြီး လမ်းမဆုံးမီမှာပင် ကျွန်မခြေလှမ်းတို့သည် တုံ
တန့်သွား၏။

"အိမ်"

"ကျွန်မတို့၏အိမ်ကြီး"

ကျယ်ဝန်းကြီးမားခမ်းနားလှသော ခြံဝင်းကြီးအလ
ကျွန်မတို့မိသားစု ချမ်းသာသုခအပေါင်းကို စံစားခဲ့ရာ ထို
နှစ်ဆောင်ပြိုင်အိမ်ကြီး။

ရင်ထဲမှာ လှိုက်ဆို့လာသည်။

မျက်စိအကြည့်က မြေပြင်ကို တစ်ချက်မျှ ငုံ့မကြည့်
ပါဘဲ အိမ်ကြီးကို စူးစူးစိုက်စိုက် တန်းတန်းမတ်မတ် ကြည့်



ရွှေ့ရွှေ့ ခြံစည်းရိုးနားသို့ ကျွန်မ ကပ်လာသည်။

နိုင်ငံခြား ပက်လက်ကုလားထိုင်ပေါ်မှာ ဒန်းဟေးလ်
ာရက်ကို ဆင်စွယ်အစွပ်တပ်၍ သောက်ရင်း ပြုံးနေတတ်
ာ ဖေဖေဦးစိုးစံ။

သစ်လွင်လှပသော အဝတ်နှင့် ခင်ပွန်းဘေးမှာ ရပ်လျက်
ကြွက်စွာ ရယ်မောနေသော မေမေ ဒေါ်ခမ်းမုံ။

သူတို့နှစ်ဦး ပြိုင်တူကြည့်နေရာအရပ်မှာ ဂါဝန်အဖြူ
လေးကို ဝတ်လျက် ကစားစရာအသစ်များနှင့် ဆော့ရင်း
ပျော်ကြီးပျော်နေသော ခုနစ်နှစ်၊ ရှစ်နှစ်ရွယ် နန်းထိုက်စံ
ာ ချစ်စရာကလေးငယ်. . .

မိသားစုသုံးဦး၏ အပြုံးများ၊ အပျော်များကို ပီပြင်
စွာ မြင်နေရာမှ တဖြည်းဖြည်း ဝါးဝါးလာကာ နောက်ဆုံး
မြင်ရအောင်. . .

ကျွန်မ၏မျက်ဝန်းအိမ်နှင့်အပြည့် မျက်ရည်တို့ ဖုံးပိတ်
လာခဲ့ပါပြီ။

ကိုက်ထားသော သံတိုင်ကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ရင်း
ည်ပေါက်များ ဆက်ဆင့်ကြွေကျလာရုံမက ကြေကွဲ
ငလွန်းသော ရင်ထဲမှ ရှိုက်သံသုံးလေးချက်ပင် ထွက်
. .

"အို. . ."

ကျွန်မဦးနှောက်အတွင်းမှာ အသိတရားတစ်ခု ဝင်လာပြီး
နှင့် မျက်ရည်ကို ကမန်းကတန်းသုတ်ရင်း ရှေ့နောက်

www.burmeseclassic.com

www.burmeseclassic.com



ဝဲယာကို ချာခနဲနေအောင် လှည့်ကြည့်ကာ စိုးရိမ်ထိတ်လ
သွားမိပါ၏။

"ငါ ခုလို အိမ်ကြီးကို မျှော်ကြည့်ပြီး ငိုနေတာ
တစ်ယောက်ယောက် တွေ့သွားရင် မခက်ပါလား"

"ဒီအိမ် ဒီခြံနဲ့ ပတ်သက်ခဲ့ဖူးတဲ့ မိန်းကလေးမို့
လာငိုနေတာ"

လို့ မြင်သူတိုင်းက ထင်တော့မှာပဲ။

ယင်းအသိဝင်သည်နှင့် လက်ကိုင်ပဝါဖြင့် မျက်ရည်
အမြန်သုတ်ပြီး ခြံပတ်လည်ကို ခပ်သွက်သွက် လျှောက်ပစ်
ရသည်။

ဝန်းကျင်က ပြန့်ပြန့်ပြေပြေမို့ မြင်နိုင်သမျှနေရာအ
မှာ လူသူ၏ အရိပ်အယောင်ဟူ၍ ဘာကိုမှ မမြင်ရပါ။

ခြံဝင်းကြီးတစ်ခုလုံးလည်း ရှင်းသန့်နေ၏။

တိုက်ကြီးနှစ်လုံးကို ဆက်ဆောက်ထားသလို အော
က တွဲနေသော်လည်း အမိုးက နှစ်ခုမို့ နှစ်ဆောင်ပြိုင် ဖြ
သည်။

အောက်ခံအုတ်ကွက်ကို နီညိုရောင်သုတ်ပြီး အပေါ်
မှ ကျွန်းသစ်အကာများကို မီးခိုးရောင်သုတ်ကာ သွပ်
အနီရောင် သုတ်ထားပေသည်။

"အင်း. . . ဆေးရောင်တွေက သစ်နေပါလား၊ တ
နှစ်နှစ်အတွင်းမှာ သုတ်ထားတဲ့ ဆေးရောင်ပဲ"

အိမ်တံခါးအားလုံး ပိတ်ထားသည်။

လူသူနေဟန်မရှိ။



"ဒီခြံဝန်းကြီးကို ရှင်းပြီး ဒီအိမ်ကြီးကို ဘယ်သူကများ
ဆေးတွေ သုတ်ထားပါလိမ့်"

"အခု ဘယ်သူပိုင်နေသလဲ"

"ဘယ်သူက တာဝန်ယူပြီး ထိန်းသိမ်းနေသလဲ"

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

အတိတ်ဆီမှ ဒဏ်ရာရ နှလုံးသားသည် ဝေဒနာသ
ကြောင့် ပိုမိုနာကျင် လှုပ်ရှားနေပါပြီ။

မငိုဖြစ်အောင် အားခဲ၍ထိန်းလေ ရင်တွင်းမှ ခံစာ
ဝေဒနာက ပိုမိုပြင်းပြလာလေ.../..။

ဤ မိုင်းမွန်မြို့မှာသာမက ဤပြည်နယ်တစ်ခုလုံး
အချမ်းသာဆုံးဖြစ်သော ကျွန်မ၏အဘိုး 'ဦးမြတ်စံ'က
ခေတ်က ငွေသားတစ်သိန်းနှင့် ဤခြံမြေကို ဝယ်ယူနေ
ခဲ့ခြင်းဖြစ်ပါသည်။

ဦးကောင်းစံနှင့် ဒေါ်တသက်စံဆိုသော အမွေ
အစ်ကိုနှင့် အစ်မကို ငွေအန်းကာ ကျွန်မတို့မိသားစုပိုင်
နေခဲ့ရာမှ...

အတွေးကိုရပ်ပြီး ဝန်းကျင်ကို ကြည့်မိ၏။

ဤဒေသသည် ပြန့်ပြေသော ချိုင့်ဝှမ်းနေရာမို့ ရှုမြင်
အရပ် ရှစ်မျက်နှာမှာ မို့မို့မြင့်မြင့်ဖြစ်သော တောတ
တောင်ချွန်းများသာ ဖြစ်ပေသည်။ သို့သော်လည်း ပေခုနစ်
ထက်ပို၍မြင့်သော နေရာမရှိပါ။



ခြံဝင်း၏ မျက်နှာစာ တစ်ပတ်လုံးဆုံးတော့ ဘေးဘက်မှ
ပြီး အိမ်၏ အနောက်ဆောင်ရှိရာသို့ ကျွန်မ တစ်ယောက်
ည်း လျှောက်လာခဲ့သည်။

"အို... ဟိုးနောက်က အိမ်လေးဟာလည်း အလျင်တိုင်း
လား"

ခြံဝင်း၏ ပြင်ပမှ တောင်ခြေကို မှီကပ်လျက် တစ်ထပ်
တိုက်ကလေးတစ်လုံး ရှိလေသည်။

"ဘဘဆရာဝန်ကြီး၏ တိုက်"

ထိုတိုက်ကလေးမှာလည်း ပေတစ်ရာပတ်လည်ခန့်
င်း သျှခြံနှင့် တသီးတသန့်ရှိပါ၏။ သူ့ဘေးမှာဖြင့် တောအုပ်
တန်းနှင့် ဆက်သွားလေသည်။

"ဟင်... မီးခိုးခေါင်းတိုင်က မီးခိုးတွေ တလူလူ
နေပါလား"

"လူနေသေးတယ် ထင်တယ်၊ ဘဘဆရာဝန်ကြီးပဲလား၊
လူသစ်တွေများလား"

စိတ်ဝင်စားခြင်းကြီးစွာဖြင့် ကျွန်မ တစ်ထပ်တိုက်ကလေး
သို့ ခပ်သွက်သွက်ကလေး လျှောက်သွားသည်။

ခြံဝင်းထိပ်မှာ သော့ခလောက် ခတ်ထားသဖြင့် အတွင်း
လှမ်းခေါ်သင့် မခေါ်သင့် ချင့်ချိန်နေဆဲမှာပင်...

"ဟာ... မယမုံပါလား"

ကျွန်မ အရမ်း လန့်သွားသည်။

မမျှော်လင့် မထင်မှတ်သော အသံတစ်ခုကို အနီးအပ
လိုက်ရသဖြင့် အလန့်လန့်အဖျပ်ဖျပ်ဖြင့် လှည့်ကြည့်လိုက်
ပြုံးနေသော အနီးကပ်မျက်နှာ...

www.burmeseclassic.com

www.burmeseclassic.com



"အို. . . ကိုစောနောင်"

"ဘယ်ကိုလာတာလဲဟင်"

"လမ်းလေးက သာယာလို့ တမင်လျှောက်ကြည့်မိတာ ကိုစောနောင်နဲ့ တွေ့ရတာ ဝမ်းသာလိုက်တာ"

"လာပါလေ၊ မတ်တတ်ကြီး မကောင်းပါဘူး၊ အိမ် ဝင်ရအောင်ပါ"

"ဒီအိမ်က ကိုစောနောင်ရဲ့အိမ်လား"

"မဟုတ်ရပါဘူးဗျာ၊ ကျွန်တော့်ဆရာသမားရဲ့ အိမ်"

"ကိုစောနောင်နေတယ်ဆိုတဲ့ နန်းထိုက်စံခြံက ဘယ် လဲဟင်"

"ဟာ. . . မယမုံက ကျွန်တော်နဲ့ပတ်သက်တဲ့ အားလုံး မှတ်မိနေသားပဲနော်"

သိပ်လှုပ်ရှားနေသော နှလုံးသား၏ အရိပ်အယောင် မျက်နှာမှာ မပေါ်လွင်စေရန် အပြုံးဖြင့် လုံခြုံအောင် ဖုံးလို ပြီးမှ. . .

"ဩော်. . . ဒါကတော့ ကိုစောနောင်ဟာ ယ ပထမဆုံး မိတ်ဆွေလေ၊ ဘယ်သူမှ မသိသေးခင် အလျ သိတဲ့ မိတ်ဆွေကို အသည်းစွဲအောင် မှတ်ထားမိတာပေ အဟဲ. . ."

ကျွန်မ၏ စကားများကို သူ စိတ်ချလက်ချ ယုံ သွားပုံရသည်။

ခြံတံခါးမှာ ချိတ်ထားသော ခေါင်းလောင်းကို လှု လိုက်သဖြင့် အိမ်ထဲမှ လူတစ်ယောက် ပြေးထွက်လာသည်



တောင်ပေါ်မြို့သားမို့ မချမ်းတဲ့အတိုင်း အပေါ်အင်္ကျီ ဗလာနှင့် ဂျင်းဘောင်းဘီကို ဒူးဆစ်နားအထိ လိပ်တွင်ထားလိုက် သေးသည်။

ဗလာကျင်းထားသော ကိုယ်ခန္ဓာအထက်ပိုင်းမှာ အသား အရောင်က ဝင်းဝါပြီး ဘော်ဒီက လှသည်။ သူ့ကိုယ်ခန္ဓာ အလှအပကို ပြချင်၍၊ ကြွားချင်၍ သို့မဟုတ် သူ့ကိုယ်တိုင် ကျေနပ်စွာ မှန်ကြည့်နေချင်၍ တမင်အင်္ကျီမဝတ်ဘဲများ ထားလေသလား။

"ဟာ. . . အစ်ကိုစောနောင်"

သူ့မျက်ဝန်းက ကျွန်မကို စူးစူးစိုက်စိုက် ကြည့်၍ ပြုံးလိုက်ပြီး. . .

"ဘာလဲဗျ၊ အတွဲချောချောလေး ရပြီဆိုပြီး လာကြွား"

"ဟေ့. . . ဟော့ကောင်ထူးထူး၊ မင်းဘာတွေ လျှောက် ပြောနေတာလဲ"

ကိုစောနောင်က ပျာပျာသလဲ ဟန့်တားရင်း ကျွန်မကို အားနာဟန်ဖြင့် တောင်းပန်သော အကြည့်ဖြင့် ကြည့်၏။

"ထူးထူးတဲ့"

အဝေးကကြည့်တော့ တကယ့်လူကြီးတစ်ယောက်လို အရပ်မြင့်မြင့် ဗလတောင့်တောင့်နှင့်. . .။

ယခု အနီးကပ်မြင်ရတော့မှ 'ချာတိတ်ပဲ'ဟု သူ့မျက်နှာကို ကြည့်ပြီး ကျွန်မသိမှတ်လာရသည်။

"ဒါ. . . မဋ္ဌူသက စတိုးဆိုင်ကကွ၊ ခုမှ မိုးမှန်ကို ရောက်ဖူးတဲ့ ဧည့်သည်၊ ဟိုနေ့က မင်းအင်္ကျီတွေ ဝယ်ခိုင်းပါရော

www.burmeseclassic.com

www.burmeseclassic.com



လာ၊ ငါ သုံးခေါက်တောင် သွားဝယ်ရင်းနဲ့ စပြီး သိလာတာ နာမည်က မယမုံတဲ့"

"မယမုံ"

"ဟုတ်ပါတယ်ကွယ်"

ထူးထူးက ခြံတံခါးဖွင့်ပေးလိုက်သည်။

"ဒီကောင် ထွားနေလို့၊ ဆယ့်ခြောက်နှစ် ပြည့်ပြီးရုံပဲ ရှိသေးတာ၊ ဆယ်တန်းအောင်ပြီးသွားပြီလေ၊ ကျောင်းဖွင့်ရင် တက္ကသိုလ်တက်ဖို့ စောင့်နေတာ"

"ဩော်. . . ဩော်၊ ဒါဆို ယမုံ့ထက် ငယ်တာပဲ"

"ယမုံက ဘယ်နှနှစ် မို့လို့လဲ"

"နှစ်ဆယ်"

"လှတဲ့လူတွေဟာ နုတယ်နော်၊ နှစ်ဆယ်လို့ မထင်ရဘူး ကျွန်တော်နဲ့ ရွယ်တူလောက်ပဲ ရှိပုံရတယ်"

စကားကို ထင်ရာစွတ်ပြောလေ့ရှိပုံရသော ထူးထူးစကားကြောင့် အားနာဟန်နှင့် ကိုစောနောင်က ကြည့်နေရှာသည်။

ကိုစောနောင်ကဖြင့် ကျွန်မထက် နှစ်နှစ်၊ သုံးနှစ်လောက် ကြီးမည်ထင်ပါသည်။

"အိမ်ထဲဝင်ထိုင်ပါဦး၊ ဖေဖေနဲ့ မေမေတို့တော့ မရှိကြဘူး"

တစ်ထပ်တိုက်ကလေးအတွင်း ဝင်ရောက်လာခဲ့ကြသည်။ ညှို့ခန်းထိပ်မှ မီးဖိုနှင့် မီးဖိုးခေါင်းတိုင်ကို ပြန်မှတ်မိသည်။ ကျွန်မငယ်စဉ်က မြင်ရသော အိမ်ထောင်ပရိဘောဂမျိုး မဟုတ်၊ အားလုံး ပြောင်းလဲနေ၏။

"ထိုင်ပါ မမယမုံ"



'မမယမုံ' ဆိုသော ထူးထူး၏ အသံလှိုင်းသည် ကျွန်မ၏ နှလုံးသားကို ရှပ်တိုက်ဖြတ်သန်းသွားသလို သိမ့်ခနဲ ခါ၏။

ထူးထူးအိမ်ထဲ ဝင်သွားပြီး ချက်ချင်းလိုပင် ပြန်ထွက်လာချိန်မှာ နွားနို့နှစ်ဖန်ခွက် ပါလာသည်။

"ဟာ. . . ညှို့သည်ကိုပဲ တိုက်ပါ၊ အစ်ကိုမသောက်ပါဘူး"

"ယမုံ့ကို ညှို့သည်လို့ သဘောမထားကြပါနဲ့လားရှင်၊ ဒီမြို့မှာ အသိမရှိ၊ ဆွေမျိုးမရှိမို့ ကိုစောနောင်တို့၊ ထူးထူးတို့ကိုပဲ မိတ်ဆွေရင်းလို၊ အစ်ကိုတွေ မောင်တွေလို သဘောထားပါရစေနော်"

ကျွန်မ၏စကားကို နှစ်ယောက်စလုံး သဘောကျသွားကြပုံရသည်။ အပြုံးတွေဝေနေ၏။

"ဒီမြို့က သိပ်လှတယ်၊ ဒီနေရာလေးက ပိုပြီး သာယာတယ်၊ ထူးထူးတို့ဒီမှာနေတာ ကြာပြီလားဟင်"

"အင်း. . . ကြာပြီ၊ ကျွန်တော့် ဇာတိရွာကတော့ ဒီမြို့က အိုးမိုင်ဝေးတဲ့ အင်းမရွာကပါ၊ မေမေက အဲဒီရွာသူပါ၊ နောက်တော့မှ ဒီပြောင်းလာကြတာ"

"သူငယ်သေးလို့ 'ဒေါ်နန်းမူ'က ဒီကို လိုက်မလာသေးတာပါ၊ ခုတော့လည်း ဒီမှာ မိသားစုနေတာ ကြာပါပြီ"

သူတို့ချင်း အကြည့်ဆုံကြသည်။

ကိုစောနောင်သည် ခင်မင်ဖွယ်ကောင်းသော်လည်း ထူးထူးမျက်နှာလေးက ပို၍ အပြစ်ကင်းစင်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ကိုစောနောင်ပြောတာကို ယမုံ သိပ်စိတ်ဝင်စား သွားမိတယ်၊ မိုင်းမွန်ချိုင့်ဝှမ်းဟာ သိပ်သာယာတယ် ပြီးတော့. . .

"မယမုံရာ အလကားပါ"

ကိုစောနောင်က သူပြောခဲ့သော အကြောင်းရာများကို ထူးထူးသိစေချင်ပုံမရ။

"ဟိုနှစ်ဆောင်ပြိုင်အိမ်ကြီးမှာ လူမနေတာကြာပြီလား"

"ကြာပြီ"

"ဆေးတွေသုတ်ပြီး သန့်ရှင်းနေအောင်တော့ လုပ်ထား သားနော်၊ အဲဒါတွေကို ဘယ်သူက လုပ်နေတာလဲ"

"ထူးထူးတို့ ဖေဖေပါ"

"ဩော်. . . ဒါဖြင့် ထူးထူးတို့ဖေဖေက ဒီအိမ်ကြီးကို ဝယ်လိုက်တာလား"

"အဲဒါ မသိဘူး၊ ဘယ်တော့မှ မေးလို့မရဘူး"

"အို. . . အဲဒီအိမ်ကြီးအကြောင်းက ပဟေဠိလိုပဲနော် ယမုံ သိချင်လိုက်တာ၊ ပြောပြကြပါလားရှင်"

"ကျွန်တော်တို့လည်း ဒီထက်ပိုပြီး ဘာမှမသိလို့ပါ မယမုံ"

ကိုစောနောင်၏ အဖြေအဆုံးတွင်. . .

"မမယမုံ ဒီအကြောင်းတွေ သိချင်ရင် ဖေဖေနဲ့ ဆုံမယ့် မယ်၊ ဖေဖေ့ကို မေးကြည့်နော်"

"ကျေးဇူးပဲ ထူးထူးရယ်"

"မယမုံ၊ ကျွန်တော့်ခြံကို လိုက်လည်ဦးလေ"

"ဟုတ်ပါရဲ့၊ လိုက်လည်ချင်ပါတယ်၊ ခြံနာမည်လေး ကလည်း စိတ်ဝင်စားစရာနော်၊ အတော်ဝေးသေးလား"



"သိပ်တော့ မဝေးတော့ပါဘူး၊ နမ့်(မ်)တုန် စမ်းချောင်း တံတားလေး ကျော်ပြီးရင် ရောက်ပါတယ်"

"သွားကြတာပေါ့၊ ထူးထူးရောလိုက်ခဲ့လေ"

"လိုက်လို့မဖြစ်ဘူးထင်တယ်၊ ဆရာပြန်လာလို့ သူ့သား မတွေ့ရင် မကောင်းဘူး"

ထူးထူးထံမှ အဖြေမရမီ ကိုစောနောင်က ပိတ်၍ ပြော လိုက်ခြင်းဖြစ်သည်။

နမ့်(မ်)တုန် စမ်းချောင်းဆိုသော အမည်သည်လည်း ကျွန်မနှင့် ရင်းနှီးပြီးသား။ စမ်းချောင်းပေါ်မှ တံတားဖြူလေးကို ဖြတ်ပြီး တည်းပင်နှင့် မက်မုံသီးပင်များ ဖြာဝေနေသော ခြံကျယ်ကြီးတစ်ခြံကိုလည်း ကျွန်မ ပြန်လည်မှတ်မိလာပါပြီ။

"သွားကြတာပေါ့လေ၊ ဒါနဲ့ အဲဒီခြံကို နန်းထိုက်စံခြံလို့ ဘာဖြစ်လို့ခေါ်တာလဲဟင်"

"ဘာဖြစ်လို့ မေးတာလဲ မယမုံ"

"ဩော်. . . နာမည်လေးက နန်းဆန်လို့ စိတ်ဝင်စားလို့ မေးကြည့်တာပါ"

"ကျွန်တော် တိတိကျကျ မသိပါဘူး"

"မမယမုံ"

ထူးထူးဘက် လှည့်ကြည့်လိုက်တော့. . .

"အဲဒီနားက ခြံတွေ၊ မြေတွေ၊ အဆောက်အအုံတွေရဲ့ ရာဇဝင်အားလုံးကို ဖေဖေမှ အစအဆုံးသိတာ ဖေဖေ သာအောင် စောင့်လိုက်ပါလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . ဟော့ကောင် မလုပ်နဲ့ ထူးထူး၊ ဆရာက သူ့ခြံကို ညွှန်ကြားလာတာ ကြိုက်ချင်မှကြိုက်မှာ၊ ဆရာပြန်မလာခင် တို့သွားကြမယ်"

"ပြန်တော့ရော ဖေဖေက မတွေ့ဘဲနေမလား"

"ဒီလမ်းက မပြန်ဘူးလေ၊ မိုင်းမောအင်း လမ်းခွဲကနေ လက်ပံနီရွာကို ပတ်ပြီး မြို့ထဲ ပြန်လိုက်ပို့မှာပေါ့"

ကိုစောနောင်ဆိုသောသူနှင့် ကျွန်မ နှစ်ယောက်တည်း စကားပြောချင်လှပါသည်။

"ဒါနဲ့ ထူးထူးမေမေရောဟင်"

"ရွာကို အဘွားနေမကောင်းလို့ ပြန်သွားပါတယ်၊ နက်ဖြန်မှ ပြန်လာမယ်တဲ့"

"ထူးထူးဖေဖေကရော"

"မြင်းသွားစီးတာ ပြန်မလာသေးဘူး"

ကျွန်မသည် လမ်းသို့လာစဉ်က မြင်းစီးသမားကြီးတစ်ဦးနှင့် ဆုံခဲ့ရပုံကို သတိရလာသည်။

"ထူးထူးဖေဖေက ကျန်းမာရေး သိပ်လိုက်စားတာ နေ့တိုင်း မြင်းစီးတယ်"

"ဪ. . ."

"ဒါနဲ့ ထူးထူးနာမည် အပြည့်အစုံက 'မြတ်ထူးမောင်'တဲ့ သူ့အဖေနာမည်ပါ ပါအောင် မှည့်ထားတာ"

"ထူးထူးဖေဖေက ဘယ်သူလဲ"

"ဆရာဝန်ကြီးပါပဲ၊ ဒေါက်တာဦးဖေသိန်းမောင်တဲ့"

"ဒေါက်တာဦးဖေသိန်းမောင်"



"ဟုတ်ပါတယ်၊ ဒေါက်တာဦးဖေသိန်းမောင်နဲ့ ဒေါ်နန်းမူတို့ရဲ့ တစ်ဦးတည်းသားလေးက မြတ်ထူးမောင်ပါတဲ့ မယယ်မုံ"

အကြီးအကျယ် အံ့ဩလွန်းသော ခံစားမှုများ မပေါ်လွင်စေရအောင် နှုတ်ခမ်းကို ငုံ့သောက်လိုက်ရပါ၏။

"ဒေါက်တာဖေသိန်းမောင်"

"ဘဘဆရာဝန်ကြီး ဦးဖေသိန်းမောင်က ဒီမှာ အိမ်ထောင်ရက်သားကျပြီး အတည်တကျရှိနေပါလား"

"ဟော. . . ပြောရင်းဆိုရင်း မြင်းခွာသံကြားတယ်၊ သေဖေပြန်လာပြီ မမယယ်မုံ"

ထူးထူး၏စကားကြောင့် ကျွန်မ ဤနေရာမှ ချက်ချင်းပင် ထ၍ ထွက်ပြေးချင်မိသည်။

ဘဘဦးကောင်းစံနှင့် ကြီးကြီးဒေါ်တသက်စံမှလွဲလျှင် ဤမိုင်းမွန်မြေမှာ ကျွန်မနှင့် အရင်းနှီးဆုံး၊ ကျွန်မ၏ အကြောင်းကို အသိဆုံးလူသည် ဘဘဆရာဝန်ကြီး ဦးဖေသိန်းမောင်သာတည်း။

"ငါ့ရဲ့ ငယ်ရုပ်ကို မှန်းပြီး သိသွားရင်တော့ ဒုက္ခပဲ"

ရင်သည် လှုပ်လှုပ်ခုန်လာ၏။

သူတို့သာ စေ့စေ့စပ်စပ် အကဲခတ်ကြမည်ဆိုလျှင် ကျွန်မ အမူအရာ ပျက်နေသည်ကို ရိပ်မိကြလိမ့်မည်။

ယခုတော့ သူတို့၏အကြည့်က အိမ်ရှေ့ဆီမှာ၊ ကျွန်မသည်း လှမ်းကြည့်မိရာ. . .

"ဟင်. . . ငါလမ်းမှာတွေ့ခဲ့တဲ့လူပဲ"

ဦးထုပ်ညို၊ ဝိုင်းဝိုင်းကြီးနှင့် မြင်းစီးသမားကြီးသည် ခွာအားကျားလျားလျား ကြွကြွခိုင်ခိုင်။

www.burmeseclassic.com

www.burmeseclassic.com



ဦးထုပ်ချွတ်လိုက်တော့မှ သူ့မျက်နှာကို သဲကွဲစွာ မြင်လာရသည်။

"ဘဘဆရာဝန်ကြီး"

ရင်ထဲမှ တလှိုက်တလှဲ ခေါ်လိုက်မိသည်။

သူ့ရင်ခွင်မှာ အခါများစွာ အိပ်ပျော်ခဲ့ပြီး ကျွန်မကို ချိုး ချစ်ခင် ယုယခဲ့သော အမျိုးသားကြီး. . .

ဆံပင်များကျဲပြီး ထိပ်အနည်းငယ် ပြောင်သည်မှ လွဲလျှ ဟိုးယခင် ဆယ့်တစ်နှစ်ကာလက အတိုင်းပင်. . .။

ဒေါက်တာဦးဖေသိန်းမောင်က ခပ်သွက်သွက် အိမ်ပေ တက်လာပြီးမှ ကျွန်မကို မြင်လိုက်သဖြင့် အံ့ဩလွန်းစွာ. . .

"ဒါ စောစောက လမ်းမှာတွေ့လိုက်တဲ့ မိန်းကလေး သူ ဒီကို ဘာလာလုပ်တာလဲ"

ကိုစောနောင်နှင့် မြတ်ထူးမောင်ကို တစ်လှည့်စီ ကြည့်

"ကိုစောနောင်နဲ့ သိလို့ လာလည်တာ"

"မဟုတ်ဘူး ခင်ဗျ၊ သူဟာသူလာရင်း တွေ့တာ"

အပြစ်ကျမှာစိုးသဖြင့် ကိုစောနောင်က ခေါင်းရှောင်

"ဟုတ်ပါတယ်ဦးရယ်၊ ကျွန်မ မရောက်ဖူးလို့ လျှော ကြည့်ရင်း ဒီဘက်ကို ရောက်လာတာပါ"

"မြေနီလမ်းဆုံးတာနဲ့ လှည့်ပြန်လို့ ငါ သတိပေးလိုက် သားပဲ"

"ဟုတ်ကဲ့. . . ဟို. . . ဟိုဘက်က အန္တရာယ်အိမ်ကြီး ကို ကျွန်မဝင်ဖို့ မကြိုးစားပါဘူးရှင်၊ ဒီဘက်ကို ကွေ့လျှော လာရင်း ကိုစောနောင်နဲ့ တွေ့တာပါ"



"စောနောင်၊ မင်း ဒီမိန်းကလေးနဲ့သိတာ ဘယ်လောက် ကြာပြီလဲ"

"သူတို့ ဆိုင်ဖွင့်တဲ့နေ့က"

"ဟုတ်တယ်၊ အကျီတွေ လျှော့ဈေးရတာနဲ့ သုံးထည် သုံးခေါက် ဝယ်နိုင်းရင်း သူတို့ချင်း သိသွားကြတာ"

ဦးဖေသိန်းမောင်က ခေါင်းညိတ်ပြီး သူ၏ မြင်းစီးအဆင် တန်ဆာများကို ချွတ်သည်။

ဦးဖေသိန်းမောင်၏မျက်နှာသည် ကျွန်မငယ်စဉ်ကလိုပင် တည်ကြည်ခံ့ညားဆဲပါ။

သူ့သားနှင့် သူ့တပည့်က ကျွန်မကို လက်ခံထားခြင်း အတွက် သိပ်ပြီး သဘောတွေ့ဟန်မတူ။

သူက အဝတ်များချွတ်၊ ချွေးသုတ်၊ အကျီလဲပြီး ကျွန်မ ရှေ့မှာ ကျကျနန လာထိုင်ကာ ကျွန်မကို သေသေချာချာ ကြည့် နေ၍. . .

"ဘုရား. . . ဘုရား၊ ငါ့ ငယ်ရုပ်ကိုမှန်းပြီး သိသွားရင် တော့ ဒုက္ခပါပဲ"

"မင်းနာမည် ဘယ်လိုခေါ်လဲ"

"ယမုံပါ"

"မိဘတွေကရော"

"မီးရထားစက်ခေါင်းပြင်တဲ့ ဦးအောင်ကြိုင်နဲ့ ဒေါ်တင်လှ ပါ"

"ဒီမှာ အလုပ်လာလုပ်တာ မိဘတွေ သဘောတူသလား"

"ဟုတ်. . . ဟုတ်ကဲ့၊ တူပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ဦးဖေသိန်းမောင်၏ အကြည့်ကို မခံယူရဲတော့ပါ။ ဆတ်ဆတ်တုန်လာသော အောင်နှုတ်ခမ်းလေးကို ဖိကိုက်ရင်း ခေါင်းငုံ့ထားရ၏။

"ဒီမှာ မိန်းကလေး"

"ရှင်"

"မင်း သိပ်ကြောက်နေပုံရတယ်၊ ဦးကို မှန်မှန်မပြောရင် မလွယ်ဘူးနော်"

"ရှင်"

"မင်း ဒီကို တစ်ခုခုစုံစမ်းဖို့ လာတာလား"

"ရှင်. . . ကျွန်မ. . . ကျွန်မ ဘာမှစုံစမ်းစရာ မရှိပါဘူး ရှင်၊ ဒီမြို့ကို တစ်ခါမှလည်း မရောက်ဖူးပါဘူး၊ ဒီ. . . ဒီနေရာ အားလို့ လျှောက်ကြည့်ရင်း. . ."

ကျွန်မ စကားမဆက်နိုင်တော့ပါ။ အရှိန်အဝါကြီးမားလှသော မေးခွန်းများကြောင့် ကျွန်မတစ်ကိုယ်လုံး ရှိန်းနွေးကာ ချွေးများ ပျံလာသည်။

ကျွန်မအသက်အရွယ်၊ ကျွန်မ၏ အတွေ့အကြုံ၊ ကျွန်မ၏ အသိဉာဏ်လောက်နှင့် ဦးဖေသိန်းမောင်ကို ယှဉ်လို့ မရနိုင်ကြောင်း ကျွန်မ နားလည်ခဲ့ရပါပြီ။

"ဖေဖေကလည်းဗျာ၊ သူ ရိုးရိုးသားသားလာတာ ဖြစ်မှာပါ၊ မယုံလည်း ရှာကြည့်ပေါ့၊ မိန်းကလေးတစ်ယောက်တည်းက ကျွန်တော်တို့ကို ဘာလုပ်နိုင်မှာမို့လဲ"

မြတ်ထူးမောင်သည် ကျွန်မဘက်က ရပ်ပေးရှာသည်။ ဖခင်ကိုကြည့်သည့် အကြည့်ကပင် စိမ်းလွန်းနေ၏။



နောင်ကိုလည်း ကျွန်မအတွက် ခင်မင်အားကိုးဖွယ်ရာ ကောင်လေးတစ်ယောက် ဖြစ်လာနိုင်မည်ဟု ကျွန်မယုံကြည်နေသည်။

"နာမည်က ယမုံနော်"

"ဟုတ်ကဲ့ပါရှင်"

"ဦးကို မကြောက်ပါနဲ့၊ ရိုးရိုးလာလည်တာဆိုရင်လည်း လက်ခံပါတယ်၊ စုံစမ်းတာဆိုရင်လည်း ရှင်းပြဖို့ အသင့်ပဲ"

"ရှင်"

"ဒေါက်တာ ဖေသိန်းမောင်၏ ပြတ်သားလွန်းသော စကားကြောင့် ကျွန်မ ကြောင်သွားမိသည်။

မယုံမရဲ ဖြစ်နေခဲ့ရသော ဒေါက်တာ ဖေသိန်းမောင်ကို လည်း ဟိုးယခင်ကအတိုင်းပင် ယုံကြည်စိတ်ဝင်လျက်. . .

"စုံစမ်းဖို့လာတာတော့ မဟုတ်ရပါဘူး၊ ဒါပေမယ့် ဒီလမ်းကို လျှောက်လာမိကာမှ ဦးက အန္တရာယ်ရှိတယ်လို့ ပြောပါတယ်၊ အဲဒါကြောင့် အဲဒီအိမ်ကြီးအကြောင်း ကျွန်မ သိချင်ပါတယ်ဦး"

အားတင်းလိုက်တော့လည်း အနှစ်နှစ်အလလက တည်ဆောက်မွေးယူထားခဲ့သော သတ္တိများက ပြန်လည် အားပြည့်လာသည်။

"ပိုင်ရှင်တွေက ဘယ်မှာလဲဟင်"

"မသိဘူးကွယ်"

"ဟင်. . . ဦးကိုယ်တိုင် မသိဘူးလား"

"သူတို့ကိုတော့ သိတာပေါ့၊ သူတို့ ဘယ်မှာနေကြလဲ ဆိုတာသာ မသိတာ"

www.burmeseclassic.com

www.burmeseclassic.com



"ပိုင်ရှင်နာမည်က ဘယ်သူလဲဟင်"

"ပထမပိုင်ရှင်က ဦးမြတ်စံတဲ့၊ ဒီအိမ်ကြီးထဲမှာပဲ သေသွား တယ်၊ ဒုတိယပိုင်ရှင်က ဦးစိုးစံတဲ့၊ ဦးမြတ်စံရဲ့သား"

"ဦးစိုးစံ"

ချစ်လှစွာသော ဖခင်ကြီး၏ အမည်ကို ရွတ်ဆိုကြ မိသည်။ ရင်ထဲမှာ စူးခနဲ နင့်သွားပါ၏။

"ဟုတ်တယ်၊ ဦးစိုးစံဟာလည်း လေဖြတ်သလို ဘာလို နဲ့ နှလုံးရပ်ပြီး ရုတ်တရက်ကြီး သေသွားတာ"

"အို"

"အဲ. . . သူ့ဇနီးနဲ့ သမီးလေးလည်း ပျောက်ချင်း ပျောက်သွားလိုက်တာ ဒီနေ့ထိ ဘာသတင်းမှ မရဘူးကွယ်"

"ဟင်. . . ဒါ. . . ဒါဖြင့် အဲဒီ ဦးစိုးစံရဲ့ ဇနီးနဲ့သ ပြန်လာရင် အဲဒီအိမ်ကြီးကို ပြန်အပ်ရမှာပေါ့နော်"

"အင်း. . . လမ်းစဉ်ကတော့ ဒီအတိုင်းပေါ့၊ ဒါပေမ ဦးစိုးစံမသေခင်က ပြဿနာတစ်ခု မရှင်းလင်းတာ ကျန် တယ်၊ အဲဒီကိစ္စ ရှင်းနိုင်မှပဲ ဦးစိုးစံရဲ့ ဇနီးနဲ့သမီးက ဒီအိ ဒီမြေတွေကို အမွေဆက်ခံခွင့်ရမှာ"

"ဘာ. . . ဘာပြဿနာလဲဟင်၊ ဦးစိုးစံမှာ ဘာပြဿ ရှိခဲ့လို့လဲဟင်"

"အို"

"အဲဒီ ဦးစိုးစံရဲ့ဇနီးနဲ့ သမီးတို့ ပြန်လာတဲ့နေ့ကျရင် သက်ဆိုင်ရာ စာချုပ်စာတမ်းကိုင်တဲ့ ရှေ့နေနဲ့ ရှင်းကြရုံပဲ"

"အမွေမှု ရင်ဆိုင်ရဦးမယ်လား"



"အဲဒီလောက်အထိတော့ ဖြစ်ဖို့မရှိဘူးထင်ပါတယ်"

တည်ကြည်ငြိမ်သက်စွာ ပြောကြားနေသော ဒေါက်တာ သိန်းမောင်ကို လေးစားစွာ ကျွန်မ ငေးကြည့်နေမိပါသည်။

"ဦးက ဦးစိုးစံရဲ့မိတ်ဆွေပါ၊ သိပ်ပြီး ချစ်ခင်ရင်းနှီးကြတဲ့ မိတ်ဆွေပါကွယ်၊ ဒီတိုက်ကလေးကိုလည်း ဦးနေဖို့ ပေးထား တာပါ"

"ဩော်"

"ဦးက ဒီတိုက်ကလေးလည်း ပြုပြင်ပြီးနေပါတယ်၊ ဟိုအိမ် ကြီးကိုလည်း ဦးရဲ့ ကိုယ်ပိုင်ငွေနဲ့ သန့်ရှင်း၊ ဆေးသုတ်၊ လိုအပ် တာ ပြင်ဆင်ပြီး ဟိုယခင်ကအတိုင်းရှိနေအောင် ဂရုစိုက်ပြီး ထိန်းသိမ်းပေးထားပါတယ်"

"ဟုတ်ကဲ့၊ ပိုင်ရှင်တွေကတော့ ကျေးဇူးတင်မှာပဲနော်"

"တင်စရာ မလိုပါဘူး၊ သူတို့မြေ၊ သူတို့တိုက်ကလေးမှာ ဦးတို့မိသားစု အလကားနေရလို့ ဦးက ကျေးဇူးတင်ရမှာပါ၊ ခုလို ထိန်းသိမ်းစောင့်ရှောက်ပေးဖို့ကလည်း ဝတ္တရားရှိပါတယ်လေ"

"ဩော်. . . ဦးရယ်"

"ကဲ. . . တခြားသိချင်တာရှိရင်တော့ တခြားမှာ စုံစမ်း ကြည့်ပေါ့ ဟုတ်လား၊ အခုပြောတာ ဦးပြောနိုင်တာ အကုန်ပဲ၊ သိတာလည်း အဲဒါအားလုံးပဲ"

"အဲဒီ သားအမိက ဘယ်ရောက်သွားတာတဲ့လဲ ဦးရယ်"

"မသိဘူး၊ မနက်အစောကြီး ကားနဲ့ တိတ်တိတ်ထွက်ပြေး ပြီး ပြန်မလာကြတော့တာပဲ"

"သေကုန်ကြပြီလား မသိဘူးနော်"

www.burmeseclassic.com

www.burmeseclassic.com



"ဦးကတော့ သူတို့ တစ်နေ့ပြန်လာကြမှာပါဆိုတဲ့ မျှော်လင့်ချက်နဲ့ စောင့်ပြီး ထိန်းသိမ်းပေးထားတာပဲလေ"

"သူတို့ပြန်လာရင် ကျေးဇူးတင်ကြမှာပါ"

"ကျေးဇူးတင်တင် မတင်တင် အရေးမကြီးပါဘူး၊ ဦးက ကွယ်လွန်သူ ဦးရဲ့ ကျေးဇူးရှင် မိတ်ဆွေကြီး ဦးစိုးစံအတွက် သူ့ကိုယ်စား ဆောင်ရွက်ပေးနေတာပါ"

"ဪ. . . ဟုတ်ကဲ့"

"ကဲ. . . ဒါပဲမဟုတ်လား၊ ဦး ရေချိုးလိုက်ဦးမယ် ထူးထူး၊ နွားနို့နွေးထားလိုက်စမ်း"

"ဟုတ်ကဲ့"

ဒေါက်တာဖေသိန်းမောင်က ပြတ်သားစွာပြောပြီး တည်ငြိမ်စွာပင် အိမ်ထဲ ဝင်သွားတော့သည်။

"ဘဘဆရာဝန်ကြီးရယ်"

"သမီးနန်းထိုက်စံ ပြန်ရောက်လာပါပြီ"

ဟူ၍သာ ပြေးဖက်ပြီး ပြောပစ်လိုက်ချင်ပါသည်။

သို့သော်လည်း မဖြစ်သေးပါ၊

မေမေ၏ အဖြစ်သနစ်ဆိုးကို ဒေါက်တာဖေသိန်းမော[င်] သိ၍ မဖြစ်သေး၊ ကျွန်မကိုယ်တိုင် စုံစမ်းဖော်ထုတ်ရပါဦးမည်

ကျွန်မ တွေ့ဆုံစရာ အဓိကလူ လေးဦးရှိသေးသည်လေ

"ဘဘဦးကောင်းစံနှင့် ကြီးကြီးဒေါ်တာသက်စံ"

"ပြီးတော့ ဦးဒီနှင့် ကိုမောင်မောင်ညွှန့်"

သူတို့သည် ဖေဖေရှိစဉ်ကပင် ဖေဖေ၏ တစ်ဟုန်ထိုး ကြီးပွားချမ်းသာလာမှုကို မနာလိုဝန်တိုသူများဟု သိထား ဖူးသည်။

BURMESE CLASSIC .com



ကျွန်မသည် နန်းထိုက်စံပါဟု ဒေါက်တာဖေသိန်းမောင်ထံ ဖွင့်ပြောဖို့ အချိန်များစွာ စောလွန်းနေပါသေးသည်။

"မမယမုံ၊ တအားစဉ်းစားနေတယ် ထင်တယ်နော်"

"ဪ. . . မဟုတ်ပါဘူး ထူးထူး"

ကျွန်မကို သူ ကြာမြင့်စွာ ငေးကြည့်နေပါလိမ့်မည်။

ကျွန်မအနေနှင့် အပြောသာမက အမူအရာ၊ အနေအထိုင်ပါ ထာဝရ သတိရှိဖို့ လိုအပ်နေပါပြီ။

"မမယမုံ ပြန်မှပဲထင်တယ် ထူးထူးရယ်"

"အင်း. . . အဘိုးကြီးက ဘယ်ဧည့်သည်ကိုမှ ဒီလောက် အားများများပြောတာ မဟုတ်ဘူး"

ကျွန်မ၏အပြောနှင့် သူ၏အဖြေက သီးခြားစီ။

"ဦး ရေသွားချိုးတာ ကြာမှာလားဟင်"

"ကြာမှာ၊ ရေတွင်းမှာ သွားချိုးတာ"

"ဒါဖြင့် မမယမုံ ပြန်မယ်နော်"

"ဟုတ်ကဲ့ မမယမုံ"

မြတ်ထူးမောင်ကိုယ်တိုင်လည်း ကျွန်မကို ဒီအိမ်မှာ ကြာကြာ နေစေချင်ပုံမရ။

"ကဲ. . . ထူးထူး၊ အစ်ကို မယမုံကို လိုက်ပို့လိုက်ဦးမယ် နော်"

"ကိုစောနောင်ရဲ့ နန်းထိုက်စံခြံကိုရော အလည်မခေါ် တော့ဘူးလားဟင်"

"ခေါ်ပါတယ်၊ မယမုံအားရင် လိုက်လည်ပါ"

"ဒီနေ့ တစ်နေ့လုံး အားပါတယ်ရှင်"

www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . ဒါဖြင့် သွားကြရအောင်"

ကျွန်မနှင့် ကိုစောနောင်တို့ကို ထူးထူးက ခြံဝအထိ လိုက်ပို့သည်။

"သွားမယ်နော် ထူးထူး"

"မမယမုံဆီကို ကျွန်တော်လာလည်မယ်၊ ရမလားဟင်"

"ညနေ ငါးနာရီကျော်ရင် လာလည်ပါ ထူးထူး"

"မမယမုံကို ကျွန်တော် တွေ့တွေ့ချင်း တအားခင်တယ်ဗျာ"

ကျွန်မက ပြုံး၍ ခေါင်းညိတ်ပြပြီး နှုတ်ဆက်ထွက်သွားခဲ့သည်။

ပတ်ဝန်းကျင်တစ်ခွင်လုံး ရှင်းသန့်ငြိမ်းချမ်းနေသည့် မိုင်းမောအင်းပြင်မှာလည်း ငြိမ်သက်စွာ လှပနေ၏။

ကျွန်မရင်ထဲမှာဖြင့် မီးမုန်တိုင်းကြီး တိုက်ခတ်လျက်. . .

◆ ◆ ◆

BURMESE CLASSIC .com

"ဒါ ကျွန်တော့်အမေပဲ မယမုံ 'ဒေါ်နန်းလု'လို့ ခေါ်ပါတယ်၊ အမေ၊ ဒါ ကျွန်တော့်မိတ်ဆွေ၊ မရောက်ဖူးလို့ လာလည်တာ"

"လာပါ. . . ထိုင်ပါ သမီးရယ်၊ ဒီဘက်ကို ရောက်လာတဲ့ ရှားရှားပါးပါး ဧည့်သည်ပဲ"

ဒေါ်နန်းလုမှာ အသက်ငါးဆယ်ကျော်ရွယ် ရှိပြီး ကောင်းစွာ ကျန်းမာပုံမရ။ ငယ်စဉ်က အတော်ချောမောသော အမျိုးသမီးတစ်ယောက် ဖြစ်လေမည်။ ကိုစောနောင်နှင့် သားအမိဟု မပြောဘဲသိနိုင်သည်။

အလွန်ရိုးသား အေးဆေးသော အမျိုးသမီးကြီး ဖြစ်ကြောင်း မြင်ရုံနှင့် သိသာနိုင်၍ ကျွန်မ ရင်းနှီးအောင် ပေါင်းမည်။ ဤခြံ ဤနေရာသို့ ဝင်နိုင်ထွက်နိုင်၊ စူးစမ်းနိုင်အောင် အားထုတ်ရပါမည်။

"အတော်ပဲ ကောက်ညှင်းလေးပေါင်းထားတယ်၊ အမေ ထည့်လိုက်ဦးမယ်"

"ဟာ. . . နေပါစေ အမေ၊ ထူးထူးတို့အိမ်က နွားနို့တွေ သောက်လာလို့ တကယ်ဝနေလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . . ဆရာကြီးတို့အိမ်လည်း ဝင်ခဲ့ကြတာကိုး"

ကျွန်မစိတ်ထဲမှာ ထူးထူး၏ ဆယ့်ခြောက်နှစ်ကျော် ဆိုသော အသက်ကို တွက်စစ်နေမိသည်။

ကျွန်မ မိုင်းမွန်မြေမှာရှိစဉ်က ထူးထူး ငါးနှစ်ကျော်ရွယ် ရှိရမည်။

"ကိုစောနောင်"

"ပြောပါ မယမုံ"

"ယမုံလို့ပဲခေါ်ပါ၊ ရင်းနှီးမှုအထိန်းအမှတ်ပေါ့"

"ရင်ထဲက ရင်းနှီးပြီးသားပါဗျာ"

"တစ်ခုမေးချင်လို့"

"မေးပါ ယမုံ"

"ထူးထူးနဲ့ သူ့အဖေဟာ နည်းနည်းစိမ်းနေသလိုပဲ သားအဖအရင်း ဟုတ်ရဲ့လားဟင်"

"ဟာ. . . ယမုံက တကယ်လူကဲခတ် တော်တာပဲဗျာ ထူးထူးဟာ ဆရာကြီးရဲ့ သားအရင်း မဟုတ်ဘူး၊ သူ့မိန်းမ ဘက်က ပါလာတာ"

"ဟင်. . . ဒီလောက် ဝင်ငွေကောင်းတဲ့ ဆရာဝန်ကြီးက ကလေးအမေကို ယူတယ်လား"

"အေးဗျာ၊ ဒေါက်တာဖေသိန်းမောင် အင်းမရှာသူ ဒေါ်နန်းမူကို ယူတယ်ဆိုတော့ အားလုံး အံ့သြနေကြတာ ဒေါ်နန်းမူက မုဆိုးမလေ၊ သားတစ်ယောက်ပါပေမယ့် သိပ်ချောပြီး သိပ်သဘောကောင်းရှာတာ၊ ဆေးကုရင်း သနားလို့ ယူလိုက်တာတဲ့"



"ရန်ကုန်မှာ သူ့မိန်းမ ဆုံးသွားသဖြင့် အိမ်ထောင်မပြုဘဲ နေခဲ့ရာမှ ယူမယ့်ယူတော့လည်း ကလေးတစ်ယောက်အမေကိုမှ ယူရသတဲ့လား ဘဘဆရာဝန်ကြီးရယ်. . ."

ဤသို့တွေးပြီး ဒေါ်နန်းလုဘက်သို့လှည့်ကာ. . .

"အမေ၊ ဒီခြံကြီးကို ဘာလို့ နန်းထိုက်စံခြံလို့ ခေါ်တာလဲ ဟင်၊ အဲဒါ အမေတို့ ခြံပိုင်လား"

"ကျွန်တော်တို့က ခြံစောင့်သားအမိပါ ယမုံရယ်၊ ဒီလောက် ကျယ်ပြန့်ခမ်းနားတဲ့ ခြံကြီးကိုလည်း စောစောက နစ်ဆောင်ပြိုင် အိမ်ကြီးရှင်တို့ကပဲ ပိုင်ပါတယ်"

"အို. . . ဟုတ်လား"

"မိုင်းမွန်ချိုင့်ဝှမ်းဆိုတာ အင်မတန် သာယာပါတယ်၊ ပြီးတော့ အလွန်ကြေကွဲစရာကောင်းတဲ့ ဇာတ်လမ်းတစ်ပုဒ် လည်း ရှိခဲ့ဖူးတယ်လို့ ဆိုင်မှာ ကျွန်တော်ပြောခဲ့ဖူးတာ ယမုံ မှတ်မိလားဟင်"

"သိပ်မှတ်မိတာပေါ့ ကိုစောနောင်ရယ်"

"ကဲ. . . ကောက်ညှင်းမစားနိုင်လည်း ရေနွေးကြမ်းနဲ့ ခြမ်းကြော် စားပါဦး"

"ဟုတ်ကဲ့. . . စားပါ့မယ်၊ ယမုံ့ကို အဲဒီအကြောင်း ပြောပြပါရှင်"

"အဲဒီခြံကို သိပ်လှတဲ့ ပန်းခြံတစ်ခုဖြစ်အောင် ဦးစိုးစံ ဆိုတဲ့ သူဌေးကြီးက ဖန်တီးပေးတယ်တဲ့၊ သစ်ခွမျိုးပေါင်း သုံးရာ ကျော်၊ ပန်းအိုးပေါင်း တစ်ထောင်ကျော် စိုက်ပျိုးစေခဲ့တယ်၊ စိန်ပန်းပင်၊ ထင်းရှူးပင်ကြီးတွေကအစ လှအောင် ဖြစ်တောက်

www.burmeseclassic.com



ပြီး မြတ်လေးရုံ စပယ်ရုံ နှင်းဆီစိုက်ခင်း၊ ဂန္ဓမာ၊ နေကြာကအစ သူ့အကန့်နဲ့သူ စိုက်ပြီး သူ့ရဲ့ တစ်ဦးတည်းသော ချစ်သမီးလေး နန်းထိုက်စံရဲ့ ကိုးနှစ်မြောက်မွေးနေ့မှာ လက်ဆောင်ပေးဖို့. . .

"အို"

"ဟာ. . . ယမုံ၊ ဖြစ်ရလေဗျာ"

လက်ထဲမှ ရေနွေးကြမ်းခွက် လွတ်ကျသွားခဲ့သည်။

ရင်ထဲက လှိုက်ခနဲဖြစ်ပြီး ခေါင်းထဲကပါ မိုက်ခနဲ ဖြစ်ကာ လက်ထဲမှ ရေနွေးခွက် ဘယ်လိုလွတ်ကျသွားမှန်းပင် မသိလိုက်။

"ပူသွားလားဟင်"

"ဟင်. . . မ. . . မပူပါဘူး၊ ရပါတယ်"

ထဘီပေါ်မှ ရေနွေးစက်များကို ခါသလိုလိုနှင့် မျက်နှာကို ငုံ့ပြီး မျက်ရည်ကို ခတ်သွင်းလိုက်ရသည်။

ဤနေရာမှ ခြံမြေကို ဖေဖေဝယ်ပြီး ကျွန်မအတွက် ပြင်ဆင်နေသည်ကို ကျွန်မရော မေမေပါ မသိခဲ့ကြပါ။

တခမ်းတနား ကျင်းပမည့် ကျွန်မ၏ မွေးနေ့ကျကာမှ ဖေဖေက ကျွန်မဝမ်းသာအောင် ခေါ်ပြရှာမည့် အစီအစဉ်။

ကျွန်မ ကိုးနှစ်မပြည့်မီ တစ်လကျော်အလိုမှာ ဖေဖေ သေဆုံးခဲ့ရရှာသည်လေ။

"ဆက်. . . ဆက်ပြောပါ ကိုစောနောင်"

"ဆက်ပြောရရင်တော့ ကြေကွဲစရာပါပဲဗျာ၊ ဒီခြံကို သူ့သမီးလေး နန်းထိုက်စံဆိုတာကို မအပ်လိုက်ရဘဲနဲ့ ဦးစိုးစံဟာ ရုတ်တရက်ကြီး သေဆုံးသွားရရှာတယ်"

"လု. . . လူသတ်ခံရတာလားဟင်"



"ကျွန်တော့်ဆရာ ဒေါက်တာ ဖေသိန်းမောင်ကတော့ အဲဒီလို ယူဆတယ်၊ သူနောက်ဆုံး သောက်သွားတဲ့ ကော်ဖီကို စစ်ကြည့်တော့လည်း ဘာမှ မတွေ့ရဘူးတဲ့၊ ဒါပေမယ့် ဆရာက ကျေနပ်ဘူး"

"ဘာကြောင့် မကျေနပ်တာလဲဟင်"

"တစ်စုံတစ်ယောက်ရဲ့ ပယောဂကြောင့် ဦးစိုးစံ သေဆုံးတာလို့ ဆရာက အခုအချိန်အထိ ထင်နေဆဲပဲ၊ ဒါပေမယ့် ဘာမှ သက်သေမပြနိုင်ခဲ့ဘူးလေ၊ ဒီလိုနဲ့ပဲ နှစ်ပေါင်းများစွာကို ကျော်ဖြတ်လာခဲ့ရတယ်"

ကိုစောနောင်၏ ဦးဆောင်မှုဖြင့် ခြံထဲသို့ ဆင်းခဲ့ရသည်။

သစ်ခွပန်းအိုးများ၊ နေကြာ၊ ဒေလီယာ၊ နှင်းဆီ စသော ပန်းပွင့်များ တစ်ပွင့်မျှ မရှိပါ။ ခြံအို ခြံဟောင်းကြီးဖြစ်နေ၏။

ပိုင်ရှင်မဲ့၍ ဥယျာဉ်မှူးမရှိသော ခြံရိုင်းကြီးမှာ မှိုင်းမှိုင်း ညို့ညို့ကြီးနှင့် ကျက်သရေမရှိသလို ဖြစ်နေ၏။

"ဒီမှာလေ ယမုံ"

သံချေးတက်နေသော သံဆူးကြိုး အကာများနှင့် ကာရံထားသော သံတံခါးပေါက်ထိပ်မှာ ဘာဆေးရောင်မှ မရှိ။ သံချေးများ တက်နေသော်လည်း ကောင်းစွာ ဖတ်ရှု၍ ရသော သံဖောင်းကြွစာလုံးလေး လေးလုံး။

"နန်းထိုက်စံခြံ"

ဘယ်လိုမှ ဖြေမဆည်နိုင်တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ဝဲလာသော မျက်ရည်ကို လက်ကိုင်ပဝါနှင့် ဖိပိတ်၍ မငိုဖြစ်အောင် အပန်းတကြီး ထိန်းသိမ်းလိုက်ရတော့သည်။

"အဲဒီ နန်းထိုက်စံနဲ့ ဒေါ်ခမ်းမုံတို့ရဲ့ အဖြစ်ကလည်း ရင်နာစရာပါပဲ ယမုံရယ်"

"ဘယ်. . . ဘယ်လိုဖြစ်တာတဲ့လဲရှင်"

"ခင်ပွန်းသေလို့မှ မကြာသေးဘူး၊ ခင်ပွန်းဆီမှာ မန်နေဂျာ လုပ်ဖူးတဲ့ ကိုမောင်မောင်ညွန့် ဆိုတဲ့လူနဲ့ ဖြစ်ပျက်ကြသတဲ့"

"အို"

"အဲဒီလူနဲ့ ရိပ်သာဆိုတဲ့ အင်းထဲက အပန်းဖြေစခန်းလေးမှာ ဘာဖြစ်ကြတယ်ဆိုလားပဲဗျာ၊ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး ရှက်လို့ ဒေါ်ခမ်းမုံ ထွက်ပြေးတာတဲ့"

"ဘယ်ကိုပြေးတာလဲဟင်"

"ဒါတော့ ဘယ်သိမလဲဗျာ၊ ဘယ်သူမှလဲ မသိဘူး သမီးလေးပါ ခေါ်သွားပြီး ပျောက်ချင်းမလှ ပျောက်သွားတာပဲ"

"ရင်ကွဲစရာကောင်းလှတဲ့ ဇာတ်လမ်းလေး တစ်ပုဒ်ပါပဲလား ကိုစောနောင်ရယ်"

"ဪ. . . ပြီးတော့ ထူးဆန်းတာ တစ်ခုရှိသေးတယ်"

"ဘာလဲဟင်"

"အဲဒီရိပ်သာစောင့်ကြီး ဦးဘအိုဆိုတဲ့ အဘိုးကြီးပါ တစ်ခါတည်း ပျောက်သွားတာတဲ့"

နားထင်တစ်ခုလုံး ပွင့်ပြီး သွေးများ ဖြာပန်းထွက်ကာ မျက်လုံး အပြူးသားနှင့် မှောက်လျက်ကြီး သေသွားသော ဦးဘအို၏ နောက်ဆုံးထွက်သက်ကာလ မြင်ကွင်းကြီးကို ကျွန်မ ချက်ချင်း ပြန်လည်မြင်ယောင်လာသည်။



"တချို့က ပြောတော့လည်း ဦးဘအိုက သားအမိ နှစ်ယောက်လုံးကိုသတ်ပြီး ပစ္စည်းတွေယူ ထွက်ပြေးသွားတာတဲ့"

"ဒီလိုထင်တဲ့လူရော ရှိတယ်လား"

"ရှိတယ်၊ တချို့ကကျတော့လည်း ဦးဘအိုနဲ့ တစ်နေရာမှာ သွားပြီး ဇာတ်မြှုပ်ပေါင်းသင်းနေထိုင်ကြတယ်လို့ ထင်တဲ့လူတလည်း ထင်ပေါ့"

"သူတို့ ဘာနဲ့ သွားကြတာလဲ"

"ဦးစိုးစံပိုင်တဲ့ ဂျစ်ကားလည်း ပျောက်သွားတော့ အဲဒါနဲ့ ထွက်ပြေးတယ်ထင်တယ်တဲ့၊ အဲဒီမနက်ကလည်း အစောကြီး ကားထွက်သွားသံ ကြားတဲ့လူက ကြားလိုက်တယ်"

"အဲဒီကားရဲ့ အပိုင်းအစလေးကိုများ တွေ့တဲ့သူ တစ်ယောက်မှ မရှိကြတော့ဘူးတဲ့လားရှင်"

နှလုံးခုန်နှုန်း မြန်လွန်းနေ၍ အသံများပါ ခိုက်ခိုက်တုန်နေသည်။

"ယမုံ ဘာပြောတာလဲဟင်"

ကိုစောနောင်က အံ့ဩသလို ကြည့်လာမှ သတိက ပြန်ဝင်လာသည်။

"ဪ. . . အဲဒီကားကို တွေ့လိုက်တဲ့ လူရော မရှိဘူးလားလို့ပါ၊ သူတို့သားအမိအကြောင်း ကြားရတာ ရင်ထဲမှာ နာသလိုကြီး ဖြစ်သွားလို့ပါ ကိုစောနောင်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ဗျာ၊ တစ်ခါတလေ ဆရာက နန်းထိုက်စံတို့ သားအမိအကြောင်း အသေးစိတ် ပြောပြရင် အမေဆို ငိုတာပဲ"

"အင်မတန်မှ ကြေကွဲစရာ၊ အသည်းနာစရာ ကောင်းလှတဲ့ ဇာတ်လမ်းလေးတစ်ပုဒ်ပါပဲ ကိုစောနောင်ရယ်၊ ဒါနဲ့ ခုနပြောတဲ့ ဂျစ်ကားရဲ့သတင်းရော ကြားရသေးလား"

"ဘယ်လို သတင်းပါလိမ့်"

"ဩော်. . . တစ်နေရာမှာ ရပ်ခဲ့တာမျိုး သို့မဟုတ် ချောက်ထဲ လိမ့်ကျသွားတဲ့ အစအနမျိုး မတွေ့ရဘူးလား"

"အဲဒီ လူသုံးယောက်ရယ်၊ ဂျစ်ကားတစ်စင်းရယ်ရဲ့ အကြောင်းကို ဒီနေ့ထက်အထိ ဘာသတင်းမှ မကြားရသေးပါဘူး ယမုံ"

"အင်းလေ၊ မိုင်းမွန်စခန်းသာမြို့က လူတွေလည်း ဒီအကြောင်း မေ့လောက်ရောပေါ့နော်"

"မေ့တဲ့လူလည်း ရှိမှာပေါ့၊ မမေ့ဘဲ အခုထိ ပြောမဆုံး အံ့ဩမဆုံးအောင် ရှိနေတဲ့သူတွေလည်း ရှိနေဆဲပါပဲ"

"ဒါနဲ့ ဒေါက်တာဦးဖေသိန်းမောင်ကရော မြို့ထဲမှာ ဆေးခန်းထိုင်သေးလားဟင်"

"ထိုင်ပါတယ်၊ ဒီမြို့မှာ သူ့လူနာတွေက သူ့ကို အားကိုး ကြလွန်းလို့ သူလည်း ရန်ကုန်ပြန်မယ် ပြန်မယ်နဲ့ မပြန်ဖြစ်ဘဲ ဒီမှာကြာနေတာ၊ ဝင်ငွေကလည်း ကောင်းတယ်လေ"

ကိုစောနောင်က အားပါးတရ ရှင်းပြနေရှာသည်။ သူ ဘာသံသယမှမဝင်၍ တော်ပါသေးသည်။ ကျွန်မမေးပုံကလည်း ကြည့်ပါဦး။



မြို့ထဲမှာ ဆေးခန်းထိုင်သေးလား. . . တဲ့၊ ထိုင်သေးလား ဆိုကတည်းက သိနှင့်ပြီးသား ကိစ္စကို မေးသလို ဖြစ်မနေ ပေဘူးလား။

ခံစားမှုရင်ကြောင့် သတိထားပါလျက် လွတ်လွတ်သွားရ ခြင်းပါ။

"ဆရာကြီးက ဟိုနှစ်ဆောင်ပြိုင်အိမ်ကြီးကိုလည်း စောင့် ရှောက်ပေးနေရတာဆို"

"အေးဗျာ. . . ဆရာက တစ်နေ့နေ့မှာ ဒေါ်ခမ်းမုံသော် လည်းကောင်း၊ နန်းထိုက်စံသော်လည်းကောင်း ပြန်လာလိမ့်မယ် လို့ ယုံကြည်မျှော်လင့်နေသတဲ့လေ"

"ကိုစောနောင်ကရော ဘယ်လိုထင်လဲဟင်"

"ကျွန်တော် မထင်တတ်ပါဘူး၊ ကျွန်တော်တို့သားအမိ မရောက်ခင်က အဖြစ်အပျက်မို့ ဘာမှ မတွေးတတ်၊ မဝေဖန် တတ်ပါဘူး"

"ဟုတ်တာပေါ့လေ၊ ဒါနဲ့ ကိုစောနောင်တို့ သားအမိက ဒီမိုင်းမွန်ဇာတိ မဟုတ်ဘူးလား"

"မဟုတ်ပါဘူး၊ 'တို့ကျက်ခွေရွာ'ကပါ၊ ဆရာကြီး ဆေးခန်းမှာ စာရေးသဘောမျိုး လူနာမှတ်တမ်းရေး၊ ဆေးပေး စတဲ့ ဆရာကြီး တပည့်လုပ်ရင်းက ဆရာကြီးက စိတ်ချလို့ဆိုပြီး ခြံစောင့်လည်းရအောင် ဒီနန်းထိုက်စံခြံမှာ ခေါ်ထားတာပါ။ ကျွန်တော်တို့က အမေတစ်ခု သားတစ်ခုပဲလေ၊ အဖေဆုံးတာ ကြာပြီ"

ခေါင်းညိတ်ပြပြီး ကျွန်မ ရှေ့သို့ ဆက်လျှောက်သဖြင့် ကိုစောနောင်ကလည်း ဘေးမှ ယှဉ်တွဲလိုက်ပါလာသည်။

www.burmeseclassic.com

www.burmeseclassic.com



မိုင်းမောအင်းရေပြင်ကို ပြာလဲ့စွာ လှမ်း၍ မြင်နေရပေသည်။

ကိုစောနောင်သည် လမ်းလျှောက်ရင်း ကျွန်မကို မကြာခဏ လှည့်လှည့်ကြည့်နေကြောင်း ဘေးတိုက်အနေအထားနှင့် မြင်နေရသော်လည်း ကျွန်မ မသိချင်ယောင်ဆောင်ရင်း ခပ်ဖြည်းဖြည်းလျှောက်နေသည်။

"ယမုံ့အလုပ်က စာချုပ်နဲ့လားဟင်"

"မဟုတ်ပါဘူး၊ အလုပ်ရှင်ကထုတ်ရင် ချက်ချင်း ထွက်ရမှာပါ"

"ယမုံ့လို တော်တဲ့ အရောင်းစာရေးမလေးကို ပိုင်ရှင်က ထုတ်ပစ်မှာမဟုတ်ပါဘူး၊ တကယ်လို့ ထုတ်ပစ်ခံရရင်လည်း မိုင်းမွန်မှာပဲ တခြားအလုပ်တစ်ခု ထပ်ရှာပါဗျာ"

"ဟင်. . . ဘာဖြစ်လို့လဲ"

"ယမုံ ပြန်သွားမှာစိုးလို့"

"အို. . ."

"တကယ်ပါ၊ ကျွန်တော့်ဘဝမှာ ဘယ်မိန်းကလေးကိုမှ မခင်ဖူးပါဘူး၊ ယမုံဟာ နုံချာလှတဲ့ ကျွန်တော့်ဘဝရဲ့ ပထမဆုံး မိတ်ဆွေပါ"

"ယမုံကလည်း ကိုစောနောင်ကို ခင်ပါတယ်"

"ကျွန်တော်တို့ သားအမိက ဆင်းရဲပါတယ် ယမုံ"

"ကျွန်မကလည်း မွဲပါတယ်ရှင်၊ အဟဲ. . . ဟဲ"

သူကလည်း ကျွန်မတကယ်ရယ်သည်အထင်နှင့် ရော၍ ရယ်ရှာသည်။



သူ့ဘဝမှာ ဘယ်မိန်းကလေးနှင့်မှ ခုလောက် နီးနီးစပ်စပ် ခင်တွဲကာ စကားပြောဖူးပုံမရ။

ကျွန်မကလည်း ကျွန်မအကြောင်းနှင့် ကျွန်မ သူ့ကို ရင်းရင်းနှီးနှီး ပုံစံလုပ်နေသဖြင့် ကိုစောနောင်ခမျာ အတော့်ကို ပျော်သောနေရှာသည်။

အလွန်ထက်မြက်သော ယောက်ျားမျိုး ဖြစ်ပုံမရသည့် ကိုင်အောင် တည်ကြည်သော၊ သစ္စာရှိသော အလုပ်တာဝန်ကို ကြိုးစားကျေပွန်သော သူမျိုးဖြစ်ပါလိမ့်မည်။

"နောက် တနင်္ဂနွေကျရင် ဒီမှာ ထမင်းလာစားပါနော် ယမုံ ငြင်းရင်တော့ ကျွန်တော်တို့သားအမိက ဆင်းရဲလို့ မလာချင်တာပဲလို့ ယူဆလိုက်မှာ"

"ဟာ. . . ကိုစောနောင်ကလည်း"

"ဘာဖြစ်လို့လဲဟင်"

"လာမယ့်တနင်္ဂနွေမှဆိုတော့ ချိန်းတာ ဝေးလိုက်တာဗျာ"

ကျွန်မ၏ ဆိုလိုရင်းအဓိပ္ပာယ်ကို သူ သဘောပေါက်စွာ သဘောကျ၍ ရယ်မောရင်း. . .

"ကျွန်တော်က နက်ဖြန်တောင် ကျွေးချင်တာပါ၊ ယမုံ မအားမှာစိုးလို့"

"အလကားနောက်တာပါ၊ တနင်္ဂနွေတစ်ရက်ပဲ အားပါတယ် ကိုစောနောင်၊ ကြားရက်ဆို ထမင်းစားချိန် တစ်နာရီပဲရတာပါ၊ စိတ်ချ၊ နောက်တနင်္ဂနွေ ယမုံလာခဲ့မယ်"

"ကျွန်တော် လာခေါ်မယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတာပေါ့"

"ခုကတည်းက ကြိုပြောထားမယ်နော်၊ ပန်း
ခွက်ယောက်ကအစ အဖိုးတန်မရှိပါဘူးဗျာ၊ ဒါပေမယ့် အ
ကတော့ အကောင်းဆုံးဖြစ်အောင် ချက်ကျွေးရှာမှာပါ"

"ကိုစောနောင် ဖိတ်ကြားတဲ့ ညနေသည်က မဥ္စူသက
အရောင်းစာရေးမလေးပါရှင်၊ သူဌေးကြီး ဦးစိုးစံရဲ့ သ
နန်းထိုက်စံမှ မဟုတ်တာ"

"နန်းထိုက်စံသာ အသက်ထင်ရှား ရှိနေခဲ့ရင်လည်း
တော်တို့လို ငမွဲသားအမိဆီ ဘယ်လာပါမလဲဗျာ"

အကြည့်ချင်း ဆုံဖြစ်ကြသည်။

သူ့မျက်ဝန်းက ရွှန်းလက်တောက်ပစွာ မျှော်လင့်ချက်
ဖြင့် လျှမ်းပြည့်နေပေသည်။

"ဒါနဲ့ မေးရဦးမယ်"

"မေးပါ ယမုံ"

"ထူးထူး သူဝတ်ဖို့ အင်္ကျီတွေကို သူက ဘာလို့ ကိုယ်
လာမဝယ်တာလဲဟင်"

"ဆရာက သူ့သားကို မြို့ထဲသွားတာ သိပ်မကြိုက်
"ဒါနဲ့ မယားပါသားဆို"

"ဟုတ်တယ်၊ ထူးထူးက သဘောကောင်းပေမယ့် တ
တလေ သိပ်ဒေါသကြီးတတ်တယ်၊ မြို့ထဲမှာ တစ်ခါ ရန်ဖြစ်
ကတည်းက သိပ်ပြီး သွားခွင့်မပြုဘူး၊ ပြီးတော့ ကောင်
ကိုယ်တိုင်က ရှက်တတ်လို့ သူ့ကိုစွမှန်သမျှ ကျွန်တော့်
ခိုင်းတာ"



"ဆိုင်ဖွင့်တာ တစ်ပတ်မပြည့်သေးဘူး၊ မြတ်ထူးမောင်
အတွက် အင်္ကျီဝယ်တာ ငါးထည်ရှိပြီနော်"

"ဒေါ်နန်းမူကလည်း သိပ်အလိုလိုက်တာ၊ ဆုံးသွားတဲ့
ထူးထူးရဲ့ဖခင်ကလည်း ထူးထူးအတွက် အမွေတွေ အတော်
လေး ကျန်ရစ်ခဲ့တယ်ဆိုပဲ"

"ကောင်လေးက ချစ်စရာလေးပါ၊ အတော့်ကို ရိုးသား
ဖြောင့်လင်းပုံပဲ"

"ထူးထူးကလည်း ယမုံ့ကို ခင်သွားပုံရပါတယ်"

ကျွန်မက ခေါင်းညိတ်ပြရင်း ဆက်လျှောက်နေ၍. . .

"ရှေ့မှာဘာမှ မရှိတော့ဘူး၊ ဒီဘက်ကပတ်ပြီး ပြန်ကြ
ရအောင် ယမုံ"

"ဟိုအင်းစပ်အထိ သွားကြည့်ရအောင်"

"မသွားပါနဲ့"

"ဘာဖြစ်လို့လဲ"

"ရှေ့မှာ ဘာမှမရှိဘူး၊ ယမုံကြောက်မှာစိုးလို့ ဆက်မသွား
ပါနဲ့"

"ဘာမှမရှိဘဲ ဘာကိုကြောက်ရမှာလဲ ကိုစောနောင်ရဲ့"

"ရှိတော့ ရှိတယ်"

"ဘာလဲ"

"ဂူသုံးလုံး"

"ဟင်"

"သူဌေး ဦးစိုးစံရယ်၊ သူ့မိခင်နဲ့ ဖခင်တို့ရဲ့ ဂူသုံးလုံး
ရှိနေလို့"

www.burmeseclassic.com

www.burmeseclassic.com



"သွားကြည့်ပါရစေလား"

"မသွားပါနဲ့၊ ဆရာက အဲဒီဘက်ကို လူတွေ သွားတာ လာတာ သိပ်မကြိုက်လို့ပါ"

"ဩော်. . . ဒီလိုဆိုလည်း ပြန်ကြမယ်လေ"

ဘိုးဘိုးဘွားဘွားနှင့် ဖေဖေတို့၏ ဂူသုံးလုံး"

ချစ်လှစွာသော ကျေးဇူးရှင်ကြီး ချစ်ဖေဖေ၏ ဂူရှေ့ ဒူးထောက်ထိုင် ကန်တော့ကာ သစ္စာပြုလိုက်ချင်ပါသည်။

ဖေဖေ့ကို သတ်တဲ့လူ၊ သမီးတို့သားအမိကို ရက်စက် လုပ်ကြံခဲ့သူကို မသိဘဲ ကလဲ့စားမချေရဘဲ သမီး ဒီမိုင်းမွန်မြေ မပြန်ပါဘူး ဖေဖေ. . .

သမီးရဲ့ အသက်နဲ့ လဲချင် လဲယူရပါစေ၊ ဒီလူသတ်သ လူယုတ်မာကို သမီးရအောင် ဖော်ထုတ်ပါ့မယ်". . . လို့

◆ ◆ ◆

ကျွန်မအနေနှင့် သိပြီးသား၊ ကိုယ်တိုင် ခံစားခဲ့ပြီးသား များကိုသာ ထပ်မံကြားသိ ထိတွေ့နေရသည်။ ဘာကိုမှ ရာခံ၍ မရနိုင်သေး။

နန်းထိုက်စံခြံ၊ နှစ်ဆောင်ပြိုင်အိမ်ကြီးသို့ ရောက်ခဲ့ပြီး ထူးမောင်ကို စောနောင်နှင့် ဘဘဆရာဝန်ကြီးတို့ကို တွေ့ခဲ့ သောညက တစ်ညလုံး အိပ်မရခဲ့။

ကိုးနှစ်ပြည့် မွေးနေ့လက်ဆောင်အဖြစ် ကျွန်မကို တွေနှင့် ဝေနေသည့် ခြံကြီးတစ်ခြံကို လက်ဆောင်ပေးမည် သည့် ဖေဖေ၏ စေတနာကြီးမားလှပုံကို နှမြောတသ ကြေကွဲ နည်းမဆုံးနိုင်အောင် ရှိခဲ့ရပါပြီ။

"မေမေ"

ချစ်လှစွာသော မေမေသည်လည်း အများထင်နေသလို လွယ်တကူ ဖောက်ပြန်မည့် မိန်းမစားမျိုး မဟုတ်နိုင်ပါ။

မီးရှို့ပြီး တွန်းချလိုက်သော ကားထဲမှ ကျွန်မ လွတ်မြောက် ခဲ့သလို မေမေရော လွင့်စဉ်ကျကျန်ကာ ကျွန်မလိုပင် နေရာရာမှာ အသက်ထင်ရှား ရှိနေလေဦးမလား။

www.burmeseclassic.com

www.burmeseclassic.com



"အို. . . ဖြစ်ခဲ့သမျှ အားလုံးဟာ အိပ်မက်တွေပဲ ဖြစ်လိုက်ပါတော့ကွယ်"

စည်းစိမ်ချမ်းသာတွေ ပြန်မရချင်နေပါစေ။ ချစ်လှစွာသော ဖေဖေနှင့်မေမေတို့ကို အသက်ရှင်လျက် ပြန်တွေ့ရလျှင်. . .

မျှော်လင့်၍ မရနိုင်မှန်း သိပါလျက် ဖြစ်ချင်လွန်းသော စိတ်တွေနှင့် ရူးနေမိခြင်းပါ။

"ဒီနေ့ ဝယ်သူပါးတယ်နော်"

ဒေါ်ထားထားရှိန်က ကျွန်မ၏ ကောင်တာနားသို့ လာရောက်ပြီး စကားစ၍. . .

"ဘုရားပွဲတော်ရက် ပြီးစမို့ လူတွေ ငွေကုန်လူပန်း ဖြစ်သွားကြတယ် ထင်ပါတယ် မမထား"

"ယမုံ့ ကောင်တာကတော့ ထူးထူးခြားခြား ရောင်းအား မကျပါဘူး၊ ခုချိန်ထိ နှစ်ထောင်ကျော်ဖိုး ရောင်းရပြီးပါပြီ"

"အေးကွယ်၊ ယမုံနဲ့ မမထား ကံစပ်တယ်ထင်ပါရဲ့၊ ယမုံ့ ကောင်တာက ပစ္စည်းဆိုရင် လူကြိုက်ပါတယ်"

"ဟုတ်ကဲ့၊ ယမုံလည်း ကြိုးစားရောင်းပါတယ်"

"ယမုံ့ကြိုးစားချက်လည်း ပါပါတယ်၊ ယမုံက အပြော လည်း ချို၊ ရုပ်ကလေးကလည်း သိပ်လှတော့ ကောင်တာရှေ့ ရပ်မိရင်ပဲ မဝယ်ဘဲ ပြန်ရမှာ အားနာသွားကြတယ် ထင်ပါရဲ့"

ကျွန်မ ပြုံး၍သာ နေလိုက်သည်။ ဘာမှပြန်မပြောပါ။

ယခုတလော မမကေသီလည်း ကျွန်မကို လိုက်လို လျောလျော စကားပြောနေပါပြီ။



"ယမုံ့မှာ အဝတ်စားအသစ် ပါသလား"

"သိပ်အသစ်ကြီးတော့ မပါပါဘူး မမထား၊ ခပ်နွမ်းနွမ်း တွေပဲ ပါပါတယ်၊ ဘာဖြစ်လို့ပါလဲရှင်"

"အလှူတစ်ခု သွားစရာရှိလို့ ယမုံ့ကို အဖော်ခေါ် သွားချင်လို့"

"တရုတ်ပိတ် အဆင်လှလှလေး ဝမ်းဆက်ချုပ်ထားတာ အသစ်ပါပါတယ် မမထား၊ ဖြစ်မလားဟင်"

လိုက်ချင်ဇောနှင့် ပြောမိ၏။

ကျွန်မအနေနှင့် ဆိုင်နှင့် တန်းလျားမှာ အချိန်ကုန် ယ့်အစား တတ်နိုင်သမျှ အပြင်ထွက်ခွင့် ရရှိလေ အကျိုးရှိ ပါပင်။

"အေးလေ၊ လှပြီးသား ယမုံက ဘာဝတ်ဝတ် လှမှာပါ၊ ဖြန့်ညနေ လေးနာရီ ပြန်လေ၊ ငါးနာရီကျော်ကျော်ကျတော့ ကြတာပေါ့"

"ဟုတ်ကဲ့ပါ မမထား"

"ဘုရားကိုးဆူတဲ့ကွယ်၊ ဒီမြို့က အချမ်းသာဆုံးလူတွေ မှာ တစ်ယောက်အပါအဝင်ဖြစ်တဲ့ သူဌေးဦးမောင်မောင် ရဲ့ အိမ်ကို သွားကြရမှာ"

"ဦးမောင်မောင်ညွန့်"

နှုတ်ကပင် ထွက်သွားမိသည်။

ဖေဖေ့မန်နေဂျာဖြစ်ခဲ့သူ၊ မေမေနှင့် ပြဿနာဖြစ်သည်ဟု ဆိုခဲ့သူ ဦးဒီ၏သမက် ကိုမောင်မောင်ညွန့် ဆိုသူ၏ အိမ်ပဲ စေတော့။

www.burmeseclassic.com

www.burmeseclassic.com



မမထား ပြန်သွားပြီး ဆိုင်သိမ်းသည်အထိ နောက်ထပ် ဝယ်သူ ရောက်မလာပါ၍ ကျွန်မ၏ အတွေးများသည်လည်း ယောက်ယက်ခတ်မှု လှုပ်ရှားချိန် ရနေပါ၏။

◆ ◆ ◆

ထိုနေ့ညနေ ကျွန်မ ရေချိုးပြီး ထမင်းမစားရသေးမီမှာပင်. . .

"ယမုံ၊ ဧည့်သည်ရောက်နေတယ်"

ဟု အခန်းမမှ အဆောင်မှူးက လာပြောသဖြင့် အမျိုးသမီးတန်းလျား၏ ဧည့်ခန်းဆောင်သို့ ကျွန်မ ထွက်လာချိန်မှာ ရောက်နေသူက လူကြီးလူကောင်း။

"ဟယ်. . . ထူးထူးလေးပါလား"

"မမယမုံအတွက် စားစရာလာပို့တာ"

အထုပ်သုံးလေးခုကို ကြွပ်ကြွပ်အိတ်နှင့် ထည့်လျက် စားပွဲပေါ်မှာ တွေ့ရသည်။

"မဟုတ်တာကွယ်၊ အားနာစရာ ထူးထူးရယ်"

"မမယမုံ စားစေချင်လို့ ဝယ်လာပို့တာပါ၊ ကိတ်မုန့်ရယ်၊ ဘီစကစ်ရယ်၊ ပန်းသီးရယ်"

"အို. . . အဖိုးတန်တွေချည်းပါလား၊ မမယမုံအတွက် ဒီလောက် မလိုအပ်ပါဘူးကွယ်"

"ထူးထူးက မမယမုံကို မြင်မြင်ချင်း အစ်မလို့ ခင်လို့ပါဗျ"

www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုယ်သူ 'ထူးထူး'ဟု နာမ်စားသုံးလာသည်။

"ဟုတ်ပါတယ်၊ မမယမုံကလည်း ထူးထူးကို မောင်လေး တစ်ယောက်လိုပဲ ခင်မိပါတယ် ထူးထူးရယ်"

"မမယမုံ ထူးထူးဝယ်လာတာတွေ စားနော်"

"စားမှာပေါ့၊ နက်ဖြန်ကျရင် ဆွမ်းတော်ပါကပ်ပြီး မောင်လေးအတွက် ဆုတောင်းပေးမယ် သိလား"

"ဘာဆုတောင်းပေးမှာလဲ"

"ဪ... မောင်လေး စိတ်ချမ်းသာပြီး လိုရာဆန္ဒ ပြည့်ပါစေလို့ ဆုတောင်းမှာပေါ့"

"ဒီအဘိုးကြီးနဲ့တော့ ထူးထူးရဲ့ လိုရာဆန္ဒ ပြည့်မှာမဟုတ်ပါဘူးဗျာ"

"ထူးထူးဖေဖေက ဆိုးလို့လားဟင်"

"ဆိုးတော့ မဆိုးပါဘူး၊ မကောင်းတာ"

"ဟင်..."

"ပထွေးဆို ဒီလောက်တော့ ရှိမှာပေါ့ဗျာ"

"ဒါနဲ့ ထူးထူးမေမေ ပြန်လာပြီလားဟင်"

"ပြန်လာပါပြီ၊ မေမေကလည်း သူ့ကိုကြောက်ရတယ် မမယမုံရဲ့"

"အဲဒီဆရာဝန်ကြီးက ထူးထူးတို့သားအမိကို နှိပ်စက်လို့လားဟင်"

"ဟင့်အင်း... ဒီလိုတော့ တစ်ခါမှ မလုပ်ပါဘူး"

"ဒါဖြင့် ဘာဖြစ်လို့ ထူးထူးက မကျေနပ်ရတာလဲ"

"ထူးထူးကို ချုပ်ချယ်လို့"



"ဟင်..."

"လည်ရင် မကြိုက်ဘူး၊ ဘော်ဒါတွေနဲ့ သွားရင်လာရင် လည်း မကြိုက်ဘူး၊ အိမ်မှာတော့ ကြိုက်သလိုနေ၊ လိုတာဝယ်၊ ဘာမှမပြောဘူး၊ ပိုက်ဆံလည်းပေးပါတယ်၊ ဝယ်ချင်တာ ဝယ်လို့ ရပါတယ်"

"မလည်စေချင်တာလည်း စိတ်မချလို့ ဖြစ်မှာပါ၊ ပထွေး ဆိုတဲ့စိတ်နဲ့ အမြဲမကောင်း မမြင်နေနဲ့ပေါ့ ထူးထူးရယ်"

"မေမေကလည်း အဲဒီလို အမြဲပြောပါတယ်၊ ဆရာဝန်ကြီး ဟာ တို့သားအမိရဲ့ ကျေးဇူးရှင်တဲ့"

"အေးပေါ့၊ ကိုယ့်မှာ အဖေမှမရှိတာ၊ ဒါလည်း အဖေပဲပေါ့"

"အဖေနေရာတော့ အစားမထိုးနိုင်ပါဘူးဗျာ"

"ကဲပါလေ၊ အဖေလို့ မသတ်မှတ်နိုင်ရင်တောင် ဘကြီး တစ်ယောက်လို၊ ဦးလေးတစ်ယောက်လို သဘောထားလိုက်ပေါ့"

ထူးထူးက ခေါင်းညိတ်သည်။ သိပ်စိတ်ပါပုံဖြင့်မရ။

"ဒါနဲ့ ကိုစောနောင်တစ်ယောက်ရော"

"ဒီအချိန်ဆို အဘိုးကြီးနဲ့ ဆေးခန်းမှာလေ"

ဘဘဆရာဝန်ကြီး၏ 'စေတနာဆေးခန်း'မှာ လွန်ခဲ့သော ဆယ်နှစ်ကျော်ကာလကအတိုင်း ဝေဒနာရှင်များနှင့် စည်ကား နေမြဲပင်။

ကျွန်မ တစ်နေ့က လမ်းလျှောက်ရင်း သွားကြည့်ပြီးခဲ့ပြီ။

"ထူးထူးပြန်မယ်"

"အချိန်ရရင် နေပါဦးလား"

www.burmeseclassic.com

www.burmeseclassic.com



"နောက်မှ လာခဲ့မယ်၊ အခု မုန့်လာပို့တာ"

"ကောင်းပါပြီ၊ ထူးထူးကို အထူးကျေးဇူးတင်ပါသတဲ့ရှင်"

ထူးထူးက ဆယ့်ခြောက်နှစ်ကျော်ကျော် ဆိုသော်လည်း အလွန်ထွားကျိုင်းသန်မာသော လူငယ်လေးတစ်ယောက် ဖြစ်နေပေပြီ။

မြတ်ထူးမောင်က သူ၏ အားကစားထားသော ကိုယ်ခန္ဓာကို ခပ်ကြွားကြွားဖြင့် ဟန်ပါပါ လျှောက်လျက် သူ၏ မော်တော်ဆိုင်ကယ်ရှိရာသို့ သွားနေဆဲမှာ ကျွန်မစိတ်ကူးတစ်ခု ရလာ၍. . .

"ထူးထူးရေ"

"ဘာလဲ မမယမုံ"

"မမယမုံက မိုင်းမွန်ကို မရောက်ဖူးလို့၊ ထူးထူးအားရင် ဆိုင်ကယ်နဲ့ လိုက်ပို့ပေးပါလားဟင်"

"ရတယ်လေ၊ မမယမုံ သွားချင်တဲ့နေ့ပြော"

"ထူးထူးကရော ထွက်လို့ရမှာလား"

"ရမှာပါ"

"ဒါဖြင့် ဒီမြို့ဝန်းကျင် လျှောက်လည်ရအောင်နော်"

"မမယမုံ ထူးထူးဆိုင်ကယ်နောက်က လိုက်ရဲ့လား"

"လိုက်ရဲတာပေါ့ ထူးထူးရဲ့"

"ကောင်းပြီ၊ လာမယ့်ဆန်းဒေး မနက်အစောကြီး လာခဲ့မယ်"

"ဆီ အပြည့်ဖြည့်ခဲ့ကွာ၊ မိုင်းမွန်မြို့ပြင်ဘက် သွားရအောင်"



"စိတ်ချ၊ လာခဲ့မယ်"

သူ၏ စူပါကပ် မော်တော်ဆိုင်ကယ်ကို စက်နိုးပြီး အရှိန်နှင့် မောင်းထွက်သွားတော့သည်။

ထူးထူးမှာ တကယ့် အပြစ်ကင်းစင်သော ကောင်လေးတစ်ယောက်။

သူ၏ အကူအညီကို ရယူမည်။

အနန္တရာယ်ကွေ့သို့တိုင်အောင် သူ့မော်တော်ဆိုင်ကယ်ကို ကျွန်မ မောင်းခိုင်းမည်။

ပြီးတော့ သဲလွန်စရှာမည်။

ကျွန်မ သွေးပျက်မတတ် ခြောက်ချားခဲ့ရသော ခြောက်ကမ္ဘားထိပ်သို့ အရောက်သွားကာ လွန်ခဲ့သော ဆယ့်တစ်နှစ်ကာလက ချောက်ထဲကျသွားသော ကားနှင့် မေမေ၏ သဲလွန်စတို့ ရှာကြည့်ချင်သည်။

ပြီးတော့ ဦးဘအို၏ အလောင်းကြီး မြှုပ်နှံခဲ့ရာ နေရာကိုလည်း ကျွန်မ သိပါသည်။ မျက်စိထဲမှာ မြင်နေပါသည်။

"သူ့ အရိုးစုကတော့ မဆွေးတန် ကောင်းသေးပါဘူးလေ"

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

"ဦးမောင်မောင်ညွှန့်ဆိုတာ သူဌေးကြီးဦးဒီရဲ့ သမ
လေ၊ ဦးဒီဆုံးတော့ သူ့အမွေတွေ ရလိုက်တာ၊ လူကလည်
လည်တော့ အခု သိပ်ချမ်းသာနေပြီ"

ဒေါ်ထားထားရှိန်က ဒေါက်တာမြတ်စိုးစံကို ရှင်းပြနေခြ
ဖြစ်သည်။

ဒေါ်ထားထားရှိန် ဆိုသော်လည်း အရွယ်က သိပ်မကြ
လှသေး။

ခပ်ပွန်းရှိသော အိမ်ထောင်ရှင်မ ဖြစ်၍ ဒေါက်တ
မြတ်စိုးစံနှင့် နှစ်ယောက်တည်း လာ၍ မသင့်သဖြင့် ကျွန်မကို
တမင်ခေါ်လာခဲ့ကြောင်း ယခု ဘုရားကိုးဆူသို့ ရောက်က
ကျွန်မ သဘောပေါက်ခဲ့ရသည်။

"ဦးမောင်မောင်ညွှန့်ဆိုတာ ဘယ်သူလဲ ဟင်...
မမထား"

"အေး...နေဦး၊ ပြမယ်၊ ဟိုဘက်ဝိုင်းတွေမှာ
ဧည့်ခံနေတယ်၊ ဟောဒီဘက်ကို လျှောက်လာနေတဲ့ ဝတ်စုံဖြ
ပုလဲတွေ ဝတ်ထားတာ ဦးမောင်မောင်ညွှန့်ရဲ့ဇနီး သူဌေး
ဦးဒီရဲ့ တစ်ဦးတည်းသောသမီး ဒေါ်ခင်နှင်းဖြူဖြူ ဆိုတာပဲ"



သူ့ကို ငယ်စဉ်က မြင်ဖူးခဲ့သော်လည်း ယခု လုံးဝပြန်၍ မမှတ်မိတော့ပါ။

အသားညိုညိုနှင့် ရုပ်က သိပ်မလှသော်လည်း ပြင်ဆင်ထားပုံက ပျံ့နေသည်။ အဖြူရောင် လည်ဟိုက်ဝတ်စုံနှင့်...

"ဟော...မမထား၊ စားနော်၊ အဝ"

"ဒီမှာလေ၊ ဖြူတွေ့ချင်တယ်ဆိုတဲ့ စာရေးဆရာ မြတ်နိုးမြေ"

"ဟာ...ဟုတ်လား၊ ဆရာ့ဝတ္ထုတွေကို ဖြူက သိပ်ကြိုက်တာ"

"မမထားတို့ကတော့ ဝတ္ထုမဖတ်အားပါဘူး၊ နေမကောင်းရင် ဆေးကုခိုင်းဖို့ မဋ္ဌူသကမှာ ခေါ်ထားတာ"

"စာလည်းရေး၊ ဆေးလည်းကုပေါ့နော်"

"အဟားဟား"

ရယ်စရာ မဟုတ်ဘဲနှင့် ရယ်နေကြသည်။

"ဆရာ့ကို ဖြူ့ရောဂါလည်း ပြရဦးမယ်"

"မမထား သက်သက်ချွန်နေတာပါ၊ ကျွန်တော် စာရေးဖို့ သက်သက် ရောက်လာတာပါ ခင်ဗျာ"

"အမယ်လေး...ဖြူ့ရောဂါက ဆေးထိုးအပ်နဲ့ ကုရမယ့် ရောဂါမဟုတ်ပါဘူး...၊ ကလောင်နဲ့ ကုရမယ့် ရောဂါ၊ တစ်နေ့နေ့မှာ ဖြူ့နှလုံးသားထဲက ဝေဒနာတွေ လာပြောပြဦးမယ် ဆရာ ... ကြမ်းတွေ အများကြီး ရသွားစေရမယ်"

သူတို့ချင်း လိုင်နေကြသည်။ ကျွန်မဘက်သို့ ... ကားဦး ... ည့်မလာ။ မမထားကလည်း သူ့အဖော် စာရေးမလေး

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကို သူဌေးကတော်နှင့် မိတ်ဆက်ပေး လောက်အောင် မလိုအပ်ဟု ထင်ပုံရသည်။

သူတို့အာရုံက ကျွန်မထံ မရောက်သဖြင့် ကျွန်မက ဦးမောင်မောင်ညွန့်၏ ဖနီးကို အားပါးတရ ကြည့်ရှုခွင့် ရနေသည်။

"ဟာ"

အသံမထွက်မိအောင် ပါးစပ်ကို လက်ဝါးနှင့် ပိတ်ထားလိုက်ရသည်။

"လည်တုန်"

"သူလည်ပင်းမှာ စိန်လည်တုန်"

တစ်ချိန်က ကျွန်မအတွက်ဆိုပြီး ကြီးကြီးဒေါ်တသက်ပေးထားခဲ့ဖူးသည့် စိန်လည်တုန်ကြီး. . .။

ဤလည်တုံကြီးကို တစ်ဝကြည့်ခွင့်ရပြီးချိန်မှာပင် ဒေါ်ခနှင်းဖြူဖြူ တခြားဝိုင်းများဆီသို့ ကြော့ကြော့လေး လျှောက်သွားတော့သည်။

"စားလေ ယမုံ၊ ဘာဖြစ်လို့လဲဟင်"

ဒေါက်တာမြတ်စိုးစံက ဂရုတစိုက် မေးလာသည်။

"ဟင်းခါးက ငရုတ်သီးစပ်သွားလို့ပါ"

မန္တလေးကြာဆံချက်ကျွေးသည်မို့ ကျွန်မလည်း ပါးစပ်ထဲတွေ့ရာ ပြောလိုက်မိသည်။

"ယမုံ၊ ဟိုဘက်စားပွဲဘေးမှာ ရပ်ပြီး စကားပြောနေတာ သူဌေးဦးမောင်မောင်ညွန့်ပဲ"

ဒေါ်ထားထားရှိန် ပြသည့် သူကို ကျွန်မ အာရုံစူးစိုက်ပြီးကြည့်မိသည်။



ငယ်စဉ်က ဖြူဖြူ ပိန်ပိန်ရှည်ရှည် ခပ်နွဲ့နွဲ့။

ယခုတော့ ဗိုက်ကြီးစူပြီး ဝဝကြီးဖြစ်နေသော ကိုမောင်မောင်ညွန့်. . .။

သူဌေးဆိုသော ဂုဏ်ပုဒ်နှင့် ရုပ်ရည်တို့ လိုက်ဖက်လို့နေပါပြီ။

ဦးဒီ ဆောက်ခဲ့သော နှစ်ထပ်တိုက်ကြီးက ဟည်းလို့ခြံတလည်း အကျယ်ကြီး။ ခြံထဲမှာ တိုက်အောက်ထပ်မှာ ဧည့်သည်မွေး ဧည့်ခံကြပြီး တိုက်ကြီး၏ အပေါ်ထပ်မှာ ဘုရားကိုးဆူပူဇော်နေပေသည်။

ကျွန်မသည် ကြာဆံချက် ခပ်ထားသော ဇွန်းကိုကိုင်လျက် ငြိမ်သက်တိတ်ဆိတ်စွာ ဦးမောင်မောင်ညွန့် ဆိုသူကိုကြည့်နေမိသည်။

ဒေါ်ထားထားရှိန်က အမျိုးသမီးပီသစွာ ဘယ်သူ ဘာဝတ်သည်။ ဘယ်သူကလှ၍ ဘယ်သူက ပုံမလာ၊ ဘယ်အဝတ်အဆန်းသစ်သည် စသည်ဖြင့် အာရုံရောက်နေဆဲ။

ဒေါက်တာမြတ်စိုးစံက ငေးနေသော ကျွန်မကို စောင့်ကြည့်နေပေလိမ့်မည်။

ကိုမောင်မောင်ညွန့်က ကျွန်မနှင့် တည့်တည့်ရပ်နေရာမှ အခြားဘက်ဝိုင်းသို့သွားရန် လှည့်အထွက်. . .

သူ၏ ဘေးတိုက်အနေအထားကို မြင်လိုက်ရသည်. . .

"အို. . . သူ. . . သူပဲ"

မိုက်မဲလိုက်သည့် ကျွန်မ၊ ထိန်းချုပ်ခြင်းမှ လွတ်ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘေးတိုက်မြင်လိုက်ရသော လည်ပင်းပြည့်ပြည့်၊ နားရွက် ကားကား၊ ဆံပင်နောက်သိမ်း ညှပ်ထားသော ဘေးစောင်းအ အထားမှာ. . .

ကျွန်မတို့ သားအမိနှင့် ဦးဘအိုကိုသတ်ပြီး ခေါင်းစွပ် ကို ချွတ်လိုက်ချိန်မှ မြင်လိုက်ရသော ဘေးတိုက် အနေအထား နှင့် ပုံစံက သည်ပုံစံ။

"သူပဲဆိုတာ ဘယ်သူလဲဟင် ယမုံ"

ဒေါ်ထားထားရှိန်၏ အသံက အနည်းငယ် တင်း နေ၏။

"ဟို. . . ဟိုတစ်ခါက ဆိုင်မှာ ဈေးလာဝယ်တဲ့သူ တွေ့လို့ပါ မမထား"

"ဒါများ အလန့်တကြားဟယ်"

ကျွန်မကို အပြစ်တင်လိုက်ပြီး ဒေါ်ထားထားရှိန် ကြာဆံချက်ကို ငုံ့သောက်နေတော့သည်။

ဇွန်းကိုင်ထားသော ကျွန်မ၏လက်မှာ ဆတ်ဆတ်တုန် ၍ ခပ်သောက်ရန် မဖြစ်နိုင်ပါ။ သောက်ချင်စိတ်နှင့် သောက် သည့် အင်အားလည်း မရှိတော့ပါ။

"မထူးဘူး၊ ငါ အခုပဲထပြီး ဒီပွဲကို ဖျက်လိုက်တော့မ

ဒေါ်ခင်နှင်းဖြူဖြူ လည်ပင်းက လည်တုန်ကိုဆွဲဖြုတ်

ဦးမောင်မောင်ညွန့်ကို လက်ညှိုးငေါက်ငေါက်ထိုးပြီး

"လူသတ်သမားကြီး"

လို့ ကြုံးအော်ပြီး "လူတွေရှေ့မှာ ရဲလက်အပ် ငါ့ကိုယ်ငါလည်း နန်းထိုက်စံဆိုတာ ကြေညာလိုက်တော့မ



ကျွန်မတစ်ကိုယ်လုံး နတ်ဝင်သည်လို တုန်လာသည်။ ိုင်ရာမှ ထခါနီးမှာ စားပွဲအောက်မှ လက်လျှိုလျက် လက် ခံဖက်က တင်းကျပ်စွာ ဆုပ်ထားပြီး. . .

"တိတ်(က်)အီးဇီး ယမုံ"

သူ့အင်္ဂလိပ်စကားကို နားမလည်၍ ကျွန်မက ဒေါက်တာ တ်စိုးစံကို လှမ်းအကြည့်. . .

"မမထားကို ဟိုဘက်စားပွဲက လှမ်းရယ်ပြနေတယ်၊ နှုတ်ဆက်လိုက်ပါဦး"

"ဩော်. . . တပ်ရင်းမှူးကတော်ပဲ"

ဒေါ်ထားထားရှိန်ကို တမင် စားပွဲမှထသွားရန် သူက ည်မြို့မှ အရေးပါဆုံး အမျိုးသမီးကြီးကို ညွှန်ပြလိုက်ခြင်း မည်။ ဒေါ်ထားထားရှိန် ထသွားသည်နှင့်. . .

"တိတ်(က်)အီးဇီး ဆိုတာ သက်သက်သာသာနေပါလို့ ပြာချင်တာပါ။ ယမုံ တစ်ခုခုကြောင့် အရမ်း စိတ်လှုပ်ရှားနေ ယ် မဟုတ်လားဟင်"

"ဟုတ်တယ်၊ ယမုံ့လက်ကို လွှတ်လေ၊ ယမုံ့မှာ လုပ်စရာ ွာ ရှိတယ်၊ သိပ်အရေးကြီးတယ်"

"နေဦး ယမုံ၊ နေပါဦး၊ ရုတ်တရက် ဆုံးဖြတ်ရင် မှားသွား ယ်နော်၊ အချိန်ယူပါ၊ အချိန်ယူပါဦး၊ ယမုံ"

ကျွန်မ၏ စိတ်လှုပ်ရှားလွန်းမှုကြောင့် ဒေါက်တာမြတ်စိုးစံ လုံးစုံ ရိပ်မိသွားလေပြီ။

"ဘာပဲဖြစ်ဖြစ် အချိန်ယူစဉ်းစား ဆုံးဖြတ်ပြီးမှ ဆောင်ရွက် ါ ယမုံရယ်နော်၊ မဟုတ်ရင် ယမုံ ရှုံးသွားလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ အရှုံးမခံနိုင်ပါ။ ကျွန်မ နိုင်မှဖြစ်မည်။ လက်ဆ... လက်ကိုင်ပြစရာ ကျွန်မမှာ ဘာမှမရှိသေး။ ကျွန်မသည်... နန်းထိုက်စံဖြစ်ပါကြောင်းကိုပင် လောလောဆယ်မှာ ဘယ်သူ... လက်ခံမည်မထင်။

"မမထား ပြန်လာပြီ ယမုံ"

"သူမရိပ်မိအောင် နေပါ"

ဟုတ်ပါသည်။ ဤပွဲမှာ ကျွန်မ ထ၍ ကြလိုက်မှ... ကျွန်မပင် ယနေ့ည ရဲစခန်းမှာ အိပ်ရလောက်သည်။

ဤအသိဝင်၍ ယခုပွဲကို ဖျက်မည့်အစီအစဉ် ပျက်... သော်လည်း ကျွန်မနှလုံးသားမှာ ပွင့်ကွဲထွက်သွားမတ... နာကြည်းခံပြင်းခြင်းများဖြင့် ပြည့်ပိတ်နေပါ၏။

"ဟဲ့. . . စားလေ ယမုံ၊ ဘာလဲ၊ မကြိုက်လို့လား"

"ကြိုက်ပါတယ် မမထား၊ နည်းနည်းစပ်လို့ပါ၊ စားပါမ..."

ဟန်ဆောင်၍ ပြုံးပြလိုက်သော ကျွန်မ၏ မျက်နှာ... ချောက်ချားမှုများ ပြယ်လွင့်မည်မဟုတ်သေးကြောင်း သ... သည်။

မမထားအနေနှင့် ဤစာရေးမလေးမှာ ဤမျှ နက်... ရှုပ်ထွေးကာ ကြီးကျယ်လှသော အဖြစ်ပျက်များ၊ အတိတ်ဆိုး... ရှိပေလိမ့်မည်ဟု လုံးဝ တွေးမိလိမ့်မည် မဟုတ်ပါ။

ဩော်. . . ကျွန်မတို့ မိသားစုသုံးယောက်လုံးကို အ... သေအောင်၊ ဘဝပျက်အောင် ရက်စက်ယုတ်မာစွာ ပ... စက်စက် ကြံစည်ခဲ့သော လူသတ်ကောင်ကြီးကို မျက်စိရှေ့... မြင်တွေ့နေရပါလျက် ဘာမှလုပ်နိုင်ခွင့် မရှိသေးသည့်ဘ...



"ကဲ. . . လာ၊ အပေါ်မှာ ဘုရားသွားဖူးကြရအောင်"

ဟည်းနေသော နှစ်ထပ်တိုက်ကြီး၏အပေါ်မှာ လက်ဖက်... ...ည်၊ ရွှေကြည်၊ ကျောက်ကျော၊ လက်ဖက်၊ ရေနွေးကြမ်း စသော ...ချိုဝိုင်းကလည်း အသင့်။

အပေါ်ထပ်သို့ ဒေါက်တာမြတ်စိုးစံ လိုက်မလာ။

မမထားဘေးမှာ ကပ္ပန္နွေးဆည်ပြီး သူ မငြိုငြင်ရန် သူ့အရိပ် ...ခြည်ကို ကြည့်နေရပါတော့မည်။

"မမထားတို့ အချိုပွဲ စားကြဦးနော်၊ ဖြူ အောက်မှာ ...ကြိုလိုက်ဦးမယ်၊ တိုင်းမှူးကတော်ကိုယ်တိုင် လာလို့လေ"

ခပ်ကြွားကြွားလေးပြောပြီး ဆင်းသွားသော ဒေါ်ခင်နှင်း ...၏ လည်တိုင်မှာ စိတ်လည်တုန်များ တိုးလိုးတွဲလောင်းနှင့် ...ဖျပ်ခါသွားသည်။ နောက်ဘက်မှာလည်း ကြီးကြီး ...တသက်စံ ပေးစဉ်ကအတိုင်း သိုးမွှေးကြီးနှင့် ပန်းပွားနီလေး ...ခကပါ ဟိုတုန်းကအတိုင်း။

"ပြန်ကြမလား ယမုံ"

"မမထား သဘောပါ"

"အချိုတွေ မစားချင်တော့ပါဘူး၊ သွားကြစို့"

"ဟုတ်ကဲ့"

လှေကားခြေရင်းအရောက်မှာ သူ့ဖိနပ်ကလေးကို ...ည့်ပြီး သူ့ရှေ့တည့်တည့် ချပေးလိုက်သဖြင့်. . .

"သင့်(ခ်)ယူ"

ဆိုပြီး ဒေါ်ထားထားရှိန် အလွန်ကျေနပ်သွားပုံ...သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုအချိန်မှာ ဒေါ်ထားထားရှိန်သည် ကျွန်မ၏ ထမင်း ရှင်၊ ကျေးဇူးရှင်ပါလေ။ သူ့ဖိနပ် ကိုင်ပေးရသည့်အတွက် အောက်ကျသည်ဟု ကျွန်မ မထင်ပါ။

ကားနှင့် ပြန်လာကြပြီး မဥ္ဇူသကရှေ့မှာ ရပ်၍ အား ဆင်းပြီးကြချိန်မှာ. . .

“ကျွန်တော် ယမုံ့ကို လိုက်ပို့လိုက်မယ်နော် မမထား”

“ကောင်းပြီ မြတ်စိုးစံ”

သိပ်တော့ ကြည့်ပုံမရ၊ မထားသာ၍ ခွင့်ပြုလိုက်ရခြင်း ဖြစ်ဟန်တူသည်။

မဥ္ဇူသက တည်းခိုရိပ်သာကြီးဘေးမှ ပတ်ပြီး မီးရော လဲ့ရုံသာ လင်းနေသော ညလမ်းကို ခပ်ဖြည်းဖြည်း လျှောက် ကြသည်နှင့်. . .

“ယမုံ့မှာ အတိတ်အကြောင်းအရာတစ်ခုခုတော့ ရှိနေ ထင်တယ်နော်”

“ကိုမြတ်စိုးစံ အခုလိုမေးချင်လို့ လိုက်လာတာပဲ မဟု လား”

“ဟုတ်ပါတယ် ယမုံ”

အလွန်တင်းကျပ်စွာ ပိတ်ဆို့ ချုပ်တီးခဲ့ရသော ခံစား သက်ပြင်းမောကြီးအဖြစ် ချလိုက်ပြီးမှ. . .

“ကိုမြတ်စိုးစံလည်း ရိပ်မိနေပြီမို့ ယမုံ မငြင်းချင်ပါ

“ဘယ်လို အတိတ်ဆိုးမျိုးလဲဗျာ”

ကျွန်မ ဘာမှမပြောဖြစ်သေးဘဲ ထင်းရှူးရိပ်များကြာ ဆက်လျှောက်နေမိသည်။



“တော်ရုံတန်ရုံ ခံစားမှုဆိုရင် ယမုံ ထိန်းချုပ်ထားနိုင်မှာပါ၊ ကျွန်တော်သိခွင့်ရှိရင် သိပါရစေ၊ လိုအပ်တယ်ဆိုရင်လည်း အကူညီ ပေးချင်လှပါတယ် ယမုံ”

ဘေးတိုက်လျှောက်လာရာမှ ကျွန်မသူ့ကို အားကိုးစွာ မော့၍ ကြည့်လိုက်မိသည်။

လဆုတ်ရက်မို့ လမထွက်သေးသော်လည်း ကောင်းကင် ပြင်မှာ ကြယ်တို့စုံစွာ ဖျပ်ဖျပ်ခါ လင်းလက်နေပေသည်။

ထိုကြယ်၏ ဝိုးတဝါးအလင်းရောင်အောက်မှာပင် သူ၏ အကြင်နာမျက်ဝန်းကို ကျွန်မ မှန်းဆနိုင်ပါသည်။

“ကိုမြတ်စိုးစံ”

“ယမုံ”

“ယမုံ့ကို တကယ်ကူညီမှာလားရှင်”

“ဘာပဲဖြစ်ဖြစ် ကူညီမယ်ဗျာ၊ ကျွန်တော် ဆုံးဖြတ်လိုက်ပြီ”

“ရာဇဝတ်မှုကြီး ဆိုရင်ကော”

“ဘာပဲဖြစ်ဖြစ်လို့ ကျွန်တော် ပြောပြီပဲ”

ကျွန်မ၏အဖြစ် အလုံးစုံကို တစ်ခါတည်းပြောပြလိုက်ချင် သည်။ သူ့ကိုလည်း စိတ်ထဲက အလိုလိုနေရင်း ယုံကြည်စိတ်၊ အားကိုးစိတ်များ ပြည့်လျှံလာရပါပြီ။

“ယမုံဟာ မိုင်းမွန်နဲ့ပတ်သက်တဲ့ အတိတ်ရှိခဲ့ဖူးတာတော့ န်ပဲပေါ့နော်”

“ဟုတ်ပါတယ် ကိုမြတ်စိုးစံ”

“ဒါဖြင့် ဒါ ပထမဆုံးအကြိမ် ရောက်ဖူးတယ်ဆိုတာ တ်ဘူးပေါ့နော် ယမုံ”

www.burmeseclassic.com

www.burmeseclassic.com



"ကိုမြတ်စိုးစံ"

"ဗျာ. . . ယမုံ"

"ဒီမြို့ကို ပြန်ရောက်လာနိုင်ဖို့ ယမုံ ဆယ်နှစ်တိုင် ကြိုးပမ်းခဲ့ရပါတယ်၊ ဒီမြို့ရောက်လာရင် အားလုံးကို ရှာဖွေ ဖော်ထုတ်နိုင်လိမ့်မယ်လို့ ထင်ခဲ့တယ်၊ ဒါကြောင့်လည်း အားခဲပြီး ရောက်လာတာပါရှင်"

"ယမုံရယ်"

"ဒါပေမယ့် ဒီမြို့မှာ အားလုံးဟာ ယမုံ့ထက် အင်အား ကြီးတဲ့သူတွေချည်း ဖြစ်နေလို့ ယမုံတစ်ယောက်တည်း ဘယ်လို မှ မတတ်နိုင်တော့ပါဘူးရှင်၊ ဒါကြောင့်. . ."

"ပြောပါယမုံ"

"ယမုံ့ကို ကူညီပါ ကိုမြတ်စိုးစံရယ် နော်"

"စိတ်ချ၊ ဘာကူညီရမလဲဆိုတာသာ ပြောပါ"

"ပြောပါ့မယ်၊ ဒါပေမယ့် ဟိုမှာ ရိပ်သာစောင့် ဒေါ်ဒေါ် ထွက်ကြည့်နေပြီ"

"ဒီမှာ ရပ်ပြောကြရအောင်လေ"

"ယမုံရဲ့အကြောင်းအရာက ဒီလောက်ပြောရုံနဲ့ မလုံ လောက်ပါဘူးရှင်"

"ကျွန်တော် သိပ်စိတ်ဝင်စားတယ်၊ ပြီးတော့ ယမုံ ဘယ်အထိ ခံစားနေရတယ်ဆိုတာလည်း ကျွန်တော် မှန်းဆနိုင် လို့ ယမုံ ရင်ထဲက ဝေဒနာအပေါင်းကို ကျွန်တော်လည်း မျှဝေ ခံစားပါရစေ၊ ကျွန်တော် ယမုံ့ကို သိပ်သနားတယ်ဗျာ"



"ကျေးဇူးတင်ပါတယ်၊ ယမုံ့ဘဝရဲ့ အကြောင်းစုံ သိခွင့် ပြီးရင်လည်း ကိုမြတ်စိုးစံ ဒီထက်ပိုပြီး သနားလာလိမ့်မယ်လို့ ထင်ပါတယ်၊ ကဲ. . . ယမုံသွားတော့မယ်နော်"

"နေပါဦး ယမုံရယ်၊ ကျွန်တော် ဒီည အိပ်လို့လည်း ရမှာ မဟုတ်ဘူး၊ စာရေးလို့လည်း ရတော့မှာ မဟုတ်ပါဘူး၊ ကျွန်တော် တစ်ခုခုကို သိခွင့်ရပါရစေ၊ စောစောက ဦးမောင်မောင်ညွန့်နဲ့ ယမုံနဲ့ ဘယ်လိုပတ်သက်လဲဟင်"

"ယမုံနဲ့ မသတ်သက်ပါဘူး၊ ယမုံ့မိဘများနဲ့ ပတ်သက် တာပါ"

"ဟင်. . . ဘယ်လိုပတ်သက်တာလဲ"

"ဒီညတော့ အချိန်မရှိတော့ပါဘူး ကိုမြတ်စိုးစံရယ်၊ တစ်ခုတော့ ပြောလိုက်ပါ့မယ်၊ ယမုံဆိုတာက ယမုံ့ရဲ့ ဒုတိယ ဘဝနာမည်ပါ၊ ယမုံရဲ့ ပထမဘဝဟာ ဟောဒီ မိုင်းမွန်မြေမှာ ခဲ့ပါတယ်ရှင်၊ ယမုံဟာ မိုင်းမွန်မြို့သူပါ"

"ဟာ. . . ယမုံဟာ မိုင်မွန်မြို့သူ"

"ဟုတ်ကဲ့၊ ကိုးနှစ်သမီးအထိ ဒီမြို့မှာ နေခဲ့ပါတယ်၊ ပြီးတော့မှ မေမေနဲ့အတူ ထွက်ပြေးခဲ့ရတာ၊ ဒီအကြောင်း ဘယ်သူ့မှမပြောပါနဲ့နော်၊ ကဲ. . . နက်ဖြန်မှ ပြန်ဆုံကြရအောင်၊ ယမုံသွားတော့မယ်နော် ကိုမြတ်စိုးစံ"

ကျွန်မ သူ့ကို နှုတ်ဆက်ထွက်ခွာလာခဲ့သည့်တိုင် သူ နေရာမှာရပ်လျက် ကျန်ရစ်သည်။

ကျွန်မ၏အဆောင်ထဲသို့ ရောက်သည်အထိ သူမျှော်မှန်း ကြည့်နေဆဲရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အဆောင်မှူး ဒေါ်ဒေါ်မြကြ ကျွန်မနှင့် အမျိုးသားငယ် တစ်ဦးတို့ ညကြီးမိုးချုပ် ပြန်လာသည်ဟုထင်ပြီး အထင်သေ နေပုံရ၏။ ကျွန်မ ဘာမှ ပြန်လည်ရှင်းပြမနေချင်ပါ။

ထိုညတစ်ညလုံး ကျွန်မ၏မျက်စိထဲမှာ ကြီးကြီး ဒေါ်တသက်စံ၏ စိတ်လည်တုန်။

မေမေ့ကို လာရောက်ခြိမ်းခြောက်သည့် ကိုမောင်မော ညွန့်၏ ရုပ်သွင်။ နားထင်ပွင့်ပြီး သွေးဝေါက်ဝေါက် ပန်းထွ လာသည့် ဦးဘအို၏ ကြောက်စရာမျက်နှာကြီး။

ခေါင်းစွပ်ချွတ်လိုက်၍ ဘေးတိုက်လှမ်းမြင်လိုက်ရသေ ကိုမောင်မောင်ညွန့်၏သဏ္ဌာန်။

စသည်တို့ကို ပြန်လည်မြင်ယောင်ရင်း ခံပြင်းရှုံမုန်းလှ စွာ နာကြည်းလှပါသဖြင့် ထိုတစ်ညလုံး ကျွန်မ တစ်မှေး အိပ်၍မပျော်ခဲ့ပါ။

◆ ◆ ◆

"ဘုရားမှာ ယတြာချေချင်လို့ တမာခက်ကလေး ခူးခွင့် ပြုပါရှင်"

"ခူးလေ၊ ခင်ဗျားတက်နိုင်လို့လား"

"တံချူနဲ့ခူးပါ့မယ်"

"ခူး. . . ခူး"

စိတ်မရှည်ဟန်နှင့် ပြောပြီး ဝင်သွားသူမှာ ဘဘ ဦးကောင်းစံ၏ အမြွာသားထဲမှ တစ်ယောက်များဖြစ်နေမလား သိ၊ ကျွန်မ မမှတ်မိတော့ပါ။ ပုံစံက ဆင်းဆင်းရဲရဲ စုတ်စုတ် ပြတ်ပြတ်။

သုံးထပ်တိုက်ကြီး၏ ခြေရင်းဘက် ခြံထောင့်တွင် ထောင် ထားသော ဝါးလုံးများရှိရာသို့ ကျွန်မ လျှောက်သွား၍ ဝါးတစ်လုံး ကို ယူပြီး ပြန်လာသည်။ တိုက်ထဲမှာ ဘာအရိပ်အယောင်မျှ မမြင်ရပါ။

ဝါးလုံးမှာ တံချူလုပ်၍မရ၊ ဒီတိုင်းနှိမ်၍ တမာသုံးလေး ခက်ကို သဘောလောက်ခူးပြီး ပြန်အလှည့်လိုက်တွင် ကလေး ငယ်တစ်ယောက်ကို ခါးထစ်ခွင်ချီပြီး ရုပ်ကြည့်နေသော. . .

www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီး ဒေါ်တစ်သက်စံ။

မြင်ရတာ စိတ်ကောင်းနိုင်စရာမရှိ။ အဝတ်နွမ်းနှင့် ကြဲ့ယိ ပိန်ဖျော့ကာ တစ်ခေါင်းလုံးမှ ဆံပင်များ ဖွေးဖွေးဖြူနေသည်။ လွန်ခဲ့သော ဆယ့်တစ်နှစ်က ဒေါ်တသက်စံ၏ ရုပ်နှင့်ဆိုလျှင် သားအမိလောက် ကွာခြားသွားလေပြီ။

"ကျေးဇူးတင်ပါတယ် ကြီးကြီးရယ်၊ ဒီကလေးက မြေးလေးလားဟင်"

"စောစောက ဝင်သွားတဲ့ တူက မွေးတာ"

"သြော်. . . အသက်ကြီးတော့လည်း မြေးကိုချစ်ရတာ ပေါ့၊ ဒါနဲ့ သူ့အမေရော"

"လင်မယားချင်း စိတ်ဆိုးလို့ ဆင်းသွားသတဲ့လေ"

"သြော်. . . ဖြစ်ရလေ၊ ကလေးလေး သနားပါတယ် နော်"

"ဒီလိုသာ သနားတတ်ရင် ကိုယ့်ကလေး ကိုယ်ပစ်ပြီး ဘယ်ဆင်းပါ့မလဲကွယ်"

"ဟုတ်ပါ့ ကြီးကြီးရယ်"

ဒေါ်တသက်စံက ကလေးချီရင်း လှည့်ဝင်သွားသဖြင့်. .

"ဒီမှာ ကြီးကြီးရယ်၊ ကျွန်မသူငယ်ချင်းက ပန်းနဲ့ တခြား ယတြာချေဖို့တွေ ယူလာပြီး လောကထိပ်ပန်ဘုရား သွားမှာ၊ ဒီက ခဏစောင့်ခွင့်ပြုပါနော်"

"စောင့်လေစောင့်၊ မတ်တတ်ကြီး မကောင်းပါဘူး လာလေ အိမ်ထဲကို"

တမင် သည်အကွက်ထွင်ခြင်းပါ။ ဘာယတြာမှချေစရာ မရှိ။ ကျွန်မသူငယ်ချင်းကလည်း လိုက်လာမှာမဟုတ်။



တိုက်ကြီးထဲသို့ ဝင်ခွင့်ရခဲ့ပါပြီ။

သည်တိုက်ကြီးမှာ ကျွန်မ၏ မွေးဖွားရာနေရာစစ်စစ် ဖြစ်သဖြင့် ရင်ထဲမှာ ကျင်ခနဲ စူးသွားသည်။

"လူသတ်တရားခံကို တွေ့နေပြီ"

ကျွန်မ၏ သွေးရင်းသားရင်းဖြစ်သော ဘဘနှင့် ကြီးကြီး။ အစ်ကိုတစ်ဝမ်းကွဲဖြစ်သော ကောင်းမြတ်သူ၊ ကောင်းမြင့်သူတို့ နှင့် အခြေနေပေးလျှင် ပေးသလို ဖွင့်ပြောတိုင်ပင်ပြီး အောင်မောင်သွန့်ကို ပြန်လည်တိုက်ခိုက်ဖျက်ဆီးပြီး ထောင်ထဲ သွင်းရန်. . .

ဟူသော ရည်ရွယ်ချက်၏ ပထမခြေလှမ်း အောင်မြင်ခဲ့ ပါပြီ။

"ကြီးကြီးက အဲဒီတူနဲ့ပဲ နေတာလားဟင်"

"မဟုတ်ဘူး၊ အစ်ကိုတစ်ယောက် ရှိသေးတယ်၊ ကံ ကောင်းပါဘူးအေ၊ အသက်ကြီးမှ ပင်ပန်းလှတယ်"

"အင်းပေါ့နော်၊ ကလေးအမေ မရှိတော့ ပင်ပန်းမှာပေါ့၊ ကလေးတစ်ယောက် တာဝန်ဆိုတာ ဘယ်နည်းပါ့မလဲ၊ ကြီးကြီး မှာ အဲဒီတူတစ်ယောက်တည်း ရှိသလား"

"နှစ်ယောက်ရှိတာ အမွှာညီအစ်ကိုလေ"

"ကျန်တဲ့တစ်ယောက်ကရော"

"အငယ်ကောင် ဆုံးသွားတာ နှစ်နှစ်ကျော်ပြီ"

"အို. . . သူ့အဖေနဲ့ ရွယ်တူဆိုတော့ ငယ်ငယ်ပဲ ရှိဦးမှာ ဘာရောဂါများလဲရှင်"

"မိုက်တဲ့ရောဂါပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်. . ."

"ဘိန်းဖြူထိုးရင်း ရုပ်ရှင်ရုံထဲမှာဆုံးတာ၊ တစ်မြို့လုံး အုတ်အော်သောင်းနင်းပါပဲ၊ သမီးက ဒီမြို့က မဟုတ်ဘူးလား"

"မဟုတ်ပါဘူး ကြီးကြီးရယ်၊ မဥ္ဇူသကစတိုးဆိုင်ကြီးမှာ ဝန်ထမ်းပါ၊ ဒီမြို့ကိုရောက်တာ မကြာသေးဘူး"

"အင်း. . . အဲဒီ မဥ္ဇူသကဟိုတယ် ဆောက်ထားတဲ့ မြေကြီးဟာ ကြီးကြီးတို့အစ်ကိုရဲ့ မြေကြီးပဲ၊ ဈေးပေါပေါလေး ရောင်းလိုက်ရတာ၊ အခု မြေဈေးတွေ တအားတက်လာပြီလေ"

ဒေါ်တသက်စံ၏ လက်ထဲမှ ကလေးက လျှောဆင်းပြီး လမ်းလျှောက်၍ အထဲဝင်သွားတော့သည်။ ကလေးမှာ ယောက်ျားလေး၊ နှစ်နှစ်အရွယ်လောက် ရှိလေမည်။

"ကျွန်မ၏တူလေး တစ်ဝမ်းကွဲပါလား"

ဤသုံးထပ်တိုက်ကြီးမှာ ကျွန်မ၏မွေးဖွားရာနေရာ၊ ယခု မြင်နေရသူများမှာ ကျွန်မ၏ အရင်းဆုံးသော သွေးများ။

"ကြီးကြီးရဲ့အစ်ကိုကြီးက ဘယ်မှာလဲဟင်"

"ရှိတယ်၊ အခန်းထဲမှာ"

ဦးကောင်းစံ စိတ်နောက်နေသည်ဟု ကြားထားရသဖြင့် ကျွန်မ တွေ့ချင်နေမိသည်။

အကယ်၍ သွက်သွက်လည်အောင် ရူးမနေဘူးဆိုလျှင် အလုံးစုံဖွင့်ပြောပြီး တူတစ်ရီးတစ်တွေ စည်းစည်းလုံးလုံးဖြင့် ဦးမောင်မောင်ညွန့်ကို တိုက်ခိုက်ရုံသာ။

"ဟေး. . . ဘာလုပ်နေကြတာလဲ"

"လာကြပါ. . . လာပါဟ"



အထဲက အသံကျယ်ကျယ်နှင့် အော်လိုက်၍ ဒေါ်တသက်စံ ပြေးဝင်သွားသည်။

ကျွန်မလည်း ဖြစ်ချင်ရာဖြစ် ဒေါ်တသက်စံ၏နောက်မှ နှတ်၍ လိုက်ဝင်သွားတော့သည်။

"အို. . ."

ဦးကောင်းစံ၏ရုပ်သွင်မှာ မြင်၍မကောင်းတော့ပါ။

မျက်လုံးမျက်ခွံကြီးများ အဆမတန် မို့မောက်နေပြီး နည်း မျက်နှာမော့ကြည့်မှ မြင်နိုင်ပေသည်။

နှုတ်ခမ်းကလည်း ထူတွဲနေ၏။

မျက်နှာတစ်ပြင်လုံး ဖူးရောင်နေသလို ပြည့်ပြည့်အစ်အစ်ကြီး ဖြစ်နေသော်လည်း ကိုယ်ခန္ဓာမှာ ကြုံလှီလွန်းလှသည်။

ဒေါ်တသက်စံက တွဲထူလိုက်ချိန်မှာ ဆီးများ ထိန်းမရတော့ဘဲ တစ်စက်စက်ထွက်ရင်း အိပ်ခန်းနှင့် တွဲလျက် အိမ်သာသို့ ပါသွားသည်။

"ဩော်. . . အခြေအနေ ဆိုးလှချည်လား ဘဘကြီး ကောင်းစံရယ်. . ."

ကျွန်မ အခန်းဝမှာ ကြောင်ကြောင်ကြီး ရပ်နေမိသည်။

ကောင်းမြတ်သူက သူ့သားကိုချီ၍ ထွက်လာပြီး. . .

"ခင်ဗျား ဘာလုပ်နေတာလဲ"

"ဩော်. . . ခေါ်သံကြားလို့ ကျွန်မပါ ဝင်လာမိတာပါ ဘဘကြီးက သနားပါတယ်နော်၊ ဘာရောဂါလဲဟင်"

"အစုံပါပဲဗျာ"

သူက စိတ်ပျက်အားလျှော့ဟန်နှင့် ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာဝန်နဲ့ မပြဘူးလားဟင်၊ ဒီမြို့မှာ ဒေါက်တာ
သိန်းမောင်ဆိုတာ နာမည်အကြီးဆုံးဆို"

"ပြတာပေါ့၊ သူနဲ့ပြရင်း ရောဂါက မသက်သာ
ကြာလေ ဆိုးလေ ဖြစ်လာတာ"

"တခြားဆရာဝန်ရော မပြဘူးလားဟင်"

"ပြတာပဲ၊ ဘယ်သူမှ မကုနိုင်ပါဘူး၊ အခုနောက်ပိုင်း
တစ်ခါတလေ စိတ်ဖောက်ပြန်သလိုတောင် ဖြစ်ဖြစ်လာတယ်"

"သနားပါတယ်နော်"

"ဝင့်ပဲပေါ့ဗျာ"

"ဒီတိုက်ကြီးက အစ်ကိုတို့တိုက်ပိုင်လားဟင်"

"ဟုတ်တယ်"

သူက ဘာမှထပ်မပြော၍ ကျွန်မလည်း ဧည့်ခန်း
ကြိမ်ပေါက်နေသော ကုလားထိုင်များပေါ်မှာ ဝင်ထိုင်ရင်း. . .

"ကျွန်မသူငယ်ချင်း လာမယ်ဆိုလို့ ဒီကစောင့်နေတာ"

"လာလောက်ရောပေါ့၊ အပြင်က ထွက်စောင့်နေပါလား"

စေတနာနှင့် ပြောခြင်းလား၊ မနေစေချင်၍ နှင်ခြင်းလား
မသိ။

ဘာပဲဖြစ်ဖြစ် သည့်ထက်ပို၍ ဆက်မနေသင့်သဖြင့်
ခြံထဲသို့ ပြန်ဆင်းခဲ့ရသည်။ ခြံတံခါးများလည်း ကျိုးပျက်ပေါ
နေပေသည်။

"ကျိန်စာသင့်နေတဲ့ အိမ်ကြီးကျနေတာပဲ"

အားလုံး ကျဆုံးခြင်းအမှတ်လက္ခဏာများကိုသာ
တွေ့ရသည်။ အထူးသဖြင့် ငွေကြေးလည်း အလွန်အမင်း ချို
နေပုံရသည်။



ကောင်းမြတ်သူကလည်း ထက်မြက်မည့်လက္ခဏာ
စက်ကလေးမျှ မမြင်ရ၊ အိမ်ထောင်ရေး ငွေကြေး အဆင်
ပြေ၍ ပေပဲလားမသိ။ စိတ်ဓာတ်အကြီးအကျယ် ကျနေပုံ
ရသည်။

ကျွန်မ ခြံထဲမှထွက်လာခဲ့ပြီး လမ်းကွေ့ချိုးအရောက်တွင်
အိတ်ထဲမှ တမာခက်များကို လွှင့်ပစ်လိုက်သည်။

"ဩော်. . . ငါ အနှစ်နှစ်အလလက မျှော်လင့်ထားတဲ့
တားချောချင်တဲ့လူကို တွေ့ရပြီလေ"

"သူ့ကို ငါ့ဆွေမျိုးများနဲ့ပေါင်းပြီး တိုက်ခိုက်ဖို့ ရည်ရွယ်
နဲ့ ဒီမင်္ဂလာစံအိမ်အိုကြီးကို ငါ ရအောင် ဝင်နိုင်ခဲ့တယ်"

"ဒါပေမယ့်ကွယ်. . . ကူဖို့မပြောနဲ့ သူတို့ဟာသူတို့
င် မရပ်တည်နိုင်ကြတဲ့ဘဝပဲ"

"ဘဘဦးကောင်းစံကလည်း ဖေဖေ့ပေါ်မှာ တစ်စက်
လေးမှ မကောင်းခဲ့သူပါလေ"

"ငါ့ရဲ့ ဆွေမျိုးတွေကိုတော့ အားကိုးလို့မဖြစ်တော့ဘူး"

"ငါတစ်ယောက်တည်းလည်း ဒီပြဿနာကြီးကို မဖြေရှင်း
ဘူး"

"ဒီတော့. . . "

"ညကပြောထားတဲ့အတိုင်း ဒေါက်တာမြတ်စိုးစံဆီက
အညီကို ယူရမယ်"

"သူ ကူညီပေးဖို့အတွက် ငါ့ရဲ့ဇာတ်ကြောင်းစုံကို ဒီနေ့
ပြောလိုက်ပါတော့မယ်လေ"

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



ဤဆုံးဖြတ်ချက်များဖြင့် မင်္ဂလာစံအိမ်အိုကြီးမှ ကျွ
ပြန်လာပြီး ဆိုင်သို့ အလုပ်ဝင်ချိန်မှာ ရှစ်နာရီထိုးရန် ဆယ်မိ
မျှပင် လိုသေးသဖြင့်. . .

မဥ္ဇူသက တည်းခိုရိပ်သာကြီး၏ အဝင်အဝမှ ဧည့်
ဌာန(Reception)သို့ ခဏဝင်ပြီး. . .

"ကျွန်မ စာရေးဆရာမြတ်နိုးမြေရဲ့အခန်းကို
ဖုန်းပြောပါရစေရှင်"

အခန်းတိုင်းမှာ တယ်လီဖုန်းရှိ၍ ဧည့်ကြိုဌာနမှပြော
ရသည်။

စာရေးဆရာ မြတ်နိုးမြေဆိုသော ဒေါက်တာမြတ်
ဆိုသည့် ဘွဲ့နှစ်ခုပိုင်ရှင်ကို ယနေ့ညနေ ဖွင့်ပြောရန် ချိန်
တော့မည်လေ။

ကျွန်မ၏ လျှပ်တစ်ပြက်အတွေးများ မဆုံးခင် ဧည့်
ကောင်တာမှ အမျိုးသမီးက. . .

"ဆရာမြတ်နိုးမြေ မနက်က အရေးတကြီးပဲ 'ရွှေကျွန်
ရွာ'ကို ခဏသွားတယ်၊ ဘာမှာခဲ့မလဲ"

"သူ ဘယ်တော့ ပြန်လာမှာလဲဟင်"

"မပြောတတ်ဘူး၊ သူ့သူငယ်ချင်းတစ်ယောက် လာ
သွားတာ၊ သူငယ်ချင်းရဲ့အဒေါ်တစ်ယောက် အတော်စိုးရိမ်
လို့တဲ့၊ အဲဒီလူနာကို လိုက်ကြည့်ပေးမှာတဲ့"

"ဪ"

"ဘာမက်ဆေ့ချ် ပေးခဲ့မလဲ၊ ပေးလေ၊ ပြန်ပြောပေး

"ရပါတယ် မမရယ်၊ ကျေးဇူးပဲနော်"



မျှော်လင့်အားခဲထားသမျှ ဘာမှဖြစ်မလာ၍ စိတ်ဓာတ်ကို
သာ တိုင်းစရာ သာမိုမီတာရှိခဲ့လျှင် သုညဒီဂရီသို့တိုင်အောင်
ကျွန်မ၏စိတ်ဓာတ် ကျဆင်းသွားမည့်နေ့ပါပင်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

သည်တနင်္ဂနွေမှာဖြင့် နှစ်ဦးလုံးနှင့် ချိန်းထားသည်။

မနက်စောစောပိုင်းမှာ မြတ်ထူးမောင်၏ မော်တော်... ဆိုင်ကယ်နောက်မှလိုက်၍ လျှောက်လည်ကြမည်။

နံနက်စာထမင်းကို ကိုစောနောင်က ကျွေးဖို့ ဖိတ်ကြ... ထားပါသည်။ နံနက် ဆယ့်တစ်နာရီနှင့် ဆယ့်နှစ်နာရီကြား... လာခဲ့ပါမည်ဟု ကိုစောနောင်ကို ပြောထားသည်။ မြတ်ထူးမော... နှင့် မနက်ပိုင်း လျှောက်လည်ကြမည်ဟု ကိုစောနောင် မသိ... ခဲ့ပါ။

တက်ကြွစအရွယ် လူပျိုဦးလေး မြတ်ထူးမောင်... ချိန်းထားသော နံနက်ခြောက်နာရီမထိုးမီ ဆယ့်ငါးမိနစ်အလို... ရောက်ရှိလာသည်။

သူ၏ မော်တော်ဆိုင်ကယ်သံ တဘုံးဘုံးကြောင့် တ... သူများကို အားနာမိသည်။ စောစောစီးစီးကြီးလေ။

အဆောင်မှူး ဒေါ်ဒေါ်မြကလည်း ယခုတလော ကျွ... ကို သိပ်ပြီး ကြည့်၍ရဟန်မတူ။

ဒေါက်တာမြတ်စိုးစံနှင့် ပြန်လာလိုက်. . .



ကိုစောနောင်က လာလည်လိုက်. . .

ယခု မြတ်ထူးမောင်၏ မော်တော်ဆိုင်ကယ်နောက်မှ ...သွားလိုက်နှင့် ကျွန်မကလည်း ကျွန်မပါပဲလေ။

ပြဿနာများအားလုံး ရှင်းပြီး ကျွန်မဘယ်သူပါဟု ...သွားသည့်အချိန်မှာ အားလုံး ပြေပျောက်သွားပါလိမ့်မည်။

"တို့မမက တကယ်လှတယ်ဗျာ"

မြတ်ထူးမောင်က လူငယ်ပီပီ စိတ်ထဲရှိသမျှ ပြောချလိုက် ...သည်။

တောင်ပေါ်သူတို့ ထုံးစံအတိုင်း သိုးမွေးဦးထုပ်လှလှလေး ...ဆောင်းပြီး အဖြူနှင့်အပြာစင်း စွယ်တာကိုဝတ်လျက် ဂျင်း ...ဘောင်းဘီဝတ်ထားသော ကျွန်မကို မြတ်ထူးမောင်က ကြည့်ပြီး ...ပြောလိုက်ခြင်းဖြစ်သည်။

"ဘယ်သွားမလဲ မမယမုံ"

"မိုင်းမွန်မြို့ပြင်ကိုမောင်းပါ ထူးထူး၊ မိုင်သုံးဆယ်ခရီး ...လောက် သွားချင်တယ်၊ ရမလားဟင်"

"မိုင်သုံးရာသွားချင်ရင်တောင် ရသေးတယ်"

"ဒါဖြင့် မောင်းကွာ၊ အန္တရာယ်ကွေ့ကို သွားချင်တယ်"

"အန္တရာယ်ကွေ့. . . ဟုတ်လား"

"ဟုတ်တယ်၊ အသည်းတလှပ်လှပ်နဲ့ စီးချင်လို့ပါ ထူးထူး ...၊ မောင်းစမ်းပါ"

ထူးထူးက လက်ကိုင်ကိုလှည့်၍ အရှိန်မြှင့်လိုက်ပြီး ...မြင့်နေအောင် မောင်းလိုက်သဖြင့် ကျွန်မ သူ့ခါးကို မိမိရရ ...ဖက်တွယ်၍ လိုက်ခဲ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍သာ ကောင်းမြတ်သူသည် ထက်မြက်အဖော် မည့်သူသာ ဖြစ်ခဲ့ပါလျှင် တစ်ဝမ်းကွဲမောင်နှင့် သဲလွန်စရှာ သွားကြရုံသာ။

ယခုတော့ ဘာမှ သွေးမတော်သားမစပ်သည့် ကောင်လေးတစ်ယောက်၏ ခါးကိုဖက်လျက် သွားနေရပါ ကိစ္စမရှိပါ။

ဘာပဲလုပ်ရလုပ်ရ ဘယ်သူပဲ အထင်သေးသေး ကျွန်မ မမှုပါ။ လူသတ်ကောင် မောင်မောင်ညွှန့်ကို လက်ဆုပ်လက်ကိုင် ပြပြီး ဖမ်းနိုင်ဖို့သည်သာ အဓိကအရေးအကြီးဆုံးပါ။

"မမယမုံ စီးရဲရဲ့လား"

"စီးတော့ စီးရဲပါတယ်၊ ဒါပေမယ့် အရှိန်နည်းနည်း လျှော့ပါဦးကွယ်"

မြတ်ထူးမောင်က နာခံစွာ အရှိန်လျှော့ချလိုက်လေသည်။

"လက်ဖက်ရည် သောက်ရအောင်နော် မမယမုံ၊ ထူးထူး ဘာမှ မစားခဲ့ရသေးဘူး"

"သောက်လေ"

"မမယမုံရော ဆာလားဟင်"

"မမလည်း ဘာမှ မစားခဲ့ရသေးဘူး"

"ဟာ. . . ဒါဖြင့် အတော်ပဲဗျာ"

လက်ဖက်ရည်ဆိုင်မှာ ပဲပလာတာနှစ်ချပ်နှင့် လက်ဖက် ရည်တစ်ခွက် ထူးထူးကသောက်ပြီး ကျွန်မကတော့ နံပြား တစ်ချပ်နှင့် လက်ဖက်ရည်ချိုပေါ့ကျတစ်ခွက်သာ သောက်ပြီး မိုင်းမွန်မြို့ပြင် ကားဂိတ်အနီးရှိ 'မောချယ်ရီ' လက်ဖက်ရည်ဆိုင်မှ ထွက်ခဲ့ကြသည်။



"ထူးထူး"

"ဗျာ. . . မမ"

"အရှိန်လျှော့ချလိုက်စမ်း၊ မမတို့နောက်က မော်တော် ကယ်တစ်စီး ကပ်လိုက်နေတယ်၊ သူကျော်တက်ပစေ"

ထူးထူး အရှိန်လျှော့လိုက်တော့ သူလိုက်လျှော့ပြီး. . .

ထူးထူး၏ မော်တော်ဆိုင်ကယ် အရှိန်မြှင့်တော့ သူလိုက် မြှင့်နေသည်။

"ရှေ့နားက သစ်ပင်ရိပ်ကောင်းကောင်းတစ်ခုမှာ ရပ်ပေး ထူးထူးရေ"

"ဘာဖြစ်လို့လဲ မမယမုံ"

"နောက်ကဆိုင်ကယ် ကျော်သွားစေချင်လို့၊ ပြီးတော့ တို့ရဲ့ ခရီးဆုံးက ဒီနေရာပဲလို့ သူ့ကိုပြရအောင်၊ သစ်ပင်ရိပ် က်မှာ အေးအေးဆေးဆေး ထိုင်ကြရအောင်လေ"

ပန်းနုရောင်ပန်းများ ပွင့်ဝေတတ်သော ပန်းချယ်ရီပင်ကြီး က်မှာ ထိုးရပ်လိုက်ပြီး နှစ်ယောက်သား သစ်ပင်ရိပ် က်မှာ ပူးပူးကပ်ကပ် ထိုင်ပစ်လိုက်သည်။

လိုက်လာသော မော်တော်ဆိုင်ကယ်မှာ ကျွန်မတို့ရှေ့မှ းပတ် ကွေ့မောင်းပြီးမှ မိုင်းမွန်ဘက်သို့ ပြန်မောင်းချ သွားသည်။

"ငါ့ကို လိုက်ကြည့်တာလား၊ ထူးထူးကို လိုက်ကြည့်တာ တစ်ခုခုပဲ"

"သူ ဘယ်သူများပါလိမ့်"

www.burmeseclassic.com

www.burmeseclassic.com



မော်တော်ဆိုင်ကယ်စီး ဦးထုပ်ကြီးဆောင်းထား၍ ဗိုး မျက်နှာကိုမမြင်ရ။ နာရီဝက်နီးပါး အလကားအချိန်ကုန်သ ရပါ၏။

"လာ... ထူးထူး၊ အန္တရာယ်ကွေ့ကို သွားကြရအောင်"

ကျွန်မနှင့် ထူးထူးတို့နှစ်ယောက် စီးလာကြချိန်မှာ လူ လေးပါးနှင့် ကားများ ရှင်းနေပါ၏။

တောင်ပေါ်မြို့သည် ဤကမ္ဘာပေါ်မှာရှိသမျှ သဘာ အလှအပပေါင်းစုံကို စုစည်းတည်ဖွဲ့ထားသလို ရှိနေသည်။

နေထွက်စမို့ တောင်ခိုးတွေ ဝေနေ၏။ သစ်ရွက်မြ ပေါ်မှာ တစ်ညတာ အိပ်စက်နေခဲ့သော နှင်းရည် နှင်း ကလေးများသည် နေ၏အငွေ့ကြောင့် မှီတွယ်ရာမဲ့စွာ မြေ ပေါ်သို့ လျှောကျလျက် ဘဝပျက်ကြရရှာသည်။

အလှကျ ရောင်စုံပန်းများကလည်း လမ်း၏ ဝဲယာ ရောင်မျိုးစုံ ပွင့်ဝေနေပေသည်။

မကြာသေးမီကပင် ဤလမ်းကိုဖြတ်၍ မိုင်းမွန်သို့ လာ ပါသော်လည်း ခရီးသည်တင်ကားကြီးဖြင့် ကျပ်ညပ်စွာ ဧ အပြည့်၊ လူအပြည့်နှင့် လာခဲ့ရသဖြင့် ပတ်ဝန်းကျင်ကို သ မမြင်ခဲ့ရ။

ယခုမှ အရပ်ရှစ်မျက်နှာ၏ မိုးကုပ်စက်ဝိုင်းများထိ မြင်သာနိုင်သည်အထိ မြင်ကွင်းက ပြန့်ကျယ်လှပေသည်။

"ရောက်တော့မယ် မမယမုံရဲ့၊ ဒီအတက်ဆုံး အန္တရာယ်ကွေ့ပဲ"

ရင်ထဲမှာ ထိတ်ဖြာသွား၏။



ဪ... လွန်ခဲ့သော ဆယ့်တစ်နှစ်က ဒီလမ်း၊ ဒီအကွေ့၊ ဒီအတက်မှာ...

တောင်တက်လမ်းက မတ်စောက်မြင့်မားနေ၍ ဆိုင်ကယ်စီး ကျွမ်းသော မြတ်ထူးမောင်ပင် ခက်ခဲစွာ ထိန်း၍ တက်နေရသဖြင့် ကျွန်မလည်း သူ့ခါးကို ပို၍အားစိုက်ကာ ဖက်ထားလိုက်ရပါသည်။

"အား... အတက်ကြီးက ဖျားချင်စရာ၊ ထူးထူးတောင် ခုမှပဲ အသက်ရှူနိုင်တော့တယ်၊ မမယမုံ ကြောက်သွားလားဟင်"

"မကြောက်တော့ပါဘူး"

ကျွန်မ၏ အစီအစဉ်အတိုင်း တောင်ထိပ်မှနေ၍ ပြန့်ပြေသော နေရာရှိရာ အောက်ဘက်သို့ မော်တော်ဆိုင်ကယ်ကို တွန်း၍ ယူလာခဲ့ကြသည်။

"ဟုတ်ပါတယ်၊ ဒီနေရာပဲ"

တောင်ထိပ်အောက်ခြေမှ ကျောက်သားကျောက်စိုင်နှင့် ရောနေသော မြေပြန့်ပြန့်က ယခင်အတိုင်းပါပင်။

"ဆိုင်ကယ်ရပ်ခဲ့၊ ချောက်ထိပ်တက်သွားကြည့်ရအောင် ထူးထူး၊ လာ"

"ဟင်... အောက်မှာ ယာတဲလေးတွေပါလား"

တောင်ထိပ်မှ လှမ်းမျှော်ကြည့်မိရာ ချောက်နက်ကြီး သက်သက် မဟုတ်တော့ပါ။

လှေကားထစ်စနစ် စိုက်ပျိုးရေးများနှင့် တောင်ယာတဲလေးများက မြင်သာသည့် နေရာအထိ အဆင့်ဆင့် အထပ်ထပ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ တွယ်ဖက်ကျန်ရစ်ခဲ့သော သစ်ပင်ကြီးကို မတွေ့ရ။ ခုတ်လှဲလိုက်ကြသလား။ တောင်စောင်းမှာမို့ သူ့အလိုလို ပြိုလဲကျသွားလေပြီလား မသိ။

"အောက်ကိုဆင်းပြီး ဘာသွားလုပ်မလို့လဲ မမယမုံ"

"ခဏလေး ဆင်းကြည့်ပါရစေ ထူးထူးရယ်"

ချောက်အဆုံးကို မြင်သာသည့် နေရာက လှမ်း၍ ကြည့်ချင်လှပါသည်။ ဂျစ်ကား၏ အပိုင်းအစ သို့မဟုတ် သံဘော်ဒီတစ်ခုလုံးကိုများ မြင်ရဦးမလားဟု ကျွန်မ မျှော်လင့်စွာ တွေးလျက် လမ်းဖြစ်နေသော ဆင်ခြေလျှောလမ်းအတိုင်း ပြေးဆင်းလာခဲ့မိပါသည်။

တကယ်တော့ ခံစားနေရသူ ကျွန်မအဖို့သာ မနေ့တစ်နေ့က အဖြစ်အပျက်လို့ထင်ပြီး ရူးမိုက်စွာ ရှာဖွေနေမိခြင်းပါ။

"ကြားမှာ ဆယ့်တစ်နှစ်ဆိုသော ကာလကြီး ခြားနေပါလား"

ထင်းစီးများရွက်ပြီး တောင်လမ်းအတိုင်း ဆင်းလာသော ဂျိန်းဖောအဘွားကြီးအား. . .

"အမေ. . . အမေ ဘယ်ရွာကလဲဟင်"

"ယာတဲသွားမလို့ပါ သမီး"

ဝဲလွန်းသောအသံနှင့် မေတ္တာပါစွာ ဖြေရှာသည်။

"အမေ ဒီမှာနေတာ ကြာပြီလားဟင်"

"သိပ်မကြာသေးဘူး၊ နှစ်နှစ်လောက်ပဲ ရှိသေးတယ် ဘာဖြစ်လို့လဲဟင်"

"ဘာမှမဖြစ်ပါဘူး၊ အလေးကြီး ရွက်ထားရတာ သွားပါ တော့လေ"



အဘွားကြီး ထွက်သွားသည်ကို ငေးရင်း ရင်ထဲမှာ ဆို့ကဆို့ကာ မျက်ရည်များ ဝဲလာသည်။ တောင်အောက်မှ လေပင့်တိုက်သဖြင့် ကျွန်မ၏ဆံပင်များ လွင့်မျောနေလေသည်။

"အခုလို ဘောင်းဘီနဲ့ဆိုတော့ မမယမုံကို ကြည့်ရတာ အမေရိကန်ရုပ်ရှင်မင်းသမီးတစ်ယောက်လိုပဲ ချောတယ်ဗျာ"

"အရေးထဲမှာ ထူးထူးရယ်"

ကျွန်မ ယာတဲလေးများရှိရာသို့ ဖျတ်လတ်သွက်လက်စွာ ဆင်းခဲ့သည်။ မဥ္ဇူသကဆိုင်မှ ဝယ်ထားသော ဟပ်ဖ်ရှူးဖိနပ် ထလည်း တောင်ဆင်းလမ်းမှာ အဆင်ပြေနေ၍ ခဏအတွင်းမှာ အောက်ခြေသို့ ရောက်လာခဲ့သည်။

"အို. . . အပေါ်က ကြည့်တော့သာ ယာခင်းနဲ့ ယာတဲလေးကို မြင်ရတာ၊ ဒီဘက်ကို ကွေ့ဆင်းလာတော့ ရွာတန်းလေး တစ်ခုပါလား"

စိတ်မှ အားတက်ကာ ပို၍သွက်လက်သော ခြေလှမ်းများ နှင့် သွားနေ၍. . .

"မမယမုံ၊ ဘယ်အထိသွားမှာလဲဗျာ၊ မော်တော်ဆိုင်ကယ် ကြီး ဒီအတိုင်း ထားခဲ့ရတာ"

"သြော်. . . ဟုတ်သားပဲ၊ ထူးထူးအပေါ်က သွားစောင့် မမ ပြန်တက်လာခဲ့မယ်၊ သိလား"

"ရွာမှာ အသိရှိလို့လား"

"ဟုတ်တယ်၊ ရှိလို့"

ကျွန်မ ညာသည်ကို သူတကယ်ယုံကာ ပြန်လှည့်တက်သွားသည်။ ထာဝရ အပြစ်ကင်းစင်နေတတ်သည့် ထူးထူးရယ် လေ။

www.burmeseclassic.com

www.burmeseclassic.com



"ညီမက ဘယ်သွားမလို့လဲ"

ပင်နီရောင် ရှမ်းဘောင်းဘီနှင့် လည်ကတုံးအင်္ကျီအဖြူနှင့် လူတစ်ယောက်က လှမ်းမေးလိုက်မှ ကျွန်မ ခြေစုံရပ်ကာ. . .

"အောက်မှာ ရွာလေးတွေ့လို့ ဆင်းလာတာပါရှင်၊ ဒီရွာနဲ့ပတ်သက်လို့ မေးချင်တာလေးရှိလို့ပါ၊ အစ်ကို ပြောပြနိုင်မလားဟင်"

"ကျွန်တော်လည်း လူသစ်ပဲ၊ ဒါပေမယ့် ဒီရွာက ကျောင်းဆရာ 'ခွန်ဆေးဆိုင်'ကတော့ ညွှန်သည်သိချင်သမျှ ပြောပြတတ်မှာပါ"

ရိုးသားတည်ကြည်ပုံရသော ထိုသူနှင့်အတူ ရွာထဲသို့လိုက်သွားခဲ့သည်။

ရွာမှာ အိမ်ခြေသုံးလေးဆယ်ခန့်သာ ရှိပါလိမ့်မည်။ ပျဉ်ထောင်အိမ်ပင် မရှိ။

မိုင်းမွန်ဝန်းကျင်တစ်ဝိုက်က လူတွေ ဒီကိုပြောင်းလာကြပြီး မြေရိုင်းတွေကို ခုတ်ထွင်ရှင်းလင်း၍ စိုက်ကြ၊ ပျိုးကြရင်း သီးနှံတွေ ဖြစ်ထွန်းလာခဲ့သည်။ ရွာလေးမှာလည်း တဖြည်းဖြည်း စည်ကားလာကြောင်း ပြောပြပြီး ဆရာခွန်ဆေးဆိုင်ရှိရာသို့ ခေါ်လာပြီး မိတ်ဆက်ပေးသည်။ သူ့အမည်က ကချင်အမည် 'တူးဂျာ'တဲ့။

"မိန်းကလေး. . . ဘာသိချင်လို့လဲ၊ ဒီနယ်မြေအကြောင်း ကျွန်တော်ကောင်းကောင်း ရှင်းပြနိုင်ပါတယ်"

ချိုသာသောအပြောနှင့် ကမ္ဘောဇသံဝဲနေ၍ နားထောင်လို့ ကောင်းလှပါပေသည်။



"ကျွန်မသိချင်တာ ဒီနယ်မြေအကြောင်း မဟုတ်ပါဘူး ဆရာ၊ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က အဖြစ်အပျက်တစ်ခုကို စုံစမ်းချင်လို့ပါ"

"ပြောပါဦး၊ ဘယ်လိုအဖြစ်အပျက်လဲ"

"ဟုတ်ကဲ့၊ ၁၉၇၉ ခုနှစ်က ဒီနေရာမှာ ကားတစ်စင်းအဲ. . . ဂျစ်ကားတစ်စင်း ချောက်ထဲကျသွားခဲ့ပါတယ်ရှင်၊ အဲဒီကိစ္စကို ဆရာများ သိပါသလား"

"၁၉၇၉ ခုနှစ်နော်"

"ဟုတ်ကဲ့ပါဆရာ၊ မတ်လ ၃၀ ရက်၊ မနက်လေးနာရီခွဲလောက်ကပါ"

"တိကျလှချည်လား၊ မိန်းကလေးနဲ့ ဘယ်လိုပတ်သက်သလဲ"

"ကျွန်မ. . . ကျွန်မသူငယ်ချင်းရဲ့ကိစ္စပါ၊ အဲဒီကားထဲမှာ သူ့အမေပါသွားလို့ အလောင်းတောင် မရပါဘူးဆရာ၊ အဲဒါ ကျွန်မဒီကိုလာလည်တော့ စုံစမ်းခဲ့ပါဆိုလို့ လာစုံစမ်းတာပါ၊ ကျွန်မရဲ့ကိစ္စ မဟုတ်ပါဘူး"

"နေဦး၊ ဒီကိစ္စ ကြားမိသလိုလိုပဲ၊ လွန်ခဲ့တဲ့ ဆယ့်တစ်နှစ်က ကျွန်တော်မရောက်သေးဘူး၊ ဒါပေမယ့် ဒီနေရာမှာ နှစ်ပေါင်းများစွာကတည်းက ယာလုပ်ပြီးနေတဲ့ 'အဘထယ်' ဆိုတဲ့ အဘိုးကြီးရှိတယ်၊ သွားခေါ်ပေးမယ်၊ တဲထဲဝင်ထိုင်ပါနော်"

မကြာခင်မှာပင် အသက် ၇၀ ရွယ် ကျန်းမာသန်စွမ်းသော အဘိုးကြီးတစ်ဦး ပါလာသည်။ ဆရာခွန်ဆေးဆိုင်က အကြောင်းစုံ ပြောပြလာခဲ့ပြီး၍ အဘထယ်က. . .

www.burmeseclassic.com



"အဲဒီအချိန်က အဘရှိတာပေါ့၊ တာယာမီးလောင်ဖ
ညှော်နံ့က မခံနိုင်ဘူးလေ၊ ဒါနဲ့ လူတွေက ဘာဖြစ်လဲလို့ ဆင်း
ကြည့်ကြတော့ မော်တော်ကားတစ်စီး မီးလောင်နေတယ်
ပြီးတော့ မီးလောင်ဒဏ်ရာနဲ့ အသက်သုံးဆယ်လောက် အမျိုး
သမီးတစ်ယောက်ကိုလည်း တွေ့ကြရတယ်"

"ဟာ. . . သူ. . . သူ သေသွားလားရှင်"

"မသေဘူး၊ ဒီကယူသွားတဲ့အထိ မသေဘဲ ပါသွားတယ်"

"အို. . . ဘယ်ကိုယူသွားလဲ၊ ဘယ်ကိုခေါ်သွားလဲဟင်
အဘ"

"လူတွေက ဆေးရုံပို့မလို့၊ သူက ရှိခိုးပြီးပြောတယ်
သူ့ကို မိုင်းမွန် ပြန်မခေါ်ကြပါနဲ့ဆိုလို့ မြေပြန့်သွားမယ့်ကား
တစ်စင်းပေါ် တင်ပေးလိုက်ရတယ်တဲ့"

"ဒါ. . . ဒါဖြင့် သူမသေဘူး၊ အဲဒီအမျိုးသမီး မသေဘူး
ပေါ့နော် အဘ၊ ဟုတ်လားဟင်"

"ဒီက ယူသွားတဲ့အထိတော့ မသေသေးဘူး၊ နောက်ပိုင်း
တော့ မသိဘူးကွယ်၊ ဒဏ်ရာကတော့ အတော်ပြင်းတယ်"

"ဘယ်ကိုခေါ်သွားတာလဲ၊ ဘယ်သူတွေက လိုက်ပို့
တာလဲရှင်၊ ဟင် အဘ"

"ဒီရွာကတော့ လိုက်မပို့ဖြစ်ပါဘူး၊ ရွှေကျွန်းသာရွာ
သွားမယ့်ကားနဲ့ တင်ပေးလိုက်ရတယ်၊ ဟိုမှာတော့ ကျန်းမာရေး
ဆေးပေးခန်းပဲ ရှိတယ်လေ"

"အို"

ကျွန်မရင်ထဲမှာ ဆောက်တည်ရာမဲ့စွာ လှုပ်ရှားသွား
ဆုံးဖြတ်ချက်ကို ချက်ချင်းချ၏။



"ရွှေကျွန်းသာကို လိုက်သွားမယ်"

"မေမေ့ကိုရှာမယ်"

"မေမေရှိမှာပါ"

"မေမေဟာ ငါ့လိုပဲ အသက်ရှင်လျက် ရှိနေဦးမှာပါ"

မိခင်ကို ပြန်လည်တွေ့ချင်သော ဇောစိတ်သည် ကျွန်မ
၏ရင်ကို ဖောက်ထွက် ပွင့်ကွဲသွားတော့မလောက် ပြင်းထန်
ပါ၏။

"အဲ. . . အဲဒီအဖြစ်အပျက်ကို မိုင်းမွန်ကလူတွေ မသိကြ
ဘူးလားဟင်"

"သိမယ်မထင်ပါဘူး၊ ဒီတုန်းက ဒီရွာတောင် မရှိသေးဘူး
လေ၊ ယာတဲလေး နှစ်တဲသုံးတဲလောက်ပဲရှိတာ၊ အဲဒီလူတွေ
တောင် မရှိကြတော့ဘူး၊ ပြီးတော့ တောသူတောင်သားဆိုတာ
ကြောက်တတ်ကြတယ်လေ၊ အမှုပတ်မှာစိုးလို့"

"အဘ၊ ရွှေကျွန်းသာဆိုတာ ဒီကနဲ့ ဘယ်လောက်ဝေး
သလဲဟင်"

"မိုင်ခြောက်ဆယ်ကျော်"

ကျွန်မ စိတ်ပျက်သွားရပါပြီ။ ယခုတစ်ဆက်တည်း
လိုက်၍ မဖြစ်နိုင်ပါ။

မိုင်းမွန်ပြန်ပြီး နက်ဖြန်မှ သွားနိုင်အောင် ကျွန်မစီစဉ်ရ
ပါတော့မည်။

တွေ့ကြုံခဲ့ရသော အမျိုးသားကြီးငယ်သုံးဦးကို အမြန်
နှုတ်ဆက်၍ ပြန်ပြေးတက်လာပြီးမှ. . .

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ပြန်ပြေးဆင်းသွားပြီး ပထမဆုံး တွေ့ရသော ရှမ်းဘောင်းဘီဝတ်ထားသည့် ကချင်အမျိုးသား 'ကိုတူးဂျာ'ကို တောင်စောင်းထိပ် မြေပြန့်နေရာသို့ ခေါ်လာပြီး. . .

"ဆရာ၊ ကျွန်မအထင် ဟောဒီနေရာလောက်မှာဖြစ်မယ် လူတစ်ယောက်ကို သေနတ်နဲ့ပစ်သတ်ပြီး မြှုပ်ပစ်ထားခဲ့တာ"

"အလို. . . မိန်းကလေးစကားက ဆန်းလှချည်လား"

"ဟုတ်ပါရဲ့၊ မမယမုံ ဘာတွေပြောနေတာလဲ"

"ကျွန်မ မရူးပါဘူး၊ တကယ်ပြောတာပါ၊ ဆရာတူးကျွာကဲ ဦးဆောင်ပြီး အဲဒီနေရာတစ်ဝိုက်မှာ တူးဖော်ကြည့်ပါ ဆရာ ဦးဘအိုဆိုတဲ့ လူကြီးရဲ့ အရိုးစု ပေါ်လာပါလိမ့်မယ်"

"ပေါ်လာရင် ဘာလုပ်ရမှာလဲ"

"လူသတ်တရားခံကို သက်သေနဲ့ ဖမ်းနိုင်အောင်လို့ ဆရာ၊ အဲဒီ လူသတ်သမားဟာ မိုင်းမွန်မှာ ရှိနေပါတယ် ဦးဘအိုရဲ့ အရိုးစုကို ဆရာတို့က တာဝန်သိပြည်သူ အနေ တူးဖော်ထားကြပါ၊ ကျွန်မက ရဲစခန်းသွားပြီး အမှုဖွင့်မယ်"

"အို. . . ဟုတ်ရဲ့လားကွယ်"

"အဲဒီလူသတ်မှုရဲ့ မျက်မြင်သက်သေဟာ ကျွန်မပါရှင် ကျွန်မ ပြန်လာခဲ့ပါ့မယ်၊ အဲဒီအရိုးစုပေါ်အောင်သာ တူးထားပေး ကြပါနော်၊ ကဲ. . . လာ ထူးထူး၊ သွားမယ်. . . အချိန်မရှိဘူး"

ပျာယာခတ်ပြီး တရစပ်ပြောရင်း မော်တော်ဆိုင်ကယ် နောက်မှ တက်ထိုင်လိုက်သော ကျွန်မကို. . .

သူတို့နှစ်ဦးလုံးက ယုံကြည်လက်ခံရန် ခက်ခဲသော မျက်နှာများနှင့် ကြည့်နေကြသည်။



"သွားကြစို့ ထူးထူးရယ်၊ မိုင်းမွန်ကို အမြန်ပြန်မှဖြစ်မယ်"

ဘာမှ သိခွင့်မရလိုက်သော မြတ်ထူးမောင်က ယောင် ကြောင်နှင့် ဆိုင်ကယ်စက်နှိုးကာ တောင်ထွတ်ထိပ်မှ ပြန်လည် င်းသက်ပြီး မိုင်းမွန်စခန်းသာမြို့သို့ ပြန်လည်ဦးတည်ကာ လာတုန်းကကဲ့သို့ပင် အလျင်နှုန်းမြန်စွာ မောင်းနှင်ခဲ့ပါ၏။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

ကံကြမ္မာက ယခုအချိန်ထိ ကျွန်မဘက်က မျက်နှာ[illegible]
ပေးခြင်း မရှိသေးပါလား။

"ဒီနေ့မနက် လေယာဉ်နဲ့ ဦးမောင်မောင်ညွန့် မန္တ[illegible]
ဆင်းသွားသတဲ့"

သူမရှိသေးပါဘဲနှင့် သူ့အတွက် အမှုဖွင့်၍ မဖြစ်သေ[illegible]
မန္တလေးမှ လစ်ထွက်သွားမှုအခက်။

မန္တလေးရဲက ဆီးဖမ်းပေးပါဟု ပြောရလောက်အော[illegible]
ကျွန်မဘက်မှာ လက်ဆုပ်လက်ကိုင်ပြစရာ ဘာသက်သေ
မရှိသေးပါ။

ပြီးတော့ သူဌေးဦးမောင်မောင်ညွန့်၏ အရှိန်အဝါ[illegible]
နည်းနည်းနောနောမှ မဟုတ်တာလေ။ တော်ရုံပြဿနာ
လွှမ်းအုပ်ထားနိုင်သည့် ငွေတန်ခိုးရှင်ပဲ။

"ဦးမောင်မောင်ညွန့် ရှိလားလို့ မေးခိုင်းလို့ သွားမေး[illegible]
ပြီလေ၊ သူမရှိတာနဲ့ မမယမုံက ဘာလို့စိတ်ခါတက်ကျရတာ[illegible]

"ဩော်... သူနဲ့ ငွေရေးကြေးရေးကိစ္စလေး ရှိ[illegible]

"ပြန်လာမှာပေါ့၊ တစ်ပတ်လောက်ကြာမယ်လို့ [illegible]
စောင့်က ပြောလိုက်တာပဲ"



"အေးလေ၊ မတတ်နိုင်ဘူး၊ စောင့်ရတော့မှာပဲပေါ့"

"မမယမုံ"

"ဟင်"

"ထူးထူး ဗိုက်ဆာလာပြီဗျာ"

"ဩော်... ဟုတ်သားပဲ၊ လာလေ၊ တစ်ခုခုစားကြရ[illegible]င်"

"ဟာ... မမယမုံက တအားမေ့တတ်တာပဲဗျာ"

"ဘာလဲ ထူးထူးရဲ့"

"ဒီနေ့ အစ်ကိုစောနောင်က ထမင်းစားဖိတ်ထားတယ်
[illegible]ဗျာ"

"ဟယ်... ကြည့်စမ်း... ဟုတ်ပါရဲ့၊ မမယမုံ တကယ်
[illegible]နေတာ"

"လာ... ဒါဖြင့် သွားကြရအောင်၊ ထူးထူးပါ လိုက်
[illegible]စားရမှာဗျ"

◆ ◆ ◆

"နောက်ကျလိုက်တာ၊ လာမှ လာပါတော့မလားလို့
[illegible]တောင် စိတ်ပူနေတာ၊ ကျွန်တော် လာခေါ်သေးတယ်၊
[illegible] အပြင်ထွက်သွားတယ်လို့ ပြောလိုက်လို့"

"ဖိတ်ထားတာပဲ၊ လာမှာပေါ့ ကိုစောနောင်ရဲ့"

"ထူးထူးနဲ့ ဘယ်ကတွေ့လာကြတာလဲ"

"မမယမုံကို ထူးထူးက သွားခေါ်လာခဲ့တာ"

www.burmeseclassic.com

www.burmeseclassic.com



"ကြည့်လည်းလုပ်ပါ ထူးထူးရာ၊ အဘိုးကြီးက ငါ့ကောနေပါဦးမယ်"

"ရပါတယ်၊ ကဲ. . . ဆာလှပြီ၊ အမေနန်းလှ၊ ပြင်တော့ဗျာ"

ဟင်းမြိုင်လှသော ထမင်းစားပွဲမှာ မြတ်ထူးမောင် သုံးပန်းကန်ကုန်အောင် အားရပါးရ စားနိုင်သော်လည်း. . .

ခံစားမှုနှင့် ပြည့်နှင့်နေသော ကျွန်မ၏ရင်မှာ ဘာမှ စားမဝင်နိုင်တော့ပါ။ စွန်တန်ဟင်းချိုများကိုသာ သောက်၍ ထမင်းလုတ်ကို နှစ်၍ မျိုချနေရပေသည်။

"ဒါနဲ့ ထူးထူးမေမေ ပြန်ရောက်ပြီလားဟင်"

"ပြန်ရောက်ပါပြီ"

"ဩော်. . . ဟော့ ထူးထူး"

"ဘာလဲ အစ်ကိုစောနောင်"

"တွိုက်ခွေရွာက လူနာလာပင့်လို့ မင်းအဘိုးကြီး သွားမယ်၊ နက်ဖြန်မှ ပြန်လာမယ်တဲ့၊ အစ်ကိုလိုက်သွားရမယ်"

"ကောင်းတာပေါ့"

"မင်းကလည်းကွာ"

"အဘိုးကြီးက အရစ်ကြီးဗျ"

"ဆရာက သဘောကောင်းပါတယ်ကွာ၊ မင်းကို လည်တာမကြိုက်တာကလွဲလို့ အားလုံး အလိုလိုက်တာပဲ"

"ဒီမှာ အစ်ကိုစောနောင်၊ ထူးထူးတို့အရွယ်ဟာ အဖေအရင်းနဲ့တောင် သိပ်တည့်ကြတာမဟုတ်ဘူး၊ ဖေ ဆိုတော့ ဘယ်ကြည့်ရမလဲဗျာ"



"စိတ်လျှော့ပါ လူလေးရယ်၊ ဆရာကြီးက သဘောကောင်းရှာပါတယ်၊ အမေတို့သားအမိကိုလည်း ထမင်းကျွေးထားတာပါ၊ ဘယ်သူ့ပေါ်မဆို စေတနာထားရှာတဲ့ ဆရာဝန်ကြီးပါ"

ဒေါ်နန်းလှ စကားအဆုံးမှာ ကျွန်မနှလုံးသားထဲမှ အလို မြည်တမ်းခေါ်ကြည့်မိသည်။

"ဆရာဝန်ကြီး"

"ဘဘဆရာဝန်ကြီး"

"အို. . . မိုက်မဲလိုက်တဲ့ငါ"

"ငါ့အပေါ်မှာ သမီးလေးလို ချစ်ခဲ့တဲ့ ဘဘဆရာဝန်ကြီး ခယောက်လုံး အသက်ထင်ရှား ရှိနေပါလျက်နဲ့ ငါဘာတွေ လွဲတွေးနေတာလဲ"

"ဟုတ်တယ်"

"ငါ ဒေါက်တာဖေသိန်းမောင်ဆိုတဲ့ ငါ့ရဲ့ဘကြီးထက် ကိုးရတဲ့ ဆရာဝန်ကြီးဆီကို သွားမယ်"

"သမီး နန်းထိုက်စံပါပဲ ဘဘ"

လို့ အကြောင်းစုံ ပြောပြပြီး ကိုမောင်မောင်ညွန့်ရဲ့ ကော်ယုတ်မာမှုကို ဖော်ထုတ်ပြီး ဖမ်းဆီးခိုင်းမယ်"

ဒေါက်တာဦးဖေသိန်းမောင်ဆိုတာ တစ်မြို့လုံးက လေးစားနေတဲ့ ဆရာဝန်ကြီး။ အမှန်တရားဘက်ကရပ်ပြီး မောင်မောင်ညွန့်ကို ဖမ်းပေးကြမှာပါ။

"ဒီအကြံကို ငါဟာ ဘာလို့များ အစောကြီးတည်းက ပါလိမ့်"

www.burmeseclassic.com

www.burmeseclassic.com



နောက်တရင်ဖြင့် အစားဝိုင်းကို အမြန်သိမ်းစေပြီး. . .

"ကဲ. . . လာ၊ ထူးထူးတို့အိမ် သွားရအောင်"

"မသွားချင်ပါဘူးဗျာ၊ အဘိုးကြီးရှိနေတယ်"

"အဲဒီအဘိုးကြီးနဲ့ တွေ့ရအောင်ကို သွားချင်တာ ထူးထူး ရဲ့"

"မမယမုံကလည်း. . . ဘာကိစ္စလဲ"

"သြော်. . . ဟိုရောက်တော့ သိမှာပေါ့၊ လာပါ၊ ကိုစော နောင်လည်း ခဏလိုက်ခဲ့ပါလေ"

ကျွန်မတို့သုံးယောက် နန်းထိုက်စံခြံမှထွက်ကာ ကျွန် တို့၏ နှစ်ဆောင်ပြိုင်အိမ်ကြီးဘေးမှပတ်၍ ဒေါက်တာဖေသိ မောင်ဆီ ရောက်လာချိန်မှာ. . .

ထိပ်ပြောင်စပြုနေသော ဘဘဆရာဝန်ကြီးက ကျွန်မ သုံးယောက်တွဲကြီး ရောက်လာသည်ကို အံ့သြသလိုမျက်နှာ ခပ်စိမ်းစိမ်းကြီး ကြည့်လိုက်ပြီးမှ. . .

"သြော်. . . ဟိုနေ့က မိန်းကလေးပဲ၊ ထိုင်ကြဦးနော် အပြင်သွားစရာရှိလို့"

"ယမုံ. . . အဲ. . . ကျွန်မ ဆရာကြီးနဲ့ စကားပြောစ ရှိလို့ ခဏခွင့်ပြုပါရှင်"

"ဘာကိစ္စလဲ"

တည်ကြည်ရင့်ကျက်စွာ မျက်ခုံးရှုံ့ပြီး မေး၏။

"ကျွန်မရဲ့ ကိုယ်ရေးကိုယ်တာပါ"

"ရတယ်လေ. . . ပြောပါ၊ ဒါပေမယ့် အခုတော့ အ မရဘူး၊ ဆရာအပြင်သွားစရာရှိတယ်၊ မိတ်ဆွေတစ်ယော ချိန်းထားလို့၊ မကြာခင် ပြန်လာခဲ့မယ်"



ကျွန်မကို သာမန်သူစိမ်းမိန်းကလေးအထင်ဖြင့် အသေ ာကြည့်၍ပြောပြီး ချက်ချင်းပင် ထွက်သွားတော့သည်။

ကိုစောနောင်ကို မကြည်တာလား၊ ထူးထူးကို မကြိုက် လား၊ တစ်ခုခုပါပဲ။

ဘာပဲဖြစ်ဖြစ်. . .

ကျွန်မ၏ ဆောင်ရွက်စရာကိစ္စများသည် အဆင်ပြေ မွေ့ခြင်းမရှိပါဘဲ တုံ့နှေးထစ်ငေါ့ နေရသည်ချည်းပါလား။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

"အန္တရာယ်အိမ်ကြီး. . . ဟုတ်လား"

"ဒီလောက် ခံ့ညားပြီး ကျက်သရေရှိလှတဲ့ အိမ်ကြီး ဘာကြောင့်များ အန္တရာယ်အိမ်ကြီးလို့ ခေါ်ရတာလဲ အစ နန်းလုရယ်"

"အဲဒီ အိမ်ပိုင်ရှင်တွေဟာ ညဘက်ကျရင် ချောက်လှ တယ်တဲ့၊ မြင်တဲ့လူက မြင်တယ်"

"ဘယ်လို. . . ဘယ်လို"

"ဦးမြတ်စံနဲ့ ဒေါ်ငြိမ်းမယ်တို့ဟာ အိမ်ထဲမှာ သွားလာ ကြတယ်တဲ့၊ ပြတင်းဝမှာလည်း ရပ်ရပ်နေတာတဲ့"

"မဖြစ်နိုင်လိုက်တာ၊ အဲဒါကို ဘယ်သူက သတင်းထွ တာလဲ"

"မြင်ရတဲ့လူတွေကပေါ့၊ တစ်ခါတုန်းက အင်းထဲ တံငါတစ်ယောက်ကပြောတယ်၊ ဦးစိုးစံဟာ သူ့ဂူဘေး မတ်တတ်ကြီးရပ်လို့တဲ့"

"အဲဒီကောလာဟလစကားတွေကို ဘယ်သူတွေ ထုတ်လွှင့်နေတာလဲဟင်၊ ထူးထူးတို့မိသားစုကလား"



"ဘယ်ကလာဟုတ်ရမှာလဲ၊ မြင်တဲ့လူတွေက မြင်ရတယ်၊ ဘာညာပြောကြလွန်းလို့ ဆရာကြီးက စိတ်ဆိုးပြီး လမ်းပိတ် လိုက်တာ၊ ဒီဘက်ကို ဘယ်သူ့ကိုမှ မသွားခိုင်းတော့တာ"

"သြော်. . . ဒါကြောင့် ယမုံ ပထမဆုံးလာတုန်းက ရှေ့မှာ အန္တရာယ်ရှိတယ်လို့ ပြောတာကို"

"ဟုတ်တယ်၊ လူတွေလာကြရင် တောပြောတောင်ပြောနဲ့ ပြဿနာရှုပ်တယ်၊ ပိုင်ရှင်တွေမလာမချင်း သူက စောင့်ရှောက် ထားရမယ်ဆိုပြီး အိမ်ကြီးကို မြုပြင် ဆေးသုတ်ပြီး ချုံနွယ်တွေက အစ ရှင်းထားတာပဲ၊ အဲဒါလည်း လူတွေက 'အန္တရာယ်အိမ်ကြီး' . . . 'အန္တရာယ်အိမ်ကြီး'နဲ့တဲ့လေ"

"လုံးဝ အခြေအမြစ်မရှိတဲ့စကားပါ"

"သမီး. . . ယမုံ"

"ရှင်. . . အမေနန်းလု"

"တစ်ခါက ဘီးဆံထုံးကြီးနဲ့ ဒေါ်ငြိမ်းမယ်ရဲ့ ရုပ်ပုံကို အမေကိုယ်တိုင် မြင်ရတယ်၊ ဟောဟိုဘေးပေါက်က ပြတင်း ပေါက်မှာ မတ်တတ်ကြီးရပ်လို့"

ကျွန်မ၏ သဲသယမျက်ဝန်းများက ဒေါ်နန်းလုအပေါ်မှာ ထူးထူးစိုက်စိုက် ကျရောက်သွားသည်။ စောစောဆီက ချစ်ခင်ရင်းနှီး နေသော စိတ်များလည်း ချက်ချင်းပင် ပျယ်လွင့်၏။

"အမေ့မျက်စိနဲ့ တကယ်မြင်ရတာ၊ ပြီးတော့ တံငါလှေကူ တင်လှ' ဆိုရင်လည်း ဂူဘေးမှာ မတ်တတ်ကြီးရပ်နေတဲ့ ဦးစိုးစံ ကိုလည်း မြင်ပြီးရော လန့်အော်ပြေးလိုက်တာ၊ အဲဒီညက အဖြင်း ဖျားပါလေရော"

www.burmeseclassic.com

www.burmeseclassic.com



"ဦးမြတ်စံဆိုတဲ့ ဘုရားဒါယကာကြီးကိုရော မမြင်ကြဘူးလားဟင်"

"မြင်တယ်၊ ခေါင်းပေါင်းကြီးတလူလူနဲ့တဲ့"

"ဒီမှာ အမေနန်းလု"

"ဟေ"

"ယမုံက မကြောက်တတ်ဘူး သိလား၊ ချောက်ရင်ပိုတောင် မကြောက်သေးတယ်၊ လူသေပြီး တစ္ဆေဖြစ်နေတယ်၊ အဲဒီအိမ်ကြီးမှာနေပြီး ကိုယ်ရောင်ပြနေတယ်ဆိုတဲ့ စကားတွေဟာ လုံးဝ အဓိပ္ပာယ်မရှိပါဘူး၊ ဒီနေ့ ခေတ်လူငယ်တွေဟာလည်း ဘယ်သူမှ ဒါတွေကို မယုံကြည်ကြဘူး၊ လက်မခံကြဘူး သိလား"

"ဟာ. . . အမေကလည်း ယမုံ့ကို ဘာတွေပြောနေတာလဲဗျာ၊ ခွင့်လွှတ်ပါယမုံ အမေက ပညာမတတ်တော့ မယုံသင့်တာတွေလည်း ယုံတာပဲ၊ ကဲ. . . လာပါ၊ ခြံထဲလမ်းလျှောက်ကြရအောင်ပါ ယမုံ"

ကိုစောနောင်က သူ့အမေနှင့် ကျွန်မကို တမင်လူချင်းခွဲလိုက်သည်။

မြတ်ထူးမောင်တို့အိမ်မှာ ဆက်လက်ထိုင်နေချင်သဖြင့် ကိုစောနောင်တို့အိမ်ကို ပြန်လာကာမှ ချောက်လှန့်စကားကို ကြားလိုက်ရသည်။

နန်းထိုက်စံခြံမှာ ပေါင်းမြက်များ ရှင်းထားခြင်း မရှိသလောက် ဟိုဘက်က ကျွန်မတို့၏ အိမ်ကြီးမှာ မြက်ခင်းပြင်က အစ စိမ်းလန်းစွာ ညီညာနေပေသည်။



အန္တရာယ်အိမ်ကြီးဟု ရပ်ရွာက အမည်ပေးထားသော ကျွန်မ၏အိမ်ကြီးကို လှမ်းမျှော်ကြည့်ရင်း မျက်ရည်မကျဖြစ်အောင် မနည်းထိန်းထားနေရဆဲ. . .

"အမေ့စကားတွေအတွက် စိတ်အနှောင့်အယှက်ဖြစ်သွားသလားဟင်၊ ယမုံ မျက်နှာညိုနေလို့"

"သူပြောတာတွေ တကယ်လားဟင်"

"မဟုတ်ပါဘူး၊ သူများပြောတာတွေ အမေကယုံပြီးလိုက်ပြောနေတာပါ"

"ဘယ်သူတွေကများ ဒီလိုသတင်းလွှင့်နေကြတာလဲရှင်"

"မသိဘူး၊ ဆရာလည်း စိတ်ဆိုးနေတယ်၊ ဦးကောင်းစံတျောန်းမမာ မဖြစ်ခင်က လွှင့်ထားတဲ့ သတင်းလို့လည်း ယူဆတယ်တဲ့"

"ဖြစ်နိုင်ပါ့မလား"

"မပြောတတ်ပါဘူး၊ ကဲ ပါယမုံရယ်၊ ဒီအိမ်ကြီးအကြောင်းနဲ့ 'စံမျိုးဆက်မိသားစု'အကြောင်းတွေ မေ့ထားလိုက်ကြရအောင်ပါ၊ ယမုံ အင်းထဲမှာ လှေစီးမလားဟင်"

"မစီးချင်ပါဘူး"

"တစ်ခုခုအပန်းဖြေပါဦးဗျာ၊ ကျွန်တော် ဂစ်တာတီးပြရမလား၊ အသံတော့ မကောင်းဘူး"

"ကောင်းမှာပါ၊ ဒါပေမယ့် သီချင်းတွေဘာတွေလည်း ဝါသနာမပါပါဘူးကိုစောနောင်ရယ်"

"လာ. . . ယမုံ၊ ဟိုဘက်သွားရင် အုတ်ဂူတွေပဲရှိတယ်၊ ဒီဘက်ကနေ အင်းရေပြင်စပ်ကို သွားကြရအောင်နော်"

www.burmeseclassic.com

www.burmeseclassic.com



ဂူများကို သွားကြည့်ချင်ပါသော်လည်း ကိုစောနောင်ကို ဆန့်ကျင်ဘက်မလုပ်ချင်၍ သူခေါ်ရာသို့သာ လိုက်ခဲ့မိသည်။

"ယမ့်မှာ မိဘရှိလားဟင်"

"မိဘ"

"ဟုတ်ကဲ့၊ အဖေရောအမေရော ရှိသေးလား"

"ရှိ. . . ရှိပါတယ်"

"ရှိလျက်နဲ့ ဒီလောက်ချောတဲ့သမီးလေးကို ဒီလောက်ဝေးခေါင်တဲ့ဒေသမှာ အလုပ်လုပ်ခိုင်းရသတဲ့လားဗျာ"

"အခြေအနေအရပေါ့ ကိုစောနောင်ရယ်၊ စီးပွားရေးက အဆင်မပြေဘူးလေ"

"ဘာလုပ်ကိုင်ကြသလဲဟင်၊ ယမ့်ရဲ့ဘဝကို သိခွင့်မရှိဘူးလား"

"ဘာမှ ဖုံးကွယ်စရာမရှိပါဘူး ကိုစောနောင်ရဲ့၊ ယမ့်ကို လမ်းဘေးက ကောက်သွားပြီး မွေးစားထားကြတာပါ"

"မနောက်ပါနဲ့ဗျာ"

ကျွန်မ ပြုံးပြလိုက်ရပါသည်။ သူ တကယ်မယုံကြည်ရှာပါ။

"ယမ့်ရဲ့အဖေက မီးရထားစက်ခေါင်းပြင်တယ်၊ အမေက ဈေးရောင်းပါတယ်၊ သိပ်ပြီး မချောင်လည်ကြပါဘူး၊ နောက်ပိုင်းမှာ အဖေမမာပြီး ဆေးကုရတာနဲ့ မွဲသထက်မွဲသွားရပါတယ်၊ နောက် အဖေဆုံးတော့ မီးရထားတန်းလျားကပါ ပြောင်းပေးရပြီး အမေ့ရဲ့ညီမအိမ်မှာ သွားကပ်နေခဲ့ရပါတယ်"

"ဖြစ်ရလေဗျာ"



"မေမေလှလို့ခေါ်တဲ့ ယမ့်ရဲ့အမေက ယမ့်ကို ကြိုးစားပြီး ကျောင်းထားရှာပါတယ်၊ ယမ့်လည်း ဆယ်တန်းနှစ်ခါကျတာနဲ့ ကျောင်းထွက်ပြီး အမေ့ညီမမိသားစု အလုပ်လုပ်ကြတဲ့ ပလတ်စတစ် စက်ရုံတစ်ခုမှာ နေ့စား တစ်နေ့တစ်ဆယ်နဲ့ ဝင်လုပ်ရင်းက ဒီမြို့မှာ လခလေးရာရပြီး နေဖို့ပေးမယ်၊ ထမင်းကျွေးမယ် ဆိုတာနဲ့ လျှောက်ပြီး လိုက်လာခဲ့တာပါ၊ မေမေလှရဲ့ လိပ်စာကိုလည်း ပြောပြနိုင်ပါတယ်၊ မြောက်ဥက္ကလာမှာ နေပါတယ်၊ အဲဒါဟာ ယမ့်ရဲ့ ဘဝဖြစ်ကြောင်းကုန်စင်ပါပြဲ ကိုစောနောင်၊ ဒီမလာခင်က ယမ့်ဘဝမှာ ထူးထူးခြားခြားပြောင်းလဲတာဆိုလို့ ဘာမှမရှိပါဘူး၊ တစ်သက်လုံး ပြောင်းလဲခြင်းမရှိဘဲ ဆင်းရဲနေခဲ့ရတာပါပဲ"

ကိုစောနောင်က အကြင်နာပါသော မျက်ဝန်းများဖြင့် ကျွန်မကို ကြာမြင့်စွာ စိုက်ကြည့်ပြီးမှ. . .

"ဒီမှာနေရတာရော၊ လုပ်ရတာရော အဆင်ပြေရဲ့လားဟင်"

"ခုထိတော့ အားလုံး အဆင်ပြေနေပါတယ်"

"ကျွန်တော် ယမ့်အတွက် လိုအပ်သမျှ ကူညီချင်ပါတယ်ဗျာ"

"ကျေးဇူးတင်ပါတယ် ကိုစောနောင်၊ ယမ့်မှာ အကူအညီလိုအပ်တဲ့အခါ ရှိလာခဲ့ရင်သာ တကယ်ကူညီနိုင်ပါစေရှင်"

"စိတ်ချပါ ယမ့်၊ စိတ်ချပါဗျာ၊ ကျွန်တော့်ရဲ့ ဖိုယ်အားနိုသလောက် ဉာဏ်စွမ်းရှိသလောက် ကျွန်တော်ကူညီပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ကိုစောနောင်၏ နှလုံးသားထဲမှာ ကျွန်မနှင့်ပတ်သက်ပြီး ဘယ်လိုခံယူချက်ပဲ ရှိနေရှိနေ ကျွန်မကတော့ ကျွန်မကိုယ့် အတွက် သူ့ကို အသုံးချတန် ချရပါလိမ့်မည်။

ထိုစဉ်. . .

အန္တရာယ်အိမ်ကြီးဟု ယခု အမည်ပေးထားကြသော ကျွန်မတို့၏ အိမ်ကြီးနောက်ဘက်ဆီမှ ထူးထူးပြေးထွက် လာပြီး. . .

"အစ်ကိုစောနောင်၊ အဘိုးကြီးဆီက ဖုန်း၊ တိုက်ခွေ လူနာသွားကြည့်ရမယ်တဲ့၊ ဆေးအိတ် အသင့်ပြင်ခဲ့တဲ့"

"ဟိုက်. . . ပြဿနာပဲ၊ ဒီအချိန်မှဆိုရင် ဟိုရွာမှာ ညအိပ်ရတော့မှာပေါ့"

"မေမေ့အဒေါ် ဝမ်းကွဲတစ်ယောက် ကင်ဆာဖြစ်နေတာ လေ၊ ဆေးရုံပြန်ခေါ်ခဲ့မယ်ဆိုလားပဲ၊ သွားပြောလိုက်ဦး ဖုန်းချခဲ့တယ်"

"ဆရာကလည်းဗျာ၊ ဒုက္ခပါပဲ၊ ယမုံ၊ ကျွန်တော်လိုက်သွား ရဦးမယ်"

"ရပါတယ် ကိုစောနောင်၊ အလုပ်တာဝန် ရှိတာသာ သွားပါ"

ကိုစောနောင် ထွက်သွားသဖြင့် အားငယ်သလိုလို ရှိ သော်လည်း ကျွန်မစိတ်ထဲမှာ တစ်မျိုးတော့ ဝမ်းသာသွား မိသည်။

ထူးထူးကိုခေါ်ပြီး ဖေဖေနှင့် အဘိုးအဘွားတို့၏ အုတ်ဂူ များရှိရာ သီးသန့်မြေဆွယ်လေးဆီသို့ သွားမည်။



"လာ ထူးထူး၊ ဟိုဘက်ကို လျှောက်ရအောင်"

"ဟာ. . . မသွားပါနဲ့၊ ဂူတွေပဲရှိတာ"

"အဲဒီဂူတွေကိုပဲ ကြည့်ချင်လို့"

"ဒါဖြင့်လည်း လာဗျာ"

လွယ်လိုက်တဲ့ကောင်လေး၊ ကျွန်မ၏ ခြေလှမ်းများ ပို၍ သွက်လာသည်။

ထူးထူးက အဆီးအတားငယ်လေးများကို အခက်အခဲ ကြီးလို လွှားခနဲ လွှားခနဲကျော်ကာ ကလေးစိတ် မကုန်သေးဟန် ဖြင့် အပြစ်ကင်းမဲ့စွာ လိုက်လာရှာသည်။

ဂူသုံးလုံးယှဉ်လျက် တွေ့ရပါပြီ။ ဖေဖေ၏ အုတ်ဂူက ပို၍ ထူးခြားစွာ တည်ဆောက်ထားသည်။

စောစောက ခြေလှမ်းသွက်ခဲ့သလောက် အနား ရောက်လာချိန်မှာ ကျွန်မ၏ခြေလှမ်းများ နှေးလာသည်။ ရင်ထဲမှာလည်း ဆို့နင့်ကြေကွဲခြင်းများဖြင့် လှိုက်လှိုက်လှဲလှဲကြီး ခံစားရင်း ရင်တွင်းမှ. . .

"ဖေဖေရယ်၊ သမီးတို့မိသားစုကို ယုတ်မာရက်စက် စွာ ကြံစည်ခဲ့တဲ့ တရားခံကို တွေ့ရပါပြီ"

"သူ့ကို နိုင်နင်းစွာ လက်စားချေနိုင်တဲ့ ခွန်အား တွေ သမီးကို ပေးလှည့်ပါ ဖေဖေရယ်"

အုတ်ဂူကိုကိုင်ပြီး ကျွန်မ မထိန်းနိုင်တော့ဘဲ ငိုချလိုက် မိတော့သည်။

"ဟောဗျာ. . . မမယမုံက ဘာလို့ ငိုရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ထူးထူး၏ ထူးခြားလွန်းသော တအံ့တသြသံ ကြားလိုက်ရမှ ကျွန်မ သတိရကာ မျက်ရည်များ သုတ်သိမ်းပြီး. . .

"ဩော်. . . ရန်ကုန်မှာ ဆုံးသွားတဲ့ မမယမုံအဖေ့ရဲ့ အုတ်ဂူလေးနဲ့တူလို့ ရုတ်တရက် သတိရပြီး ငိုချလိုက်မိတာပါ ဆောရီးနော် ထူးထူး"

ကျွန်မ၏မျက်နှာကို ထူးထူးက တအံ့တသြ ငေးနေဆဲပါပင်. . .

ကျွန်မ၏ မှသားများစွာကို သူ သံသယများ ဝင်လာလေပြီလားမသိ။

"မမယမုံ၊ ဒီနေ့ အဆန်းတွေချည်း ဖြစ်နေတယ်နော် အန္တရာယ်ကွေ့မှာလည်း လူအရိုးစုကြီးကို တူးခိုင်းလိုခိုင်းနဲ့"

"မမယမုံရဲ့ ပြဿနာတွေ ရှင်းသွားတဲ့အခါကျတော့ မောင်လေးထူးထူး ဇာတ်ရည်လည်သွားမှာပါကွယ်"

"ဘာပြဿနာတွေလဲဟင်"

"မပြောပါရစေနဲ့ဦးကွယ်"

"ထူးထူးကတော့ မမယမုံကို အစ်မအရင်းလို သဘောထားပြီး ခင်တာ ချစ်တာဗျ"

"မမယမုံကလည်း ဒီလိုပါပဲကွယ်"

ကျွန်မ ထူးထူးကို သည်မျှသာပြောပြီး ဖေဖေ၏ အုတ်ဂူကို လှည့်ပတ်ကြည့်မိသည်။

နောက်ဆုံး ကန်တော့သွားကြသည့်နေ့က မေမေ၏ အငိုမျက်နှာကိုပါ ပြန်လည်မြင်ယောင်လာမိသည်။



"သမီးရဲ့ ကိုးနှစ်မြောက်မွေးနေ့ပွဲကို ခြံတစ်ခြံ လက်ဆောင်ပေးပြီး တခမ်းတနားကျင်းပပေးမယ့် သမီးကို ချစ်လှစွာသော ဖေဖေရယ်. . ."

မငိုဖြစ်အောင် ပိတ်ဆီးထားရသော ရင်ထဲက ပိတ်ဆို့ခံစားမှုသည် ဝေဒနာအပေါင်းထက် ပိုမို၍ နာကျင်ပင်ပန်းသည်ပါ၏။

ဂူရှေ့ဘက်ရှိ ကျောက်သားပြင်ပေါ်မှာ စာတမ်းထိုးထားသည့်ဘေးမှ ရေညှိများကို မြတ်ထူးမောင်က ခွာချရင်းက ပြောလိုက်သော စကားတစ်ခွန်းကြောင့်. . .

ကျွန်မ၏ဦးခေါင်းကို မိုးကြိုးရှစ်စိပ် ခွင်းသည်သို့ မိုက်ခနဲဖြစ်ပြီး လဲကျမသွားအောင် ဂူကိုလှမ်း၍ပင် ဖက်ထားလိုက်ရပါတော့သည်။

"မမယမုံ၊ အဲဒါ ထူးထူးရဲ့ ဖေဖေ့အုတ်ဂူဗျ. . . သိလား". . . တဲ့။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

"ရပါတယ် အိပ်ပါ၊ ဆရာမရှိတဲ့ ညတွေဆိုရင် သား... နှစ်ယောက်တည်း အိပ်နေကျ၊ ဟိုခြံက ဒေါ်နန်းလုက ကြော... တတ်လို့ ဒီအိမ်က တူမဝမ်းကွဲ 'ခမ်းနု'က သွားအိပ်ပေ... တယ်လေ"

ဒေါ်နန်းမူက ရှင်းပြရင်း ကျွန်မ ဒီည သူတို့နှင့်အ... အိပ်မည်ဆိုသည့်အတွက် ဝမ်းသာနေပုံရသည်။

ဒေါ်နန်းမူနှင့် မြတ်ထူးမောင်တို့က ဟျာနေအောင် ...

နေကြချိန်မှာ. . .

ကျွန်မသည် ကျောက်ရုပ်ကြီးတစ်ရုပ်လို ငြိမ်သက်... ထိုင်ပြီး မျက်လုံးအပြူးသားဖြင့် သူတို့သားအမိကို ကြောင်... ကြည့်နေမိသည်။

အခြေအနေမှာ အလွန်ရှုပ်ထွေးသွားလေပြီ။

လူသာငြိမ်နေသော်လည်း ကျွန်မ၏ နှလုံးခုန်နှုန်း... သွေးလည်ပတ်နှုန်းမှာ ကြောက်ခမန်းလိလိ မြန်ဆန်နေ... သည်။

ကျွန်မတစ်ကိုယ်လုံး အေးစက်တင်းတောင့်နေပေသည်...



ယနေ့ည ဒေါက်တာဖေသိန်းမောင် မရှိသည့်အတွက် ...ကျွန်မဘက်က ကံကောင်းလှသည်။

ဤရိုးသားသော သားအမိနှင့် ကျွန်မ ဆွေးနွေးမေးမြန်း...ချိန် လုံလောက်စွာ ရနိုင်၏။

"ယမုံ၊ နေကောင်းရဲ့လား"

"အင်း. . . ကောင်းပါတယ်ရှင့်"

"ထမင်းလည်း နည်းနည်းပဲ စားတယ်၊ ကော်ဖီပူတုန်း ...သောက်လိုက်ပါဦးနော်၊ တောင်ပေါ်မြို့ကတော့ နေဝင်တာနဲ့ ...အေးလာပြီ"

"ဟုတ်ကဲ့"

ကော်ဖီခွက်ကိုယူ၍ တစ်ငုံသောက်ပြီး ဆက်မသောက် ...ဘဲနှင့်. . .

"ဒေါ်နန်းမူနဲ့ ဦးစိုးစံ ဘယ်မှာ လက်ထပ်တာလဲဟင်"

"အင်းမရွာမှာပဲ"

"နေတော့ရော"

"ဟိုမှာပဲ"

"မိုင်းမွန်မှာ ဘာလို့ လာမနေတာလဲ"

"ဒီမှာလည်း သူ့ဇနီးနဲ့သမီးတစ်ယောက် ရှိနေသေး ...တယ်လေ"

နှလုံးသားကို ကျင်စက်နှင့် တို့လိုက်သလား ထင်ရသည်။

"ဦးစိုးစံမှာ ဇနီးတစ်ယောက်ရှိတယ်ဆိုတာ မသိလို့ပေါ့ ...ရှင်"

"သိပါတယ်၊ နန်းမူတို့ မိဘတွေက တအားဆင်းရဲတယ် ...ဆိုတာ ဒါကြောင့်ပါ၊ ပထမတော့ သူကလည်း အပျော်ပါပဲ၊

www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ သားလေး ကိုယ်ဝန်ရမှ ရွာမှာပဲ တိတ်တိ
လက်ထပ်ယူတာပါ၊ ဒီမြို့က ဘယ်သူမှ မသိကြပါဘူး"

"အင်း"

ကျွန်မ၏ သက်ပြင်းမော ချသံကြီးကို သတိထားမိဟ
မတူဘဲ ဒေါ်နန်းမူက ဆက်၍ ပြောပြနေသည်။

"နောက် သူဆုံးတယ်ကြားတော့လည်း မလာရဲသေ
ပါဘူး၊ ဆရာ လာခေါ်ပြီး ဂရုစိုက်ရင်းနဲ့ သူနဲ့ယူဖြစ်တာ"

"ဆရာက ဘယ်လိုပြောပြီး ဒီကို ခေါ်လာတာလဲ"

"ဘာကိုလဲ"

"သူနဲ့လက်ထပ်ဖို့ ခေါ်လာတာလား၊ ဒါမှမဟု
ဟိုအိမ်ကြီးကို အပိုင်ရမယ်ဆိုပြီး ခေါ်လာတာလား"

"ဟိုအိမ်ကြီးကိစ္စကတော့ သူနဲ့ ဦးကောင်းစံနဲ့ မ
လည်ကြသေးဘူး၊ နန်းမူလည်း မနေချင်ပါဘူး၊ ဒီတိုက်ကလေ
မှာပဲ ပျော်ပါတယ်"

"ဒေါက်တာ ဖေသိန်းမောင်က ဒေါ်နန်းမူကို ဘာကြေ
လက်ထပ်တာတဲ့လဲ"

"သနားလို့. . . တဲ့"

ကျွန်မ ဆက်မေးစရာ မေးခွန်းများ မရှိတော့ပါ။

ဘဘဆရာဝန်ကြီးဆိုတဲ့ ဦးဖေသိန်းမောင်။

"ဒီအတိုင်ဆိုရင်. . ."

"သူ. . . သူပဲ. . . သူပဲလား"

◆ ◆ ◆

မဥ္စူသကကို ဖုန်းဆက်ပြီး မေးကြည့်လိုက်တော့ ဒေါက်
ာမြတ်စိုးစံ အခုပဲ ပြန်ရောက်လာပြီ။ ခဏကိုင်ထားပါတဲ့။

ကျွန်မ ဝမ်းသာအားတက်သွားမိသည်။ အတော်လေး
ာအောင် ဖုန်းကိုင်ထားရပြီးမှ တစ်ဘက်က. . .

"မြတ်နိုးမြေပါ ခင်ဗျာ၊ အမိန့်ရှိပါ"

"ယမုံပါ ကိုမြတ်စိုးစံ"

"ဟာ. . . ယမုံ၊ ဘယ်ကပြောနေတာလဲ၊ ရောက်ရောက်
ချင်း ယမုံ့အခန်းကို သွားရှာတာ မနက်အစောကြီးတည်းက
ထွက်သွားတယ်ဆို"

"ဟုတ်ပါတယ်"

"အခု ဘယ်ကဆက်နေတာလဲ"

"ဒီမှာ ယမုံပြောမယ်၊ ဖြတ်မပြောဘဲ နားထောင်ပါနော်"

"ကောင်းပါပြီ"

"မိုင်းမွန်အင်းအစပ်က အန္တရာယ်အိမ်ကြီးဆိုတာ ရှိတယ်၊
ဒီနောက်မှာ စေတနာဆေးခန်းက ဒေါက်တာဖေသိန်းမောင်
တယ်၊ အဲဒီအိမ်က အခုပြောနေတာ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လာခဲ့ရမလား ယမုံ"

"မလာပါနဲ့၊ ဒီမှာပြောတာ နားထောင်ပါဦး"

"အင်း. . . အင်း၊ ပြောပါ"

"ဒီမှာ ဒီမှာ သိပ်အရေးကြီးတဲ့ကိစ္စတစ်ခု ယမုံ ဆော ရွက်စရာရှိပါတယ်၊ အဲဒါ နက်ဖြန် ရှစ်နာရီထိုးလို့မှ ယမုံ အလုပ်အချိန်အမီ ရောက်မလာရင် ကိုမြတ်စိုးစံ ရဲစခန်း အကြောင်းကြားပြီး အန္တရာယ်အိမ်ရှိရာကို လိုက်ခဲ့ပါ"

"ဟာ. . . ယမုံ၊ ကိုယ် စိတ်မချဘူး၊ အခုညပဲ လာခဲ့ မလား"

"လုံးဝလာလို့မဖြစ်ဘူး ကိုမြတ်စိုးစံ၊ ယမုံ့စကားကိုသာ လိုက်နာပါ၊ နက်ဖြန်မှ ဆက်ဆက်ကူညီပါ၊ ဒါပဲ"

"အို. . . ယမုံ၊ ယ. . ."

သူ့စကားမဆုံးမီ ဖုန်းချပစ်လိုက်ပါတော့သည်။

တယ်လီဖုန်းက သီးသန့်စာကြည့်ခန်းထဲမှာမို့ ကျွန်မ စကားများကို ထူးထူးတို့သားအမိ ကြားနိုင်မည် မထင်ပါ။

ယနေ့ည ကျွန်မကို အရိုးခံစေတနာဖြင့် ဧည့်ခံရန်အတွက် သူတို့သားအမိ အလုပ်ရှုပ်နေကြပေသည်။

ကျွန်မမှာ သူခိုးမျက်စိဖြင့် နေရာအနှံ့ စာအုပ်ကြို စာအုပ် ကြားပါမကျန် ဟိုကြည့်သည်ရှာ လုပ်နေဆဲ။

"မမယမုံ၊ ဘာရှာတာလဲဟင်"

သူခိုး လူမိသလို လန့်သွားပြီး စာအုပ်တစ်ခုကို ကောက် ကိုင်ကာ. . .

"ဖတ်စရာစာအုပ် ရှာနေတာ၊ အင်္ဂလိပ်စာအုပ်တွေချည်း တွေ့နေရလို့"



"အဘိုးကြီးက မြန်မာစာမဖတ်ဘူး၊ သူ့ဆေးကျမ်းစာအုပ် တွေချည်းပဲ"

"အဲဒီလောက် စာအုပ်တွေဖတ်ပြီး ဘာလုပ်မှာတဲ့လဲ"

"လူသားအကျိုးပြုဆေးတွေ တီထွင်မှာတဲ့၊ ထူးထူးတော့ အကြောင်း သိပ်မသိပါဘူး"

"ထူးထူး. . . မောင်လေး"

ပထမကြားသိစကဖြင့် သူတို့သားအမိကို မေမေ့ကိုယ်စား ကြည်းမိသည်။

ယခုတော့လည်း. . .

"ငါ့မောင်လေးပါလား"

ဟူသော အသိစိတ်ဖြင့် ရိုးသား ချစ်စရာကောင်းလှသော ထူးမောင်ကို 'သွေးရင်း'ဆိုသော စိတ်ဝင်ကာ ကြင်နာမေတ္တာ ဖြစ်ထွန်းလာခဲ့ပါပြီ။

"ဘာလဲ မမယမုံ၊ ထူးထူးဘာလုပ်ပေးရမလဲ"

"မမယမုံ ဟိုအိမ်ကြီးထဲ ဝင်ကြည့်ချင်တယ်"

"ဟာ. . . ဒါတော့ မလုပ်ပါနဲ့ဗျာ၊ အဘိုးကြီးနဲ့ ပြဿနာ တက်လိမ့်မယ်"

"ဘာဖြစ်လို့ တက်ရမှာလဲ"

အိမ်ပိုင်ရှင်တွေ ပြန်လာရင် ပြန်အပ်ရမယ်ဆိုပြီး ခြောက်တိုက် 'သ'နေတာ၊ ပြီးတော့ ပြောလိုက်သေးတယ်၊ အိမ်ကြီးဟာ မင်းတို့သားအမိနဲ့မဆိုင်ဘူးတဲ့"

ရင်ထဲမှ သံသယအစိုင်အခဲကြီးကို ထိရှပ်တိုက် သော စကား။

www.burmeseclassic.com

www.burmeseclassic.com



"မကြည့်နဲ့ဆိုလည်း မကြည့်ပါဘူး"

"မကြည့်စမ်းပါနဲ့၊ ဝင်ကြည့်နေတုန်း အဘိုးကြီးနဲ့တိုး
ဂန့်နေမယ်"

"ဒါနဲ့ ဒီည ပြန်မလာဘူးဆို"

"မလာဘူးလေ၊ အခုညတော့ ဘယ်လိုလုပ်ကြည့်မှာလဲ
ကြည့်ရင်လည်း နက်ဖြန်မှကြည့်ရမှာမဟုတ်လား"

"အင်းပါ၊ မကြည့်တော့ပါဘူး"

စိတ်မဝင်စားဟန်ဖြင့် ခပ်ပေ့ါပေ့ါ ဖြေလိုက်ပြီးမှ. . .

"အိမ်ကြီးရဲ့သော့ကျတော့ အဘိုးကြီးပဲ ကိုင်ထားလား"

"ဟိုမှာလေ အတွဲလိုက်ကြီး"

စာအုပ်စင်များဘေးမှ တိုင်မှာချိတ်ထားသော အချောင်း
ပေါင်း များစွာနှင့် သော့တွဲကြီး။ ရှမ်းလိုက်သည့်မျက်စိ
စောစောက မမြင်မိ။

ဤစာကြည့်ခန်းသည် ဒေါက်တာဖေသိန်းမောင်၏
သီးသန့်အလုပ်ခန်းဖြစ်ပါ၍ ဘယ်ဧည့်သည်မှ ဝင်စရာမလို။

သော့တွဲကြီးကို လွယ်လင့်တကူ တွေ့လိုက်ရသဖြင့်
ဒီတစ်နေ့လုံး အဆင်မပြေခဲ့သမျှ ယနေ့ညအတွက် အားတက်
ဖြစ်လာခဲ့ပါပြီ။

ဤသော့တွဲကို ခိုးမည်။

ယနေ့ည သန်းခေါင်မှာပဲဖြစ်စေ၊ ထူးထူးတို့သားအမိ
အိပ်မောကျသည်နှင့် ဤသော့ယူ၍ ကျွန်မခိုးထွက်မည်။

ထိုအိမ်မှာ ပကတိအတိုင်း ထိန်းသိမ်းထားလျှင်ထား

တစ်စုံတစ်ခုများ သံသယဝင်စရာ တွေ့ခဲ့ရလျှင်
တော့. . .



အို. . . အခုနေ ကြိုတွေးပြီး ထင်ရာတွေ ကောက်ချက်ချ
နေလို့ မဖြစ်သေးဘူး။

ကိုယ့်အိမ်ကိုယ်ဝင်ပြီးမှပဲ ဒေါက်တာဖေသိန်းမောင်
ဘာတွေလုပ်ထားတယ်ဆိုတာ ကြည့်ပြီးမှ ဆုံးဖြတ်ရမှာပဲ။

ဒီနေ့ည ဒီအိမ်မှာ အိပ်ခွင့်ရဖို့ဖြစ်လာတာ ငါ့အတွက်
အင်မတန်ကံကောင်းဖို့ ဖြစ်လာတာပဲ။

"သွားမယ်၊ ဒီနေ့ည သွားမယ်"

ငါ့ရဲ့အိမ် သို့မဟုတ် အန္တရာယ်အိမ်သို့ ငါသွားမယ်"

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

နံ့အသော ဒေါ်နန်းမူနှင့် ရိုးသားသော မောင်လေး ထူးထူးတို့ကို အမျိုးမျိုး ညာဏ်ဆင်ပြီး ရယူထားခဲ့သဖြင့် ကျွန်မ၏ လက်ထဲမှာ. . .

ဝါဆိုဖယောင်းတိုင်လို ဖယောင်းတိုင်ကြီးတစ်တိုင်၊ မီးခြစ် တစ်လုံး၊ ဓားအိမ်ဖြင့် ထည့်ထားသော နှစ်ဘက်အသွားနှင့် ဓားမြှောင်တစ်ချောင်း၊ ပြီးတော့. . .

အချောင်းနှစ်ဆယ်ကျော်ပါသည့် သော့တွဲကြီးတစ်တွဲတို့ အဆင်သင့်ရှိနေပါပြီ။

ထူးထူးခမျာ ဒီနေ့ မော်တော်ဆိုင်ကယ်စီးခဲ့ရသဖြင့် ပင်ပန်းသွားဟန်ရှိသည်။ ဟောက်သံပြင်းပြင်း ကြားနေရသည်။ ဒေါ်နန်းမူတော့ အိပ်ပျော်မပျော် မသိရသေး။

ပြာလဲ့သော မီးရောင်လေး ဖွင့်ထားသဖြင့် နာရီကိုမြင်သာ နေသဖြင့် ခဏခဏ ကြည့်မိသည်။

အိပ်ရာမှထပြီး ထွက်လာချိန်မှာ ည ဆယ့်တစ်နာရီထိုးရန် ဆယ်မိနစ်အလို. . .



နောက်ဖေးတံခါးကို အသံမမြည်အောင် အသာလေးဖွင့် ရသည်။ အကယ်၍ ဒေါ်နန်းမူ နိုးခဲ့လျှင်လည်း အိမ်သာသွား သည်ထင်ရအောင်ပါ။

အပြင်ရောက်ပြီး တံခါးပြန်စေ့ထားသည်အထိ အတွင်း က ဘာသံမှ မကြားရသဖြင့် သော့တွဲ၊ ဖယောင်းတိုင်၊ မီးခြစ်နှင့် ဓားတို့ကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး အိမ်ကြီးဆီသို့ ခြေဖော့ ပြေးခဲ့သည်။

ကိုးနှစ်အရွယ်ကျကာမှ ခွဲခွာခဲ့ရရုံမက ထာဝရ တမ်းတ နေမိခဲ့သော အိမ်ကြီးဖြစ်သဖြင့် ဘယ်နေရာမှာ ဘာအခန်း၊ ဘာတံခါး၊ သော့ပေါက်က ဘယ်နေရာ စသည်များကို ကျွန်မ အလွတ်ကျက်မှတ်မိပြီးသားပါ။

နှစ်ဆောင်ပြိုင်အိမ်ကြီး၏ အရှေ့ဆောင်ဖြစ်သော ကျွန်မတို့ နေထိုင်ခဲ့ရာ တိုက်ကြီးဘက်သို့ အလျင်ပြေးလာခဲ့သည်။

လရောင်ဖြင့် မြက်ခင်းစိမ်းနှင့် ခြံကြီးတစ်ခုလုံးကို ကောင်း စွာ မြင်နိုင်ပါသော်လည်း တံခါးသော့နေရာမှာ အမှောင်ရိပ် ကျနေ၏။

လေကလည်း တဖြူးဖြူးတိုက်နေ၍ ဖယောင်းတိုင်မီးထွန်း ရန် မလွယ်။ အခုမှ နောင်တတစ်ခုရ၏။

"ငါ လက်နှိပ်ဓာတ်မီးတစ်ခုပါ 'တို'လာခဲ့ရင် ကောင်းမှာ"

မတတ်နိုင်တော့ပါ။ လက်နှင့်စမ်းရင်း စမ်းရင်းက ကြီး သော့ကြီးကို စမ်းမိပြီ။ ယေးလ်သော့နှင့်ဖွင့်ရန် ကြေးသော့များကို မ်းပြီး ဖွင့်ရ၏။ သုံးချောင်းမြောက်မှာ ပွင့်သွားပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဆယ့်တစ်နှစ်လုံးလုံး လွှင့်စဉ်ဝေးကွာနေခဲ့ရသော ကျွန်မတို့၏ ခမ်းနားလှသည့် ဧည့်ခန်းကျယ်ကြီးရှိရာသို့ ဝင်ရောက်လာနိုင်ခဲ့ပါလေပြီ။

အိမ်ထဲရောက်ချိန်မှာ နွေးထွေးနေသော်လည်း ကျွန်မ၏ နှလုံးသည်းပွတ်တစ်ခုလုံး အေးစက်ကျင်ခဲနေသည်ဟု ထင်လိုက်မိပါ၏။

မီးခလုတ်ရှိရာ အခန်းထောင့်နံရံကို စမ်းမိသဖြင့် ဖွင့်ချလိုက်ရာ. . .

"အို"

လေးပေမီးချောင်းက တဖျပ်ဖျပ် မျက်တောင်ခတ်ပြီး တစ်ခန်းလုံး လင်းလက်ဝင်းထိန်သွားတော့၏။

ပင့်ကူမျှင်များတွယ်လျက် ဖုန်အလိမ်းလိမ်းတက်နေသော ဆိုဖာနှင့် စားပွဲများ။ ဧည့်ခန်းခေါင်းရင်းမှာ လူလောက်နီးနီးကြီးသော အဘိုးဦးမြတ်စံနှင့် အဘွား ဒေါ်ငြိမ်းမယ်တို့၏ ဓာတ်ပုံကြီးများက အားလုံး အားလုံးပင် ယခင်အတိုင်း. . .

တစ်မိနစ်ခန့်မျှ ကျွန်မ စိတ်လှုပ်ရှားလွန်းစွာ ရပ်ကြည့်နေပြီးမှ. . .

"အမယ်လေးနော်. . . ငါကလည်း"

မီးခလုတ်ကိုပြေး၍ ပိတ်ချလိုက်ရသည်။

မှန်ပြတင်းများမှတစ်ဆင့် အလင်းရောင်များ ဖြာထွက်နေသည်ကို အဝေးကြီးကပင် လှမ်းမြင်နိုင်လောက်ပေမည်။

အိမ်ထဲမှာ တစ်ယောက်ယောက် ရှိနေပြီဆိုသည်ကို ဘယ်သူမှ သိ၍မဖြစ်။



ဘာပဲဖြစ်ဖြစ် ကျွန်မတို့မိသားစုပိုင် အိမ်ကြီးထဲအထိ ဝင်ရောက်ခွင့် ရရှိနိုင်ပြီဖြစ်သော ကျွန်မ၏ ကြိုးစားအားထုတ်မှုအတွက် ကျွန်မ အကျေနပ်ကြီး ကျေနပ်နေမိသည်။

နက်ဖြန်မှာ ကျွန်မကို စိတ်ဝင်စားနေသော ဒေါက်တာမြတ်စိုးစံ၏ အကူအညီကို ရယူနိုင်မည်။

အန္တရာယ်ကွေ့မှာလည်း ဦးဘအို၏ အရိုးစုကို တူးဖော်တွေ့ရှိလောက်ပါပြီ။

မြတ်ထူးမောင်ဆိုသော ကောင်လေးသည်လည်း ကျွန်မနှင့် ဖအေတူ မအေကွဲ မောင်နှမအရင်းဖြစ်ကြောင်း ထုတ်ဖော်တာ. . .

ကျွန်မကိုယ်ကျွန်မလည်း နန်းထိုက်စံပါဟု ကြေညာပါတော့မည်။

ပြန့်ကျဲနေသော အပိုင်းအစများအားလုံးကို ခြုံငုံမိပါပြီ။ တစ်စုတစ်စည်းတည်းဖြစ်အောင် သိမ်းဖွဲ့ကာ အဖြစ်မှန်တို့ကို ဖော်ထုတ်နိုင်ပါတော့မည်။

ဤအားတက်စိတ်သည် ကျွန်မ၏ရင်တွင်းမှ ကြောက်စိတ်အပေါင်းကို လွှင့်စဉ်နှင်ထုတ်စေလိုက်ပါပြီ။

ဧည့်ခန်းမှထွက်ပြီး အတွင်းခန်းနှစ်ခန်းမှာလည်း ရှေးယခင်က ပရိဘောဂများအတိုင်းပါပင်။

ထမင်းစားခန်းမှ ကျွန်းစားပွဲရှည်ကြီးနှင့် ကျွန်းကုလားထိုင်များ။

မှန်ဗီရိုထဲမှ ပန်းကန်ခွက်ယောက်များအားလုံး ယခင်အတိုင်းပါပင်။

www.burmeseclassic.com

www.burmeseclassic.com



ယခင်က တပ်ဆင်ထားသော ဇာခန်းဆီးများ မရှိတော့ ဖုန်အလိမ်းလိမ်း တက်နေခြင်းမှလွဲ၍ အားလုံးပင် ယခင်အတိုင်း ပကတိအတိုင်းပါပင်။

ထမင်းစားခန်းမှအထွက်တွင် မီးငြိမ်းသွားသဖြင့် မီးခြစ်ခြစ်ပြီး ပြန်ထွန်းလိုက်ရသည်။

ဓားမြှောင်နှင့် သော့တွဲကို ခါးမှာ ထိုးချိတ်လိုက်ပြီး ဖယောင်းတိုင်မီးကို လက်နှင့်ကာလျက် တစ်ဆစ်ချိုး လှေကားကြီးအတိုင်း ကျွန်မ တရွေ့ရွေ့ တက်လာခဲ့သည်။

"အပေါ်မှာ ပြတင်းတစ်ပေါက် ပွင့်နေပါလား"

ခန်းဆီးစက လေတိုက်၍ ရှည်မျှောစွာ လွင့်လာစဉ် မီးက ဟုတ်ခနဲ ငြိမ်းသွားတော့သည်။

စိတ်ထဲမှာလည်း ထိတ်ခနဲ ဖြစ်သွားကာ ပြတင်းတံခါးကို ဆွဲပိတ်လိုက်သော ကျွန်မ၏လက်များပင် တုန်ချင်လာသည်။

မီးပြန်ထွန်းရပြန်သည်။

အပေါ်ထပ်မှ ဧည့်ခန်းကြီးက ပိုမို၍ ခမ်းနားထည်ဝါလှသည်မှာလည်း ယခင်အတိုင်းပါပင်။

ဧည့်ခန်းနှင့် ကပ်လျက်က ဖေဖေနှင့်မေမေတို့၏ မာစတာဘက်ဒ်ရွမ်း(မ)ခေါ် ဧည့်ခန်းကျယ်ကြီးမှာလည်း ယခင်က အတိုင်းပင် မွေးပွကတ္တီပါကြီးများနှင့် ဖုံးလျက်. . .

သို့သော်လည်း အရောင်မွဲပြီး ဆွေးရိကျတော့မယောင်ပင်. . .

တံခါး၏ အတွင်းပိုင်းမှ သော့သီးအလယ်ဖုလေးကို နှိပ်လိုက်ပြီး လော့(က်)ချလျက် ပြန်ဆွဲစေ့လိုက်တော့ သော့ခတ်ပြီးသား။



ကပ်လျက် ဒုတိယအခန်း. . .

တံခါးဖွင့်လိုက်ကတည်းက ငိုချင်စိတ်က ထိန်းမရ။

အရုပ်များစွာ၊ အဆောင်အယောင်ပေါင်း များစွာနှင့် ကျွန်မ၏အခန်း။

ဟိုအခန်းများလို ရှင်းလင်းထားခြင်းမရှိ။ အရုပ်ကလေးတွေ ပိုးလိုးပက်လက်လန်လျက်. . .

ခုတင်ခြေရင်းမှာ မီးရထားတွဲလေးများ၊ ဘထရီနှင့် မော်တော်ကား အားလုံး သံချေးတက်ကာ ပင့်ကူအိမ်များ တွယ်လျက်၊ အနံ့အသက်များကလည်း စူးစူးဝါးဝါး ရှိနေသည်။

ဆယ့်တစ်နှစ်လုံးလုံး ဘယ်သူမှမဝင်ခဲ့သော အခန်းဖြစ်မည်ထင်သည်။

အဆောင်ယောင်စုံ၊ အခြွေရံစုံဖြင့် ချမ်းသာပြည့်ဝခြင်းများစွာကို ပိုင်ဆိုင်နေထိုင်ခဲ့ရသော နေရာဌာန။

ပါးပြင်ပေါ်သို့ စီးကျလာသော မျက်ရည်တစ်စက်ကို သုတ်ဖယ်ပြီး အခန်းထဲမှ ပြန်ထွက်ခဲ့သည်။ ဘာမှ ထိကိုင်၍ မကြည့်။

"ဟာ. . . ဟိုတံခါးပေါက်ကြီး ပြန်ပွင့်နေပါလား"

အသေအချာ ကလန့်ချ၍ ပိတ်ခဲ့ပါလျက် ပြန်ပွင့်ကာ ခန်းဆီးစကြီး လွင့်မျှောရှည်ထွက်နေပါ၍ ကြက်သီးများ ဖြန်းခနဲ ထသွားသည်။

တံခါးရှိရာသို့ ပြန်မသွားဘဲ အပေါ်ထပ်၏ အတွင်းခန်းများရှိရာသို့ ဖယောင်းတိုင်ကို ဆုပ်ကိုင်ရင်း တရွေ့ရွေ့ သွားနေစဉ်မှာ. . .

www.burmeseclassic.com

www.burmeseclassic.com



နောက်ဘက်ဆီမှ တစ်ယောက်ယောက် လိုက်လာသလို ကျောချမ်းစွာဖြင့် နောက်ပြန်လှည့်ကြည့်လိုက်တော့လည်း ဘာမှ မတွေ့ရ။

တရှဲရှဲနှင့် လေတိုးသံသည် ညတစ္ဆေများ အော်မြည်နေသံလို စိတ်က ထင်လာသည်။

ညဦးသန်းခေါင်ယံမှာ ကျယ်ဝန်းသော အိမ်ကြီးအတွင်းမှာ တစ်ယောက်တည်း။

ကြောက်စိတ်က တရကြမ်း ဝင်လာတော့သည်။

"ဘာထူးခြားမှုမှလည်း မရှိပါဘူး၊ အားလုံးဟာ အလျှင် အတိုင်းပါပဲ"

"ဘဘဆရာဝန်ကြီး ထိန်းသိမ်းထားတယ်ဆိုတာ ဟုတ်မှာ ပါ"

"ငါ့စိတ်တွေ သိပ်ချောက်ချားနေပြီ၊ ပြန်တာပဲ ကောင်း တယ်"

"ဒီအိမ် ရောက်ခဲ့တဲ့အကြောင်းရော၊ မောင်နှမ တော်ကြောင်းရော ထူးထူးနဲ့ ဒေါ်နန်းမူကို နှိုးပြီး ဖွင့်ပြော လိုက်တော့မယ်"

ဤဆုံးဖြတ်ချက်နှင့်အတူ အတွင်းခန်းမှ ကျွန်မ ပြန်ထွက် လာခဲ့သည်။

လှေကားထိပ်မှ ပိတ်ထားခဲ့သော ပြတင်းပေါက်ကြီး ပြန်ပွင့်နေသည့်ရှေ့မှ ပြန်၍ ဖြတ်ထွက်ရမည်ကို ကြက်သီး ဖြန်းခနဲ ထသွားရပြန်သည်။

"အို... နဂိုတည်းက ပွင့်နေတာပဲ၊ ချက်မခိုင်လို့ ဖြစ်မှာပေါ့"



စိတ်အားတင်းရင်း ပြတင်းရှေ့မှ ဖြတ်အထွက်တွင် ယောင်းတိုင်မီးက ငြိမ်းသွားပြန်သည်။

"ဟင်... အောက်မှာ"

တစ်အိမ်လုံး မှောင်မိုက်သွားရမည့်အစား အောက်ထပ် ဆီမှ မီးလုံးမီးရောင် ဝါကြန့်ကြန့်လေး လင်းနေ၍...

"ငါလာတုန်းက ဘာမီးမှ မဖွင့်ခဲ့ပါဘူး၊ အားလုံး မှောင်မိုက်လို့ပါ၊ အခု... အခု လင်းလို့၊ တစ်ယောက်ယောက် တော့ ရောက်နေပြီထင်တယ်"

ကြောက်ရွံ့စိတ်ဖြင့် လှေကားလက်ရန်းကိုကိုင်ပြီး ခြေရွှေ့ရွှေ့ ဆင်းအလာ...

"ဟာ... ဟို... ဟိုမှာ"

မီးရောင်မှိန်မှိန်အောက်မှာ ခေါင်းပေါင်းစကြီး တလူလူ နှင့်လျက် ငုတ်တုတ်ကြီးထိုင်နေသော...

"ဘိုးဘိုးဦးမြတ်စံ"

ထင်ထင်ရှားရှားကြီး မြင်လိုက်ရသဖြင့် နှလုံးသည်းပွတ် သည် ပါးစပ်မှ ခုန်ထွက်သွားတော့မလား ထင်ရသည်။

ဤသို့ ကြောက်စိတ်များ အထွတ်အထိတ်ရောက်နေဆဲ ဘိုးဘိုးဦးမြတ်စံသည် ဖြည်းဖြည်းချင်း သည်ဘက်သို့ လှည့်လာ သည်။ သူ၏ခေါင်းပေါင်းစကြီးက တဖျပ်ဖျပ် လေနှင့်လွင့် နေ၏။ မကြာမီ ကျွန်မဆီ ထလာတော့မည်မို့...

"အမယ်လေး"

ကျွန်မအော်ပြီး အိမ်ပေါ် ပြန်ပြေးတက်ကာ ကြံ့သလို ပြေးမိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘိုးဘိုးဦးမြတ်စံဟူသော ဘုရားဒါယကာကြီးသည် နှစ်ဆောင်ပြိုင်အိမ်ကြီး၏ အစောင့်သရဲကြီး ဖြစ်နေပါပြီကော

"အား"

အဆီးအတားတစ်ခုနှင့် တိုက်မိလေမှ ကျွန်မ ရပ်တ သွားကာ ကြည့်လိုက်ချိန်မှာ ဆောင်ကူးလမ်းကြား တံခါးမှ စမ်းမိသည်။

ဟိုဘက်အဆောင်အိမ်ကြီးသို့ သွားနိုင်ရန် တွဲဆ ထားသည့် ဆောင်ကူးလမ်းကြား။

ဝင်ခဲ့သည့် အရှေ့ဆောင်မှ ကျွန်မပြန်၍ဖြတ်ပြီး မဆ တော့ပါ။

သရဲဖြစ်နေသော ဘိုးဘိုးဦးမြတ်စံက ကျွန်မကို. . .

"အမယ်လေး"

ဆက်၍ပင် မတွေးရဲတော့ဘဲ ဆောင်ကူးလမ်းကြ သော့ခလောက်ကို တစ်ချောင်းပြီးတစ်ချောင်း စမ်း၍ ဖွင့် သော ကျွန်မ၏လက်များမှာ ဆတ်ဆတ်တုန်နေ၍ တော် နှင့် ဖွင့်မရ။

ခဏကြာမှ ပွင့်သွားချိန်မှာ ကျွန်မ ဆောင်ကူးလ ဝင်ပြီး တံခါးကို ပြန်ပိတ်ပစ်လိုက်တော့ စိတ်ထဲမှာ နည်းန လုံသွားသလိုလို။

ဤနောက်ဘက်အဆောင်သည် ထူးထူးတို့အိမ်နှင့် နီး၏။

နောက်ဘက်ဆောင်မှ နောက်ဖေးတံခါးကို အမြန်ဖွ ကျွန်မ ပြန်ပြောပါတော့သည်။



သရဲဟူသည် ပိတ်ထားသော တံခါးကြားမှ ဝင်လာနိုင်သည်ဆိုသော အသိကို တမင်မေ့ထားပြီး ခပ်သွက်သွက် လျှောက်သွားချိန်မှာ. . .

"ဟာ. . . ဟိုအခန်းက မီးတွေလင်းလို့"

"ဟနေသော တံခါးကြားမှ အလင်းရောင် ထွက်နေသဖြင့် ကြည့်ချင်သိချင်ဇောဖြင့် အခန်းထဲသို့ စွတ်၍ ဝင်လိုက်မိသည်။

"အို. . . အမယ်လေး"

"မျောက်တွေ"

"မျောက်တွေ အားကြီးပါလား"

"သူတို့ ဘာဖြစ်နေကြတာလဲ"

အတုံးအရုံး လဲလျက်၊ တချို့ကလည်း လှောင်အိမ်တိုင်ကို ကိုင်လျက်၊ တချို့ကလည်း ပက်လက် ဆန့်ငင်ဆန့်ငင်နှင့်. . .။

"အို. . . သွေးသံရဲရဲနဲ့ ဘယ်ကမျောက်တွေလဲ"

"သူတို့ ဘာဖြစ်နေတာလဲ"

"ဘုရား. . . ဘုရား"

အကြီးကျယ်ဆုံး ထိတ်လန့်ခြင်းများဖြင့် မချိမဆန့် ခံစားနေရရှာသော လှောင်အိမ်ထဲမှ မျောက်များကို မျက်နှာလွှဲပြီး ကိုသည့် ကြည့်လိုက်ရာ. . .

"ဟာ. . . ဆေးထိုးအပ်တွေ"

"ဆေးပုလင်းတွေ၊ စမ်းသပ်ဖန်ပြွန်တွေ အများကြီး ပါလား"

"ဒီမျောက်တွေဟာ ဆိုးရွားတဲ့ဆေးတွေနဲ့ အစမ်းသပ် ခံထားရတာပါလား"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မမျက်စိရှေ့မှ မျောက်အိုကြီးတစ်ကောင်မှာ မျက်လုံးများ ဖူးရောင်ပြီး မျက်ခွံကြီး တွဲကျကာ မျက်စိက မှေးလွန်းနေပြီး နှုတ်ခမ်းနေရာမှာလည်း ထူအမ်းယောင်ယမ်းနေသည်။

"ဘဘကြီး ဦးကောင်းစံ"

မြင်တွေ့ခဲ့ရသော ရောဂါဝေဒနာနှင့် ထပ်တူဖြစ်နေ ကျွန်မနှင့် ကောင်းမြတ်သူတို့ ပြောခဲ့ကြသော. . .

"ဒေါက်တာဦးဖေသိန်းမောင်နဲ့ မကုဘူးလား"

"ကုတာပေါ့၊ ကုလေ ဆိုးလေပဲ"

ပြောစကားများ ပြန်လည် ကြားယောင်လာသည် ကြောက်စိတ်အစား ဒေါသတရားများ တရကြမ်း ဝင်ရောက် တော့သည်။

"ဟုတ်ပြီ၊ သူပဲ. . . ဒင်းပဲ"

"တကယ့်တရားခံကို တွေ့ပါပြီ၊ သိခွင့်ရလိုက်ပါပြီ"

သူ ဒီအိမ်ကြီးကို အပိုင်စီးချင်လို့ တို့မိသားစုကို ရက်စ စွာ မောင်းထုတ်ပြီး ဆေးနည်းအမျိုးမျိုးတွေကို သူစမ်းသ နေတာပါလား။

"ကြည့်ပါဦး၊ မျောက်ကလေးတွေ မအော်နိုင်ရှာ မအော်နိုင်အောင် သူ့ဆေးထိုးထားမှာပေါ့၊ ဒါမှ ဘယ်သူ မသိနိုင်၊ မကြားနိုင်မှာ"

"ယုတ်မာပက်စက် မိုက်ရိုင်းလွန်းလှချည်လား ဒေါက် ဖေသိန်းမောင်ရယ်"

ခံပြင်းနာကြည်းလွန်းသည့်စိတ်ကြောင့် ယခုပင် သူ အရှင်လတ်လတ် အပိုင်းပိုင်းဖြတ်ပြီး သတ်ချင်စိတ်ဖြင့် အခ ထဲမှ ကျွန်မပြန်အထွက်. . .



"အို"

"တံခါး လုံးဝ ဖွင့်မရတော့ပါ"

"ဘုရား. . . ဘုရား၊ ငါ့ကို ပိတ်လှောင်ထားလိုက်ပြီလား"

"မဟုတ်ပါစေနဲ့၊ တံခါးသော့ ကျပ်သွားတာပဲ ဖြစ်ပါစေ"

ကျွန်မ အားကုန် တွန်းဖွင့်၊ လှည့်ဖွင့်သော်လည်း မရ ၍. . .

အခန်းဘက်သို့ ပြန်လှည့်ပြီး ကျွန်မ၏ ထွက်ပေါက်ကို ရှာမိသည်။

"အို. . . ဟိုဘက်မှာလည်း တစ်ခန်း"

ဤဒုတိယအဆောင်ကို ကျွန်မသိပ်ပြီး မကျွမ်းပါ။ နောက် တစ်ခန်းသို့ ကူးအကြည့်မှာ. . .

"အမယ်လေး"

ကျွန်မ ကြုံး၍ အော်ပစ်လိုက်မိပါပြီ။

မြွေတွေ၊ မြွေတွေမှ အမျိုးစုံ။ အားလုံး တွန့်လိမ် ခေါက်ရုံမက သူတို့ကို လှောင်ထားရာ မှန်ချပ်များ ဖွင့်ထား၍ တစ်ကောင်ပြီးတစ်ကောင် ထောင်ထွက်လျှောဆင်းလာနေကြ ပြီ။

ကျွန်မ နောက်သို့ဆုတ်လိုက်ရာ မြန်မာဆေးမြစ်များ၊ သီးခြောက် အရွက်ခြောက်များ သိုလှောင်ထားရာ ဂုံနီအိတ် များအကြားသို့ ရောက်သွားပါတော့သည်။

"အမယ်လေး. . . မြွေတွေ"

"မြွေကြီးတွေ ကျွန်မဆီ လာနေကြပြီ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ မေ့မြောလဲမကျရန် မနည်းသတိထား၍ နေရ ပါ၏။ ခေါင်းထဲက မူးလိုက်ကာ ဇောချွေးများ ချက်ချင်း ပျံလာ ၏။

စတိုခန်းနောက်မှာ နံရံသာရှိတော့သည်။

ကျွန်မရှေ့ ကြမ်းပြင်မှာ နံရံမှာ တမင်လွှတ်လိုက်သော မြွေများက လူးလွန့်ရွေးလျား လျှောတိုက်ကာ ကျွန်မရှိရာသို့ တရွေ့ရွေ့ လာနေကြပါပြီ။

"အမယ်လေး. . . မြွေတွေ"

"မြွေကြီးတွေ"

"ကျွန်မကို ပေါက်တော့မယ်"

"ကယ်ကြပါ. . . ကယ်ကြပါရှင်"

လည်ချောင်းဝမှ တစ်ဆို့ထွက်လာသော ကျွန်မ၏ အသံက ပြာနှမ်းနေသည်။

ထိုအချိန်မှာပင် နောက်ဘက်မှ နံရံကြီးသည် တွန်းတံခါး အဖြစ်နှင့် တဖြည်းဖြည်းပွင့်ကာ မာကျူရီမီးရောင်လို ထိန်လင်း သော အလင်းတန်းကြီးက ကျရောက်လာသည်။

နောက်ဘက်မှာ နိုင်ငံခြားရုပ်ရှင်ထဲမှ အခန်းကြီးမျိုး ခံ့ညားထည်ဝါလှသော အခန်းကြီးတစ်ခုကို ဘွားခနဲ မြင်လိုက် ရပြီးသည်နှင့်. . .

"ဘယ့်နှယ့် ဒီလောက် အော်နေရတာလဲ"

"မကြောက်လို့ တစ်ယောက်တည်း လာတာမဟုတ်လား ဟင် နန်းထိုက်စံ"

"ဟင်. . . ရှင်. . . ရှင်"



"ဟုတ်ကဲ့၊ ကျွန်တော် စောနောင်ပါ နန်းထိုက်စံ၊ ဟား. . . ဟား. . . ဟား. . . ဟား"

"ဘုရား. . . ဘုရား"

ကျွန်မလက်မှ ဖယောင်းတိုင်များ၊ သော့တွဲများ လွတ်ကျ သွားပြီး. . .

"ဒါဖြင့် ရှင်. . . ရှင်ဟာ ဒါတွေလုပ်တဲ့သူပေါ့၊ ဟုတ်လား ဟင်"

"ဒီလောက်ကြီးကျယ်တဲ့ စမ်းသပ်တီထွင်ချက်တွေ ကျွန်တော် မလုပ်နိုင်ပါဘူး နန်းထိုက်စံရဲ့၊ လုပ်နေတာက ကျွန်တော့်ဆရာ၊ ဟောဟိုက ဒေါက်တာဖေသိန်းမောင်ပါ"

သူပြရာ အခန်းထောင့်မှာ ဆုံလည်ဆိုဖာကုလားထိုင်နှင့် ထိုင်နေသော လူယုတ်မာ လူသတ်သမားကြီး"

"ဒေါက်တာဖေသိန်းမောင်"

သူ့လက်မှာ ပစ္စတိုတစ်လက်ကို ကိုင်ဆောင်၍ ကျွန်မ၏ နှင်ဝတည့်တည့်သို့ ချိန်ရွယ်လျက်. . .

"မိန်းမလှူစွမ်းကောင်းကြီးပေါ့လေ"

"ဟင်း. . . ဟင်း၊ နင့်လိုဦးနှောက်ကလေးနဲ့များ ငါ့ကို ယှဉ်ပြိုင်ချင်ရသလားဟင် နန်းထိုက်စံ"

"နင့်လိုဟာလေး မပြောနဲ့"

"နင့်အဖေနဲ့အမေတောင် ငါ့အကြံအစည်အောက်မှာ လည်စင်းခံသွားကြရတာ တွေ့တယ်မဟုတ်လား"

"နင်လည်း တစ်ခါတည်းသေချင်သလား၊ တစ်မှိန်မှိန် သေချင်သလား၊ ဒီနှစ်လမ်းပဲရွေး"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မဒူးများ ညွှတ်ခွေကျမသွားအောင် မနည်းအားခဲပြီး ရပ်နေရပါ၏။

လက်ဦးသွားချေပြီ။

ဆိုသော အသိကြောင့် ဘယ်လိုမှ သူ့ကို မနိုင်နိုင်မှန်း သိပါလျက် အလျှော့မပေးချင်။ လည်စင်း၍ မခံလိုသဖြင့် . . .

"ဒီမှာ ကိုစောနောင်၊ ကျွန်မကို ရှင်သိရဲ့သားနဲ့ ဘာတွေလာပြောနေတာလဲဟင်"

ဟန်ကိုယ့်ဖို့ဆိုသော နည်းစနစ်ကို သုံးကြည့်ဖို့ အားတင်းလိုက်ပြီး . . .

"မဉ္ဇူသကစာရေးမယမုံက ဘယ့်နှယ့်ကြောင့် နန်းထိုက်စံ ဖြစ်သွားရပြန်တာလဲ၊ ကျွန်မ ဒီမိုင်းမွန်ကို ပထမဆုံး ရောက်ခဲ့တာပါ၊ ဒီအိမ်ကြီးအကြောင်းကိုလည်း ကိုစောနောင် ပြောပြလို့ ကြားဖူးခဲ့တာပါ၊ ကျွန်မသာ နန်းထိုက်စံဆိုရင် ဘာလို့ စာရေးလာလုပ်မလဲ၊ တရားစွဲပြီး ကျွန်မရဲ့ပိုင်ဆိုင်ခွင့်တွေကို တောင်းမှာပေါ့ရှင်"

"ဒါဖြင့် ဒီအိမ်ကြီးထဲကို ဘာလို့ဝင်လဲ"

"ယမုံ ရှင်းရှင်းပဲဖြေပါ့မယ်"

"ဖြေ"

"ခိုးချင်လို့"

"ဘာ"

"ဟုတ်တယ်၊ သူဌေးတိုက်ကြီးထဲက အဖိုးတန်ပစ္စည်း တစ်ခုခု ခိုးဖို့ ထူးထူးကို အယုံသွင်းပြီး ဒီညအိပ်တာ"

"မင်းဆိုင်က ပစ္စည်း မင်းမခိုးဘဲနဲ့"



"အို . . . ဟိုက စာရင်းနဲ့အင်းနဲ့ အပ်ရတာ၊ ခိုးရင် ညတွင်းချင်းသိမှာ၊ ဒီလိုလူမနေတဲ့ အိမ်ကြီးကခိုးမှ ချက်ချင်းမမိမှာ"

"မင်း . . . မကြောက်ဘူးလား"

"ကြောက်တော့ ကြောက်တာပေါ့၊ ငွေလိုနေတာကို"

"ကောင်မလေး၊ မညာစမ်းနဲ့၊ မင်းရဲ့ရုပ်ဟာ နန်းထိုက်စံရဲ့ ငယ်ရုပ်မပျောက်ပါဘူး၊ မြင်တဲ့နေ့ကတည်းက ငါသိတာ"

"အော် . . . ဒေါက်တာရယ်၊ ကျွန်မတကယ်ပဲ နန်းထိုက်စံတောင် ဖြစ်ချင်လာပြီ"

အချီအချပြောခွင့်ရသဖြင့် စောစောကလောက် ကျွန်မ ဘန်လှုပ်မနေတော့ပါ။ ကျွန်မ၏စကားကို လူယုတ်မာ ဆရာဝန်ကြီး တစ်ချက်တွေဝေသွားပုံရသည်။

"ယမုံသာ နန်းထိုက်စံဖြစ်ခဲ့ရင် ဒီမြို့ရောက်ကတည်းက ရဲတွေကို အကြောင်းကြား၊ သက်သေခံအထောက်အထားပြ၊ တရားရုံးကို အသိပေးပြီး ဒီအိမ်ကြီးပေါ်မှာ တက်နေမှာပေါ့၊ ဘာကြောင့် သူများထားတဲ့ တန်းလျားမှာ နေပါ့မလဲ၊ စဉ်းလည်းစဉ်းစားကြပါဦးရှင်"

"သိပ်စကားမရှည်နဲ့၊ မင်း ဘယ်သူပဲဖြစ်ဖြစ် ဒီအိမ်ပေါ် ရောက်ပြီးရင် အရှင်ထွက်တော့ ပြန်ထွက်လို့မရဘူးမှတ်"

ဖြစ်နိုင်လွန်းသော ဆုံးဖြတ်ချက်ပါ။ မျောက်များ၊ မြွေများနှင့် သူ၏ ဆေးများကို စမ်းသပ်ဖော်ထုတ်နေသော ဓာတ်ခွဲခန်းကို ကျွန်မ မြင်တွေ့သွားပြီလေ။

"စောနောင်"

"ဟုတ်ကဲ့ဆရာ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်မလေးပြောတာလည်း ဖြစ်နိုင်တယ်ကွ၊ ငါက လည်း သူ့ကို နန်းထိုက်စံလို့ပဲ ယုံကြည်ထားမိတာ၊ ဒီတော့. . ."

"ကျွန်တော် ဘာလုပ်ပေးရမလဲဆရာ"

"သူ့ကို မီးရောင်အောက်တည့်တည့်ခေါ်သွား၊ သူ့ကျော လှန်ကြည့်စမ်း၊ အမှတ်မည်းမည်းလေးတစ်ခု ရှိတယ်၊ မွေးရာပါ အမှတ်ကလေး"

ကြည့်စမ်း၊ ကျွန်မပင်မသိ။ ကျွန်မမျက်စိနှင့် မမြင်နိုင် သော နေရာလေး။

ဤမျှ ရင်းနှီးခဲ့သော သူ့လက်ပေါ်မှာ ကြီးခဲ့သည့် ကလေး တစ်ယောက်အပေါ်မှာ ညှာတာစိတ်ကင်းစွာ ရက်စက်လှ ချည်လား။

ကိုစောနောင်က ကျွန်မကို စက်ဆုပ်ဟန်ဖြင့်ကြည့်ပြီး တရွေ့ရွေ့ လျှောက်လာသည်။

ကျွန်မကို ရာဇဝန်သားတစ်ယောက်လို ခပ်ကြမ်းကြမ်း ဆွဲခေါ်သွားပြီး မီးရောင်အောက်အရောက်မှာ ခေါင်းကိုငုံ့ရန် ဇက်ပိုးကနေ ချိုးနှိမ်ပြီး အင်္ကျီစကို နောက်ကျောပိုင်းမှ လှန်လိုက် ၍. . .

"အို"

ကျွန်မက လက်ကို တင်းတင်းပိုက်၍ ငုံ့ပေးထားရင်းက အကြံတစ်ခု ဖတ်ခနဲရ၍. . .

"ကိုစောနောင်ရယ်၊ ယမုံ့ကိုသနားပါ၊ ကယ်ပါရှင် နော်. . . နော်. . . ကိုစောနောင်"

လေသံကို အတိုးဆုံးထား၍ အညင်သာဆုံးအသံဖြင့် တောင်းပန်လိုက်သည်။



နှုတ်က ဘာမှပြန်မပြောသော်လည်း သူ၏ ကိုင်တွယ်မှုက စောစောကလို မကြမ်းတမ်းဘဲ အင်္ကျီကို ဆွဲချပြီး လှမ်းအော် ပြောလိုက်သည်။

"သူ့ကျောမှာ ဘာအမှတ်မှမရှိဘူးဆရာ"

ဒေါက်တာဖေသိန်းမောင်က သေနတ်ကို ကိုင်ထားဆဲဖြစ် သော်လည်း အနည်းငယ် တွေဝေသွားပုံရသည်။

ကျွန်မအသက် ကျွန်မအရွယ်နှင့် ကလဲ့စားချေဖို့ ရောက် လာခြင်းဖြစ်ဟန် မတူဟု၍ သူတွေးမိပုံရသွားသည်။ ကျွန်မ ပြောသလို တရားဝင်အမွေဆိုင်ရန်သာရှိကြောင်းလည်း သူ သဘောပေါက်ပုံရ၏။

"စောနောင်"

"ဟုတ်ကဲ့ဆရာ"

"ဒီဟာမလေးကို လျှော့တွက်လို့တော့ မရဘူးနော်၊ အာဂသတ္တိမို့သာ ဒီနေရာအထိ ရောက်လာကွ၊ မနက်ကလည်း ဘယ်သည့်တစ်ယောက်ကို လိုက်ကြည့်ခိုင်းရတယ်၊ ထူးထူးနဲ့ ဘာလို့ ဘွဲ့နေတာလဲလို့"

"ကျွန်တော် ဘာလုပ်ရမလဲဆရာ"

"ကောင်မလေးကို ဘာလုပ်ရမလဲလို့ ငါလည်း စဉ်းစား နေတယ်"

"ဆရာကြီးရယ်၊ ဒီမှာတွေ့ခဲ့တဲ့ မျောက်ကြီးတွေ၊ မြွေကြီး တွေအကြောင်းလည်း ယမုံ ဘာမှ နားမလည်ပါဘူးရှင်၊ ဘယ်သူ့ ကိုမှလည်း မပြောပါဘူး၊ ယမုံ သူခိုးလို့ သိရင်လည်း အရှုပ်ရှင် ဒီ အလုပ်ထုတ်ပစ်မှာပါ၊ ဒါကြောင့် ယမုံ့ကို ရဲလက်မအပ်ပါနဲ့ နော်၊ ဘယ်သူ့မှ မပြောပါဘူး၊ ဘုရားစူး"

www.burmeseclassic.com

www.burmeseclassic.com



အူတူတူအတတနှင့် သာမန်သူခိုးမလေးဟန်လုပ်ပြီး ပြောကြည့်သည်။ သူ သိပ်ပြီး စိတ်ဝင်စားပုံမရပါ။

အမှန်မှာတော့. . .

ကျွန်မအနေနှင့် အခုလို ရင်ဆိုင်ဖြေရှင်းမနေသင့်၊ လိမ်ညာ၍ မနေသင့်။

"နင့် အဖေနဲ့အမေတောင် ငါ့အကြံအစည်အောက်မှာ လည်စင်းခံသွားကြရတာ"

ဟူ၍ သူ့နှုတ်က ပြောင်ပြောင် ဖွင့်ပြောပြီးခဲ့ပြီပဲ။

ကျွန်မအနေနှင့် ဒေါသအမျက်ခြောင်းခြောင်း ထွက်လျက် သူသေသေ ကိုယ်သေသေ သူ့ကို အတင်းဝင်လုံး ဖက်သတ်ပြီး ခါးကြားထဲမှ ဓားမြှောင်နှင့် အချက်ပေါင်းများစွာ ထိုး၍ သတ်ပစ်လိုက်သင့်ပြီ။

ဒါပေမယ့်. . .

အခြေအနေက ဘာမှလုပ်၍မရ။ သူ့သေနတ်ပြောင်းဝ က ကျွန်မ၏ရင်ညွန့်တည့်တည့်မှာ။

အခုလောက် အကျဉ်းအကျပ်ထဲမှာ ဘာတစ်ခုမှ လှုပ်ရှား နိုင်စွမ်းမရှိပါဘဲလျက် ကျွန်မစိတ်အင်အားထဲမှာ. . .

"သူ့ကိုနိုင်ရမယ်"

"ငါ့မိဘကိုသတ်ထားတဲ့. . ."

"ငါတို့မိသားစုအပေါ် အရက်စက်ဆုံး ယုတ်မာထား တဲ့. . ."

"ဒီလူကြီးကို ငါနိုင်မှာပါ"

ဟူ၍ ကိုယ့်စိတ်ကို ကိုယ် တအား အားတင်းထား လိုက်သည်။



ကျွန်မအနေနှင့် ပြန်လွတ်ရန် လမ်းမရှိဟု သိနေပါပြီ။ ကျွန်မသေရတော့မည်ဟုလည်း မျှော်လင့်ထား၏။

သို့သော်လည်း ကျွန်မ မသေမီမှာ သည်လူကြီးကိုသတ်ပြီး မှ အောင်နိုင်ပြီးမှ သေရမည်ဟုလည်း စိတ်ထဲမှ ယုံကြည်ချက်က အပြည့်။

သူ့ကို တစ်ချက်မှ အလစ်မပေးဘဲ ကြည့်နေသည်။ အကယ်၍ သူ့ကို ခုန်အုပ်ပြီး သူ့သေနတ်ကို လုနိုင်သည်ထား၊ ကျွန်မ သေနတ်မပစ်တတ်ပါ။

သူတို့ ပိုက်ကွန်ထဲမှ သားကောင်ဖြစ်နေပါလျက် မိဘတို့ အတွက် နာကြည်းစိတ်၊ ကလဲ့စားချေချင်စိတ်တို့က ရင်၌ ဖြစ်ပေါ်နေသည်မှာ ကျွန်မ၏ ရင်နှစ်ခြမ်း ကွဲထွက်သွားတော့ မတတ်ပါ။

"စောနောင်"

"ပြောပါဆရာ"

"နံပါတ်ဝမ်းစင်ပေါ်က တတိယဆေးပုလင်းရယ်၊ နံပါတ် သရီး စင်ပေါ်က ပထမဆေးပုလင်းရယ် နှစ်ခုစပ်ပေးစမ်း"

"ဟုတ်ကဲ့ဆရာ"

ဒေါက်တာဖေသိန်းမောင် ထိုင်နေသည့် နောက် တည့်တည့်မှ တံခါးချပ်ကို ကိုစောနောင်က တွန်းဖွင့်လိုက် ရာ. . .

"အမယ်လေး"

ကျွန်မ တအားလန့်အော်လိုက်မိပြန်ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို လက်ဝါးနှင့်အုပ်ချပြီးမှ ပြန်မော့ကြည့်ချိန်မှာ မအော်လိုက်မိစေရန် ကျွန်မပါးစပ်ကို ကျွန်မပိတ်ထားလိုက်ရပါ တော့သည်။

ဘွားဘွားဒေါ်ငြိမ်းယမ်၏ ရုပ်တုကြီးနှင့်. . .

ဖေဖေ ဦးစိုးစံ၏ ပုံတူပလာစတာရုပ်ကြီးများ။

စောစောက ကျွန်မတွေ့ရသော ဘိုးဘိုးဦးမြတ်စံ၏ ပုံတူ မှာလည်း ပလာစတာနှင့် ပုံတူထုပြီး တကယ့်ခေါင်းပေါင်းစွ ထားသော အရုပ်ကြီးတစ်ရုပ်သာ။

ကျွန်မတို့၏ နှစ်ဆောင်ပြိုင်အိမ်ကြီးအနားသို့ ကပ်လာ အပေါင်းကို ဤရုပ်တုများ ဝိုးတဝါးပြ၍ လည်းကောင်း. . .

လေ့နှင့် သည်ဘက်ရောက်လာသော တံငါများ မလာ အောင် ဖေဖေ၏ရုပ်တုနှင့်လည်းကောင်း ပြ၍ ခြောက်လှ လွှတ်ခြင်းဖြင့်. . .

"အန္တရာယ်အိမ်ကြီး"

ဟု အားလုံးက သတ်မှတ်သမုတ်ကာ ဝေးဝေးကရှော ကြလေ သူ့အတွက် အကွက်ဆိုက်လေ ဖြစ်နေခဲ့ပြီ။

"ဟို. . . ဟိုအရုပ်ကြီးတွေက ဘယ်သူ့ပုံကြီးတွေလဲဟ လူတွေရုပ်နေတဲ့အတိုင်းပဲ"

ဘာမှမသိနားမလည်ဟန်ဖြင့် လက်ညှိုးထိုးပြီး ကြောင် အမူရာဖြင့် မေးလိုက်တော့မှ. . .

"သူတို့ကို မင်း တကယ်မသိဘူးလား"

"မနောက်ပါနဲ့ ဆရာကြီးရယ်၊ အရုပ်ကြီးတွေနဲ့ ယ ဘယ်လိုလုပ် သိပါ့မလဲ"



"သူတို့က အပြင်မှာ တကယ်ရှိတာကွ"

"ဟုတ်လား၊ ယမုံက မိုင်းမွန်ရောက်တာ တစ်လတောင် မပြည့်လို့ ဘယ်သူ့ကိုမှ မသိသေးပါဘူးရှင်၊ အဲဒါ ဘယ်သူတွေ လဲဟင်"

ကျွန်မစကားကို ဘယ်သူမှ မဖြေကြ။

ကိုစောနောင်ယူလာသော ဆေးထိုးအပ်ကို ဒေါက်တာ ဖေသိန်းမောင်က လှမ်းယူ၍ ဆေးတစ်စက်နှစ်စက် ထွက်အောင် ထိုးထုတ်လိုက်ချိန်မှာ. . .

"ဒီဘက်အခန်းထဲမှာပဲ ထိုးကြမလားဆရာ"

"မြေတိုက်ခန်းထဲပဲ ခေါ်သွားပါ"

"ဒီမှာပဲ ထိုးလိုက်ပါဆရာ၊ ပြီးတော့မှ ကျွန်တော် ပွေ့ယူ သွားမယ်"

"မင်းကလည်း အရေးထဲ"

ကျွန်မ ကိုစောနောင်ကို ရွံရှာစက်ဆုပ်မုန်းတီးစွာ ကြည့် လိုက်သည်။ သူကလည်း ကျွန်မကို စူးစူးရဲရဲ ပြန်ကြည့်နေချေပြီ။

အသက်မသေခင် ဘဝပျက်ရတော့မည်လား။

စောစောဆီက အားတင်းထားသော စိတ်များအားလုံး လျှောကျပျောက်ဆုံး လွင့်ပြေးကုန်ပါပြီ။

"အမယ်လေး၊ လွှတ်. . . လွှတ်၊ ကယ်ကြပါ။ ထူးထူးရေ၊ အမေဒေါ်နန်းလု"

ကျွန်မမှာ သူတို့ဖမ်းချုပ်သည်ကို ရှိသမျှအင်အားနှင့် အားကုန်ရုန်းရင်း ကြုံးအော်နေသဖြင့်. . .

"သေအောင်သာအော်၊ ဘယ်သူမှ မကြားဘူး၊ ဒါအသံ လုံခန်း"

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာဖေသိန်းမောင် ဆေးထိုးအပ်ကိုင်ထားဆဲမှာ ကိုစောနောင်က ကျွန်မကို ဖမ်းချုပ်ပြီး အခန်းထဲ အတင်းဆွဲသွင်း၍ ခုတင်ပေါ် လှဲအိပ်စေပြီး. . .

"ဆေးထိုးပြီးရင် အိပ်ပျော်ချင်ယောင် ဆောင်နေလိုက်ပါ မနန်းထိုက်စံ"

သူက ကျွန်မပါးနားကပ်၍ ပြောပြီး ပြန်ခွာလိုက်ချိန်မှာ ကျွန်မ၏ တင်ပါး၌ စစ်ခနဲ ဆေးထိုးအပ်ဝင်သွားပြီးနောက်မှာ ကျွန်မ မျက်စိမှိတ်ကာ ငြိမ်နေလိုက်ရပါ၏။

"ဆေးထိုးပြီးရင် အိပ်ပျော်ချင်ယောင် ဆောင်နေလိုက်ပါ မနန်းထိုက်စံ. . . တဲ့"

ကိုစောနောင်သည် ကျွန်မကို သိသွားပြီ။

ဩော်. . . ကြည့်စမ်း၊ ယခုမှ ကျွန်မ ပြန်မှတ်မိသည် မေမေလှ ပြောတတ်သောစကား. . .

"ငါ့သမီးက ကျောမှာ အမှတ်အမည်းလေး
နဲ့၊ ဟိုဘဝက အမေက မှတ်ပေးလိုက်တာ"

မမြင်ရသောနေရာမှာမို့ ကျွန်မကိုယ်မှာ အမည်းအမှတ်ရှိကြောင်း ကျွန်မ မေ့လျော့သွားခဲ့သည်။

ကိုစောနောင် ကျွန်မ၏ကျောကို လှန်ကြည့်စဉ်က ဤအမှတ်ကို သူတွေ့ပေလိမ့်မည်။ တွေ့၍သာ ကျွန်မ နန်းထိုက်စံ ဖြစ်ကြောင်း သူသိသွားခဲ့ခြင်းဖြစ်မည်။

"သူ့ကျောမှာ ဘာအမှတ်မှ မရှိဘူးဆရာ"

ဟူ၍ သူ လိမ်ညာပေးခဲ့သည်။



ယခုလည်း ဒေါက်တာဖေသိန်းမောင် ထိုးနိုင်းသော ဆေးကို စုပ်ယူလာခြင်း ဟုတ်ဟန်မတူ၊ ဒါကြောင့်သာ. . .

"အိပ်ချင်ယောင်ဆောင်နေ"ခိုင်းခြင်း ဖြစ်ပါလေမည်။

ကိုစောနောင်သည် ကျွန်မကို ကယ်တင်ကူညီမည့် မိတ်ဆွေကောင်းများလား။

စောစောက ပြောသလို မြေတိုက်ခန်းထဲခေါ်ပြီး. . . အို. . . ကျွန်မ ဆက်၍ မတွေးရဲတော့ပါ။

ကျွန်မ၏ ကိုယ်ခန္ဓာသည်လည်းကောင်း၊ ကျွန်မ၏ အသက်သည် လည်းကောင်း သူတို့လက်ထဲမှာ ရောက်နေခဲ့ပြီ။

"အို. . . မူးလိုက်တာ"

"ဟင်. . . ချာချာကိုလည်လို့၊ ဘုရား. . . ဘုရား"

မေ့မြောမသွားအောင် မနည်းစိတ်ကိုတင်းပြီး မျက်စိကို အတင်းစုံမှိတ်ကာ အံကြိတ်ထားရ၏။

"ငါ မေ့မသွားပါနဲ့၊ အိပ်မသွားပါရစေနဲ့"

"မိုးမြန်မြန်လင်းပါစေ"

"ကိုမြတ်စိုးစံ အမြန်ဆုံး လာကယ်နိုင်ပါစေ"

ဆုတောင်းဆုံးသည်နှင့် ကျွန်မ၏ခေါင်းများ ချာချာလည်သွားပြန်ပါပြီ။

အလွန်သတိထားနေရင်းကပင် တဖြည်းဖြည်း ကျွန်မ၏ အသိဉာဏ်များ မှုန်ဝါးမှေးမှိန်ကာ ဤလောကကြီးတစ်ခုလုံးနှင့် ကျွန်မ၏ လက်ရှိ သားကောင်ဘဝတို့ပါ တဖြည်းဖြည်းချင်း အသိမှုန်ဝါးလာကာ အားလုံးကို မေ့လျော့သွားခဲ့ပါပြီတည်း။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာမြတ်စိုးစံသည် အားနာ၍ ငြိမ်နေရသေ
လည်း ဒေါ်ထားထားရှိန်၏ စကားများကို ဆက်၍ န
မထောင်ချင်ပါ။

"မြတ်စိုးစံက မမထားထက်တောင် ပိုပြီး ပညာရှိလို့ ပို
စဉ်းစားတတ်မှာပါ"

"ဒီလိုလည်း မဟုတ်ပါဘူးလေ"

"အမှန်တော့ မြတ်စိုးစံနဲ့ မမထားတို့ဟာ မိတ်ဆွေအဆ
ပါ၊ ဆွေမျိုးသားချင်လည်း မဟုတ်ပါဘူး၊ မြတ်စိုးစံရဲ့ဖခင်
မမထားခင်ပွန်းရဲ့ ဆရာပါ"

"ဟုတ်ကဲ့"

"တကယ်လို့ ဒီကိစ္စမျိုးဟာ ရန်ကုန်မှာသာ ဖြစ်မယ်ဆို
မမထားအနေနဲ့ ဘာမှ ဝင်ပြောနေစရာမလိုတဲ့ ကိစ္စကြီးပါ"

"ကျွန်တော် နားလည်ပါတယ် မမထား"

"အခုတော့ မမထားတို့ ဒီမှာ တည်းခိုခန်းနဲ့ စတိုး
ဖွင့်လို့ မြတ်စိုးစံက လိုက်လာခဲ့တာလေ၊ အဲဒီလို လာရ
မမထားဆိုင်က အရောင်းစာရေးမ တစ်ယောက်နဲ့ ဖြစ်သွားတ
ဆိုရင် ဆရာတို့ကို မမထား ဘယ်လိုမျက်နှာပြရမလဲ"



"မမထားဘက်က မှန်ပါတယ်၊ ဒါပေမယ့် ကျွန်တော်ဟာ
ဆယ်တန်းဖြေထားတဲ့ ဆယ့်ခြောက်နှစ်ရွယ် ကျောင်းသားလေး
မှ မဟုတ်တာ၊ ဆရာဝန်ဘွဲ့တောင် ရနေပြီပဲလေ၊ ကျွန်တော့်ကိစ္စ
ကျွန်တော်ဆုံးဖြတ်တာလို့ အိမ်ကလည်း နားလည်ကြမှာပါ၊
မမထားမှာ တာဝန်မရှိစေရပါဘူး"

"မဟုတ်သေးဘူး မြတ်စိုးစံ"

"ခင်ဗျာ"

"ယမုံဟာ ရုပ်ကလေးလှတာကလွဲပြီး အကျင့်စာရိတ္တက
လည်း သိပ်မဟုတ်လှဘူး"

"ယမုံ ဘာဖြစ်နေလို့လဲ"

"ယောကျ်ားတိုင်းကို ငမ်းငမ်းတက် လိုက်ပေါင်းနေတာပဲ"

"ဗျာ"

"မြတ်စိုးစံကို တရင်းတနှီး ပေါင်းသလို နန်းထိုက်စံခြိက
ကိုစောနောင်ဆိုတဲ့ လူကိုလည်း အတင်းလိုက်ရောနေတာပဲ၊
သူ့ဆီ အတင်းလာလည်ခိုင်းတယ်၊ ကေသီနဲ့ ပြဿနာတက်တုန်း
က သနားလို့ သူ့ဘက်က လိုက်ပေးခဲ့မိတာ မမထား အမှားပဲ"

"ဟင်"

"အခုနောက်ဆုံးကိစ္စကို မြတ်စိုးစံ မသိသေးဘူး မဟုတ်
လား"

"ဘာများလဲ မမထား"

"ဆရာဝန်ကြီး ဦးဖေသိန်းမောင်ရဲ့ သားလေး ငယ်ငယ်
လေး ရှိပါသေးတယ်၊ အဲဒီကောင်လေးက မနက်အစောကြီး
ဆော်တော်ဆိုင်ကယ်နဲ့ လာခေါ်သွားတယ်"

www.burmeseclassic.com

www.burmeseclassic.com



မြတ်စိုးစံ ဘာမှ ဝင်မပြောဖြစ်ပါ။

"ပြီးတော့ ဒီည ပြန်မအိပ်ဘူးလို့ အဆောင်မှူး... အကြောင်းကြားတယ်တဲ့၊ အဲဒီ ထူးထူးဆိုတဲ့ ကောင်လေး... လိုက်အိပ်မှာတဲ့၊ ကြည့်စမ်း"

ဒေါ်ထားထားရှိန်ဘက်က အမြင်နှင့် မှန်ကောင်း မှန်... ပါလိမ့်မည်။

မြတ်စိုးစံအနေနှင့်မူ ယမုံ့ကို ယုံကြည်နေမိသည်။ ယ... သည် သည်လိုမိန်းကလေးအစားမျိုးထဲက မဟုတ်နိုင်ဟု ... မျက်နှာမှ ကြွေနှင့် ကျက်သရေတို့က ဖော်ပြနေသည်ဟု ... ယုံကြည်နေ၏။

စောစောလေးကပင် ယမုံ သူ့ဆီသို့ ဖုန်းဆက်ကာ ထိုအိ... မှာ ရှိနေမည့်အကြောင်း ပြောပြသည်ကို ဒေါ်ထားထားရှိန်အား... အသိပေးနေစရာမလိုပါ။

"ယမုံ့မှာ အခက်အခဲ ပြဿနာကြီးတစ်ခုခုတော့ ရှိနေ... တာ အမှန်ပဲ"

"အားလုံး သိနေသလို သူဟာ အခုမှ ရောက်လာတဲ့... မဟုတ်ဘဲ မိုင်းမွန်သူတဲ့၊ ကိုးနှစ်အရွယ်ကျကာမှ ဒီမြို့... ထွက်သွားတာဆိုတော့. . .

သူ အခုလို ပြန်လာတာဟာ အကြောင်းရှိပါလိမ့်မယ်

မနက်ဖြန်မနက် ရှစ်နာရီမှ ပြန်မလာနိုင်ရင် အန္တရာ... အိမ်ကို လိုက်လာခဲ့ပါတဲ့။

သူ ဒီည တစ်ခုခုကို ရင်ဆိုင်မလို့ ထင်ပါရဲ့။

မမထားတို့ ထင်နေသလို ထူးထူးနှင့် လိုက်အိပ်တာ... မဟုတ်နိုင်ပါဘူး။ ကောင်လေးက ကလေးသာသာလေးပါ။



တွေးရင်းနှင့် အခုပင် ထလိုက်သွားချင်စိတ် ပေါ်လာ... မိသည်။

ယမုံ့ကို စိတ်မချ။

ယမုံ့မှာ နက်ရှိုင်းရှုပ်ထွေးတဲ့ ပြဿနာတွေ ရှိနေတာ အမှန်ပဲဖြစ်မည်။

"ယမုံရယ်၊ ကိုယ် ကူညီချင်တယ်၊ ယမုံ့ကို ပြောခဲ့သလို ... ဘာပဲဖြစ်ဖြစ် ယမုံ့အတွက်ဆိုရင် ကိုယ် ဆောင်ရွက်ပေးရဲတယ်၊ ဆောင်ရွက်ပေးခွင့်လည်း ရချင်တယ်"

"ဘာဖြစ်လို့ အဲဒီအင်အားတွေ ကိုယ့်နှလုံးသားထဲမှာ ... ဖြစ်ထွန်းနေရသလဲဆိုရင်"

"ကိုလေ ယမုံ့ကို သနားလို့၊ ရင်နဲ့အမျှ ယမုံ့ဘဝ ယမုံ့ ... အဖြစ်ကလေးကို သနားလွန်းလို့ပါ"

"အဲဒီလို သနားခြင်းအမြစ်တွယ်လာတဲ့ ကိုယ့်ရဲ့ နှလုံးသား ... အကိုင်းအခက် အသီးအပွင့်တွေ ဝေဆာနေတဲ့ အချစ်သစ် ... ဖြစ်နေပြီယမုံ"

"ရင်ထဲက နှလုံးသားတည်နေသမျှ အမြစ်တွယ် စွဲမြဲ ... နေမယ့် အချစ်သစ်ပင်ပါ"

"အနုတ်ခံရရင် အက်ကြောင်းများစွာနဲ့ ကွဲအက်ပျက်စီး ... သွန်ရစ်မယ့်အဖြစ်ကို ကိုယ်မခံစားနိုင်ဘူးယမုံ"

"ဒါကြောင့် ယမုံဟာ ဘာပဲဖြစ်ဖြစ်. . ."

"ဘယ်လောက်ပဲ ဆင်းရဲဆင်းရဲ ကိုယ်ယမုံ့ကို လက်ထပ် ... ...ယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုအခက်အခဲမျိုးပဲဖြစ်ဖြစ် ရှိနေစမ်းပါစေ၊ ရင်ဆိုင်ဖြတ်ကျော်ပြီး ပေါင်းဆုံရအောင် ကိုယ်ကြိုးစားယူမယ်"

"ကိုယ့်မှာ ချစ်သောယမုံအတွက် အင်အားတွေ အပြည့်ပါကွယ်"

◆ ◆ ◆

"ဟော့ကောင်စံကြီး၊ မင်းမအိပ်နိုင်ဘဲ ဘာတွေ စဉ်းစားနေတာလဲ"

"ငါ့ချစ်သူအကြောင်း"

"မင်း ဒီမှာ ချစ်သူရသွားပြီလား"

"အေး"

"အံ့ဩစရာမရှိပါဘူး၊ ရသင့်တာကြာပြီ၊ ဘယ်ကလဲ၊ သူလား"

"ဘယ်ကလဲဆိုတာ ငါတောင် မသိဘူး၊ ဒါပေမယ့် [illegible]းပြစရာမရှိအောင်ကို လှတယ်၊ မင်းသူ ငါ့သူ့ကို သိပ်ချစ်တယ်"

"အေး. . . မင်း ဒီလိုခိုက်သင့်တာကြာပြီ၊ သိဂီထွန်း နိုင်ငံခြားထွက်သွားတာ ကြာလှပြီပဲကွာ"

ဆေးကျောင်းသားဘဝက ချစ်ရသူက မိဘများနှင့်အတူ ဩစတြေးလျနိုင်ငံသို့ လိုက်သွားပြီးနောက်မှာ အဆက်အသွယ်ဖြတ်ပစ်လိုက်၍ မြတ်စိုးစံ အဆွေးကြီး ဆွေးနေခဲ့ဖူးသည့် အဖြစ်ကို ငယ်သူငယ်ချင်းမင်းသူတို့က အကြောင်းသိ. . .

"ရင်ထဲမှာ အချစ်တွေများများ စိမ့်ဝင်လေ၊ စာရေးဆရာ အတွက် ခံစားချက်စာသားတွေ ပြောင်မြောက်လေပဲ သူငယ်ချင်း"

www.burmeseclassic.com

www.burmeseclassic.com



"မင်းကြီးတော်မှပဲ၊ စာရေးတယ်ဆိုတာ အချစ်တစ်ခု တည်း ရေးရုံနဲ့ပြီးရောလား"

"အတွေ့အကြုံလည်း လိုတယ်လေကွာ၊ ဒါကြောင့် ငါ ဒီတောင်ပေါ်မြို့ကို လာနေတာပေါ့၊ ဒါက နယ်မြေဗဟုသုတ ပြီးတော့ ပြည်သူတွေကြား ထွင်းဖောက်ပြီး စရိုက်မျိုးစုံ လေ့လာ စူးစမ်းနိုင်လေ စာကောင်းထွက်လေပဲ သူငယ်ချင်း"

"ဪ. . . ပြည်သူတွေကြား ထွင်းဖောက်ဆိုလို့ ညနေ က မိုင်းမွန်မှာ အုန်းအုန်းကျွက်ကျွက်ကိုဖြစ်လို့"

"ဟာ. . . ဘာဖြစ်လို့လဲ"

"အန္တရာယ်ကွေ့က ကိုတူးဂျာဆိုတဲ့လူက လာပြီး အမှုဖွင့် တာ၊ သူ့တို့ရွာအထက်ကပဲ ချယ်ရီပင်ကြီးအောက်မှာ လူအရိုး တစ်ခု မြှုပ်ထားတာတွေ့လို့တဲ့၊ ရဲတွေ မှုခင်းဆရာဝန်တွေလည်း အကောက်စိတ်ညစ်သွားကြတယ်တဲ့၊ အဲဒီ အရိုးစုကြီးရဲ့ ခေါင်းမှာ သေနတ်ဒဏ်ရာနဲ့တဲ့ကွ"

"အရိုးစုကြီးကို တွေ့တာလား"

"အပေါ်မှာ အရေပြားတွေဖုံးတဲ့နေရာဖုံး၊ ကပ်တဲ့နေရာ ကပ်၊ ကွာတဲ့နေရာကွာပေါ့ကွာ၊ ရိုချွဲနေပြီး ရွှံ့စရာ ကြောက်စရာ ကြီးပေါ့"

"ဒီလိုဆိုရင် သေပြီးတာ အနည်းဆုံး ကိုးနှစ် ဆယ်နှစ် လောက်တော့ ရှိရော့မယ်"

သူငယ်ချင်းမင်းသူ၏ စကားစုသည် ဒေါက်တာမြတ်စိုး အတွက် လွန်နက်နဲသော တွေးတောစရာကြီး ဖြစ်ပေါ်လာခဲ့ လေပြီ။

◆ ◆ ◆

မင်းသူနှင့် ဒီတောင်ပေါ်မြို့မှာ အမှတ်မထင် ပြန်လည် ဆုံတွေ့ခဲ့ကြခြင်းဖြစ်သည်။

ရန်ကုန်အထက်တန်းကျောင်းမှာ ဆယ်တန်းအောင်သည် အထိ တစ်တန်းတည်းသော ငယ်သူငယ်ချင်းများဖြစ်ကြပြီး မင်းသူက အင်ဂျင်နီယာ၊ မြတ်စိုးစံက ဆရာဝန်ဖြစ်ပြီးသည်အထိ တွဲကြဆဲ ငယ်ပေါင်းများ. . .

မင်းသူက ရွှေကျွန်းသာရွာသားဖြစ်သည်။ သူ့မိဘထံ ခဏပြန်လာရင်း မိုင်းမွန်စခန်းသာမြို့ တက်လာခိုက်မှာ သည်မြို့၌ စာလာရေးနေသော ဆရာဝန်စာရေးဆရာ မြတ်စိုးစံ နှင့် ဆုံခြင်းဖြစ်သည်။

"အိမ်ကဈေးဝယ်နိုင်းလိုက်လို့ ငါနေ့ချင်းပြန် လာတာ၊ ပြီးရင် မင်းနဲ့တွေ့ရအောင် ပြန်လာခဲ့ဦးမယ်"

ဆိုပြီး မင်းသူ နှစ်ညအိပ်အကြာမှာ ပြန်ရောက်လာ ပြီး. . .

"အခုပဲ ခဏလိုက်ကြည့်ပေးစမ်းပါကွာ၊ ငါတို့အိမ်မှာ နေတဲ့ အဒေါ်ကြီး သိပ်နေမကောင်းဖြစ်နေတာ၊ ဆေးရုံဆို

www.burmeseclassic.com

www.burmeseclassic.com



အရမ်းကြောက်လို့ ဒီမြို့ကို ခေါ်လို့မရလို့ မင်းလိုက် ကြည့်ပေးစမ်းပါ။ အဘွားကြီး ကြည့်ရတာ မရတော့ဘူးနဲ့တူတယ်"

သူငယ်ချင်းမင်းသူ၏ အတင်းအကျပ်ခေါ်ဆောင်သွားမှုကြောင့် ယမုံနှင့် လွဲသွားခဲ့ရခြင်းဖြစ်သည်။

ရွှေကျွန်းသာရွာတွင် မင်းသူတို့၏ မိဘများက အတော်လေး ပြေလည်ပြည့်စုံကြသည်။

"တို့အဖေ တောပစ်ထွက်ရင်း တောထဲမှာ မီးလောင်ဒဏ်ရာနဲ့ မေ့လဲနေတဲ့ အဘွားကြီးကို ခေါ်လာခဲ့တာ သူ့ဇာတ်ကြောင်းကို ဘာမှမေးလို့မရဘူး၊ မေ့နေတယ်ပဲပြောတယ်၊ ဒါနဲ့ သနားတာနဲ့ အမေက ခေါ်ထားတာ၊ အဘွားကြီးကလည်း အိမ်အလုပ်တွေ ကြိုးလုပ်ပါတယ်၊ အခု နေမကောင်းလို့ မင်းကြည့်ပေးစမ်းပါ"

"မီးလောင်ဒဏ်ရာတွေကရော ကျက်သွားပြီလား"

"ဟာ. . . အဲဒါက ကြာလှပြီ၊ လွန်ခဲ့တဲ့ ဆယ့်တစ်နှစ်က. . ."

မင်းသူတို့ ပျဉ်ထောင်အိမ်ကြီး၏ နောက်ဘေးဆောင်မှာ အိပ်ရာ ခြင်ထောင်အနွမ်းလေးနှင့် ပိန်လှီဖျော့တော့နွမ်းလျှစွာ ခွေလဲနေသော အဘွားကြီးကို ဒေါက်တာမြတ်စိုးစံက စမ်းသပ်ရင်း. . .

"အဘွားအသက်ဘယ်လောက်ရှိပြီလဲ"

"အတိအကျ မမှတ်မိပါဘူး လူလေးရယ်၊ ခုနစ်ဆယ်လောက် ရှိရောပေါ့"

"ဟာ. . . အဲဒီလောက်မရှိနိုင်သေးပါဘူး"



အဘွားကြီး၏ အရိုးအဆစ်ကိုကြည့်ပြီး ဒေါက်တာမြတ်စိုးစံက မှတ်ချက်ချ၏။

အဘွားကြီးမှာ အပြင်းဖျားနေ၏။

အဆုပ်ပွပြီး အလွန်အားနည်းနေသည်မှလွဲ၍ အလွန်စိုးရိမ်ဖွယ် အခြေအနေမရှိပါ။

အဖျားကျအောင် ကုသပေးပြီး ဂလူးကို့စ်နှင့် အားဆေးရောလျက် တစ်ပုလင်းသွင်းပေးလိုက်သည်နှင့် အဘွားကြီး ကောင်းစွာ ထူနိုင်ထနိုင်ရှိလာသည်။

"ပြောပါဦး အဘွားရဲ့၊ မီးလောင်ဒဏ်ရာတွေ ဘယ်လို ရခဲ့တာလဲ"

"ကားကို တအားဆုပ်ကိုင်ထားမိတာ ကားက တောင်အောက် ထိုးကျပြီး မီးလောင်တယ်လေ၊ အတူပါလာတဲ့ ဘလေးကတော့ မီးထဲပါသွားမှာပေါ့၊ အဘွားကိုယ်မှာလည်း ဓာတ်ဆီတွေစင်ကုန်တယ်၊ ကိုယ်ပါမီးလောင်တာပေါ့၊ ဒါပေမယ့် ဂျစ်ကားဆိုတော့ အလွယ်တကူခုန်ချလို့ ရတာပေါ့၊ မြေကြီးထဲကို လူးလှိမ့်လိုက်တော့ မီးငြိမ်းသွားပေမယ့် သားမြင်တဲ့အတိုင်း မျက်နှာတစ်ခြမ်းနဲ့ ကိုယ်တစ်ခြမ်းပါ မီးလောင်ဒဏ်ရာ ရခဲ့တယ်၊ အဘွားလည်း ခြေဦးတည့်ရာစွပ်ပြေးရင်း တောထဲ အရောက်မှ မေ့လဲကျသွားတာပါပဲကွယ်၊ သတိရတော့ ဒီအိမ်ရောက်ပြီး ဆေးကုကြ၊ အသက်ကယ်ပေးခဲ့ကြပါတယ်"

"အဘွားမှာ သားသမီးမရှိဘူးလား"

အဘွားကြီးက မျက်ရည်တွေစီးကျရင်း ခေါင်းကို ဖြည်းဖြည်းချင်းယမ်းလျက်. . .

www.burmeseclassic.com

www.burmeseclassic.com



"အဘွားက တစ်ကောင်ကြွက်ပါ၊ ဘယ်ကလာပြီး ဘယ်ကိုသွားရမလဲဆိုတာလည်း မမှတ်မိပါဘူး၊ အဘွားကို ကုမနေကြပါနဲ့တော့၊ တာဝန်ကြီးလှပါတယ်ကွယ်၊ အဘွား သေသင့်နေပါပြီ"

"အဘွားသေသင့်တာ အခုမှမဟုတ်ပါဘူး၊ ဟိုးလွန်ခဲ့တဲ့ ဆယ့်တစ်နှစ်ကတည်းကပါ"

"ဟိုးလွန်ခဲ့တဲ့ ဆယ့်တစ်နှစ်ကတည်းက သေသင့်နေတဲ့ အဘွားပါကွယ်"

အမာရွတ်များကြောင့် ရှုံ့တွနေသော မျက်ခွံများအောက်မှ မှုန်မှေးမှေးမျက်ဝန်းလေးထဲမှာ မျက်ရည်ကြည်များ လျှံပြည်ရင်းက ပြောရှာသည်။

ဤအဘွားကြီးကို သနားကြင်နာစွာ ဆေးကုသပေးခဲ့ပါသော်လည်း အဘွားကြီး၏ အတိတ်ဆိုးကိုဖြင့် စိတ်ဝင်စားခြင်း မရှိလှ၍ မမေးဖြစ်ခဲ့ပါ။

'ဒေါ်နန်းချစ်'ဟု အမည်ပေးထားသော အဘွားကြီးကလည်း သူ၏အတိတ်ဇာတ်ကြောင်းကို ဘယ်တုန်းအခါကမှ မေး၍မရခဲ့သဖြင့် ဘယ်သူကမှလည်း နောက်ပိုင်းမှာ မေးမနေတော့ မင်းသူ၏မိဘများက သနားညှာတာစွာ စောင့်ရှောက်ထားခဲ့သလို ဒေါ်နန်းချစ်ကလည်း အလိုက်သိစွာ အိမ်ဖော်မကြီးတစ်ယောက်သဖွယ် ကြုံးရုန်း၍ လုပ်ပေးနေရှာသူ ဖြစ်ပါသတည်း။

ဒေါက်တာမြတ်စိုးစံသည် စာရေးဆရာ မြတ်နိုးမြေအဖြစ်နှင့် မိုင်းမွန်စခန်းသာမြို့မှာ ရောက်နေစဉ်အတွင်း. . .



ဒေါ်နန်းချစ်ဆိုသော လွန်ခဲ့သည့် ဆယ့်တစ်နှစ်က အတိတ်ဆိုးနှင့် မိန်းမကြီးကိုလည်း တွေ့ရသည်။

အန္တရာယ်ကွေ့မှာ ခေါင်း၌ သေနတ်ဒဏ်ရာကြီးဖြင့် မြေမြှုပ်ခံခဲ့ရသော အရိုးစုကြီးတစ်ခုကို တူးဖော်တွေ့ရှိရသည်ဆိုသော သတင်းကိုလည်း ကြားရသည်။

ကိုးနှစ်အရွယ်အထိ မိုင်းမွန်မြို့မှာနေထိုင်ခဲ့သော မိုင်းမွန်မြို့သူပါဟု ဖွင့်ဟပြောကြားကာ အတိတ်ဆိုးတစ်ခု ရှိနေပေလိမ့်မည်။ ယမုံဆိုသော မိန်းမချောလေးနှင့်လည်း ဆုံစည်းရင်းနှီးခဲ့ရသည်။

ဤဖြစ်ရပ်သုံးခုသည် တစ်ချိန်သောအခါက တစ်ပေါင်းတစ်စည်းတည်း ဖြစ်ခဲ့ကြသည်ဟူ၍ ဆက်စပ်တွေးမိနိုင်ခြင်း မရှိခဲ့ပါ။

ရင်နှင့်အမျှ ဆန္ဒကဖြင့်. . .

ယမုံက မနက်ရှစ်နာရီထိုးလို့မှ သူအလုပ်ဝင်ရောက်ခြင်း မရှိခဲ့လျှင် လိုက်လာပါဆိုပေမယ့်. . .

ငါ အဲဒီခြံနားကို မနက်စောစောစီးစီးပဲ သွားကြို့လိုက်မယ်. . .

"ဒီည ယမုံဘာကြောင့်များ အဲဒီအန္တရာယ်အိမ်ကြီးနားမှာ သွားအိပ်ရတာလဲကွယ်"

"ယမုံက သူ့ရဲ့အဖြစ်အပျက်အကြောင်းစုံကို ငါ့ကို ဖွင့်ပြောတော့မလို့"

"ငါ ရွှေကျွန်းသာရွာကို လိုက်သွားရလို့ ယမုံနဲ့လွဲသွားတာ"

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်လေ အခုညချက်ချင်းပဲ လိုက်လာပြီး ယမုံကို ရှာဖွေချင်မိတယ်"

"ဒါပေမယ့် ဆယ်နာရီကျော်သွားပြီလေ"

ချစ်သော ယမုံ၊ ဘေးအန္တရာယ်ကင်းပါစေ၊ ပြီးတော့ ကိုယ်တင်ပြတော့မယ့်အချစ်ကို လက်ခံနိုင်ရုံမက တုံ့ပြန်နိုင်ပါစေသားကွယ်။

◆ ◆ ◆

ကျွန်မ တစ်နေရာရာရောက်နေပြီဆိုသည့် အသိက ခေါင်းထဲမှာရှိသော်လည်း. . .

"ဘယ်ရောက်နေမှန်းမသိ"

အိပ်ရေးမဝသေးသလို ခေါင်းထဲက မူးနောက်နောက်နှင့် မျက်ခွံများက လေးလံနေဆဲရှိသည်ကို အားယူ၍ အတင်းဖွင့်ကြည့်လိုက်ချိန်မှာ ပြာလဲ့လဲ့မီးရောင်လေးကို အလျှင်ဦးမြင်တွေ့လိုက်ရသည်။

လူက လုံးဝမလှုပ်ရှားဘဲ မျက်လုံးအကြည့်ကိုသာ ရွေ့လျားလိုက်ရာ စတီးစင်ပေါ်မှာ ဖန်ပုလင်းများနှင့် ဆေးရည်စိမ်ထားသော ကိုယ်ခန္ဓာ၏အပိုင်းအစများ။

"အမယ်လေး"

အာရုံကြောများအားလုံး ရုတ်တရက် နိုးကြားလာပြီး ကျွန်မ၏ အဖြစ်ပျက်စုံကိုလည်း ချက်ချင်းပင် ပြန်လည်သတိရလာခဲ့ပါပြီ။

ခွဲစိတ်ခန်းသုံး ဘီးတပ် သံခုတင်ပေါ်မှ ကျွန်မချက်ချင်းကြုံးထပြီး ခုန်ဆင်းချလိုက်သည်။ တံခါးပေါက်ရှိရာသို့ ပြေးပြီး သက်ကိုင်ဖုကို လှည့်ဖွင့်လိုက်သော်လည်း. . .

www.burmeseclassic.com

www.burmeseclassic.com



လုံးဝပွင့်မလာ။ အသေသော့ခတ်ပိတ်လှောင်ထားခြင်းခံရလေပြီ။

"ဆေးထိုးပြီးရင် အိပ်ပျော်ချင်ယောင်
ဆောင်နေလိုက်ပါ မနန်းထိုက်စံ"

ကျွန်မ၏ နားစည်နားသို့ ကပ်၍ ပြောကြားသွားသော ကိုစောနောင်၏စကား။

"ဟုတ်တယ်၊ ငါ လှုပ်လှုပ်ရှားရှားနဲ့ အော်လို့ဟစ်လို့ မဖြစ်သေးဘူး"

"အခြေအနေကို စောင့်ကြည့်ဦးမှ"

"ကိုစောနောင်က ငါ့ကို ကူညီမလို့ထင်ပါရဲ့"

အားကိုးမျှော်လင့်စွာ တွေးပြီး အခန်းတံခါးဝကို ကျောပေးကာ အခန်းတစ်ခုလုံးကို လှည့်ပတ်ကြည့်လိုက်. . .

"ဟာ. . . အမယ်လေး"

ဖန်ပေါင်းချောင်အကြီးကြီးထဲမှာ မျောက်၏ဦးခေါင်းမှိုင်းကို ဆေးရည်စိမ်ထားသည်။

မျက်လုံးများက ပွင့်လျက် အသက်ရှင်လျက် ရှိနေသလို ထင်ရသော မျောက်ခေါင်းပြတ်များ။

အားလုံးက ကျွန်မကို ဝိုင်းကြည့်နေသလို ထင်ရသည်။ ဘယ်ဘက်ကိုပဲ လှည့်ကြည့်ကြည့် မျောက်ခေါင်းပြတ်ကြီးများက ကျွန်မကို မျက်လုံးအပြူးသားနှင့် စိုက်ကြည့်နေကြ၍. . .

"အမယ်လေး. . . ဘုရား. . . ဘုရား ကယ်ပါ"

ဘုရားတ,ရင်း မျက်နှာကို လက်ဝါးနှင့်အုပ်ပိတ်ပြီး ကြမ်းပြင်မှာ ကျွန်မထိုင်ချလိုက်ရသည်။



စိတ်ထဲမှာ မျောက်များအားလုံး အော်ဟစ်ခုန်ပေါက်ထွက်လာပြီး ကျွန်မကို ကိုက်သတ်တော့မလို ထင်နေမိသည်။

နှလုံးသားသည် ကြောက်လန့်ခြင်းအရှိန်ကြောင့် ရင်ထဲမှ ခုန်ထွက်သွားတော့မတတ် ယိမ်းထိုးလှုပ်ရှားကာ ချောက်ချားခြင်း၏ အထွတ်အထိပ်သို့ ကျွန်မ ရောက်ရှိနေခဲ့ပါပြီ။

တစ်ကိုယ်လုံး အေးစက်ကျင်ခဲ တုန်ခိုက်နေပြီး အခြေအနေအားလုံးကို လက်လျှော့ဝပ်ဆင်းပေးရတော့မလို စိတ်ဓာတ်ကျဆင်းသွားပြီးကာမှ. . .

"အို. . . လူဆိုတာ မသေမချင်း ကြိုးစားလို့ရတယ်. . . ကြံစည်လို့ရတယ်"

"ငါတို့မိသားစုကို ဒီလောက်ကြီး ဒုက္ခပေးတဲ့ လူသတ်ကောင်ကြီးကို မျက်ဝါးထင်ထင် မျက်နှာချင်းဆိုင်တွေ့နေမှ ငါ ဘာလို့ အရှုံးပေးမလဲ"

"ဘာလို့ လည်စင်းခံမလဲ"

"ငါ့မှာ ခြေလက်အကောင်း ဦးနှောက်ဉာဏ်ကထက်မြက်နေဆဲ"

"ဒါကြောင့်. . .

ငါ့ရဲ့ ကိုယ်အားရှိသလောက်၊ ဉာဏ်အားရှိသလောက် ကြိုးစားမယ်"

"တိုက်ခိုက်မယ်"

ယင်းဆုံးဖြတ်ချက်များသည် ကျွန်မ၏ ကိုယ်ခန္ဓာအတွင်း၌ ကြီးမားသော ခွန်အားများအဖြစ် ဝင်ရောက်လာပြီးချိန်မှာ ကျွန်မထိုင်ရာမှ ဆတ်ခနဲ ထလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သွားကြီးအဖြီးသားနှင့် ကြည့်နေသော ဆေးရည်စိမ် ပုလင်းထဲမှ မျောက်ခေါင်းပြတ်ကြီးကိုပင် ရဲရဲရင်ဆိုင်ကြည့် လိုက်ပြီး ပြတင်းတံခါးရှိရာသို့ ကျွန်မလျှောက်သွားလိုက်ပြီး မှန်တံခါးကို မျက်နှာနှင့်ကပ်၍ အပြင်သို့ကြည့်၏။

"မြေသားနံရံပဲ မြင်ရပါလား"

"ဒါ. . . ဒါဆိုရင် မြေတိုက်ခန်းပဲပေါ့"

ကျွန်မ မေ့မသွားမီက စကားများကို ပြန်သတိရ ကျွန်မကိုယ်ခန္ဓာကို စမ်းစစ်လိုက်တော့လည်း ပကတိအတိုင်း ပါပင်။

မျောက်ခေါင်းများ တင်ထားသော စတီးစင်များ လိုက်ကြည့်သော်လည်း အားလုံး မြေသားနံရံများကိုသာ မြင် ရ၍. . .

"ဒါဟာ သူတို့ရဲ့ ဆေးသုတေသနလုပ်တယ်ဆိုတဲ့ မြေ တိုက်ခန်းပဲ ဖြစ်ရမယ်"

ပေနှစ်ဆယ်ပတ်လည်လောက်သာ ကျယ်မည့် အခန်း ထဲမှာ ခွဲစိတ်ခုတင်တစ်လုံး၊ မျောက်၏ ဦးခေါင်းများနှင့် ဆေးပုလင်းများ။

ဤပစ္စည်းများမှလွဲ၍ အခန်းထဲ၌ တုတ်တိုတစ်ချောင်း မတွေ့ရပါ။

မီးရောင်အောက်သို့သွားပြီး လက်ကို ပင့်ကြည့်လိုက်သော် လည်း. . .

"အို. . . ငါ့လက်မှာ နာရီလည်း မရှိတော့ပါလား"

အချိန်မသိစေရန် တမင်ဖြုတ်ထားကြခြင်းဖြစ်လေ



ဤအခန်း၏ ပြတင်းပေါက်များမှ ကျွန်မ ထွက်၍ ရသည့်တိုင်အောင် ပြင်ပသို့ မရောက်နိုင်ပါ။ မြေတိုက်ခန်းမို့ ဖောက်ထွင်းမထွက်နိုင်။

အခန်းတံခါးကို ဖွင့်နိုင်မှသာ နှစ်ဆောင်ပြိုင်အိမ်ကြီး အတွင်းသို့ ပြန်ရောက်နိုင်ပါမည်။

ကျွန်မယူဆောင်လာသော ဓားမြှောင်၊ သော့တွဲကြီးနှင့် ဖယောင်းတိုင်၊ မီးခြစ်တို့လည်း ဘာမှမရှိ။

ခေါင်းမှ ဆံညှပ်ကိုဖြုတ်ပြီး သော့ပေါက်ထဲလှည့်၍ လှည့်၍ ဖွင့်သော်လည်း အချည်းနှီးပါပင်။

"ဘယ်အချိန်လောက် ရှိနေပြီလဲ"

ကျွန်မ အရေးအကြီးဆုံး သိချင်သည့်အချက်ပဲ ဖြစ်ပါသည်။

မိုးသာ လင်းနေခဲ့ပါလျှင်. . . ထူးထူးတို့ကလည်း ကျွန်မ ပျောက်ဆုံးသွားသည့်အတွက် ရှာကြမည်။

နံနက် ရှစ်နာရီ ထိုးပြီးလျှင်လည်း ဒေါက်တာမြတ်စိုးစံ ဤအန္တရာယ်အိမ်ကြီးရှိရာသို့ လိုက်လာကာ ကျွန်မကို ရှာဖွေပါလိမ့်မည်။

ဒေါက်တာမြတ်စိုးစံနှင့် မောင်လေးထူးထူးတို့၏ အကြင်နာ မျက်နှာများကို မြင်ယောင်ရင်း လှိုက်လှိုက်လှဲလှဲ တမ်းတမျှော်လင့်နေရပါ၏။

ယခုအချိန်မှာ ကျွန်မအတွက် အလိုအပ်ဆုံးအရာ သည်. . .

"အလင်းရောင်"

www.burmeseclassic.com

www.burmeseclassic.com



ညဉ့်အမှောင်များ ပြယ်လွင့်ကာ နေမင်း၏အလင်းရောင် ရောက်ရှိလာချိန်မှာ ကျွန်မကို ကူညီကယ်တင် ရှာဖွေကြမည့် သူများ ရောက်ရှိလာပါတော့မည်။

"ယော့. . . ဘာသံပါလိမ့်"

ရုပ်တိုက်လျှောက်လာသော အသံလို ကြားလိုက်ရ၍ တံခါးကို နားဖြင့်ကပ်၍ အာရုံစိုက်လိုက်ရာ. . .

"ဟိုက်. . . စကားပြောပြီး ဒီနေရာကို လျှောက်လာနေ ကြပြီ"

ယင်းအသိဝင်သည်နှင့် ကျွန်မ ခုတင်ပေါ် ပြေးတက်ပြီး နံရံဘက် စောင်းလှည့်ကာ အိပ်မောကျချင်ယောင်ဆောင်နေ ဆဲမှာ. . .

တံခါး ပွင့်လာသည်။

ဒေါက်တာဖေသိန်းမောင် နှင့် ကိုစောနောင်၏ နှစ်ယောက်ပါပဲ။

တံခါးပွင့်သွားချိန်မှာ ကျွန်မ မျှော်လင့်တကြီးဖြင့် အခန်းပြင်သို့ အသာလေး လှမ်းကြည့်လိုက်ရာ ပကတိ ပိန်းပိတ် အောင် မှောင်နေဆဲပါပင်. . .

"တစ်ခါတည်း ခေါ်သွားတော့မလို့လားဆရာ၊ လျှော မနက်လေးနာရီမှ လာလို့ရမှာ"

"ငါသိတယ် ဟော့ကောင်၊ သူ့ကို ဟိုဆေးမထိုးဘဲ ခေါ်သွား လို့ ဖြစ်မလား"

"ကျွန်တော် ပြွန်ထဲကဆေးတွေ အကုန်ထိုးချထားတာ နှစ်ဆယ့်လေးနာရီတော့ အသာလေး အိပ်နေမှာပါ"



"မင်း အခု သိပ် စကားများနေပါလား စောနောင်၊ ဒီဟာမလေးအတွက် ငါဦးနှောက်ချောက်နေတယ်၊ မင်းပါးစပ် ပိတ်ထားစမ်း၊ ငါမေးမှပြော"

ကိုစောနောင် အသံထွက်မလာတော့ပါ။

သေချာပါပြီ။ ကျွန်မအားရှိလိုက်တာ၊ ကိုစောနောင်သည် ကျွန်မကို ကူညီမည့်သူ။

ယခု မနက်လေးနာရီပင် မထိုးသေးကြောင်း သူတို့စကား အရ သိရပြီ။

နှစ်ဆယ့်လေးနာရီ အိပ်နေမည်ဆိုပါလျက် ယခု ကျွန်မ နိုးလာခြင်းမှာ ကိုစောနောင်၏ ဆောင်ရွက်ကူညီမှုကြောင့် ဖြစ်သည်မှာ ထင်ရှားနေပါ၏။

နှစ်ယောက်နှင့်တစ်ယောက် ဘာကြောက်စရာရှိတော့ လဲ၊ ယခုပင် ကျွန်မ ထ၍ တိုက်ခိုက်ပါတော့မည်။

ခုတင်ပေါ်မှ ကျွန်မ ဝုန်းဆိုထပြီး ခုန်ချလိုက်ချိန်မှာ သူတို့နှစ်ယောက်လုံး အကြီးအကျယ် အံ့သြပြီး ကြက်သေ ကြည့်နှင့် ကြည့်နေခိုက်. . .

ဒေါက်တာဖေသိန်းမောင်၏ ဆီးခုံနေရာကို ကျွန်မ အား ကုန်ဆောင့်ကန်လိုက်ပြီး ဖန်ပုလင်းကြီးတစ်ခုကို ဖျတ်ဆို မယူပြီး ခေါင်းတည့်တည့်ကို ရိုက်ခွဲချလိုက်ပြီးသည်နှင့် ရင်ဝကို ကျွန်မ၏ခေါင်းနှင့် တအားထိုးတိုက်ပစ်လိုက်သည်။

ကျွန်မ၏ တိုက်ကွက်သုံးမျိုးက တစ်ဆက်တည်း တစ်ချိန်တည်း စက္ကန့်ပိုင်းအတွင်း လုပ်ချလိုက်သဖြင့် အဘိုးကြီးမှာ သူ့ ဘတ်ကို လက်နှင့်အုပ်၍ ကုန်းသွားရာမှ မှောက်လျက်လဲကျ သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖန်ပုလင်းကွဲထဲမှ အရည်များက ပြန့်ကျဲပြီး မှောက်ခေါင်း တစ်လုံးက သူ့မျက်နှာနားသို့ လိမ့်ဆင်းသွားပြီး သူ့မျက်နှာနှင့် ယှဉ်လျက်မှာ ရပ်တန့်သွား၏။

"ဟာ. . . ဘယ်လိုလုပ်လိုက်တာလဲဗျာ"

"လာ. . . ကိုစောနောင်. . . လာ"

"ဟင်"

"သူမေ့နေတုန်း ယမ့်တို့ ပြေးကြစို့"

ကြောင်နေသော ကိုစောနောင်၏လက်ကိုဆွဲပြီး အခန်း ထဲမှ ကျွန်မ တစ်ဟုန်ထိုး ထွက်ပြေးလာခဲ့တော့သည်။

"ဒီဘက်လေ"

ပြေးရှိန်က သတ်လို့မရသဖြင့် ကိုစောနောင် ဆွဲသည် ဘက်သို့ မကွေ့တော့ဘဲ ရှေ့တည့်တည့်သို့ ကျွန်မတအား စွပ်ပြေးသည်။

ကျွန်မ၏စိတ်များ အလွန်အမင်း လှုပ်ရှားလျက် ဆ လည်း စောလွန်းနေပါသည်။

ကိုစောနောင်၏ လက်ကိုလည်း အင်အားရှိသလော် ဆုပ်ဆွဲရင်း ပြေးလာရာ ရှေ့တည့်တည့်မှ ပွင့်နေသော မှန်ခ တစ်ခုတွင်းသို့ ကျွန်မဝင်ပြေးပြီး အပြင်သို့ထွက်ရန် တံခါး ရပ်၍ ဖွင့်ရန် ကြိုးစားခိုက်မှာ. . .

"ဂျိုင်း"

ဆိုသော တံခါးပိတ်သံကြားလိုက်ရသဖြင့် အလန့်တကြ နောက်သို့ လှည့်ကြည့်လိုက်မိရာ တံခါးကိုသော့ခတ်ပိတ်နေသော ဒေါက်တာဖေသိန်းမောင်. . .



"သွားပြီ"

"ဟင်. . . ဘာ. . . ဘာဖြစ်လို့လဲ၊ ဒီမှန်တွေကိုခွဲပြီး က်. . . ထွက်ကြရအောင်လေ ကိုစောနောင်"

"မရဘူး ယမုံ၊ ရိုက်ခွဲတောင် မကွဲတဲ့မှန်တွေ၊ ဒါ သူ့ရဲ့ ာတ်ခွဲခန်း"

"အို"

ထိုအချိန်မှာပင် ဒေါက်တာဖေသိန်းမောင်က တစ်ပတ် ကွေ့ပြီး ဂုံညင်းလောက် ဝိုင်းဝိုင်းလေးဖောက်ထားသော မှန်ရှေ့ ခုံတွင် အကျအနထိုင်လိုက်ကာ. . .

"ဩ. . . မင်းကလည်း ဒီကောင်မဘက်ကလား"

"မဟုတ်ဘူး. . . မဟုတ်ဘူး၊ ကျွန်မ အတင်းဆွဲခေါ်လာ တာ"

"ဟုတ်လား စောနောင်"

"ဟုတ်တယ်၊ သူနဲ့ဘာမှမဆိုင်ဘူး"

ကျွန်မကပဲ ဖြတ်၍ဖြေလိုက်သည်။

ကိုစောနောင်က ဘာတစ်ခွန်းမှ မပြောဘဲ မျက်နှာလွှဲ းသည်။

"အေး. . . ဘာပဲဖြစ်ဖြစ် မင်းတို့နှစ်ယောက်လုံးကို စ်တွဲတည်းလုပ်မှ၊ စောနောင်ကိုလည်း ငါမယုံတော့ဘူး"

"အို. . . မယုံဘူး"

"မယုံဘူး၊ ဘယ်သူ့မှ မယုံဘူး"

"အားလုံးသေမှ အားလုံးသေကုန်မှ ငါလုပ်ချင်တာတွေ တ်လုပ်မယ်၊ ဟား. . . ဟား. . . ဟား"

"ဒီမှာ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ၏ ဒေါသစိတ်သည် ဘာမဆို ရင်ဆိုင်ရန် ရဲဝံ့သတ္တိအဖြစ်သို့ ပြောင်းလဲလာခဲ့ပြီ. . .

သူရှိနေသော မှန်ပေါက်ကလေးရှိရာသို့ ခပ်မတ်မတ်နှင့် ခပ်ဆတ်ဆတ် လျှောက်သွားပြီး. . .

"ဘဘဆရာဝန်ကြီးဆိုပြီး ယုံကြည်လိုက်ရတာ"

"ဟင်. . . ဒါဖြင့် နင်ဟာ. . . တကယ်ပဲ နန်းထိုက်စံပေါ့"

"ဟုတ်တယ်. . . ဟုတ်တယ်"

"ဟေ"

ကျွန်မအဖေကိုလည်း ရှင်သတ်တာမဟုတ်လားဟင်"

သူက မထေမဲ့မြင် ကြည့်ရင်း ပြုံးနေသည်။ ခေါင်းမှဖွေးနေသောဒဏ်ရာကို လက်နှင့်ပွတ်ရင်း. . .

"နင့်အဖေတင် ဘယ်ကမလဲ၊ နင့်အမေကိုလည်း အိမ်ဆေးတွေထိုး၊ လူတစ်ယောက်နဲ့ကို ဘေးက ခဏအိပ်ခိုင်းပြီး သူ့ကို အဲဒီဓာတ်ပုံနဲ့ ချိမ်းချောက်တာ"

"ပြောစမ်းပါဦး၊ ရှင့်ရဲ့ ယုတ်မာသမျှတွေ"

"ကိုစိုးစံကို နှလုံးမြန်စေတဲ့ဆေးတွေ ကော်ဖီထဲ ထည့်ပြီး ပထမတစ်ကြိမ်က စမ်းတာ၊ ဒုတိယတစ်ကြိမ်က သတ်တာ ပြီးတော့ ကော်ဖီမှုန့်တွေ ဓာတ်ခွဲကြည့်မယ်ဆိုပြီး ငါပြန်သိမ်းသွားတာပေါ့၊ မင်းလည်း သိပြီးပါပြီကွာ၊ ဒါကြောင့် ငါ့ကိုကလဲ့စားချေဖို့ လာတာမဟုတ်လား"

"ဟုတ်တယ်. . . ဟုတ်တယ်"

"မောင်မောင်ညွန့်ကို နန်းမူကို့ သားအမိရှိကြောင်း အသေးစိတ်ကို ငါမပြောချင်လို့ ပြောပေးပါလို့ခိုင်းပြီး ရိုပ်သာထဲ



ချိန်းပြီး ပြောခိုင်းရတယ်၊ ဟိုဓာတ်ပုံတွေကို လုပ်ကြံပြီး ရိုက်ပြတော့ ခမ်းမုံနဲ့ မောင်မောင်ညွန့်ပဲ ဘာလိုလိုထင်အောင်ပေါ့ကွာ၊ နင့်အမေအနုံမက ဒါကို မရင်ဆိုင်ရဲလို့ ထွက်ပြေးတာလေ"

"အဲဒီနောက်ကို ရှင်လိုက်လာပြီး ဦးဘအိုကိုလည်း သတ်၊ ကျွန်မတို့ရဲ့ စိတ်ထုပ်ကိုလည်း ယူပြေးတာမဟုတ်လား"

"ကိုဘအိုက ငွေတစ်သိန်းရမယ်ဆိုလို့ ကားမောင်းပေးတာပါ။ ဟေ. . . ဟေ့ ဒါတွေမမေးနဲ့တော့၊ ငါလုပ်သမျှ နင်သိပြီးသားတွေချည်းပဲလေ"

ဒေါက်တာဖေသိန်းမောင်က အရူးကြီးတစ်ယောက်လို အော်ရယ်ပြီး မှန်ပေါက်လေးမှထသွားသည်။ အခန်းကျဉ်းလေးထဲမှာ အလုပ်ရှုပ်နေ၏။

ကျွန်မတွေးသမျှ ထင်ခဲ့သမျှ တက်တက်စင်အောင် မှားခဲ့ပါပေါ့လား. . .

ခေါင်းစွပ်ချွတ်လိုက်စဉ်က လည်ပင်းပြည့်ပြည့် ဆံပင်မြင့်မြင့် ညှပ်ထားသော ခပ်ဝဝ ကိုယ်ခန္ဓာနှင့်လူ။

ယခု ဦးမောင်မောင်ညွန့်၏ ပုံစံအတိုင်း. . .

ယခု ဦးမောင်မောင်ညွန့်မှာ ယခင်ကထက် များစွာဝလာကြောင်း ကျွန်မသတိမရ. . .

ဟိုစဉ်က ကိုမောင်မောင်ညွန့်မှာ ပိန်ပိန်ညွှန့်ညွှန့်ဖြူဖြူသွယ်သွယ်. . .

ယခု ဦးမောင်မောင်ညွန့်၏ ဘေးတိုက်ပုံစံက လွန်ခဲ့သော ဆယ်နှစ်ကျော်ကာလက ဒေါက်တာဖေသိန်းမောင်၏ပုံစံအတိုင်းပင်။ ဆယ့်တစ်နှစ်ကာလကြီးကို မေ့ထားပြီး ဦးမောင်မောင်ညွန့်ကို ရမ်းသန်းစွပ်စွဲနေမိသော ကျွန်မ. . .

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်နှင်းဖြူဖြူ၏ လည်ပင်းမှ စိန်လည်တုန်ကိုလည်း ကျွန်မပစ္စည်းဟု ထင်မိခဲ့သော ကျွန်မ၏ ညံ့ဖျင်းမှု. . .

စိန်လည်တုန် ကျောက်ဖြူလည်တံ့မှန်သမျှ မြန်မာတစ်ပြည်လုံးမှာ ဒီပုံစံတစ်မျိုးတည်းသာ ရှိကြောင်း ကျွန်မ မတွေးတတ်ခဲ့. . .

ကျွန်မ၏ နုံညံ့မှုများအတွက် ဖြေမဆည်နိုင်အောင် ဖြစ်ခဲ့ရပြီးနောက်မှာ ကိုစောနောင်ဘက်သို့ လှည့်လျက်. . .

"တစ်ခုခုကြံစည်ပါဦး ကိုစောနောင်ရယ်"

"ဟင်"

"ကိုစောနောင် လွတ်အောင်ပြေးနိုင်ဖို့ ကြံစည်ပါဦး၊ ယမုံကတော့ ယမုံ့အသက်နဲ့လဲပြီး သူ့ကို ရတဲ့နည်းနဲ့ တိုက်ခိုက်ဦးမယ်"

"မလွယ်ဘူးနော်. . . မနန်းထိုက်စံ"

"အို. . . ယမုံကတော့ ဒုတိယဘဝမှာ နေသားကျနေလို့ ကိုယ့်ကိုယ်ကိုယ်တောင် နန်းထိုက်စံဆိုတာ မေ့ပြီး ယမုံလို့ ပြောနေမိတယ်"

"ကြိုက်သလိုပြောပါလေ၊ ကျောမှာ အမှတ်ကိုတွေ့လိုက်ရပေမယ့် ကျွန်တော် လိမ်ညာပေးခဲ့တာ၊ ယမုံဆိုတဲ့ နန်းထိုက်စံကို သနားလွန်းလို့ ကူညီချင်လို့ပါဗျာ"

"ယမုံ နားလည်ပါတယ် ကိုစောနောင်၊ အခု ဘယ်လိုကြံကြမလဲဟင်"

"ယမုံက ဆန္ဒသိပ်စောသွားတယ်"

"ယမုံမှားပါတယ်ရှင်၊ အို. . . ယမုံ ရဲ့ အမှားတွေကတော့ ဆက်တိုက်ပါပဲလေ"



"ဘာပဲဖြစ်ဖြစ် မိဘအတွက် စွန့်စားပြီး ခုလို တစ်ယောက်တည်း လက်စားချေရဲတဲ့ ယမုံရဲ့သတ္တိထူးကိုတော့ ချီးကျူးပါတယ်"

"သူ ဘာတွေလုပ်နေတာလဲဟင် ကိုစောနောင်"

ဟိုဘက် မှန်ခန်းကျဉ်းလေးထဲမှာ အလုပ်ရှုပ်နေသော ဒေါက်တာဖေသိန်းမောင်ကိုကြည့်ပြီး မေးလိုက်မိရာ. . .

"ကျွန်တော်တို့ကို ဒုက္ခပေးဖို့ သူ ဆေးတွေဖော်စပ်နေမှာပေါ့လေ"

"ဒုက္ခပါပဲရှင်၊ ကိုစောနောင်ကို ယမုံ့ရဲ့ အန္တရာယ်ထဲမှာ မပါစေချင်ဘူး"

"ကျွန်တော်ကိုယ်တိုင်လည်း ဒီအရူးကြီးကို ရှာနေတာ ကြာပါပြီ၊ အမေကလည်းရှိနေတော့ သူ့ကို ကန်ပြီး ထွက်သွားလို့ မဖြစ်လို့သာ"

"ဒီအရူးကြီးဟုတ်လား၊ ဒေါက်တာဖေသိန်းမောင်ဟာ ရူးနေသလားဟင် ကိုစောနောင်"

"အလျှင်တုန်းကတော့ လောဘရူးမို့ နန်းထိုက်စံတို့ရဲ့ ပစ္စည်းတွေကို ယူခဲ့တာပေါ့၊ ဩော်. . . အဲဒီ အဖိုးတန်ရတနာတွေကို သူ့ရဲ့ စာကြည့်ခန်းထဲက ကြမ်းပြင်အောက်မှာ မြှုပ်ထားတယ်ထင်တယ်၊ အဲဒီနေရာကို သူ အမြဲဂရုစိုက်တာ ကျွန်တော် သတိထားမိတယ်"

"ထားပါတော့လေ၊ သူ တကယ်ရူးနေသလားဟင်"

"ဟိုတုန်းက လောဘရူး၊ နောက် ရမ္မက်ရူး၊ အခုတော့ ဆေးနည်းတွေနဲ့ သူရှုပ်ပြီး ခပ်ကြောင်ကြောင် ဖြစ်သွားပြီ

www.burmeseclassic.com

www.burmeseclassic.com



ယမုံ၊ သာမန်ဆရာဝန်တစ်ယောက်ဆိုရင် ဒီအလုပ်မျိုး ဘယ်လုပ်ပါ့မလဲ၊ စိတ္တဇဆရာဝန်ရူးတစ်ယောက်မို့သာ ဒီလိုမကြံစည်အပ်တာတွေ ကြံစည်နေတာပေါ့"

"ဒုက္ခပါပဲရှင်"

"အင်း... ပညာမဲ့တဲ့လူ မိုက်မဲရင် တစ်ပွဲထိုးပဲ မိုက်ပစ်တာ၊ ပညာရှိများ မိုက်မဲရင် အဖတ်ဆယ်လို့မရအောင်ကို ယုတ်မာကြတာပဲ"

"အင်း... လူကလည်း ကြောင်သွားပြီဆိုတော့ ပိုဆိုးကုန်တာပေါ့လေ"

ကိုစောနောင်ရော ကျွန်မပါ လွတ်မြောက်ဖို့လမ်းစကို အားကိုးတကြီး ရှာဖွေမိကြသည်။ ဘာကိုမှ အားကိုးစရာမတွေ့။

"ဟော... ဟိုးအရှေ့ဘက် မိုးကောင်းကင်မှာ အနီရောင်သမ်းလာပြီ၊ မိုးလင်းတော့မယ် ကိုစောနောင်"

ကျွန်မအားတက်သော်လည်း သူက စိတ်ဓာတ်ကျစွာဖြင့် ငိုင်နေရှာသည်။

"ကျွန်တော်လည်း နှစ်ပေါင်းများစွာ သူ့တပည့်ခံလာခဲ့တော့ ထွက်ဖို့ခက်နေတာ၊ အဖြစ်မှန်ကိုလည်း ကျွန်တော် မသိဘူးလေ၊ မနန်းထိုက်စံတို့ မိသားစု ဒီအိမ်ကြီးက လွင့်စင်သွားပြီးတဲ့နောက်မှာတော့ သူ ဘယ်သူ့ကိုမှ ဒုက္ခမပေးတော့ပါဘူး"

"မဟုတ်သေးဘူး ကိုစောနောင်"

"ဟင်"



"ဘဘကြီး ဦးကောင်းစံဟာ မျက်လုံးကြီးယောင်၊ နှုတ်ခမ်းကြီး ထူအမ်းပြီး လေဖြတ်သလို မလှုပ်နိုင်မရှားနိုင်ဖြစ်နေတာ ဟာ..."

"ဟာ... ဟုတ်ပြီပေါ့၊ ကြည့်စမ်း၊ ကျွန်တော် မတွေးမိခဲ့ဘူးဗျာ၊ ဟိုတုန်းက သူကုပေးဖူးသေးတာပဲ"

"သူ့မှာ ဒီလိုရောဂါမျိုး ဖြစ်စေတဲ့ ဆေးနည်းတွေရှိသလားဟင်"

"ရှိတယ်... ရှိတယ်၊ သူဖော်စပ်ပြီး မျောက်တွေကို ထိုးလိုက်ရင် မျောက်တွေဟာ အဲဒီလိုကြီး ဖြစ်လာပြီး မအော်နိုင် မလှုပ်နိုင်ရှာတော့ဘူး"

"ဒီလုပ်ငန်းကို ကိုစောနောင်က ဘာလို့ကူညီလုပ်ပေးနေရတာလဲရှင်"

"လူတွေကို ဒုက္ခပေးဖို့လို့ ကျွန်တော်မသိခဲ့တာ အမှန်ပါ"

"ဩော်"

"ပြီးတော့ ဒီနှစ်ဆောင်ပြိုင်အိမ်ကြီးကို သူသိပ်သဘောကျတယ်၊ သူ့ရဲ့ သုတေသနလုပ်ငန်းအတွက် အကောင်းဆုံးနေရာပဲလေ"

"အင်းပေါ့"

"ဒါကြောင့် တကယ်လို့ နန်းထိုက်စံတို့သားအမိ သေဆုံးသွားတောင် ဦးစိုးစံရဲ့ ဒုတိယဇနီးနဲ့သားတို့ ပိုင်ဆိုင်ကြမယ့် အိမ်ကြီးကို သူအပိုင်စီးဖို့ ဒေါ်နန်းမူကို သူ လက်ထပ်ယူထားတာပေါ့"

"ဒါတွေအားလုံး ယမုံတွေးမိပြီးပါပြီ ကိုစောနောင်"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့ စကားထပ်၍ မပြောဖြစ်ကြတော့ပါ။ ရင်ထဲမှာ ကျပ်သိပ်မွန်းပိတ်စွာဖြင့် ဟိုဘက်ခန်းကိုလှမ်း၍ ကြည့်နေမိကြပါသည်။

သူသည် ဖန်ပြွန်ထဲမှ အရေများကို ဟိုဘက်ပေါင်း ဒီဘက်ထည့်လုပ်၊ ဗီရိုတံခါးများကိုဖွင့်၊ ပစ္စည်းများယူနှင့် အလုပ်များ အကြီးအကျယ်ရှုပ်နေ၏။

သူ့နှာခေါင်းနှင့် ပါးစပ်ကိုဖြင့် ခွဲခန်းဝတ်စုံလို ပိတ်စည်းထားလေသည်။

"မလွယ်တော့ဘူး ယမုံရေ၊ သူ အက်စစ်တွေ ထုတ်လုပ်နေပြီ"

"ယမုံသေရမှာ မကြောက်ပါဘူး ကိုစောနောင်၊ ဒါပေမယ့် ယမုံ မသေခင် သူ့ကိုသတ်ပြီးမှ သေချင်တယ်ရှင်"

ကိုစောနောင်က ဘာစကားမှ မတုံ့ပြန်ဘဲ ကျွန်မတို့ စူးစိုက်နက်ရှိုင်းစွာသာ ငေးကြည့်နေတော့သည်။

"နန်းထိုက်စံတို့အဖြစ်က ရင်နာစရာပါဗျာ၊ ဒီလောက် အထိနာခဲ့တဲ့ မိသားစုအနေနဲ့ နန်းထိုက်စံရဲ့ ကြိုးစားအားထုတ်မှုဟာ အောင်မြင်သင့်ပါတယ်၊ အောင်မြင်စေချင်ပါတယ်"

သူ၏လှိုက်လှဲသော စေတနာဆန္ဒများကို သူ၏မျက်ဝန်း တစ်ဆင့် မြင်နေရပေသည်။

"ကဲ... ဒီမှာဟေ့ နှစ်ကောင်"

မှန်ပေါက်ကြားမှ လှမ်းအော်ရင်း သူက နှာခေါင်းစည်း အဝတ်စကို ဖြုတ်ချလိုက်သည်။ လည်ပင်းမှ အဖြူရောင် တွဲလွဲကျလျက်...



"ဒီမှာဆရာ"

ကိုစောနောင်က မှန်ပေါက်နားသို့ ပြေးသွားပြီး...

"ကျွန်တော်ဟာ ဆရာ့ရဲ့ သစ္စာခံတပည့်ပါ၊ ဒီယမုံဆိုတဲ့ မိန်းမနဲ့လည်း ဘယ်တုန်းကမှ သိခဲ့တာမဟုတ်ဘူး၊ ထူးထူး အကျိုးဝယ်ခိုင်းမှသိရတာ"

"အဲဒီတော့ ဘာဖြစ်လဲ"

"သူနဲ့ကျွန်တော့်ကို ရန်သူလို တစ်တန်းတစ်စားတည်း ထားဖို့တော့ မကောင်းပါဘူးဆရာ၊ သူ လက်ဆွဲပြေးလို့ ကျွန်တော် လိုက်ခဲ့ရတာ၊ ဒီကိစ္စမှာ ကျွန်တော်နဲ့ ဘာမှမဆိုင်ပါဘူး"

"မင်းကို ငါမယုံဘူး"

"ဆရာမယုံချင်နေပါ၊ ကျွန်တော်ကတော့ ဆရာ့ပေါ်မှာ ဘယ်တုန်းကမှ သစ္စာမဖောက်ခဲ့ပါဘူးဆရာ၊ အခုကိစ္စမှာ ဆရာနဲ့ကျွန်တော် ပေါင်းသင့်ပါတယ်၊ ဆရာတစ်ယောက်တည်း ဆိုရင် လှေသမားကအစ ဘယ်လိုဆက်ဆံမလဲ"

"ငါအစီအစဉ်ပြောင်းလိုက်ပြီ၊ မင်းတို့ကို အသားတွေ ခြွေခဲ့ပြီး အရိုးချည်းပဲ မိုင်းမောအင်းထဲ ပစ်ချလိုက်တော့မယ်"

"ဟာ... ဆရာ"

ကိုစောနောင်က တုန်လှုပ်သွားပုံရသည်။ ကျွန်မက သူ့အစီအစဉ်ကို သဘောမပေါက်သေးပါ။

"ဆရာ ရက်စက်ပေမယ့် ကျွန်တော်က ဆရာ့ကို စိတ်မချဘူး"

"ဘာ"

www.burmeseclassic.com

www.burmeseclassic.com



"မိုးကလည်း လင်းတော့မယ်၊ ဆရာတစ်ယောက်တည်း ဆောင်ရွက်ရင် ပေါ်ကုန်လိမ့်မယ်"

သူ တွေဝေသွားသည်။

ကိုစောနောင်၏မျက်နှာက ထူးခြားဆန်းကြယ်လွန်းနေသည်။

ကျွန်မအတွက် ပြောနေခြင်းလား၊ သူလွတ်မြောက်ဖို့အတွက် ကြိုးစားနေခြင်းလား ကျွန်မ မဝေခွဲနိုင်ပါ။

"စောနောင်"

"ဟုတ်ကဲ့ပါဆရာ"

"မင်းငါ့ကို တကယ်သစ္စာမဖောက်ဘူးနော်"

"ကျွန်တော် သစ္စာဖောက်ရက်ပါ့မလားဆရာရယ်၊ ကျွန်တော် သေသွားရင်တောင် ဆရာတစ်ယောက်တည်း ဘယ်သူ့ကို အကူအညီတောင်းမလဲလို့ စိတ်ပူနေတာပါ"

"ဒီကောင်မလေးအတွက်ရော"

"ဒါတော့ သူ့ထိုက်နဲ့သူ့ကံပဲဆရာ"

"တကယ်လား စောနောင်"

"ရှင်းရှင်းပဲပြောမယ်ဆရာ၊ ကျွန်တော့်အသက်ထက်တော့ သူ့ကိုပိုပြီး မချစ်နိုင်ဘူး"

"ဟုတ်တယ်၊ မင်းနဲ့ နန်းထိုက်စံက သမီးရည်းစားလည်း မဟုတ်ဘူး၊ ငါ့ကို နန်းလုပြောတယ်"

ဒေါက်တာ ဦးဖေသိန်းမောင်သည် သူ့ခါးကြား[illegible] သော့တွဲကိုယူ၍ သော့တစ်ချောင်းနှင့် လှည့်ဖွင့်ပြီးမှ တံခါး[illegible] ခလုတ်နှိပ်၍ ဖွင့်လိုက်သည်။



မှန်တံခါးများ တရွေ့ရွေ့ ပွင့်သွားချိန်မှာ. . .

"စောနောင် မင်းလည်း လက်မြှောက်ပြီးဝင်ခဲ့၊ နန်းထိုက်စံ လက်မြှောက်ထားလေ"

ကိုစောနောင်က လက်မြှောက်ပြီး နာခံစွာ ဝင်သွားသည်။ ကျွန်မက သူ့နောက်မှ လိုက်ခဲ့ရပါ၏။

"ဆရာ့အကြံ ကောင်းတယ်ဆရာ၊ အသားမပါတော့ သယ်ပိုးရတာလွယ်တာပေါ့၊ ရေထဲချလိုက်ရင်လည်း အရိုးစု ဆိုတော့ ဘယ်ပြန်ပေါ်တော့မလဲ"

"အေး. . . အက်စစ်တွေ ဆူလာပါပြီ"

ဖန်ပြွန်အကြီးကြီးထဲမှာ အငွေ့တွေ လိပ်တက်ပြီး ရေကြည်များ ပွက်ပွက်ဆူနေ၏။

ကျွန်မ သဘောပေါက်ပါပြီ။

ပြင်းထန်သော အက်စစ်များနှင့် ကျွန်မကိုယ်ပေါ်ကို လောင်းချပြီး အသားဆိုင်းများအားလုံးကို စားပစ်ပေမည်၊ ကျန်သော အရိုးစုကို လှေပေါ်တင်ကာ မိုင်းမောအင်းလယ်မှာ ဝစ်ချခြင်းဖြင့် ကျွန်မ၏အသက်ဝိညာဉ် ကြွေရုံမက အရိုးက တခြား အသားကတခြား ဖြစ်စေမည့် ကြောက်ခမန်းလိလိ ရက်စက်မှုကြီး. . .

"ကိုစောနောင်ရယ်"

သူ့ကိုခေါ်ပြီး ကျွန်မ ဆွေးမြည့်နာကြည်းစွာ ကြည့်[illegible] ချိန်မှာ သူက ကျွန်မကို လုံးဝပြန်မကြည့်ဘဲ [illegible] ပြန်လှည့်[illegible] သွားလိုက်သည်။

"ကဲ. . . ဆရာ၊ အက်စစ်ငွေ့တွေထွက်[illegible]ာည်း။ [illegible]လည်း စီးဆင်းလာတော့မယ်၊ ကျွန်တော်တို့[illegible]လည်း အပိတ်. .

www.burmeseclassic.com

www.burmeseclassic.com



"အေး. . . မင်းကိုလည်း ဖါမသတ်ထိုက်ပါဘူးကွာ နန်းထိုက်စံတော့ ဘုရားတရားသာ အောက်မေ့ပြီး မချိမဆ့ သေပေတော့ပေါ့"

သူက စောစောက တံခါးခလုတ်နီနီဖုလေးကို နှိပ်လိုက် သည်။

တံခါးသည် တရွေ့ရွေ့ စတင်ပြန်ပိတ်နေပြီ၊ ဒေါက်တာ ဖေသိန်းမောင်က မောင်းတင်ထားသော သေနတ်ကို အသင့် ချိန်ရင်း. . .

"ကဲ. . . မင်းရှေ့ကထွက်စမ်း စောနောင်"

သူတို့ တရွေ့ရွေ့ ထွက်ခွာသွားကြပြီ။

ကျွန်မမှာ အခန်းကျဉ်းလေး၏ အလယ်၌ ကြက်သေ သေပြီး ရပ်နေစဉ် စူးစူးဝါးဝါးအနံ့ဆိုးများကို စတင်ရှူရှိုက် ရလေပြီ။

ဤအနံ့ကြောင့် ကျွန်မ မေ့လဲကျသွားမည်။

သည့်နောက်မှာ ကျွန်မကိုယ်ပေါ်သို့ အက်စစ်ရည်များ စီးကျကာ ကျွန်မ၏ ကိုယ်ခန္ဓာမှ အသားဆိုင်များ တစ်စ ကြွေကျမည်။

ကြောက်ရွံ့ခြင်းနှင့် နာကြည်းစက်ဆုပ်ခံပြင်းစွာ တစ်ခ မဟုတ်ဘဲ့မှာ ခံစားရင်း ဘာလုပ်ရမှန်းမသိဘဲ ထွက်သွားကြ

"ဒေါ် သူတို့နှစ်ဦးကို ချောက်ချားစွာ ကြည့်နေဆဲမှာပင်. . . သော့တွဲကိုယူ၍ နှိပ်လိုက်သည့် ကိုစောနောင်. . . ခလုတ်နှိပ်၍ ဖွင့်၊



ဆိုသော အသံနှစ်ခုက ဆင့်ဆက်ထွက်လာသည်။ ရုတ် တရက် နောက်သို့ ဆတ်ခနဲ လှည့်လိုက်ပြီး ဒေါက်တာဖေသိန်း မောင် ၏ လက်ကို ရိုက်ချလိုက်သဖြင့် သေနတ်က လွင့်ကျသွား သလို ဒေါက်တာဖေသိန်းမောင်လည်း ဝုန်းဆို ကြမ်းပြင်ကြီး ပေါ်၌ မှောက်လျက်လဲကျသွားသည်။

ဒေါက်တာဖေသိန်းမောင်က သေနတ်ကို လှမ်းကောက် စဉ် ခြေထောက်ကို ကိုစောနောင်က ဆွဲထားသဖြင့် မမီတမီ ဖြစ်နေဆဲ. . .

အော်တော်မစ်တစ် မှန်တံခါးက တရွေ့ရွေ့ ပိတ်တော့ မည်မို့ ကိုစောနောင်က သူ့ကိုယ်နှင့် ခံထားပြီး. . .

"ပြေး. . . ပြေး"

"နန်းထိုက်စံ ပြေးလေ"

သူ ကြုံးအော်မှ ကျွန်မ သတိရပြီး ကြမ်းပြင်ပေါ်မှာ လဲနေ ကြသော သူတို့နှစ်ဦးအပေါ်မှ ကျော်ပြီး ကျွန်မအခန်းအပြင်သို့ ခုန်ထွက်လိုက်သည်။

ကျွန်မထွက်နိုင်ရန် တံခါးကို ကိုယ်နှင့် ကန့်လန့်ခံပေး လိုက်ရသဖြင့် ကိုစောနောင်မှာ လက်တစ်လှမ်းစာ နောက်ကျ သွားခဲ့ရလေပြီ။

ကိုစောနောင်က ကြုံးအထ. . .

ဒေါက်တာ ဖေသိန်းမောင်က သေနတ်ကို ပြန်လည် ကောက်ယူမိချိန်နှင့် တစ်ထပ်တည်း တစ်ချိန်တည်း။

"ဒိုင်း"

သေနတ်ကျည်လည်းအထွက် မှန်တံခါးလည်း အပိတ်. .

www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ကိုစောနောင်"

ကျွန်မရှေ့မှာ လဲကျသွားသော ကိုစောနောင်ကို ပွေ့လိုက်ချိန်မှာ ရင်ဘတ်ကို လက်နှင့်ဖိလျက်. . .

ထိုလက်အောက်မှ သွေးကွက်သွေးအိုင်ကြီးက တဖြည်းဖြည်း ပြန့်ကျယ်လာသည်။

"ဟိုမှာ. . . ဟိုမှာကြည့် နန်းထိုက်စံ"

သူပြရာသို့ လှမ်းကြည့်လိုက်ချိန်မှာ အခန်းထဲမှာ မီးလို အငွေ့များ ဝဲပျံ့နေသည့်ကြားမှာ သွေးရူးသွေးတန်း တံခါးဖွင့်ရန် ကြိုးစားနေသော ဒေါက်တာဖေသိန်းမောင်. . .

ခလုတ်နှိပ်ဖို့ သူ သတိမရ။

လက်နှင့် အတင်းတွန်းနေသော်လည်း တံခါးက မလာ။

"ဟာ. . . မီးတွေ. . . မီးတွေလောင်နေပြီ"

သူစီစဉ်သလို အက်စစ်ရည်များက ပျော်ကျမလား ဘယ်လိုဓာတ်ငွေ့တွေနှင့် ပေါင်းစပ်ကုန်သည်မသိ၊ မီးများ ဟုန်းဟုန်းတောက်လောင်ပြီး ချက်ချင်းလိုပင် ဒေါက်တာ ဖေသိန်းမောင်၏ ကိုယ်မှာ ကူးစက်ပြီး သူ့ကို လောင်ကျွမ်း စေခဲ့ပြီ။

သေမတတ် ကြောက်ရွံ့နေသော သူ့မျက်နှာကြီး မမြင်ဝံ့စရာ။

သူ့ကိုယ်ပေါ်မှာ မီးတွေလောင်ရင်း သူ တအားပတ်ချာ နေရာမှ စက္ကန့်ပိုင်းအတွင်းမှာ ဝုန်းခနဲ သူလဲကျသွားတော့သည်။

"ကျော. . . ကျောနပ်တော့နော် နန်းထိုက်စံ"



"အို. . . ကိုစောနောင်"

သွေးများ သူ့ရင်တစ်ပြင်လုံး မြင်မကောင်း၊ တဟွတ်ဟွတ် ချောင်းဆိုးလာပြီး သူညည်းညူလိုက်သည်။

"ကိုစောနောင်ရယ်. . ."

ကျွန်မလက်ပါ သူ့ရင်ဘတ်ကို ဝိုင်းပိတ်ပေးလိုက်မိရာ နွေးစေးထန်းသော သွေးများက ဒလဟော သွန်ကျလာတော့သည်။

သူ တစ်ချက် ဆတ်ခနဲ တွန့်သွားပြီး ကျွန်မ၏ရင်ခွင်ဆက်သို့ ငိုက်ကျကာ ငြိမ်သက်သွားသဖြင့်. . .

"အမယ်လေး. . . ကိုစောနောင်. . . ကိုစောနောင်"

"ကိုစောနောင်ရယ်"

စိတ်လှုပ်ရှားချောက်ချားခဲ့ရသမျှထဲမှာ ယခုအချိန်သည် အချောက်ချားမိဆုံးဟု ကိုယ့်ဘာသာ သိလိုက်သည်။

"ကိုစောနောင်"

"မသေရဘူး၊ ကိုစောနောင် မသေရဘူး"

"အသေခံပြီး မကူညီပါနဲ့"

"မသေပါစေနဲ့၊ ကိုစောနောင် မသေပါစေနဲ့"

"ကိုစောနောင်"

သူ့ကို ပွေ့ပိုက်လှုပ်ခါရင်း ကျွန်မ တအားကြုံးအော်လိုက်ချိန်မှာ ဟိုဘက်ဓာတ်ခွဲခန်းတစ်ခုလုံးလည်း မီးဟုန်းဟုန်း တောက်နေချေပြီ။

ကျွန်မ ကြောက်လန့်စိုးရိမ်ပူပန်လွန်းစွာဖြင့် ကိုစောနောင်ကို တအားဖက်ပြီး ကြုံးအော်၍ ငိုနေချိန်မှာ. . .

www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်း. . . ဒိုင်း. . . ဒိုင်း"

"ဝုန်း. . . ဝုန်း"

ဆိုသော အပြင်မှ ထုသံများကြောင့် လှည့်ကြည့်မိရာ ထူးထူးမျက်နှာ။

ကျွန်မ လက်ခါပြလိုက်သည်။

အထဲမှ ဖွင့်မရ၊ ရိုက်ချိုးဝင်ခဲ့ပါဟု လက်ဖြင့်ပြပြီးသည်နှင့် ဝုန်း. . . ဒိုင်းသံများ ကြားရပြီး ချက်ချင်းလိုပင် ရှေ့ဆုံးမှ ရောက်လာသူက. . .

"ဒေါက်တာမြတ်စိုးစံ"

"အမယ်လေး. . . ကိုမြတ်စိုးစံ"

"ကယ်ပါဦး၊ ကိုစောနောင်ကို ကယ်ကြပါဦးရှင်"

"လာ. . . လာ၊ အပြင် အမြန်ဆုံးထွက်မှ၊ အနံ့တွေ သိပ်ဆိုးလာပြီ"

လူ့ခန္ဓာကိုယ်အဆီ မီးလောင်နံ့နှင့် အက်စစ်နံ့တို့ ရောယှက်လျက် သည်ဘက်ခန်းသို့တိုင် ပျံ့နှံ့လာခဲ့ပြီ။

ထူးထူး၊ ဒေါက်တာမြတ်စိုးစံနှင့် ကျွန်မတို့ ကိုစောနောင်ကို ပွေ့ချီမ၍ အခန်းများစွာကို ဖြတ်ကျော်ပြီးမှ အနံ့အသက် ကင်းဝေးရာ အိမ်၏ပြင်ပသို့ ရောက်လာခဲ့သည်။

ဒေါက်တာမြတ်စိုးစံက နားကျပ်မပါ၊ လည်ပင်း သွေးကြောကိုစမ်း၊ လက်သွေးကြောကိုစမ်း၊ မျက်လုံးကို ဖွင့်ကြည့်ပြီး သွေးများပေလိမ်းနေရာ သူ့နှလုံးသားရင်ပြင်ကို သူ့နားနှင့်ကပ်၍ နားထောင်၏။

သူ့လှုပ်ရှားမှုများက မြန်ဆန်လွန်းလှသော်လည်း ရင်ဘတ်ပေါ်မှ သူ ခေါင်းပြန်ကြွလာပုံက နှေးကွေးလွန်းလှစွာဖြင့်. . .



"သူ အသက်မရှိတော့ဘူး"

"ဟာ. . . အမယ်လေးရှင်"

ကျွန်မ ကိုစောနောင်ကို အတင်း ပြန်ဖက်ထားလိုက်မိသည်။

"အသက်စွန့်ပြီး ကယ်ပေးသွားတဲ့ ကိုစောနောင်ရယ်"

"ကျေနပ်တော့နော် နန်းထိုက်စံတဲ့"

လူယုတ်မာသေတာ ကျေနပ်ပေမယ့် ကိုစောနောင် သေတာ မကျေနပ်ဘူး၊ မကျေနပ်နိုင်ဘူး။

"ဖြစ်မှဖြစ်ရလေ ကိုစောနောင်ရယ်"

"ဖြစ်မှဖြစ်ရလေရှင်"

ဤဆုံးရှုံးမှုအတွက် ကြေကွဲရင်နင့်လွန်းစွာ ကျွန်မ လှိုက်လှိုက်လှဲလှဲကြီး အော်၍ ငိုပစ်လိုက်ပါတော့သည်။

ကျွန်မ၏အဖြစ်ကို ဘာမှ နားမလည်နိုင်ကြသေးသော ဒေါက်တာမြတ်စိုးစံနှင့် ထူးထူးတို့မှာ အတိုင်းမသိသော အံ့ဩခြင်းများဖြင့် မလှုပ်မယှက် ရပ်ကြည့်နေကြ၍. . .

"လုပ်ကြပါဦး၊ မီးသတ်ကြပါဦး"

"ကျွန်မအိမ်ကြီးကို မီးကူးတော့မယ်"

"မီးသတ်ပေးကြပါ"

ကျွန်မအော်တော့မှ သူတို့ ရေပိုက်များဆက်၊ ရေပုံးများနှင့်ပက်ပြီး အားလုံး ဝိုင်းသတ်လိုက်ကြသည်။

ဓာတ်ခွဲခန်းမှာ မှန်နှင့်အုတ် အင်္ဂတေတို့ဖြင့်သာ ဖွဲ့စည်းထား၍ မီးက ထိုအခန်းကိုသာလောင်ပြီး ငြိမ်းသွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်လုံး မည်းတူးကာ မီးလောင်ကျွမ်းသောအပူကြီးဖြင့် မချိမဆံ့ သေဆုံးသွားလေသော ဒေါက်တာဖေသိန်းမောင်၏ အလောင်းကို ဘယ်သူမှ မကောက်ရဲကြသေး။

ဒေါ်နန်းမူက ဟိုပြေးသည်ပြေးဖြင့် ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်နေချိန်မှာ. . .

ဒေါ်နန်းလုသည် သွေးအိုင်ထဲမှ သူ့၏ ချစ်လှစွာသောသားလေးကိုစောနောင်၏ အလောင်းကိုကြည့်ကာ ရင်ကွဲပက်လက် ငိုကျွေးနေရှာသည်။

ထူးထူး ဖုန်းဆက်သဖြင့် ရဲနှင့် မီးသတ်ကားများ၊ အရပ်လူကြီးများအားလုံး ရောက်ရှိလာကြတော့သည်။

အလောင်းများကို ဆေးရုံမှလာသော ကားပေါ်တင်ပြီးချိန်မှာ သက်ဆိုင်ရာက ကျွန်မကို စတင်စစ်ဆေးပါတော့သည်။

ဒေါက်တာမြတ်စိုးစံမှာ ကျွန်မ၏ပခုံးကို ဖေးမကိုင်တွယ်ထားရင်း ကျွန်မ ဘာတွေဖြစ်ပျက်ခဲ့သည်ဆိုခြင်းများကို သူအလွန်အမင်း သိချင်နေပါသော်လည်း ဘာတစ်ခွန်းမှမမေးရှာ. . .

"ကဲ. . . စတင်ဖြစ်ပျက်ပုံကို ပြောပါဦး"

သက်ဆိုင်ရာမှ လူတစ်ယောက်က စာအုပ်နှင့် ဘောလ်ပဲန်ကိုကိုင်ကာ ကျွန်မကို စတင်မေးမြန်းပါတော့သည်။

"ဦးတို့ရယ်. . .

ညက ကြုံတွေ့ခဲ့ရတဲ့ အဖြစ်အပျက်ကြောင့် ကျွန်မ သွေးမပျက်ရုံတစ်မည်ပဲ ကျန်ပါတော့တယ်"

"ပြီးတော့ ကိုစောနောင် သေဆုံးသွားရရှာတဲ့အတွက်လည်း ကျွန်မ ရင်ကွဲမတတ် ခံစားနေရပါတယ်. . .



"ဒါကြောင့် လောလောဆယ် ကျွန်မအားလုံးကို မပြောပါရစေနဲ့ဦးရှင်၊ ဒါပေမယ့် ကျွန်မတစ်ခုတော့ ကြိုပြောထားနိုင်တာရှိပါတယ်"

"ဟုတ်ပါတယ် ခင်ဗျာ၊ သူ သိပ်တုန်လှုပ်ချောက်ချားနေတယ်ဆိုတာ ကျွန်တော် ဆရာဝန်မို့ သိပါတယ်၊ ဒါကြောင့် သူပြောနိုင်သလောက်သာ ပြောခွင့်ပြုပါလို့ ကျွန်တော်ကြားကတောင်းပန်ပါတယ် ရဲမှူးခင်ဗျာ"

"ရပါတယ်၊ ကလေးမ ပြောနိုင်သလောက်သာ ပြောပါ၊ ဦးတို့ ဖြည်းဖြည်းချင်း မေးယူပါ့မယ်"

"ဟုတ်ကဲ့၊ ကျွန်မတစ်ခုပဲ ပြောပါရစေ"

"ပြောပါ"

"ကျွန်မဟာ အဲဒီနှစ်ဆောင်ပြိုင်အိမ်ကြီးရဲ့ ပိုင်ရှင် သူဌေးဦးစိုးစံနဲ့ ဒေါ်ခမ်းမုံတို့ရဲ့သမီး နန်းထိုက်စံပါပဲရှင်"

"ဟာ"

"အို"

"ဟင်. . . နန်းထိုက်စံမသေဘူး"

"နန်းထိုက်စံ ပြန်ရောက်လာတယ်"

အားလုံး၏ အလန့်တကြား တအံ့တသြစကားသံများကို ခပ်သဲ့သဲ့သာ ကြားလိုက်ရပြီး ကျွန်မသည် နီးရာရင်ခွင် ဖြစ်သော ဒေါက်တာမြတ်စိုးစံ၏ရင်ခွင်နွေးအတွင်းသို့ နွမ်းလျစွာ မှေးကျသွားရပါတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

မိုင်းမွန်စခန်းသာ တစ်မြို့လုံးသာမက အနီးပတ်ဝန်းကျင် ကျေးရွာနှင့် မိုင်းမောအင်းထဲမှ ရွာများအထိ။

ကျွန်မ နန်းထိုက်စံ၏ အုံမခန်းသတင်းက ပျံ့နှံ့သွားတော့ သည်။

ကိုစောနောင်၏ ရုပ်ကလာပ်ကို ဂူသွင်းသင်္ဂြိုလ်သည့် နေ့က ဝက်ဝက်ကွဲအောင် စည်ကားလှသည်။

ထူးခြားဆန်းကြယ်လွန်းသော အကြောင်းအရာနှင့် ဖြစ်ရပ်ဆန်းအတွင်းမှာ ကျွန်မ နန်းထိုက်စံကို အမျိုးသမီး လူစွမ်းကောင်းကြီးအဖြစ် သတ်မှတ်ကာ လာရောက် ဝိုင်းအုံ ကြည့်ကြသော ပရိသတ်အင်အားကလည်း မနည်းလှ။

ကျွန်မ၏ဆန္ဒအရ. . .

နန်းထိုက်စံခြံအစွန်းမှ မြေဆွယ်လေးအတွင်းရှိ မိသားစု သုသာန်မှာ ကိုစောနောင်ကို မြှုပ်နှံစေခဲ့ပါသည်။

ဖခင်ကြီး ဦးစိုးစံ၏ အုတ်ဂူနှင့် မလှမ်းမကမ်းမှာ. . .

**ကိုစောနောင်**
**အသက် ၂၄ နှစ်**

ဟူသော ကမ္ပည်းစာတမ်းငယ်အောက်မှာ ကျွန်မထွင်းထု စေခဲ့သော စာတမ်းငယ်တစ်ခုကိုပါ ဖတ်ရှုနိုင်ပါသည်။



"ကောင်းရာဘုံဘဝသို့ ရောက်ပါစေ"

ဟူသော ကျွန်မ၏ ဆုတောင်းအတိုင်း ဖြစ်ပါစေ ကိုစော နောင်ရယ်ဟု. . .

သူ့ဂူကိုကိုင်၍ ဆုတောင်းမေတ္တာပို့သရင်း ကျွန်မ၏ မျက်ရည်စက်များ သူ့ဂူအသစ်ကလေးပေါ်သို့ ကြွေကျစီးဆင်း ခဲ့ပေသည်။

ကိုစောနောင်၏ အုတ်ဂူလေးကိုကိုင်ပြီး နှမြောတသ ယူကျုံးမရသောစိတ်ဖြင့် ကြေကြေကွဲကွဲ ငိုနေသော ကျွန်မ၏ အဖြစ်ကို. . .

စူးစိုက်သောအာရုံဖြင့် မမိုတ်မသုံ ကြည့်နေသူက ဒေါက်တာမြတ်စိုးစံ။

ထိုနေ့ညနေ လူသူရှင်းချိန်မှာ ဒေါက်တာမြတ်စိုးစံက. . .

"ကျွန်တော်လာတာ နောက်ကျသွားတာလဲ ပါပါ တယ်လေ၊ ဒါတောင် ရှစ်နာရီအထိ မနေဘဲ မနက် ခြောက် နာရီအထိုးခင် အရောက်လာခဲ့တာပါ"

"ဟုတ်ကဲ့၊ ကိုမြတ်စိုးစံတို့ ရောက်လာကြလို့လည်း အိမ်ကြီးကို မီးကူးမသွားတာပါ"

"ယမုံ. . . အဲလေ. . . မနန်းထိုက်စံတို့ ချစ်သူနှစ်ဦး အတွက် ကျွန်တော် တကယ်ပဲ စိတ်မကောင်းပါဘူးဗျာ"

"ယမုံတို့ ချစ်သူနှစ်ဦးအတွက် ဟုတ်လား"

ကျွန်မသည် နန်းထိုက်စံ ဖြစ်လာသော်လည်း နှစ်ကျိုး နေသော ယမုံကိုပင် ပြန်လည်သုံးစွဲနေမိသည်။ ဒေါက်တာ မြတ်စိုးစံက ကြေကွဲစွာ ကျွန်မကိုကြည့်ရင်း ခေါင်းညိတ်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုစောနောင်ဟာ ကျွန်မရဲ့ချစ်သူသာဆိုရင် ကျွန်မ ဒီလောက် ယူကျုံးမရဖြစ်မှာ မဟုတ်ပါဘူး ကိုမြတ်စိုးစံ"

"ဗျာ"

"ချစ်သူအတွက်ဆို အသက်စွန့်ဝံ့တယ်လို့ ပြောကြတယ်၊ စွန့်သွားကြတဲ့ လူတွေလည်း ရှိဖူးတယ်၊ ဒါဆိုရင် မဆန်းဘူး ပေါ့ရှင်၊ အခုအဖြစ်က သူဟာ အမှန်တရားဘက်က ရပ်ပြီး သက်သက် အသက်စွန့်ပေးသွားရှာတဲ့ ယောက်ျားမြတ်"

"အို"

"သူ ကိုယ်လွတ်ရုန်းထွက်သွားရင် လွတ်နေပါပြီ၊ ယမုံနဲ့ သူဟာ သာမန်မိတ်ဆွေအဆင့်ပဲ ရှိကြပါသေးတယ်၊ ဒါပေမယ့် ယမုံ့ကို သက်သက် အသက်စွန့်ပြီး ကယ်ပေးသွားရှာတဲ့ ကိုစောနောင်ကို ယမုံ့ရဲ့ အသက်နဲ့အမျှ တမ်းတပြီး သတိရနေမိမှာပါ။ ဒါကြောင့်လည်း သူ့ဂူလေးကို မိသားစုမြေမှာ တည်ထားစေခဲ့တာပါ။ ဟိုလူယုတ်မာကြီး အလောင်းကိုတော့ ဆေးရုံကပဲ သင်္ဂြိုဟ်လိုက်ကြပြီတဲ့လေ"

"ဟုတ်ပါတယ်၊ ဒါနဲ့ ဒေါ်နန်းလုကိုလည်း နန်းထိုက်စံခြံကြီး တစ်ခုလုံး ပေးလိုက်ပြီဆို"

"အင်း. . . နှုတ်ကတိပါ။ ယမုံကိုယ်တိုင်တောင် ဒီပိုင်ဆိုင်မှုတွေ တရားဝင်ဖြစ်အောင် သက်သေအထောက်အထား ပြရဦးမှာပါ"

"ဦးဘအိုရဲ့အလောင်းကို တူးဖော်ပြီး သူ့ခေါင်းထဲက ရတဲ့ ကျည်ဆန်မျိုး ဒေါက်တာဖေသိန်းမောင်ရဲ့ အခန်းထဲက ရတယ်ဆို"



"ဒီကိစ္စတွေကို ရဲက ဆောင်ရွက်ပါလိမ့်မယ်၊ ယမုံ့အနေနဲ့ ယမုံဟာ နန်းထိုက်စံဖြစ်ကြောင်း သက်သေပြဖို့ပဲ လိုပါတယ်"

"ဘယ်လိုသက်သေတွေ ပြရမှာလဲဟင်"

"ယမုံ သုံးတန်းအထိ နေခဲ့ရတဲ့ကျောင်းက ဆရာမတွေ မေးသမျှ ဖြေပြပြီးပါပြီ၊ နောက်ပြီး ယမုံ့ကို အန္တရာယ်ကွေ့က နေပြီး ခေါ်ဆောင်သွားတဲ့ ယမုံ့ရဲ့ ကျေးဇူးရှင် မေမေလှဆိုတဲ့ 'ဒေါ်တင်လှ'ကိုလည်း ကြေးနန်းရိုက်ပြီး ခေါ်ထားပါပြီ၊ ယမုံ့ကို ကောက်ယူခေါ်ဆောင်သွားတဲ့အကြောင်း မေမေလှက သက်သေခံပါလိမ့်မယ်"

ဒေါက်တာမြတ်စိုးစံက နန်းထိုက်စံဖြစ်သွားသော ယမုံ့ကို ငေးစိုက်တွေဝေစွာ ကြည့်နေ၏။

"မေမေလှဟာ ဆင်းရဲရှာပါတယ်၊ ယမုံ့ကို ကောက်ယူ ကျွေးမွေးထားတဲ့ ကျေးဇူးရှင် ကျွေးမိခင်ကြီးလည်းဖြစ်လို့ ဒီက အန္တရာယ်အိမ်ကြီးမှာပဲ သားအမိနှစ်ယောက် အသက်ထက်ဆုံး နေကြပါတော့မယ်"

"အခုကော့ အန္တရာယ်အိမ်ကြီး မဟုတ်တော့ဘဲ မင်္ဂလာစံအိမ်ကြီး ဖြစ်သွားပါပြီဗျာ၊ အားလုံးလည်း ရှင်းကြ လင်းကြပြီးပါပြီ။ ထူးထူးကဆိုရင် သူ့အစ်မဘက်က နာရှာလွန်းလို့ အဘိုးကြီး ပစ္စည်းတွေတောင် ဘာတစ်ခုမှ အိမ်မှာ မထားရဘူးတဲ့"

"ဟုတ်ကဲ့၊ ယမုံ့ရဲ့မောင်လေးအရင်း မြတ်ထူးမောင်နဲ့ သူ့မိခင်ကိုလည်း ဒီမှာပဲ ဆက်နေစေပါ့မယ်၊ ဒေါ်နန်းမူဟာလည်း အင်မတန်မှ ရိုးသားရှာပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဒီအိမ်ကြီးပေါ်မှာ ဒေါ်တင်လှနဲ့ နန်းထိုက်စံ၊ ဟိုခြံလေးမှာ ဒေါ်နန်းလု၊ နောက်ကတိုက်မှာ ဒေါ်နန်းမူနဲ့ ထူးထူးတို့ပေါ့နော်"

"ဟုတ်ကဲ့၊ အဲဒီလို စီစဉ်ထားပါတယ်၊ ယမုံ ပိုင်ဆိုင်သမျှ ထက်ဝက်ကိုလည်း မောင်လေးထူးထူး ခံစားစေရမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ သူဟာ ဖေဖေရဲ့သား အရင်းပဲလေ"

ဖေဖေဦးစိုးစံသည် ကျွန်မကို အလွန်တရာ ချစ်မြတ်နိုးလှပါသော်လည်း ငွေကြေး ပြည့်စုံကြွယ်ဝသော ယောက်ျားတို့ထုံးစံအတိုင်း အငယ်အနှောင်းနှင့် မကင်းခဲ့သူ။

ဒီလောက်ချမ်းသာပါလျက် ထပ်မံချမ်းသာလိုစိတ်ဖြင့် မိုင်းမောအင်း လေလံဆွဲရာမှာ ငွေများစွာ ရင်းနှီးထည့်ဝင်ပြီး တံငါလုပ်ငန်းကို တိတ်တဆိတ် ဆောင်ရွက်ခဲ့လေသူပါ။

ဒီလောကမှာ ယောက်ျားတစ်ယောက် ဖြစ်လေ့ဖြစ်ထရှိသော မယားငယ်ယူခြင်းနှင့် စီးပွားကိုရသည့်နည်းဖြင့် ရှာဖွေခြင်းများကို ဆောင်ရွက်သွားခဲ့သော ဖေဖေ၏ ဆောင်ရွက်မှုသည် မိုက်မှားမှုဟု မဆိုသာနိုင်ပါချေ။

ဤကိစ္စများအတွက် အမှန်တရားဘက်က ရပ်ပေးရှာသော ကိုမောင်မောင်ညွန့်သည် ဒေါက်တာဖေသိန်းမောင်၏ အသုံးချခံသားကောင် ဖြစ်သွားရရှာသေးသည်။

အသက်နှစ်ဆယ် အတွေ့အကြုံလေးနှင့် ကိုယ့်ကိုယ်ကိုယ် ဟုတ်လှပြီဟု ထင်မှတ်ကာ ဦးမောင်မောင်ညွန့်အား လူသတ်သမားကြီးအဖြစ် ကျွန်မက အဖမ်းခိုင်းတော့မလို့။



တော်ပါသေးရဲ့၊ ကျွန်မ၏ ရင်တွင်းဆုံးဖြတ်ချက်များကို ယခုအချိန်အထိ ဘယ်သူမှ မသိလိုက်ကြပါ။

"မေမေရေ"

"မမနန်းထိုက်စံ"

"ဟယ်. . . မောင်လေး ထူးထူး ဘာများလဲဟင်၊ အရေးတကြီး ပြေးလာလိုက်တာ"

"အဘိုးကြီး အခန်းထဲကို မမရှာကြည့်ခိုင်းထားတာလေ"

"အေး"

"အဲဒါ တွေ့ပြီဗျ"

"ဟင်"

"အုတ်လိုဏ်ခေါင်းလေးလုပ်ပြီး မီးခံသေတ္တာတစ်လုံး မြှုပ်ထားတယ်၊ သိလား၊ ကြမ်းပြင်ကို ခွာကြည့်လို့ တွေ့ရတာ"

"အထဲမှာ ဘာတွေရှိလဲဟင်"

"မသိဘူး၊ သော့ကြီးပိတ်ထားတယ်လေ၊ အမေက ပြောတယ်၊ ဒါ တို့နဲ့မဆိုင်ဘူး၊ နန်းထိုက်စံတို့ရဲ့ ပစ္စည်းတွေပဲ ဖြစ်မှာ၊ သူကိုယ်တိုင်လာပြီး ဖွင့်ပါစေ. . . တဲ့"

"ရိုးသားလိုက်တဲ့ ဒေါ်နန်းမူ"

"ဒီလိုမိထွေးမျိုးနှင့် ကိုယ့်မောင်အရင်းလေး ထူးထူးတို့နှင့် ကျွန်မ အသက်ထက်ဆုံး ခွဲခွာရန် အကြောင်းမရှိပါ။

ကျွန်မတို့ ထူးထူးတို့ တိုက်ကလေးရှိရာသို့ လျှောက်လာကြရင်း. . .

"မောင်လေးထူးထူး"

"ဗျာ. . . မမ"

www.burmeseclassic.com

www.burmeseclassic.com



"တို့မောင်နှမမှာ တာဝန်တစ်ခုရှိသေးတယ်"

"ဘာလဲ မမ၊ ထူးထူးတော့ မမကို မမတော်ရတာ အရမ်းပျော်နေတယ်ဗျာ၊ မမ ဘာခိုင်းခိုင်း ထူးထူးလုပ်မယ်၊ ပြော. . . ဘာတာဝန်ရှိသေးတာလဲ"

"ဘဘဦးကောင်းစံနဲ့ ကြီးကြီး ဒေါ်တသက်စံကို ပြုစုစောင့်ရှောက်ဖို့"

"ဟုတ်ကဲ့"

"ပြီးတော့ ဆင်းရဲနေရှာတဲ့ တို့ရဲ့မောင်နှမတစ်ဝမ်းကွဲ ကောင်းမြတ်သူကိုလည်း ကြည့်ရှုထောက်ပံ့ရမယ်လေ"

ကျွန်မတို့ အိမ်ထဲသို့ ရောက်လာခဲ့ကြသည်။ စာအုပ်စာတမ်းများမှအစ ဟိုလူကြီး၏ ပစ္စည်းများ ဘာတစ်ခုမျှမရှိတော့ပါ။

"လာပါ နန်းထိုက်စံ၊ ဒါဟာ သူဝှက်ထားတဲ့ နန်းထိုက်စံတို့ရဲ့ စိန်ရွှေရတနာတွေ ထည့်ထားတဲ့ သေတ္တာပဲဖြစ်ရမယ်"

အမြင့်နှစ်ပေ၊ အလျားတစ်ပေခွဲခန့်ရှိသော ထုထည်ခိုင်မာလှသည့် မီးခံသေတ္တာတစ်လုံး၊ သင်္ကေတနှင့် ဖွင့်မှရသည့် သော့နှင့် သေတ္တာ။

"မောင်လေးထူးထူး"

"ဗျာ. . . မမ"

"နဂိုအတိုင်းပဲ ပြန်ပိတ်ထားလိုက်ပါဦးကွယ်၊ ဖွင့်စရာ သော့လည်း မရှိဘူး၊ ကြည့်ချင်စိတ်လည်း မရှိသေးပါဘူး ဖြည်းဖြည်းမှပဲ ဖွင့်ကြတာပေါ့၊ ကြမ်းခင်းတွေ ပြန်ပိတ်ထားလိုက် ဦး မောင်လေး"



"ဟုတ်ကဲ့မမ"

မြတ်ထူးမောင်မှာ သူမုန်းသောပထွေးကြီးလည်း သေဆုံးကာ သူချစ်သော အစ်မနှင့်လည်း အတူနေရမည်ဆို၍ ဖျတ်လတ်တက်ကြွစွာ ပျော်မြူးနေရှာသည်။

"နန်းထိုက်စံ"

"ပြောပါ. . . ကိုမြတ်စိုးစံ"

သူက ငြိမ်တွေစွာ ကြည့်နေဆဲ တစ်စုံတစ်ခုကိုပြောရန် ချင့်ချိန်နေဟန်. . .

ကျွန်မက. . .

"ကျွန်မဟာ နန်းထိုက်စံဘဝ ပြန်ရောက်သွားပြီဖြစ်ပေမယ့် ယမုံဆိုတဲ့ဘဝလေးကို မမေ့နိုင်သလို နှုတ်ကျိုးနေတဲ့ ယမုံကိုပဲ ဆက်ပြီး သုံးရတော့မှာပဲ၊ ကဲ. . . ကိုမြတ်စိုးစံ၊ ယမုံ့ကို ဘာပြောမလို့လဲဟင်. . ."

ဒေါက်တာမြတ်စိုးစံသည် ကျွန်မကို စုံမက်မြတ်နိုးသူ၊ ချစ်ခွင့်စကားကို ပြောကြားတော့မည့်သူဖြစ်ကြောင်း ဤပြဿနာကြီး မဖြစ်မီကပင် ကျွန်မ သိရှိရိပ်မိခဲ့ပါ၏။

ယခုတော့ ကျွန်မက သိန်းပေါင်းများစွာ ချမ်းသာသော သူဌေးမလေး တစ်မုဟုတ်ချင်း ဖြစ်သွားသဖြင့် ငွေမက်သော အချစ်ဖြစ်မည်စိုး၍ သူပြောဆိုရန် နှုတ်နှေးနေခြင်းဖြစ်မည်ဟု ကျွန်မထင်သည်။

ကျွန်မအနေနှင့် သွေးပျက်မတတ် ရင်ဆိုင်လှုပ်ရှားခဲ့ရသော ကာလများကို ဖြတ်သန်းနေရချိန်မှုသာ နှလုံးသားရေးရာကို ဘာမှ စိတ်မဝင်စားနိုင်ခဲ့။ ဘာမှ မစဉ်းစားနိုင်ခဲ့ခြင်းပါ။

www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားပြီ ဆုံးဖြတ်ပြီဆိုလျှင်ဖြင့် ဒေါက်တာမြတ်စိုးစံလို ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းမှ ချမ်းသာလှသော သူဌေးသားဆရာဝန်. . .

ပြီးတော့ အနုပညာနယ်မှာ အောင်မြင်ကျော်ကြားကာ ဝင်ငွေကောင်းနေသော စာရေးဆရာတစ်ယောက်။

ကျွန်မ ဘာငြင်းစရာလိုမလဲရှင်။

သည်သို့ ကျွန်မကတွေးလျက် သူ့ကို အပြုံးများ ဖွန်းထင်းနေသော မျက်ဝန်းနှင့် ကြည့်လိုက်သော်လည်း. . .

သူက ကျွန်မထင်သည်သို့မဟုတ်ဘဲ တည်ကြည်ငြိမ်သက်သော မျက်နှာ၊ စူးစိုက်နက်ရှိုင်းသော အကြည့်များဖြင့် ကျွန်မကို ကြည့်ရင်း. . .

"သိပ်ကိုထူးဆန်းတဲ့ တိုက်ဆိုင်မှုတစ်ခုကို တွေ့လာရတယ် နန်းထိုက်စံ"

"ဟင်. . . ဘာလဲ"

"ကျွန်တော်ထင်တဲ့အတိုင်း ဖြစ်မှာပါပဲ၊ လွန်ခဲ့တဲ့ ဆယ့် တစ်နှစ်က မီးလောင်ဒဏ်ရာရခဲ့တဲ့ အဘွားကြီးတစ်ယောက် ရွှေကျွန်းသာရွာမှာရှိနေတယ်၊ သူ့အတိတ်ကို ဖုံးအုပ်ထားတဲ့ "ဒေါ်နန်းချစ်"ဆိုတဲ့ အဘွားကြီးဟာ ကျွန်တော်ထင်တယ် "ဒေါ်ခမ်းမုံ"ပဲ ဖြစ်ရမယ်လို့"

"ဟင်. . . ဘာ. . . ဘာပြောတယ် မေမေ့ကို တွေ့ခဲ့ တယ်၊ မေမေဒေါ်ခမ်းမုံကို တွေ့ခဲ့တယ် ဟုတ်လား. . . ဟုတ်လားဟင်"



"ဟုတ်လိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်၊ အခုအထိ ရွှေကျွန်းသာရွာမှာ ရှိနေဆဲပါ။ နန်းထိုက်စံသွားချင်ရင် ကျွန်တော် လိုက်ပို့ပေးပါ့မယ်"

"အမယ်လေး ကိုမြတ်စိုးစံရယ်၊ ဒီသတင်းကြားရတာ ယမ်းနှလုံးသည်းပွတ်တွေ ပြောင်းပြန်လန်ကုန်ပြီလား ထင်ရတယ်၊ လာပါ၊ လိုက်ပို့ပါ၊ ယမ့်ကို အခုချက်ချင်းပဲ လိုက်ပို့ပေးပါရှင်"

◆ ◆ ◆

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

လက်ဝဲဘက်တစ်ခြမ်းလုံး မီးလောင်ဒဏ်ရာများကြောင့် ဆံပင်များ တစ်ခြမ်းလုံးဖြူပြီး မျက်နှာတစ်ခြမ်းလုံး ညိုမည်း ရှုံ့တွနေရုံသာမက ခြေတစ်ဘက်လက်တစ်ဘက်ပါ ကောင်းစွာ မသန်စွမ်းပါလျက် ဆန်ပြာနေသော. . .

BURMESE CLASSIC .com

"ဒေါ်ခမ်းမုံ"

ကျွန်မသည် အလွန်ဝမ်းသာစရာဖြစ်ပါလျက် စိတ်တလှုပ်ရှားလွန်းပါ၍ ကြောက်ရွံ့စရာတစ်ခုကို ရင်ဆိုင်ရတော့မလိုတစ်ကိုယ်လုံး ဆတ်ဆတ်တုန်ရင်း ခြေလှမ်းနှေးနှေးဖြင့် ကပ်သွားပြီးမှ လက်ယာဘက်တခြမ်းမှ မေမေ၏ အကောင်းပကတိ မျက်နှာကို ကောင်းစွာ မှတ်မိသွား၍. . .

"မေမေ"

မေမေ ဒေါ်ခမ်းမုံ. . .

"အို. . . သမီးရဲ့ မေမေရယ်"

ကျွန်မ တအားပြေးဖက်ပြီး အော်ငိုချလိုက်ပါတော့သည် မေမေသည်လည်း တုန်ယင်လွန်းသောလက်ဖြင့်. . .

"အလိုလေး မြတ်စွာဘုရား၊ သ. . . သမီး နန်းထိုက် သ. . . သမီးလေး"



ဒေါ်ခမ်းမုံသည် ကြုံးအော်ပြီး အသံလေး တိုးတိမ်ကာ မေ့မြောတော့မလိုဖြစ်သွား၍ ဒေါက်တာမြတ်စိုးစံက ဖေးထားလိုက်ရပါသည်။

"သမီး မသေဘူး၊ သမီး မသေဘူးနော်"

"မေမေလည်း မသေဘူးနော်၊ သားအမိနှစ်ယောက်လုံး အသက်ရှင်လျက်နဲ့ ဒီလောက်နှစ်တွေအကြာကြီး ကွဲနေရတာ ရင်နာစရာ ကောင်းလိုက်တာ မေမေရယ်. . ."

ပါးချင်းအပ်ထားသော သားအမိနှစ်ယောက်၏ မျက်ရည်တို့က ပူးဆက်ပေါင်းဆုံကာ ပူနွေးစွာ စီးဆင်းကြ၏။

"မိုင်းမွန်ကို မေမေ ပြန်မလိုက်ပါရစေနဲ့တော့ သမီးလေးရယ်၊ မေမေလေ. . ."

"အို. . . မဟုတ်သေးဘူးမေမေ"

ကျွန်မမှာလည်း အူပြတ်မျှ ပူဆွေးပင်ပန်း စွန့်စားခန်းကြီးများအကြောင်းကို ပြည့်စုံရေလည်စွာ ရှင်းပြနိုင်သော အင်အားမရှိသေးပါ။

"ဘယ်လိုဖြစ်တာလဲကွ စံကြီး"

"ဒီလို မင်းသူရေ၊ ကဲ. . . အဘွား၊ အဲလေ. . . ဒေါ်ဒေါ်ပါ နားထောင်ပါ၊ နန်းထိုက်စံရဲ့ အားထုတ်မှုကတော့ အံ့မခန်းပါပဲဗျာ၊ အဖြစ်ပျက်အားလုံးကို အတိုချုံး ပြောရရင်တော့ . . . . . . . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . . . . . . . . . . . . .
. . . . . .

www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . ဒီလိုဆိုရင် နန်းထိုက်စံ စွန့်စားရကျိုး နပ်လှပြီပေါ့ဗျာ၊ ကဲ. . . ကျွန်တော်တို့မိသားစုကလည်း ဝမ်းသာပါတယ်၊ ဒေါ်ခမ်းမုံကို အန္တရာယ်အိမ်သို့ ပြန်ခေါ်သွားနိုင်ပါပြီခင်ဗျာ"

"ဟာ. . . မင်းသူကလည်း၊ ဟိုတုန်းကသာ အန္တရာယ်အိမ်ကွ၊ အခု နှစ်ဆောင်ပြိုင် မင်္ဂလာစံအိမ်တော်ကြီး ဖြစ်သွားပြီလေ၊ နန်းထိုက်စံအတွက် အမေအရင်းရယ်၊ မွေးစားအမေရယ်၊ မောင်လေးရယ်၊ ခြံမြေနဲ့ ရတနာရွှေငွေတွေရယ်ပါ ပိုင်ဆိုင်တော့မှာမို့ အန္တရာယ်အိမ်ကြီးကနေ မင်္ဂလာစံအိမ်တော်ကြီး ဖြစ်သွားပါပြီကွာ"

"အေး. . . အဲဒီမင်္ဂလာစံအိမ်တော်ကြီးမှာ မင်းပါ ပါဝင်ခွင့်ရဖို့ အရေးကြီးတယ်နော် ဟော့ကောင်၊ ယမုံ. . . အဲ. . . နန်းထိုက်စံကို မင်း ဖွင့်ပြောလိုက်ပြီလား"

"နေစမ်းပါဦးကွာ၊ မင်းကလည်း အရေးထဲ"

ဒေါက်တာမြတ်စိုးစံက ကျွန်မကို အားနာဟန်ဖြင့် ကိုမင်းသူကို လှမ်းဟောက်လိုက်ပြီး ကျွန်မတို့ သားအမိ နှစ်ယောက်နောက်က ဖြည်းညင်းစွာ ပြန်လည်လိုက်ပါလာသည်။

ကျွန်မ၏ ချစ်လှစွာသော မေမေ။ သနားစရာကောင်းလှသော မိခင်ကြီး ဒေါ်ခမ်းမုံကို လက်တစ်ဘက်ဖြင့် ဆုပ်ကိုင်တွဲခေါ်လာရင်းက. . .

ကျွန်လက်တစ်ဖက်ကို ကမ်းလင့်လျက်. . .

"လာ. . . ကိုမြတ်စိုးစံ၊ အတူတူပြန်ကြမယ်လေ"

ဝမ်းသာအားရပြေးလာပြီး တွဲဆက်လိုက်သော ကိုမြတ်စိုးစံ၏ လက်က နိုင်မြဲအားပြည့်လှချေသည်။



"တစ်ဖက်က မိခင်ကြီး"

"တစ်ဖက်က ချစ်သူ"

သူတို့နှစ်ဦး၏အလယ်မှ သူတို့၏ မေတ္တာလက်များကို ခိုင်မြဲစွာ ဆုပ်ကိုင်လျက်. . .

မိုင်းမွန်မြေသို့ ကျွန်မ၏ အပြန်လမ်းသည် မင်္ဂလာအပေါင်းနှင့် ပြည့်စုံလှပါချေ၏။

◆ ◆ ◆

ပြီးပါပြီ

◆

ကလျာ(ဝိဇ္ဇာ-သိပ္ပံ)

၁၉၉၀-ခုနှစ်၊ မတ်လ၊ ၃ ရက်။

BURMESE CLASSIC .com

www.burmeseclassic.com